www.burmeseclassic.com

ဇဝန

# ဆိုးပေ




အမှတ်(၂)

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး **ဒို့အရေး**

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး **ဒို့အရေး**

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး **ဒို့အရေး**

# ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

# စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောင်ရေး

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

# လူမှုရေးဦးတည်ချက် (၄)ရက်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

# ဇဝန

## ၏

# ဆိုးဗေ (၂)

ပင်နီစာအုပ်တိုက်
အမှတ် (၂၀၅)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၂၄၄၂၀၅, ၂၈၁၄၂၄
အမှတ် (၁၅၀)၊ ၅လွှာ (B)၊ လမ်း ၄၀၊ မဟာဗန္ဓုလလမ်းနှင့်
ကုန်သည်လမ်းကြား၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၂၈၄၃၃၄

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

- **စာမူခွင့်ပြုချက်အမှတ်**

  ၈၆၈/၉၉ (၁၁)

- **မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

  ၇၀၇/၂၀၀၁ (၈)

- **ထုတ်ဝေသူ**

  ဒေါ်မိုးကေခိုင်

  ချိုတေးသံစာပေ

- **ပုံနှိပ်သူ**

  ဦးဝင်းမျိုးသူရ

  မဟာမိဒီယာ (မြဲ - ၀၅၈၁၄)

  အမှတ် - ၁၅၅၊ ယောဂီကျောင်းလမ်း၊ လှိုင်မြို့နယ်။

- **မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်**

  စောမင်းဝေ

- **အတွင်းစာစီနှင့်ဖလင်**

  မဟာမိဒီယာအုပ်စု

- **ထုတ်ဝေသည့်အကြိမ်**

  ဒုတိယအကြိမ်

- **ထုတ်ဝေသည့်ကာလ**

  ၂၀၀၁၊ နိုဝင်ဘာ

- **အုပ်ရေ**

  (၁၀၀၀)

- **တန်ဖိုး**

www.burmeseclassic.com

www.burmeseclassic.com

# မြေပဒေသာပြပွဲ

ပင်နီ စာအုပ်တိုက်

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တစ်ရွာလုံးရှိ လူကြီး သူကြီးထဲက ဆိုလျှင် ဒေါ်တုတ်တစ်ယောက်သာလျှင် ဆိုးပေတို့ လူသိုက်နှင့် သင့်တင့်သူတစ်ဦးဖြစ်၏။ ဒေါ်တုတ်သည် အမည်နှင့်လိုက်အောင် ဝဝဖိုင့်ဖိုင့် အရပ်ပုပြတ်ပြတ် ရှိ၍ အမြဲပင်ချိုပြုံးသော မျက်နှာနှင့် တွေ့ရပေ၏။

ဒေါ်တုတ်၏ ခင်ပွန်းသည် ဆုံးခဲ့သည်မှာ ကြာခဲ့ပြီဖြစ်ပြီး သားထောက်မြေးခံလည်း မရှိခြင်းကြောင့် ကလေးများကို မြင်လျှင် ချစ်ခင်စိတ် ထားလေ့ ရှိလေရာ ဆိုးပေတို့အပေါ်တွင် တစ်ရွာလုံးက ထင်မြင်ယူဆကြသကဲ့သို့ လူရှုပ်လူပွေကလေးများဟု မအောက်မေ့ဘဲ ချစ်စရာကလေးတွေ ဟူ၍ သဘောထားကာ ဆိုးပေတို့ လာသည့်အခါတိုင်း ထိုးမုန့်၊ ပဲမုန့်များကို လူရုပ်၊ ကျွဲရုပ်ကလေးများသဏ္ဍာန် ပြုလုပ် ကျွေးမွေးလေ့ ရှိပေ၏။ ဒေါ်တုတ်သည် ဆိုးပေတို့နှင့် စကားပြောရသည်ကို မပျင်းသကဲ့သို့ ဆိုးပေတို့၏ စွန့်စားပုံများကို နားထောင်ရသည်မှာလည်း ငြီးငွေ့ခြင်း မဖြစ်မိချေ။

ဆိုးပေတို့သည် ဒေါ်တုတ်အား ကျေးဇူးတင်၍ မဆုံးကြပေ။ ယင်းသို့ ကျေးဇူးတင်ခြင်းမှာ ဒေါ်တုတ် ပြုလုပ်ကျွေးမွေး



www.burmeseclassic.com

www.burmeseclassic.com



သည့် ကျွဲ၊ နွားရုပ်၊ မုန့်များကိုစားသောက်ရခြင်းကြောင့် မဟုတ်ဘဲ မိမိတို့အဖို့ အလွန်ပူပြင်းလှသော လူကြီးလောကတွင် ဒေါ်တုတ်မှာ စမ်းရေပမာ ဖြစ်နေခြင်းကြောင့်ပေတည်း။

ဒေါ်တုတ်မှာ မုဆိုးမကြီးပင် ဖြစ်သော်လည်း ဥစ္စာပစ္စည်း ပြည့်စုံ၍ အေးချမ်းသာယာစွာ နေနိုင်သူတစ်ဦး ဖြစ်ပေ၏။ ဒေါ်တုတ်ကို မြင်လိုက်ရလျှင် တစ်ဖက်သား၏ စိတ်နှလုံးကို ကြည်လင်ရွှင်လန်းသွားစေနိုင်သလောက် ဒေါ်တုတ်၏ ဘဝတွင် ပူပင်သောက ကင်းဝေးပေလိမ့်မည်ဟု မှတ်ယူရလောက်ပေ၏။ သို့သော် ဒေါ်တုတ်မှာ တောင့်တတိုင်း မပြီးသောအရာတစ်ခု ရှိလေသည်။ ထိုအရာကား နှစ်စဉ်ပြုလုပ်မြဲ ဖြစ်သော လယ်ယာ စိုက်ပျိုးရေး ပြပွဲ၊ ပြိုင်ပွဲတွင် မိမိခြံမှ ထွက်သော ဘူးသီးများအတွက် ပထမဆုနှင့်အမြဲလွဲကာ ဒုတိယဆုကိုသာ ရနေခြင်းပင်ဖြစ်ပေ၏။ဒေါ်တုတ်သည် မိမိ၏ ဘူးပင်များကို စနစ်တကျစိုက်ပျိုးကာ သားသမီးပြုစုယုယသကဲ့သို့ လွန်စွာ ဂရုစိုက်ခဲ့ပေ၏။ ဒေါ်တုတ်၏ဘူးစင်၌ သီးနေသော ဘူးသီးများကို မြင်ရသူတိုင်း အံ့သြငေးမောကြရ၏။ လူတိုင်းကလည်း ဒီနှစ်တော့ ဒေါ်တုတ်ရဲ့ ဘူးသီး ပထမဆွဲမှာပဲဟု ထင်မြင်ချက် ပေးလေ့ ရှိကြ၏။ သို့သော် ပြိုင်ပွဲသို့ တင်လိုက်သည့်အခါ ဒေါ်အေးသိုက်၏ ဘူးသီးက နှစ်တိုင်း ပထမဆုယူသွားလေ့ ရှိပေ၏။

ပြပွဲပြုလုပ်ပြီး နောက်တစ်နေ့၌ ဆိုလျှင် ဒေါ်တုတ်၏ အမြဲ ရွှင်ပြုံးသော မျက်နှာမှာ အနည်းငယ် မကြည်သာသည်ကို တွေ့ကြရလေ၏။ ထိုသို့ အနည်းငယ် စိတ်မချမ်းသာခြင်း ဖြစ်နေစေကာမူ ဆိုးပေတို့လာလျှင် မုန့်လုပ်၍ ကျွေးမွေးဖို့ကို သတိမမေ့ချေ။

ဆိုးပေနှင့်ရဲဘော်များသည် ကျွေးမွေးသော မုန့်များကို



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



စားရင်း ဒေါ်တုတ်အား ကရုဏာသက်စွာ ကြည့်လျက် "ပထမဆု မရလိုက်တာ သိပ်စိတ်မကောင်းတာပဲ" ဟု ပြောလေ၏။

"အေးကွယ်-အဒေါ်လည်း အဒေါ့်ဘူးသီးထက်ကြီးတာ တော့ ရှိနိုင်တော့မှာ မဟုတ်ဘူးလို့ ထင်မိတာ။ ဒါပေမယ့်လည်း ဒီထက်ကြီးတဲ့ ဘူးသီးက ပေါ်လာတော့ မတတ်နိုင်တော့ဘူးပေါ့။ ဒါကို စိတ်မကောင်းဖြစ်နေလို့လည်း အပိုပါပဲလေ"

"အဒေါ်လည်း ဒီအတိုင်း အောက်မေ့မိတာပေါ့။ မအေး သိုက်ဟာ သူ့ဘူးပင်တွေကို အဒေါ့်လောက် ဂရုစိုက်နိုင်တာ မဟုတ်ဘူး။ အဲဒါနဲ့တောင် သူက ပထမဆွဲတာ ဘာကြောင့်လဲ တော့ တွေးပဲမတွေးတတ်ပါဘူး"

"နောင်နှစ်ကျရင်တော့ ဒေါ်ဒေါ်ရမှာပဲ" ဟု ဆိုးပေက အားပေးလေ၏။

BURMESE CLASSIC .com

"အေးပေါ့ နောက်နှစ်တွေ အများကြီး ရှိသေးတာပဲ။ ဒီလိုပဲ မျှော်လင့်ရတော့မှာပေါ့လေ"

ဆိုးပေနှင့် ရဲဘော်တို့သည် ဒေါ်တုတ်ကျွေးလိုက်သော မုန့်များကို ဝါးမျိုရင်း စဉ်းစားတွေးတောကာ ပြန်လာကြလေ၏။ သူတို့၏ စိတ်ထဲတွင် ဒေါ်တုတ်၏ ဘူးသီးကိုသာ အာရုံ စိုက်၍ နေကြလေရာ ခါတိုင်းကဲ့သို့ မိမိတို့ကိုယ်ကို တောပုန်း ဓားပြကြီးများ အောက်မေ့ကာ တိုက်ခိုက်ကစားရန်ကိုပင် မေ့လျော့ လာကြလေ၏။

"လောင်းမလား။ နောင်နှစ်ကျရင် ဒေါ်တုတ်ရမှာပဲ" ဟု မောင်မောင်က ဆို၏။

"သေချာပါတယ်ကွာ။ ငါသာ ဆုံးဖြတ်တဲ့ လူကြီးလုပ် ရရင် ဒီပြိုင်ပွဲမှာတောင် ဒေါ်တုတ်ကို ပထမဆုပေးမှာ" ဟု ဆိုးပေ



www.burmeseclassic.com

www.burmeseclassic.com



က ပြောပြီးနောက် "ဟော့ တို့တစ်တွေ ဒီနှစ် ဒေါ်အေးသိုက်ရဲ့ ဘူးပင်တွေကို ဂရုစိုက်ပြီး ကြည့်ကြရအောင် သူ့ဘူးသီး ဘယ်လောက်ကြီး နေပြီဆိုတာ သိရရင် ဒေါ်တုတ်ရဲ့ ဘူးသီးကို ပိုပြီးကြီးအောင် တစ်နည်းနည်းနဲ့ လုပ်လို့ရတာပေါ့"

ရဲဘော်အားလုံး သဘောတူလိုက်ကြလေ၏။

တစ်လပြီး တစ်လကျော်လွန်လာခဲ့လေ၏။ ဆိုးပေတို့ကား အမျိုးမျိုးပြောင်းလဲ ပျော်ရွှင်နေခဲ့ကြသော်လည်း မိမိတို့၏ အစီအစဉ်ကို မမေ့ကြပေ။ ဘူးပင်စိုက်ပျိုးသည့် ရာသီသို့ ရောက်ရှိလာရာတွင် ရဲဘော်တစ်စုတို့သည် ဂိုဒေါင်ပျက်ကြီးထဲတွင် စည်းဝေးဆွေးနွေးကြလေ၏။ ဆိုးပေကား ထုံးစံအတိုင်း ဥက္ကဋ္ဌနေရာကနေ၍ စကားပြောလေ၏။

"ဒို့များ ခုနစ်ရက်တစ်ကြိမ် ဒေါ်အေးသိုက်အိမ်က ဘူးသီးကို မယောင်မလည် သွားကြည့်ပြီး တိုင်းကြည့်ကြမယ်။ သူ့ဘူးသီး ဘယ်လောက်ကြီးနေပြီဆိုတာ ဒေါ်တုတ်သိရင် သူ့ထက်ကြီးလာအောင် ကြံဖန်လုပ်နိုင်လိမ့်မယ်"

BURMESE CLASSIC .com

ဆိုးပေ၏ အဆိုကို အများသဘောတူကြလေ၏။ ရဲဘော်တို့သည် စွန့်စားမှုအသစ်တစ်မျိုး ထွင်ကြရဦးမည်ဖြစ်၍ ပျော်ရွှင်လျက် ရှိကြကာ ဒေါ်အေးသိုက်၏ ဘူးသီးကို ကြည့်ရန် ထွက်ခဲ့ကြလေ၏။

ဤလုပ်ငန်းမှာ အပြောလွယ်သလောက် လက်တွေ့၌ အလုပ်ခက်နေသည်ကို တွေ့ကြရလေ၏။ ဒေါ်အေးသိုက်ကား ဒေါ်တုတ်ကဲ့သို့ သဘောမကောင်းပေ။ ထိုသို့ သဘောမကောင်းရသည့်အထဲတွင် မျက်နှာပေါက်ကလည်း ကလေးများအဖို့ စုန်းမကြီးဟု ထင်ရလောက်အောင် ကြောက်စရာ ကောင်းလှပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်တစ်စုသည် ဒေါ်အေးသိုက်၏ ခြံပေါက်ဝတွင် ပြုံုတစ် ပြုံုတစ် လုပ်နေကြလေ၏။ သူတို့၏ စိတ်ထဲတွင် ရှေ့ဆက်လက်၍ လုပ်ရန်အလုပ်ကို မဆုံးဖြတ်တတ်ဘဲ ရှိကြလေသည်။ ထိုအခိုက်မှာပင် ဒေါ်အေးသိုက် အိမ်ထဲမှ ထွက်၍လာကာ ဆိုးပေတို့အား လှမ်း၍ ကြည့်လိုက်ပြီးလျှင် "ဟဲ့ကောင်ကလေးတွေ ဘာလုပ်နေကြတာလဲ" ဟု အော်လိုက်လေ၏။ ဆိုးပေတို့မှာ ညို၍ထားသကဲ့သို့ သုတ်ခြေတင်ကြလေ၏။

ခပ်လှမ်းလှမ်းသို့ အရောက်မှ အဝိန်က "ဟေ့ ဒို့များဘာဖြစ်လို့ ပြေးကြတာတုံး" ဟု မေးလိုက်၏။

"တမင်ကြောက်ချင်ဟန်ဆောင်ပြီးပြေးခဲ့တာ။ အဲဒီတော့မှ တို့ပြန်လာရဲတော့မှာ မဟုတ်ဘူးလို့ သူ့စိတ်ထဲမှာ ထင်ပြီး အလစ်ပေးထားမှာကွ။ ဒါမှ နောက်ထပ်သွားရတာလွယ်တာပေါ့" ဟု ဆိုးပေက ပြောပြလေ၏။

"အေး ငါလည်း အဲဒါကြောင့် ပြေးလာခဲ့တာပေါ့" ဟု မောင်မောင်က ဆို၏။ အီစွတ်နှင့် သာဒွန်းဦးတို့ကလည်း တစ်သံတည်းထွက်လေ၏။

ခေတ္တအနားယူ၍ အမောပြေသွားကြပြီးသည့် နောက် ဆိုးပေက "ဟေ့ တို့များပြန်ပြီးသွားကြဦးစို့။ မိန်းမကြီး ရှိလား မရှိလား ကြည့်ရအောင်" ဟုပြောကာ ရှေ့ကခေါင်းဆောင်၍ ထွက်ခဲ့ပြန်လေ၏။

ဒေါ်အေးသိုက်ကား အိမ်ရှေ့တွင် ထွက်လျက်ပင် ရှိနေလေရာ ဆိုးပေတို့ လူစုကို မြင်ရပြန်သည်တွင် "ဟဲ့ကောင် ကလေးတွေ လာကြပြန်ပြီလား" ဟု ပြောပြောဆိုဆို ရွှံ့ခဲတစ်ခုကို ကောက်၍ ပေါက်လိုက်ရာ ဆိုးပေပြန်၍ အလှည့် ကုပ်ဇက်ကို မှန်လိုက်သဖြင့် ခြေကုန်သုတ်ရန် စက်နှိုး၍ ပေးလိုက်သကဲ့သို့ ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ၚင်းတို့သည် လမ်းချိုးထဲသို့ ကွေ့ဝင်၍ ဒေါ်အေးသိုက် မမြင်နိုင်သည့် နေရာသို့ ရောက်ကာမှ ရပ်နား၍ အမော ဖြေကြလေ၏။

"ဟေ့ တို့ဘယ်လောက်လည်သလဲ မိန်းမကြီးကို ကြောက်ဟန်ဆောင်ပြီး တစ်ပတ်ရိုက်ပြလိုက်ပြန်ပြီ" ဟု ဆိုးပေက ဆိုလိုက်၏။

ရဲဘော်များမှာလည်း ဤအတိုင်းပင် ပြောကြ၏။ သို့သော် ဒေါ်အေးသိုက်အား မိမိတို့ စောင့်ကြည့်မနေရအောင် ဟန်ဆောင်၍ ပြလိုက်ပြီးဖြစ်ရာ ရှေ့တစ်ဆင့်တက်၍ လုပ်ရန် လုပ်ငန်းသာ ကျန်တော့၏။ မည်သို့ လုပ်ရမည်ကိုကား မတွေးတတ်ကြပေ။

"ဒီနေ့တော့ ထပ်ပြီးမသွားကြတော့ဘူး။ မိန်းမကြီးအိမ်မှာ မရှိတဲ့အချိန်ကျမှ သူ့ခြံထဲက ဘူးပင်ကို သွားကြည့်ကြမယ်" ဟု မောင်မောင်က အကြံပေးလေ၏။

နောက်နေ့ကား ဥပုသ်နေ့ဖြစ်ရာ ဒေါ်အေးသိုက် ဥပုသ်စောင့်ရန် ဘုန်းကြီးကျောင်းသို့ထွက်ခွာသွားသည်ကို ခြံစည်းရိုးအကွယ်မှ စောင့်၍ ကြည့်နေကြလေ၏။

ဆိုးပေတို့အဖို့ ဤကိစ္စမှာ ကြီးစွာသော စွန့်စားမှု တစ်ရပ် ဖြစ်ပေ၏။

"ဒီမိန်းမကြီးဟာ တကယ့်ကို ဆိုးတာ၊ လူကို မိရင်အသတ်ပဲ။ အခုတောင် ကြည့်ပါလား။ ရွှံ့ခဲနဲ့ ကောက်ပစ်လိုက်တာ ခေါင်းသာ မှန်ရင် အသေပေါ့။ ငါသာ အရှောင်မကောင်းရင် အခုလောက်ရှိ သင်္ချိုင်းကုန်းရောက်နေပြီ။ အခု တို့လုပ်ရမယ့်အလုပ်ဟာ သိပ်ကြောက်စရာ ကောင်းတယ်…အသက်စွန့်ရတာ။ လက်နက်ကိုယ်စီပါမှ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေ၏အကြံပေးချက်အတိုင်း မောင်မောင်က လေသေနတ်ကို ယူခဲ့၏။ အဝိန်က ခဲတံချွန်သည့် မောင်းချားကလေး ယူလာ၏။ အီစွတ်က လောက်လေးခွ၊ သာဒွန်းဦးက ကစားစရာ ခြောက်လုံးပြူးနှင့် ဆိုးပေက လေးနဲ့ မြားကို ယူလာကြ၏။ ထိုမျှမကသေး။ ဆိုးပေသည် အိမ်တွင် စာတစ်စောင် ရေး၍ စာအိတ်ပိတ်ပြီး စာအိတ်ပေါ်တွင် "ကျွန်တော်တို့ ပြန်မလာမှ ဖွင့်ရန်"ဟု ရေးထားခဲ့၏။ စာအိတ်ထဲတွင် ပါဝင်သည့် စာမှာ "ကျွန်တော်တို့ကို ဒေါ်အေးသိုက်က သတ်ပစ်လိုက်ပြီ" ဟု ရေးကာ ရဲဘော်ငါးဦးစလုံး လက်မှတ်ရေးထိုးထားကြ၏။

"တို့လုပ်တာ ဘယ်လောက်အကြံပိုင်သလဲ။ တို့ကို ဒီမိန်းမကြီးက သတ်ပစ်လိုက်ရင် သူ့ကို ကြိုးပေးခံရမှာပဲ" ဟု ဆိုးပေက ပြောပြလေ၏။

၎င်းတို့သည် ဤသို့ လုပ်ထားရုံနှင့်မနေကြသေး။ဆိုးပေနှင့် မောင်မောင်တို့က သေတမ်းစာများပင် ရေးထားခဲ့ကြသေး၏။

ဆိုးပေ၏ စာထဲ၌ "ကျွန်တော်သေရင် ကျွန်တော်ကစားစရာတွေ မောင်မောင့်ကို ပေးခဲ့ပါတယ်။ ကျွန်တော့်ကို ဝယ်ပေးမယ်ဆိုတဲ့ ဘာဂျာလည်း သူ့ကိုပေးလိုက်ပါ"ဟု ပါရှိ၍ မောင်မောင်၏ စာထဲ၌ "ကျွန်တော်သေရင် ကျွန်တော်ပိုင်တဲ့ ဟာမှန်သမျှ ဆိုးပေကို ပေးလိုက်ပါ။ စီးကရက်ဘူးခွံ ငါးဆယ်ကို ဘုရားစင်နောက်ထဲ၌ သိမ်းထားပါတယ်" ဟု ပါရှိလေ၏။

သာဒွန်းဦးနှင့် အဝိန်တို့က သေတမ်းစာမရေးကြပေ။ အီစွတ်ကမူ "ကျွန်တော် သေရင် ကျွန်တော့် ပစ္စည်းတွေ အကုန်လုံးလှူလိုက်ပါတယ်" ဟု ရေးခဲ့လေ၏။

ဤကဲ့သို့ လက်နက် အပြည့်အစုံ ကိုင်ဆောင်ကာ ဒေါ်အေးသိုက်အိမ်ဆီသို့ ထွက်ခွာလာရာတွင် ဒေါ်အေးသိုက်



www.burmeseclassic.com

www.burmeseclassic.com



နှင့်တွေ့ရန် ကြောက်ရွံ့ စိုးရိမ်စရာမရှိသော်လည်း သူတို့သည် အသက်ဆံဖျားစွန့်စားရသည့် ကိစ္စကြီးကို ဆောင်ရွက်နေကြရ ဘိအလား တစ်ဦးကိုတစ်ဦး စကားကိုမျှ မပြောနိုင်ဘဲ ရင်တဖိုဖို အသည်းတထိတ်ထိတ်နှင့် ထွက်လာကြလေ၏။

လမ်းတွင် လေသေနတ် ချောက်ခနဲ အသံထွက်သွား လေရာ ဆိုးပေက "ဟော့ကောင် မင်းသတိထား မင်းဒုက္ခရောက်ရင် တို့ကယ်နိုင်မှာ မဟုတ်ဘူး" ဟု သတိပေး၍ ဆက်လက် ထွက်ခွာသွားကြရာက ဖားတစ်ကောင်ကိုတွေ့သဖြင့် ဆယ်မိနစ်မျှ ကြန့်ကြာခဲ့ကြရာမှလွဲ၍ ဘာမျှအနှောင့်အယှက်မတွေ့ခဲ့ကြရပေ။

သူတို့သည် ဒေါ်အေးသိုက်အိမ်အနီးရှိ ရေမြောင်းဘေးတွင် ပုန်းလျှိုးဝပ်တွားကာ ဒေါ်အေးသိုက် ဥပုသ်စောင့်ရန် ဘုန်းကြီးကျောင်းသို့ ထွက်ခွာသွားသည်အထိ စောင့်စားနေကြလေ၏။ အရာရာတွင် ချောချောမောမော ရှိခဲ့လေ၏။ ဒေါ်အေးသိုက်သည်လည်း သူတို့ကို မကြည့်မိဘဲ ဘုန်းကြီးကျောင်းသို့ ထွက်ခွာသွားလေ၏။ ထိုအခါမှ ဆိုးပေနှင့်ရဲဘော် အပေါင်းတို့သည် မိမိတို့၏ အကာအကွယ် လက်နက်များကို ကိုင်ဆောင်ကာ ဒေါ်အေးသိုက်အိမ်ဆီသို့ ဆိုးပေခေါင်းဆောင်ကာ ချီတက်လာလေ၏။ သူတို့၏ အမူအရာကို တစ်စုံတစ်ယောက်သာ တွေ့မြင်ခဲ့ပါမူ အတော်ပင် မသင်္ကာဖြစ်ပေလိမ့်မည်။ ကံအားလျော်စွာ အနီးအနားတွင် တစ်ယောက်မျှမရှိကြချေ။ သို့အားဖြင့် ဆိုးပေတို့သည် ဒေါ်အေးသိုက်ခြံတွင်းမှ ဘူးပင်အောက်သို့ ရောက်လာကြလေ၏။ ဆိုးပေသည် ဘူးစင်ကို တွဲလောင်းခိုနေသည့် ဘူးသီးများကို ကြည့်ရင်း ရှုံ့မဲ့လိုက်လေသည်။

"အလကား ဘယ်လောက်မှလဲ ကြီးတာမဟုတ်ပါဘူး။ ဒီလို ဘူးသီးမျိုးက ဒေါ်တုတ်ရဲ့ ဘူးသီးတွေကို နိုင်မတဲ့လား



www.burmeseclassic.com

www.burmeseclassic.com



ကွာ”ဟု ပြောပြောဆိုဆို အိမ်မှ အလစ်သုတ်လာသည့် ပေကြိုးကို အိတ်ထဲမှ ထုတ်ကာ အကြီးဆုံးဘူးသီးကို တိုင်းထွာကြည့်လေ၏။

ထိုသို့ ပြုလုပ်ပြီးနောက် ဆိုးပေနှင့် ရဲဘော်တို့သည် ရန်သူ၏ စစ်မျက်နှာထဲသို့ ကင်းထောက်သွားလာခဲ့ကြသည်နှင့်မခြား ဒေါ်အေးသိုက်၏ အိမ်နှင့် အတော်ဝေးကွာသည့် နေရာသို့ ရောက်သည့်တိုင်အောင် မြေပေါ်တွင် ဝပ်တွား၍ ပြန်လာခဲ့ကြလေ၏။

နောက်နေ့တွင် ဆိုးပေသည် ဒေါ်တုတ်အိမ်သို့ သွား၍ ဒေါ်အေးသိုက်၏ အိမ်မှ ဘူးသီးမှာ အရွယ်မည်မျှရှိနေပြီကို ပြောပြလိုက်ရာ ဒေါ်တုတ်က မိမိ၏ ခြံအတွင်းမှ အကြီးဆုံး ဘူးသီးနှင့် နှိုင်းယှဉ်ကြည့်ကာ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဆိုးပေကို သိမ်းကြုံးပွေ့ဖက်လိုက်ရင်း “ဟာ...အဒေါ့်ဘူးသီးက ကြီးတာပေါ့။ အများကြီးကို ကြီးတာ။ သူ့ဘူးသီးလောက်တော့ အပျော့ပေါ့”ဟု ပြောလိုက်လေ၏။

ဆိုးပေတို့သည် ဒေါ်တုတ် ကျွေးမွေးသည့် မုန့်များကို စားသောက်ကြကာ “ကျွန်တော်တို့ တကယ်ပြောတာပါ သူ့ဘူးသီးက တကယ့်ကိုသေးတာ။ ကျွန်တော်တို့က သေးစေချင်လို့ ကောလုပ်လို့ ရမှာလား”ဟု ပြောကြလေ၏။

“အေးလေ သူ့ဘူးသီးက တကယ်ကြီးနေမှန်း သိလည်း အဒေါ့် ဘူးသီးကို ကြီးအောင်လုပ်လို့ ရတာမှမဟုတ်ဘဲ။ ဒါပေမဲ့ အခုလို သိရတာကောင်းတာပေါ့”ဟု ပြောလိုက်လေ၏။

ထိုနေ့မှစ၍ ဆိုးပေတို့ ရဲဘော်တစ်သိုက်တို့သည် ဥပုသ်နေ့တိုင်း ဒေါ်အေးသိုက်၏ခြံထဲသို့ သွားရောက်ကာ ဘူးသီးများကို တိုင်းထွာကြည့်ကြလေ၏။ သူတို့သည် ပထမအကြိမ်



www.burmeseclassic.com

www.burmeseclassic.com



သွားရောက်စဉ်ကကဲ့သို့ ဘယ်အခါမှ သတိဝီရိယ မလစ်စေဘဲ လုပ်ရိုးလုပ်စဉ်အတိုင်း လက်နက်အစုံအလင် တပ်ဆင်၍ သွားကြပြီးလျှင် သူတို့ပြန်၍ရောက်မလာကြလျှင် ဒေါ်အေးသိုက်က သတ်ပစ်ခြင်းကြောင့် ဖြစ်သည်ဟူသော စာနှင့်တကွ သေတမ်းစာများကိုလည်း ရေးထားလေ၏။ သူတို့အဖို့ ဤသို့ ကြိုတင် ပြင်ဆင်ပြုလုပ်ခြင်းရှိပါမှ ထိုကိစ္စမှာ အသက်ဆံဖျား တကယ်စွန့်စားရသည့် အလုပ်ကြီး ဖြစ်ပေမည်။ ဤသို့ သွားရောက်ပြီးလျှင် ဒေါ်အေးသိုက်၏ ဘူးသီးကို တိုင်းထွာကြည့်ရတိုင်း ဒေါ်တုတ်၏ ဘူးသီးကို မည်သည့်နည်းနှင့်မျှ မမီနိုင်ကြောင်းတွေ့ရှိကြရကာ ဝမ်းမြောက်မဆုံး ရှိကြရလေ၏။

"သေချာလိုက်တာ အဒေါ်ရာ ဒီနှစ်တော့ အဒေါ့်ဘူးသီး ပထမဆု ရမှာပဲ" ဟု အားတက်သရော ပြောဆိုကြလေ၏။

လယ်ယာစိုက်ပျိုးရေး ပြပွဲ ပြိုင်ပွဲကြီး ကျင်းပခဲ့လေပြီ။ ဤနှစ်မှာလည်း ဒေါ်အေးသိုက်ပင် ပထမဆု ဆွတ်ခူးရရှိပြန်လေတော့သည်။ ဒေါ်အေးသိုက်၏ ဘူးသီးနှင့် ဒေါ်တုတ်၏ ဘူးသီးတို့မှာ ဘဲဥနှင့် စာကလေးဥကဲ့သို့ နှိုင်းတု၍ မရနိုင်လောက်အောင်ပင် ရှိသည်ကို တွေ့ကြရလေ၏။

ထိုအဖြစ်ကို တွေ့မြင်ခဲ့ကြရသော ရဲဘော်တို့မှာ မျက်လုံးပြူး ပါးစပ်ဟလျက် ကြံရာမရ ရှိကြလေ၏။

"ဟုတ်နိုင်ပါဘူးဗျာ…မနေ့ညကပဲ တွေ့ရသေးတယ်။ ဒီလောက်တော့ ညတွင်းချင်းကြီးမလာနိုင်ပါဘူး" ဟု ဆိုးပေကပြောလေ၏။

"မင်းတိုင်းတာ လွဲလို့ရင်လည်း ဖြစ်ပါလိမ့်မယ် လူလေးရယ်" ဟု ဒေါ်တုတ်က မိမိ၏ စိတ်မချမ်းသာမှုကို မပေါ်လွင်ရအောင် မြိုသိပ်ကာ ချိုသာသော မျက်နှာဖြင့် ဆိုးပေအား ပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။ "ကိစ္စမရှိပါဘူးကွယ် ပူမနေစမ်းပါနဲ့ ဖြစ်လေရာ ရောက်ရားပေါ့"

ဆိုးပေတို့ကား ဤသို့ သဘောမထားနိုင်ကြပေ။ ဖြစ်သမျှကိစ္စကို ကံကုသိုလ်အားလွှဲမချချင်ကြပေ။ လက်တွေ့ မျက်မြင်ကိစ္စကိုသာလျှင် ယုံကြည်ချင်ကြပေသည်။ သို့ဖြစ်၍ သူတို့သည် ဒေါ်တုတ်ပေးလိုက်သည့် မုန့်များကို ယူဆောင်လာကာ ဂိုဒေါင်ပျက်ကြီးထဲတွင် စားသောက်ကြရင်း ပြီးခဲ့သည့် ကိစ္စတို့ကို အပြန်ပြန်အလှန်လှန် တွေးတော စဉ်းစားကြလေ၏။

"ဒါလောက်တောင် တို့တွေ ဒုက္ခခံ သက်စွန့်ပြီး ဂရုစိုက်လုပ်နေတဲ့ကြားထဲက အခုလို ဖြစ်ရတာ သိပ်နာတာပဲကွာ" ဟု မောင်မောင်က ပြောလိုက်လေ၏။

"ဟုတ်ပါရဲ့ကွာ။ ငါလည်းရွှံ့ခဲနဲ့ အပစ်ခံရတာ မသေလို့သာပေါ့" ဟု ဆိုးပေက ပြော၏။

"အဲဒီလောက်တောင် အသက်စွန့်လုပ်ရပြီးမှ ဘာမှ အကျိုးမရှိတာ အဆိုးဆုံးပဲ" ဟု သာဒွန်းဦးက ဆို၏။

"ဟုတ်ပါဘူးကွာ။ မနေ့ညက ကြည့်ရတုန်းက ဒီလောက် မကြီးပါဘူး" ဟု ဆိုးပေက ပြောလေ၏။

"မင်းဥစ္စာ ဒေါ်တုတ်ပြောသလို အတိုင်းမှားလို့ ဖြစ်မှာပါဘဲကွာ" ဟု မောင်မောင်က ညည်းတွားသံနှင့် ပြောလေ၏။

"ဟော့– ငါ့မမှားဘူး လောင်းမလား။ ဒါလောက်တော့ ငါလဲ သိတတ်ပါသေးတယ်။ ပေကြိုးပေါ်က ဂဏန်းတွေ ငါမသိတာလိုက်လို့ မနေ့ညက ငါတိုင်းတုန်းက အခုလောက် မကြီးတာ သေချာလိုက်တာမှ သိပ်သေချာလိုက်တာပဲ" ဟု ဆိုးပေက မခံချင်ကြေးပြန်ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ဒါဖြင့်ရင် ဘာဖြစ်လို့ ဒီလို ဖြစ်ရတယ်လို့ မင်း ထင်သလဲ ပြောစမ်းပါဦး" ဟု မောင်မောင်က ပြန်၍ မေးလိုက်လေ၏။

ဆိုးပေသည် ရုတ်တရက် ပြန်၍အဖြေမပေးနိုင်ချေ။ အတန်ကြာငြိမ်သက်နေပြီးမှ တဖြည်းဖြည်း စဉ်းစား၍ အဖြေပေးလေတော့၏။

"ဘာဖြစ်သလဲလို့ ငါပြောမယ်။ ဒီမိန်းမကြီးဟာ စုန်းမကြီးလို့ ငါထင်တာပဲ။ သူ့ဘူးသီးက ဒီလောက်မကြီးပေမယ့် ပြပွဲဝင်ခါနီးမှ ဆေးနဲ့ မန်းလိုက်လို့ ဒီလောက် ကြီးသွားတာ။ မနေ့ညက တို့လည်း အမြင်သားပဲ။ သေသေချာချာ ထိုင်ကြည့်တာပဲကွာ။ ဒါလောက်ရှိကို မရှိဘူး။ ဒို့ကြည့်ပြီးပြန်လာတော့မှ သူဆေးနဲ့ လုပ်တာ။ စုန်းမကြီးမှ စုန်းမကြီးအစစ် မယုံရင် သူ့ရုပ်ကို ကြည့်ပါလား"

ရဲဘော်တို့သည် ဤကိစ္စမှာ စုန်းနှင့် နတ်နှင့် ဘာမျှ မဆိုင်သည်ကို တွေးမိကြသော်လည်း ဆိုးပေကို ဆန့်ကျင်၍ မပြောချင်ကြသဖြင့် ငြိမ်၍ နားထောင်နေကြလေ၏။

ဆိုးပေက ဆက်လက်၍ "စုန်းမကြီးမို့လို့ ညတွင်းချင်း ဖန်ဆင်းလို့ ရတာပေါ့။ ဒီလိုရုပ်မျိုးမှ စုန်းမ မဟုတ်ရင် ဘယ်လိုရုပ်မျိုး စုန်းမဖြစ်ဦးမှာလဲ။ ငါတော့ တစ်ထစ်ချ ယုံကြည်တာဘဲ" ဟု ဆိုးပေက ဆိုလေ၏။

"ဒီလိုဆိုတော့ တို့ ဘာတတ်နိုင်မှာလဲ။ တို့က မှော်ဆရာလဲ မဟုတ်ဘူး။ သူ့ကို ဘယ်လို လုပ်နိုင် နိုင်မှာလဲ" ဟု မောင်မောင်က ဆိုလိုက်လေ၏။

"မှော်တတ်တိုင်လည်း ပညာစမ်းလို့ မရဘူး ဆရာ။ သူတို့က တန်ခိုးကြီးရင် သိပ်ကြောက်ရတာ။ သူတို့ကို မနိုင်ရင်



www.burmeseclassic.com

www.burmeseclassic.com



သူတို့က မင်းကို ဖားဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ဖန်ဆင်းပစ်နိုင်တာ သိရဲ့လား” ဟု သာဒွန်းဦးက ပြောပြလေ၏။

“ဖားဖြစ်ရရင် သာတောင်ကောင်းသေးတယ်။ ကျောင်းလည်း မတက်ရဘူး။ သီချင်းလည်း မတိုက်ရဘူး။ ဆရာလည်း အရိုက်မခံရဘူး။ ဘယ်လောက် ကောင်းသလဲ။ ရွှံ့ဗွက်ထဲမှာ ဒိုင်ဗင်ထိုးချင်ထိုး ဘယ်သူမှ ဆူမယ့်သူ မရှိဘူး” ဟု အဝိန်က ဆိုလေ၏။

“ဖားဖြစ်အောင် ဖန်ဆင်းရင်တော့ တော်သေးတာပေါ့။ ချေးပိုးထိုးတို့၊ လောက်တို့ ဖြစ်အောင် ဖန်ဆင်းလိုက်ရင် မင်း ဘယ်လောက် နံလိုက်မလဲလို့” ဟု အီစွတ်က စဉ်းစားပြီး ပြောလေ၏။

မောင်မောင်သည် မိမိတို့ ပြောနေသည့် စကားကို လမ်းလွှဲ၍ တွက်နေပြီကို စဉ်းစားမိသဖြင့် “ကဲ ... ဒီမိန်းမကြီးဟာ စုန်းမကြီးမှန်း သိပြီ မဟုတ်လား။ ဒီလိုဆိုတော့ တို့ ဘာလုပ်ကြမလဲ” ဟု မေးလိုက်၏။

“ဒီလိုဆိုတော့ ပြိုင်ပွဲ နီးလာတဲ့အခါကျမှ သူဟာ ဒါမျိုး လုပ်နေကျ စုန်းမကြီး ဖြစ်တယ်ဆိုတာ လူကြီးတွေကို သွားပြောရမှာပေါ့ကွ။ အဲသလို ပြောလိုက်ရင် သူတို့ကို အရှုံးထားပြီး ဒေါ်တုတ်ကို အနိုင်ပေးလိုက်မှာပေါ့” ဟု ဆိုးပေက ထင်မြင်ချက် ပေးလေ၏။

“ဒါဖြင့် တို့များ သူစိုက်တဲ့ ဘူးသီးကို သွားပြီး မကြည့်ကြရတော့ဘူးပေါ့” ဟု သာဒွန်းဦးက ပြော၏။

“သွားကြည့်ဖို့မလိုတော့ဘူး” ဟု ဆိုးပေက ဖြေလိုက်သော်လည်း ထိုသို့ မစွန့်စားကြရဘဲ နေကြမည်ကို စိတ်မကောင်းသလို ဝမ်းနည်းသံ ပါ၍ လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ၾငင်းတို့၏ ဆွေးနွေးပွဲမှာ အပြီးသတ် ဆုံးဖြတ်လိုက်ပြီး သည့် အခြေအနေသို့ ရောက်နေပြီဖြစ်ရာ ဆက်လက် ဆွေးနွေး မနေကြတော့ဘဲ ဒေါ်တုတ် ပေးလိုက်သည့် မုန့်များကို စား သောက်ပြီးကြသည့်နောက် လူရိုင်းလုပ်တမ်း ကစားနေကြလေ တော့၏။

ရဲဘော်များ၏ ဒေါ်အေးသိုက် အပေါ်တွင် စုန်းမ ကြီးဟု ထင်မြင်မှုသည် တစ်နေ့ထက်တစ်နေ့ တိုးတက်ကြီးမား လာခဲ့ပေ၏။ တစ်နေ့တွင် မောင်မောင်သည် ဒေါ်အေးသိုက်နှင့် လမ်းတွင် တွေ့ရာ ဒေါ်အေးသိုက်က မောင်မောင်အား စူးစိုက်၍ ကြည့်သွား၏။ ထိုနေ့မှာပင် မောင်မောင်မှာ လှည့်၍ ထုတ်ရ သည့် ခဲတန်ပျောက်သွားရာ ဒေါ်အေးသိုက်၏ လက်ချက်ဟု ယုံကြည်မိလေ၏။

သာဒွန်းဦးကမူကား ဒေါ်အေးသိုက်ကို စုန်းမကြီးအဖြစ် ဖြင့် မယုံကြည်ချင်လှသော်လည်း တစ်နေ့တွင် ဗိုက်ထဲက နာ လျက် ရှိရာ လွန်ခဲ့သည့် ညက ထမင်းအစားလွန်ခဲ့မိသည်ကို သတိမရဘဲ မနေ့ညနေက ဒေါ်အေးသိုက် အိမ်ဘေးမှ လျှောက် လာခဲ့မိခြင်းကြောင့် ဖြစ်မည်ဟု တစ်ထစ်ချ မှတ်ယူ လိုက်၏။ ရဲဘော်တို့သည် မိမိတို့၏ တစ်ခုခု ဖြစ်ခဲ့လျှင် ဒေါ်အေးသိုက် အပေါ်၌သာ စွပ်စွဲကြလေတော့၏။ တစ်ညနေတွင် ဆိုးပေသည် ဂဏန်းသင်္ချာမရသဖြင့် အတန်းထဲတွင် တစ်နာရီ နောက်ချန်၍ နေရစ်ရန် ဒဏ်ပေးခံရသည်ကို ဒေါ်အေးသိုက်ကြောင့်ပင် ဖြစ်ရ သည်ဟု ယူဆလေ၏။

သို့အားဖြင့် ရဲဘော်တို့သည် ဒေါ်အေးသိုက်၏ အိမ် အနီးမှ ဖြတ်၍ လမ်းလျှောက်ကြသည့် အခါတိုင်း ခြေဖဝါးမှ ခြေမှုံ့ကို ယူ၍ နဖူးသုတ်သူသုတ်။ လက်မကို ဝှက်သူဝှက်။ ဒူး



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပေါင် ပုတ်သူပုတ်ကာ စတိလုပ်လေ့ ရှိကြလေ၏။

တဖြည်းဖြည်းနှင့် စိုက်ပျိုးရေး ပြပွဲ ပြိုင်ပွဲ ကျင်းပရန် အချိန်ကျရောက်လာပြန်လေ၏။ ယခုနှစ်တွင် သူကြီးဘကြီးမှို နှင့် ဘုရားဒကာ ဦးဘိုးဆိတ်တို့အား အကဲဖြတ်လူကြီးများ အဖြစ် ရွေးကောက် တင်မြှောက်လိုက်ကြလေ၏။ ထိုသတင်းကို ကြား ရသည်နှင့် ရဲဘော်များလည်း ဂိုဒေါင်ပျက်ကြီးထဲတွင် မျက်နှာစုံညီ စည်းဝေးကြကာ မိမိတို့ မည်သို့ လုပ်ကိုင်ကြရမည်ကို တိုင်ပင် ဆွေးနွေးကြလေ၏။

"ဟေ့–တို့များသွားပြီး တိုင်ကြရရင် မကောင်းဘူးလား။ ဒေါ်အေးသိုက်ဟာ စုန်းမကြီး ဖြစ်လို့ စုန်းအတတ်နှင့် ဘူးသီးကို ကြီးအောင် လုပ်ထားတာလို့ ပြောပြရန် သူ့ဘူးသီးကို စည်းကမ်း နှင့် မညီဘူး ဆိုပြီး ပယ်ချလိုက်မှာပဲ။ လာကွာ– သွားတိုင်ကြ မယ်" ဟု ဆိုးပေက ပြောလိုက်လေ၏။

သူတို့သည် ဘကြီးမှိုထံသို့ ပထမဦးစွာ ရောက်ရှိသွား ကြလေ၏။ ဘကြီးမှို၏ စိတ်ထဲတွင် ဆိုးပေတို့ ရောက်ရှိလာခြင်း မှာ မဂ်လာသုတ် စာပြန်ပွဲတွင် အောင်မြင်သူတို့အား ချီးမြှင့်ရန် လာရောက် တောင်းပန်ကြသည့် ကျောင်းသားကလေးများ ဖြစ် လိမ့်မည် ဟူသော အထင်နှင့် ဝမ်းမြောက်ဝမ်းသာ ဧည့်ခံလေ၏။

"ကလေးတွေ လာကြလာကြ မင်းတို့ တွေ့ရတာ တယ် ဝမ်းသာသကွာ။ ပြောစရာရှိတာ အေးအေး ပြောကြတာပေါ့"

ဆိုးပေသည် လည်ချောင်းကို ရှင်းလိုက်လေ၏။ လူကြီး လောကနှင့် ဆက်ဆံရမှုမှာ မလွယ်ကူလှကြောင်းကို ကောင်းစွာ သိထားသည့် အလျောက် တဖြည်းဖြည်း စကားပျိုးရန် စိတ်ပိုင်း ဖြတ်ထားခဲ့၏။

"ကျွန်တော်တို့ စကားကလေး ပြောစရာ ရှိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါကွယ်– ဘကြီး နားထောင်ဖို့ အသင့်ပါပဲ"

"ကျွန်တော်တို့လိုတာ ဘကြီးလုပ်ပေးလို့ ဖြစ်မယ် ဆိုရင် လုပ်ပေးဖို့ပါပဲ"

"မင်းတို့ ဘာလုပ်စေချင်တယ်ဆိုတာ ဘကြီး သိပြီးသား ပါကွာ..."

ဆိုးပေသည် အနည်းငယ် အံ့အားသင့်သွားကာ "ဘကြီး ဘယ်လို သိတာလဲ" ဟု မေးလိုက်၏။

ဘကြီးမှိုက ပြုံးပြုံးကြီး လုပ်ကာ "မသိဘဲ နေပါ့မလား။ ဘကြီးကို ငှက်ကလေးတွေက လာပြောထားတယ် ဟဲ–ဟဲ" ဟု ပြန်၍ ပြောလေ၏။

ဆိုးပေမှာ မျက်လုံးပြူးသွားလေ၏။

"ငှက်လေးတွေလားဟင်။ ဒီမိန်းမကြီးဟာ ဘူးသီးကို သာ ဖန်ဆင်းနိုင်မည်ထင်နေတာ။ အခုတော့ လူတွေကို ငှက်ဖြစ် အောင်လည်း လုပ်နိုင်ပါကလား။ ကျွန်တော့်ကို ဖန်ဆင်းရင် တော့လား ငှက်တော့ မဖြစ်ချင်ဘူး။ ဖားပြုတ်ဘဲ ဖြစ်ချင်တယ်"

ဘကြီးမှိုမျက်နှာတွင် ပြုံးရွှင်စွာ ရှိနေသော သဏ္ဍာန်မှာ လျင်မြန်စွာ ကွယ်ပျောက်သွားလေ၏။ ဤသူငယ်လေးများမှာ မိမိအား ဆုနှင်းသဘင်ပွဲသို့ ကြွရောက်ချီးမြှင့်ရန် လာရောက် ဖိတ်ကြားသူများ မဟုတ်ကြောင်းကို ယခုမှ တွေးမိလေတော့၏။

"ဘာတွေ မင်းတို့ လျှောက်ပြောနေကြတာလဲ"

ဆိုးပေသည် ပဏာမစကားကို ဤမျှလောက် ပြောပြီးရုံ နှင့် လုံလောက်ပြီဟု ယူဆကာ လိုရင်းအချက်ကို ထုတ်ဖော် ပြောဖို့ရန် အချိန်တော်ပြီဟု ဆုံးဖြတ်လိုက်လေ၏။

"ဒေါ်အေးသိုက်ကြီးကို ကျွန်တော်တို့ ပြောနေတာ



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးရဲ့။ အဲဒီမိန်းမကြီးဟာ စုန်းမကြီး ခင်ဗျ။ သူဟာ ပြိုင်ပွဲမလုပ်ခင်ညမှာ သူ့ဘူးသီးကို အကြီးကြီးဖြစ်အောင် စုန်းအတတ်နဲ့ လုပ်လိုက်တယ်”

ဘကြီးမှိုသည် ဖြုံးခနဲ ထလိုက်လေ၏။ သူ၏ မျက်နှာမှာ ခရမ်းချဉ်သီးကဲ့သို့ နီမြန်း၍ သွားလေတော့၏။

“ဘယ့်နှယ် မင်းတို့ မလေးမခန့် လာပြီး ပြောနေကြတာလဲ”ဟု ဆို၍ သူငယ်လေးများ အနီးသို့ ကပ်လာပြီး စူးစိုက်ကြည့်လိုက်ရာ ဆိုးပေ၏ မျက်နှာကို ဦးစွာမှတ်မိလေ၏။ “ဟေ့ မင်းပဲ မဟုတ်လားကွ ငါ့ကို တစ်ခါက ရူးတယ် ဆိုပြီး ရွာထဲ လျှောက်ပြောတာ”

ရဲဘော်တို့သည် ရှေ့သို့ ဆက်လက်၍ စကားပြောဆိုနေကြခြင်းဖြင့် အကျိုးရှိမည် မဟုတ်သည်ကို ဘကြီးမှို၏ မျက်နှာဖြင့် ရိပ်မိကာ တစ်စုံတစ်ရာ အချက်ပေးမနေကြဘဲ အိမ်ပေါ်မှ တစ်ပြိုင်တည်း ထွက်ပြေးလာခဲ့ကြလေ၏။ ၎င်းတို့မှာ နောက်က ဘကြီးမှို လိုက်လာမည်ကို ကြောက်လန့်နေကြသည့် အတွက် ဘကြီးမှို၏ အိမ်ဆီသို့ လာ၍ နေကြသော မင်္ဂလာသုတ်စာပြန်ပွဲ အောင်မြင်သည့် ကလေးများနှင့် ရင်ဆိုင်တွေ့ကြရသည်ကိုပင် ဂရုစိုက်၍ လှည့်မကြည့်နိုင်ကြတော့ပေ။

“ဒီအတိုင်း လုပ်လို့တော့ ဟန်ကျပုံမမြင်ပါဘူးကွာ”ဟု မောင်မောင်က လမ်းဆုံးတွင် ရပ်၍ အမောဖြေကြရာက ပြောလိုက်လေ၏။ “ဦးဘိုးဆိတ်ဆီ သွားလည်း ထူးတော့မှာ မဟုတ်ပါဘူးကွာ။ သူလည်း ယုံမှာ မဟုတ်ပါဘူး။ သူက ယုံတယ် ဆိုဦး။ ဒေါ်တုတ်ကိုတော့ ဘကြီးမှိုက ဆုပေးမှာ မဟုတ်ဘူး။ လူကြီးတွေဟာ ဒီအတိုင်းပဲ။ တစ်ယောက်ကိုတစ်ယောက် ညစ်ပတ်စုတ်ပဲ့နေကြတာပဲ...”



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် တို့လုပ်နိုင်တာ ဘာရှိသေးသလဲ" ဟု သာဒွန်းဦးက မေးလေသည်။

ရဲဘော်အားလုံး ဆိုးပေ၏ မျက်နှာကို စိုက်ကြည့်ကာ အဆုံးအဖြတ်ကို စောင့်မျှော်နေကြလေ၏။ ဆိုးပေသည် စိတ်အိုက်နေရာက တဖြည်းဖြည်း မျက်နှာပွင့်လန်း၍ လာသည်ကို တွေ့ကြရလေတော့၏။

"ဒီမိန်းမကြီး ဘူးသီးကို စုန်းအတတ်နဲ့ မန်းမှုတ်တဲ့ အချိန်မတိုင်မီကလေး သူ့ခြံထဲမှာ ပုန်းနေကြပြီးတော့ နားထောင်နေကြမယ် သူလည်း မန်းမှုတ်ပြီးရော သူဆိုတဲ့ ဂါထာကို တို့က ပြောင်းပြန်ပြန်ပြီး ဆိုလိုက်ရင် သူ့ဘူးသီးဟာ ပြန်ပြီး သေးသွားရမယ် မဟုတ်လား။ ဒီနည်းအတိုင်း လုပ်ကြစို့ကွာ" ဟု အဆုံးအဖြတ် ပေးလိုက်လေ၏။

ပြပွဲမလုပ်မီ ညသို့ ရောက်၍လာခဲ့လေ၏။ ဆိုးပေနှင့် ရဲဘော်များလည်း ဒေါ်အေးသိုက်၏ အိမ်နောက်ဖေးရှိ ရေမြောင်းနှင့် ဆူးချုံအကြား၌ ဝပ်သွား၍ ပုန်းအောင်းလျက် ရှိကြလေ၏။ သူတို့နှင့် မလှမ်းမကမ်းတွင် ဘူးစင်ကြီးရှိရာ ထိုနေရာသို့ ဒေါ်အေးသိုက် လာ၍ မန်းမှုတ်မည်ကို စောင့်မျှော်နေကြလေ၏။ ဘူးစင်တွင် တွဲလောင်းခိုနေကြသည့် ဘူးသီးများအနက် အကြီးဆုံးဘူးသီးမှာ ဘာမျှမကြီး ဒေါ်တုတ်၏ အကြီးဆုံးဘူးသီးနှင့် စာလိုက်လျှင် သခွားသီးသာသာမျှ ရှိသည်ကို တွေ့မြင်ကြရလေ၏။ သို့သော် စုန်းအတတ်နှင့် မန်းမှုတ်လိုက်လျှင် လွန်ခဲ့လွန်ခဲ့သည့် နှစ်များက ဆုရသည့် ဘူးသီးများထက်ပင် ပို၍ကြီးလာလိမ့်မည်ဟု ယုံကြည်ကြလေ၏။

ယခု သူတို့၏ စွန့်စားမှုမှာ ယခင်ကထက်ပင် ဘေးအန္တရာယ် ကြီးမားလှပေ၏။ သူတို့သည် ယခင်ကဲ့သို့ ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



အေးသိုက် မရှိခိုက်တွင် လာခြင်းမျိုး မဟုတ်လေရာ ဘီလူးကြီးရှိသည့် ဂူထဲသို့ အတင့်ရဲ၍ လာရခြင်းနှင့် မခြားတော့ပေ။ အိမ်ထဲသို့ လှမ်းကြည့်လိုက်မည်ဆိုလျှင် ဆေးလိပ်မီး တဖွားဖွားနှင့် ရှိနေသော ဒေါ်အေးသိုက်ကို မြင်နိုင်ကြပေမည်။ သူတို့သည် ပြန်လမ်းမရှိခဲ့လျှင် မိမိတို့အား လိုက်လံရှာဖွေသူတို့ ခြေရာကောက်နိုင်ကြစေရန် မိမိတို့လာခဲ့သည့် လမ်းတစ်လျှောက်လုံး စာရွက်ကလေးများကို အမှတ်အသားဖြစ်စေရန် ချထားခဲ့ကြလေ၏။ အီစွတ်ကားအရေးရှိလျှင် ပုလိပ်ကိုခေါ်ရန် ခရာတစ်ခုကို ယူ၍ လာခဲ့လေ၏။ ဆိုးပေသည် ထိုခရာကို ကြည့်ပြီး နှာခေါင်းရှုံ့လိုက်မိလေ၏။

"ဒါဘာအသုံးကျမှာလဲ မင်းဒီဝီစီကို မမှုတ်ရခင် တို့တတွေအားလုံး တစ်ခုခုဖြစ်ကုန်လို့ မှုတ်နိုင်ဦးမှာလား"

ဆိုးပေနှင့် ရဲဘော်တို့သည် အတော် မိုးချုပ်သည့် တိုင်အောင် ဖွဲကောင်းကောင်းဖြင့် ခြင်ကိုက်ခံ၍ စောင့်နေကြလေ၏။ သို့သော် ဒေါ်အေးသိုက်ကား ထွက်၍ မလာ၊ ဆေးလိပ်မီး တဖွားဖွားနှင့် ထိုင်ရာမထ ရှိနေသည်ကို တွေ့နေရသည်မျှာ တကယ့်စုန်းမကြီးပဲဟု ရဲဘော်တို့၏ စိတ်ထဲတွင် ယုံကြည်မှုပို၍ပင် တိုးတက်စေတော့၏။

"သန်းခေါင်ကျမှ လုပ်လိမ့်မယ် ထင်တယ်" ဟု မောင်မောင်က တိုးတိုးကလေး ပြောလိုက်လေ၏။

"ဘယ်အချိန်ကျမှ လုပ်လုပ် ထိုင်စောင့်နေမယ်ကွာ"ဟု ဆိုးပေက တိုးတိုး ပြန်ပြောလေ၏။

"ခြင်ကလည်း ကိုက်လိုက်တာကွာ။ ငါ့တစ်ကိုယ်လုံး အပ်တွေနဲ့ ဝိုင်းထိုးနေသလိုပဲ"ဟု သာဒွန်းဦးကဆိုရာ။ "ဟော့ကောင် စကားမပြောစမ်းနဲ့" ဟု ဆိုးပေက ပိတ်ပင်လိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးသိုက်သည် လူသံကြားသဖြင့် ဟိုဟိုသည်သည် လှမ်းမျှော်၍ ကြည့်လိုက်ပြီး ဘာကိုမျှ မမြင်ရသည့် အတွက် ဆေးလိပ်ဖွာမြဲ ဆက်လက်၍ ဖွာနေလေ၏။ ထိုခဏမှာပင် အိမ် နောက်ဖေး ခြံတခါးဖွင့်သံကြားရပြီး လမ်းလျှောက်လာသည့် ခြေသံများကိုပါ ကြားရပြန်လေရာ ရဲဘော်များမှာ တစ်ကိုယ်လုံး အေးစက်ပြီး သွေးမရှိသကဲ့သို့ ဖြစ်သွားကြလေ၏။

လျှောက်လာသည့် ခြေလှမ်းများသည် ဆိုးပေနှင့် မလှမ်း မကမ်းဆီက ဖြတ်၍ သွားရာ လူခပ်ငယ်ငယ်တစ်ယောက် ဖြစ် သည်ကို မြင်လိုက်ကြရလေ၏။ ဒေါ်အေးသိုက်သည် ထိုင်ရာမှ ခပ်သွက်သွက် ထကာ မိမိထံသို့ လာနေသော ထိုလူငယ်ကို ဝမ်းသာအားရ ဆီးကြိုလေ၏။ ထိုလူငယ်ကား ဂုန်နီအိတ်ကြီး တစ်လုံးကို ပခုံးပေါ်တွင် ထမ်း၍ လာသည်ကို တွေ့ရလေ၏။ ဆိုးပေတို့သည် ထိုလူငယ်၏ မျက်နှာကို သေသေချာချာ ကြည့်ရာ တွင် မြို့ပေါ်ရှိ အစိုးရ စိုက်ပျိုးရေးဌာနတွင် အလုပ်လုပ်သော ဒေါ်အေးသိုက်၏ တူတစ်ယောက် ဖြစ်သည်ကို သိကြရပေသည်။ ထိုလူငယ်သည် ပခုံးပေါ်မှ ဂုန်နီအိတ်ကို ချ၍ ဂုန်နီအိတ်ထဲသို့ လက်နှိုက်ပြီး ဆွဲထုတ်လိုက်ရာ အလွန်ကြီးမားလှသော ဘူးသီး ကြီးတစ်လုံး ပေါ်ထွက်လာသည်ကို ဆိုးပေတို့ မြင်ကြရလေ၏။ ထို့ပြင် အိမ်ထဲမှ ပြောဆိုနေကြသည့် စကားများကို ကြားကြရ လေ၏။

"အဲဒါ ကျွန်တော်တို့ဆီမှာ အကြီးဆုံးပဲ။ ဒါလောက်ကြီး အောင် ကျွန်တော် သိပ်ဂရုစိုက်ပြီးတော့ လုပ်ခဲ့ရတယ် အဒေါ်ရဲ့"

ဒေါ်အေးသိုက်သည် ဘူးသီးကြီးကို ဝမ်းသာအားရ ပွေ့ပိုက်ကာ "မနှစ်ကထက်တောင် ကြီးပါကလား"ဟု ပြောလိုက် လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ လူတွေ မသိစေဖို့ အရေးကြီးတယ်။ သိသွားရင် အဒေါ်လည်း မကောင်းဘူး။ ကျွန်တော်လည်း နာမည်ပျက်ကရော။ ရွာမ ပြပွဲတုန်းက ကိုစံတင် အခုလို လိမ်တာ မိသွားတယ် မဟုတ်လား"

ဒေါ်အေးသိုက်က တစ်ခစ်ခစ် ရယ်လျက် "စံတင်ကို မိမှာပေါ့၊ သူ့အိမ်မှာ ဘူးပင်ကလေးတစ်ပင်မှ ဟန်ဆောင်ပြီး စိုက်မထားဘဲကိုး။ ငါ့လို လုပ်ရတယ်ကွဲ့"ဟု ပြောနေရာက မသိုးမသန့် ဖြစ်သောမျက်နှာနှင့် "အပြင်ဘက်က လူသံနဲ့ တူတယ်" ဟု ဆိုလိုက်၏။

ဒေါ်အေးသိုက်၏ တူသည် နားစွင့်၍ ထောင်နေလိုက်ပြီးမှ "ကြောင်ပါ အဒေါ်ရဲ့" ဟု ပြန်၍ ပြောလိုက်လေ၏။

အမှန်အားဖြင့် ၎င်းတို့ ကြားရသည်မှာ ကြောင်များ၏ လှုပ်ရှားခြင်း မဟုတ်ပေ။ ဆိုးပေနှင့် ရဲဘော်များ အကြောင်းစုံ တွေ့မြင်ကြရပြီး ဖြစ်၍ ခြံထဲမှ လမ်းပေါ်သို့ အရောက် လေးဘက်ထောက်၍ ထွက်သွားကြခြင်း ဖြစ်ပေ၏။

ဆိုးပေတို့သည် လမ်းပေါ်သို့ ရောက်သည်နှင့် ဝမ်းမြောက်ဝမ်းသာ ခုန်ပေါက်ကြကာ ဦးဘိုးဆိတ်ထံ တိုင်ကြားရန် ပြေးလွှားသွားကြလေ၏။

လယ်ယာစိုက်ပျိုးရေး ပြပွဲ၊ ပြိုင်ပွဲကြီးတွင် အကောင်းဆုံး အသီးအနှံကို ဒေါ်တုတ် ရရှိလေ၏။ ဒေါ်အေးသိုက်မှာ နှစ်စဉ်လိမ်ခဲ့သမျှ ယခုနှစ်မှ ဘူးပေါ်ကာ လူတကာ နှာခေါင်းရှုံ့ကြလေတော့၏။

ဒေါ်တုတ်ကား ဝမ်းသာ၍ မဆုံးဘဲ မိုးမမြင် လေမမြင် ဖြစ်နေလေ၏။ တစ်ချက်တစ်ချက်တွင် မိမိဆုရသည်မှာ အကယ် ပင် ဟုတ်ပါလေရဲ့လား။ အိပ်မက်ဖြစ်နေလေသလားဟု ထင်မိ



www.burmeseclassic.com

www.burmeseclassic.com



ကာ ကိုယ့်ကိုယ်ကိုယ် လက်သည်းနှင့်ပင် ဆိတ်ကြည့်မိလေ၏။

ဆုပေးပွဲပြီး၍ နောက်တစ်နေ့တွင် ဆိုးပေတို့သည် ဒေါ်တုတ်အိမ်သို့ သွားရောက်ကြရာတွင် ခါတိုင်းကဲ့သို့ ကျွဲရုပ်၊ နွားရုပ် ထိုးမုန့်မျိုးကို မစားရတော့ချေ။ ၎င်းတို့အား ဒေါ်တုတ်က ကိတ်မုန့်ကြီးတစ်လုံးချ၍ ကျွေးလေတော့၏။

♦♦♦ ❖ ♦♦♦



www.burmeseclassic.com

www.burmeseclassic.com

# မီးသတ်ပိုလ်ချုပ် ဆိုးပေ

ပင်နီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဖဆပလစံပြကွက်သစ်တွင် မီးအကြီးအကျယ် စတင် လောင်ကျွမ်းလိုက်ပြီးသည့်နောက် ကျားကူးနှင့် မင်းမနိုင် ကွက်သစ်တို့ကို မီးလောင်ပြန်သည့်အချိန်ကစ၍ ရန်ကုန် တစ်မြို့လုံး မီးဘေးတထိတ်ထိတ် တလန့်လန့် ရှိနေကြသည်နှင့်အမျှ တစ်နိုင်ငံလုံး မြို့တိုင်း၊ ရွာတိုင်း မီးကို သတိပြုနေကြရာမှ ဆိုးပေတို့၏ ရပ်ရွာထဲတွင် အပျော်တမ်း မီးသတ်အဖွဲ့ ပေါ်ပေါက်၍ လာလေတော့သည်။

ထိုမီးသတ်တပ်ဖွဲ့မှာ မူလက ရပ်ကွက်မီးကင်းကလေး မျှသာဖြစ်ကာ အရပ်ထဲမှ ပိုက်ဆံကောက်ခံပြီး ကင်းတဲထဲတွင် ကာလသား တရုန်းရုန်းနှင့် ချက်ပြုတ်စားသောက်နေခဲ့ကြရာက မိုးကျလာ၍ မီးကင်းဖျက်လိုက်ရလျှင် မိမိတို့ ခံစားနေရသည့် စည်းစိမ်နှင့် ရပ်ရွာပေါ်တွင် ဝင့်ဝါနေသော သြဇာအာဏာ ပျက်သုဉ်းတော့မည်ကို မြင်ကြသောကြောင့် အပျော်တမ်း မီးတပ် အဖွဲ့ တစ်ခုဖြစ်အောင် ဖန်တီးလိုက်ကြသည့်အတိုင်း ရပ်ရွာ၏ငွေကြေး အထောက်အပံ့ဖြင့် လက်တွန်း မီးသတ်စက်ကလေးတစ်ခု ဝယ်ယူနိုင်ကာ မီးသတ်အဖွဲ့တစ်ဖွဲ့ ဖြစ်ပေါ်လာလေ၏။

ယင်းသို့ မီးသတ်အဖွဲ့ ဖြစ်ပေါ်လာသည့် အချိန်မှစ၍



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေတို့သည် မိမိတို့ ကစားနေကျ အလုပ်တို့ကို မေ့ဖျောက်ပြီးလျှင် မီးသတ်ဌာနတည်ရာ ပန်းပဲဖိုရုံးအနီးတွင် နေ့စဉ်နှင့်အမျှ ရစ်ဝဲရစ်ဝဲ လုပ်နေမိကြလေတော့၏။

ဆိုးပေတို့မှာ ရေပိုက်လုံးများနှင့် ဆေးနီသုတ်ထားသည့် မီးသတ်ရေပုံးများနှင့် ရေစုပ်စက်ကို ကြည့်၍ မဝနိုင်အောင် ရှိကြသည့်အပြင် မီးသတ်ဗိုလ်ဆောင်းသော ခမောက်၊ ပခုံးဒေါက်က ငွေကြိုးကွင်းများနှင့် ယူနီဖောင်းအနက်ကို ကြည့်၍ တစိမ့်စိမ့်သွားရေကျမိလေ၏။

ဆိုးပေတို့မှာလည်း သူတို့နောက်က တကောက်ကောက် လိုက်၍ ကြည့်ရသည်မှာလည်း အမောတကောပင် ဖြစ်ပေတော့၏။

အစ၌ကား ဆိုးပေတို့သည် မီးသတ်ဌာနအနီးသို့ ရဲရဲမချဉ်းကပ်ဝံ့ကြပေ။ ခပ်လှမ်းလှမ်းကပင် အကဲခတ်ကြလေသည်။ သို့သော် တစ်စတစ်စနှင့် အနားသို့ တိုး၍တိုး၍ သွားကြရာက ရုံထဲသို့ ရောက်မှန်းမသိ ရောက်သွားကြလေသည်။ သို့ရောက်သွားကြရာတွင် သူတို့အား မည်သူမှ အရေးယူခြင်း၊ မောင်းနှင်ပစ်ခြင်း မရှိကြလေရာ ပို၍ ရဲတင်းလာပြီးလျှင် မီးသတ်ပစ္စည်းများကို ဟိုသင်း ကိုင်ကြည့်၊ သည်သင်း ကိုင်ကြည့်နှင့် ကြည့်ကြလေ၏။

ဆိုးပေမူကား ဘာမဆို မိမိကိုယ်တိုင် ပါဝင်လုပ်ကိုင်ရမှ ကျေနပ်သူဖြစ်သည့်အလျောက် မီးသတ်စက်ကို ဆီထည့်ကာ ပွတ်သပ်တိုက်ချွတ်နေသော တပ်စိတ်မှူး၏ အလုပ်ကိုပင် ဝင်ရောက်ကူညီလုပ်ကိုင်ပေးလေ၏။ တပ်စိတ်မှူးကား မခိုင်းစေရဘဲ ကူဖော်လောင်ဘက်ရနေသဖြင့် ဆိုးပေအား ကန့်ကွက်ခြင်းမပြုဘဲ ဆိုးပေကိုပင် “ရဲဘော်”ဟုခေါ်ကာ စကားလက်ခံ၍ ပြောလေရာ ဆိုးပေ



www.burmeseclassic.com

www.burmeseclassic.com



မှာ အားရဝမ်းသာ ပီတိတွေ ဖြာလျက် ရှိပေတော့၏။

မီးသတ်အဖွဲ့သားကလည်း ဆိုးပေတို့ လူသိုက်အား ဖော်ဖော်ရွေရွေ ရှိကြကာ မီးသတ်ပစ္စည်းများကိုတစ်ခုစီ ပြသလျက် မည်သို့ မည်ပုံ ပိုင်တွယ် အသုံးပြုရသည်ကို ရှင်းလင်းပြောကြလေ၏။

ထိုနေ့အဖို့မှာ ဆိုးပေတို့သည် မီးသတ်စက်ရုံထဲတွင် တစ်နေကုန် ပျော်ရွှင်ကြရကာ အထူးကျေနပ်စွာဖြင့် ပြန်ခဲ့ကြလေ၏။

"ဟန်ကျပြီကွ– တို့များလည်း မီးသတ်အဖွဲ့ထဲ ဝင်ကြရအောင်။ သူတို့လိုတဲ့ အကူအညီကို တို့တစ်တွေ ပေးနိုင်တယ် မဟုတ်လား။ တို့အကူအညီဟာ အသုံးကျနေတဲ့နောက် မီးသတ်အဖွဲ့ထဲကို တို့ဝင်လိုက်ရတာပေါ့ကွ" ဟု ဆိုးပေက မိမိ၏ ကြီးစွာသော အကြံကို ထုတ်ဖော်ပြောလိုက်လေ၏။

"ဟ–ဖြစ်ပါ့မလားကွ။ တို့မှာ ယူနီဖောင်းမှမရှိဘဲ" ဟု မောင်မောင်က ဆင့်ခြေပေးလေသည်။

"ဒါပေမဲ့ လူကြီးတွေက တို့ကလေးတွေကို အဝင်ခံပါ့မလား" ဟု အီစွတ်က ကြားဖြတ် မေးခွန်းထုတ်လေ၏။

"ဒါက မခက်ပါဘူးကွာ။ သူတို့ကို တို့တစ်တွေ ဝင်ပါရစေလို့တောင် ပြောနေဖို့ မလိုပါဘူး။ အခုလိုပဲ သူတို့နဲ့ သွားသွားပြီး ကူလုပ်ပေးနေရင်း တို့တစ်တွေဟာ သူတို့ အဖွဲ့သားမဟုတ်တာကို မေ့သွားပြီး သူတို့အထဲကပဲလို့ ထင်နေတော့မယ် မဟုတ်လား။ ဒီလိုဆိုရင် မီးသတ်အသင်းထဲ အလိုလို ဝင်ပြီးသား ဖြစ်သွားတာပေါ့ကွ"

ဆိုးပေ၏ အကြောင်းပြချက်မှာ ဟုတ်သလိုလို ရှိသော်လည်း ကျန်ရဲဘော်တို့ကား ဆိုးပေယူဆသလို ဖြစ်နိုင်ပါ့မလား



www.burmeseclassic.com

www.burmeseclassic.com



ဟု သံသယ ရှိကာ တွေဝေ၍ နေကြလေ၏။

"ဗိုလ်လုပ်တဲ့သူက ငါတို့ သဘောကျနေတာ ငါတို့ အကြောင်း သူပိုသိရင် ဒီထက် ပိုပြီး ငါတို့ကို သဘောကျဦးမှာ"

"ငါတော့ မထင်ပါဘူးကွာ။ လူတွေဟာ တို့ကို များများ သိလေ များများ အကပ်မခံချင်လေဘဲ"

"ဒါပေမဲ့ ဒီလူကတော့ ဟိုလူတွေနဲ့ မတူပါဘူး။ ဟို လူတွေက တို့ကို သူတို့အနားမကပ်စေချင်တာ ငါတို့က နေရာ တကာ သူတို့ထက် ကြောမှာစိုးလို့ပါ။ အခု လူတွေကတော့ တို့ အကူအညီပေးတာကို သိပ်ကျေးဇူးတင်နေကြတာ" ဟု ဆိုးပေက ပြောပြီးနောက် "ဘာပဲဖြစ်ဖြစ်ကွာ မနက်ဖြန်ခါ ငါတို့ တစ်တွေ မီးသတ်ထဲ ဝင်မယ်။ လက်ပတ်အနီကိုသာ မင်းတို့ ရအောင်ရှာခဲ့ ကြ" ဟု နှိုးဆော်လိုက်လေ၏။

"အဲဒီ လက်ပတ်နီ အတွက်လည်း ခက်နေတာပဲ။ ပိတ်စအနီကို ရဦးတော့ မီးသတ်ဆိုတဲ့ စာလုံးကို ပန်းထိုးဖို့ မခက် ဘူးလား"

"စာလုံးလောက်တော့ကွာ လွယ်လွန်လွန်းလို့ ဘာလုပ် ဖို့ ပန်းထိုးနေမလဲ။ ကွမ်းအစ်ထဲက ထုံးယူပြီး ထုံးနဲ့ လျှောက် ရေးပါလားကွာ။ ပန်းထိုးတာထက်တောင် ထင်ရှားဦးမယ်"

ယင်းသို့ ညွှန်ကြားချက် ပေးပြီးနောက် လူစု ခွဲလိုက်ကြ လေ၏။

အိမ်သို့ ရောက်ကြသောအခါ ဆိုးပေသည် လက်ပတ် အနီရရန် မိခင်ဖြစ်သူ၏ မဲလုံချည်မှ အထက်ဆင်အနီကို မိမိ၏ လက်မောင်း တစ်ပတ်ပတ်မိရုံမျှ မိခင်အလစ်တွင် ဖြတ်၍ယူလေ၏။

နောက်နေ့ နံနက် ဆိုးပေသည် ရဲဘော်များနှင့် စုဝေး



www.burmeseclassic.com

www.burmeseclassic.com



ရန် သွားမည် အပြုတွင် မိခင်ဖြစ်သူမှာ မိမိ၏ ထဘီအထက်ဆင် ဖြတ်ထားသည်ကို တွေ့ရ၍ ဆူပူနေလေတော့၏။

"ကဲ–ကျော်ဒင် မှန်မှန် ပြောစမ်း။ ဒီအထက်ဆင်စကို မင်း ဖြတ်ယူတယ် မဟုတ်လား"

"ဟာ–အမေတို့ကလည်း အိမ်မှာဘာကလေးပဲဖြစ်ဖြစ် တစ်ခုခုဖြစ်ရင် ကျွန်တော့်ခေါင်းပေါ်ပဲ ပုံချတာပဲ။ အမေ့အထက်ဆင်စကို ကျွန်တော်မှပဲ ဖြတ်တဲ့သူရှိမလား။ ကြွက်ကိုက်ရင်ကိုက်မှာပေါ့"

"ကြွက်ကလည်းဟယ် ကတ်ကြေးနဲ့ ဖြတ်သလို ညီညီညာညာ ကိုက်ပဲ ကိုက်တတ်တယ်"

"သူတို့လည်း ကိုက်နေကျတော့ ညီညီညာညာ ဖြတ်တတ်လာရောပေါ့ အမေရ"

"ဒီကြွက်ကတော့ ကြွက်ရိုးရိုး ဟုတ်မယ်မထင်ဘူး။ အမြီးမပေါက်တဲ့ကြွက်ပဲ ဖြစ်ရမယ်။ လက်ပူးလက်ကြပ်မိရင်တော့လား မသက်သာဘူး မှတ်ပေတော့"

ဆိုးပေသည် မိမိ၏ အမှုမပေါ်ခင် ထိုနေရာမှ မြန်မြန်လစ်မှ အေးမည်ဟု နှလုံးပြုကာ မိခင်ကြီး၏ စကားဆုံးသည်နှင့် ခပ်သုတ်သုတ် ထွက်ခဲ့လေ၏။

မိမိတို့၏ စုဝေးရာဌာန ဖြစ်သော ဂိုဒေါင်ကြီးသို့ ရောက်လျှင် ရဲဘော်မောင်မောင်၊ အဝိန်၊ အီစွတ်နှင့် သာဒွန်းဦးတို့ အသင့်ရောက်ရှိနေကြပြီ ဖြစ်သည်ကို တွေ့ရလေ၏။

ဆိုးပေသည် သူတို့၏ လက်ပတ်နီများကို စစ်ဆေးပြီးသည့်နောက် စည်းကမ်းပြသည့် အနေဖြင့် အားလုံးကို တန်းစီစေပြီး မိမိက ရှေ့ဆောင်ကာ မီးသတ်ဌာနသို့ စီတန်းချီတက်စေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မီးသတ်ဌာနရှေ့တွင် မီးသတ်အဖွဲ့ဝင်များသည် ရင်ဘောင်တန်းလျက် သတိအနေဖြင့် တန်းစီနေကြလေသည်။ သူတို့သည် ဒရိုန်းပြရန်အတွက် အမိန့်ပေးမည့် တပ်စိတ်မှူးအလာကို စောင့်စားရင်း အသင့်စောင်းနေကြခြင်း ဖြစ်လေ၏။

ဆိုးပေသည် ထိုသူတို့ တန်းစီနေကြသည့် နေရာသို့ ရောက်အောင် ရှေ့ဆောင် ချီတက်သွားပြီးလျှင် မိမိ၏ ရဲဘော်များကိုပါ မီးသတ်သမားများနှင့်အတူ ရင်ဘောင်တန်းကာ တန်းစီစေပြီး သတိအနေဖြင့် ရပ်နေကြစေလေ၏။

ထိုအခိုက်တွင် မီးသတ်ရုံထဲမှ တပ်စိတ်မှူး ထွက်လာလေ၏။ တပ်စိတ်မှူးသည် မီးသတ်တပ်ဖွဲ့သားများ တန်းစီနေသည့်နေရာ အဆုံးတွင် ဆိုးပေတို့ကို မြင်လိုက်ရသည့်အခါ မျက်မှောင်ကြုံ့သွားလေ၏။ တပ်စိတ်မှူးက သမ္မတကြီး၏ ကိုယ်ရံတော်တပ်ကို အုပ်ချုပ်နေရသလောက် သူ၏ လုပ်ငန်းကို အလွန်အထင်ကြီးကာ အရေးထားနေသူတစ်ယောက် ဖြစ်လေရာ ယခုကဲ့သို့ ဆိုးပေတို့ ဝင်၍ရောခြင်းသည် သူ၏အလုပ်ကို ကပျက်ကချော်အလုပ်ခံရသကဲ့သို့ အောက်မေ့ကာ ဒေါပွသွားလေတော့၏။

"ဟေ့…ကောင်လေးတွေ မင်းတို့ငါ့ကို သရော်သလိုလိုလာလုပ်နေကြတာလား……သွား……အခုထွက်သွားကြ"ဟု ဆိုကာ ရိုက်မောင်းပုတ်မောင်းနှင့် ဆိုးပေတို့ဆီသို့ ခပ်သုတ်သုတ် လျှောက်သွားလေ၏။

"ဒီ…ဒီမှာ…ကျွန်…ကျွန်တော်တို့"ဟု ဆိုးပေက ထစ်ထစ်ငေါ့ငေါ့နှင့် စကားစလိုက်ရာ တပ်စိတ်မှူး၏ မျက်နှာကို ကြည့်ရသည်မှာ မိမိတို့အား ခြိမ်းခြောက်နေခြင်း မဟုတ်ဘဲ တစ်စုံတစ်ရာကို ကာယကံမြောက်ပြုလုပ်မည်မှာ သေချာနေသောကြောင့် "သွားမယ်–သွားမယ်"ဟု ဆိုကာ ထိုနေရာမှ ခပ်သုတ်



www.burmeseclassic.com

www.burmeseclassic.com



သုတ်နှင့် ထွက်ခဲ့ရာ ရဲဘော်များသည်လည်း ခေါင်းဆောင်၏ နမူနာအတိုင်း အောင်မြင်စွာ ဆုတ်ခွာခဲ့ကြရလေ၏။

ခပ်လှမ်းလှမ်းသို့ ရောက်ရှိသည့် အခါမှ ဆိုးပေက "သင်းတော့လား သမ္မတကြီးဆီကို ငါစာရေးပြီးတိုင်မယ်။ ငါတို့က စေတနာ့ ဝန်ထမ်း ကူညီတာကို သူက ဘာပြုလို့ မလိုချင်ရတာလဲ။ ဧကန္တ သူဟာ သူကိုယ်တိုင် မီးကွင်းလျှောက် ပစ်နေလို့သာ သူ့အလုပ် တို့မသိစေချင်လို့ အဝင်မခံတာ ဖြစ်ချင် ဖြစ်မှာပေါ့" ဟု ဆိုလေ၏။

ရဲဘော်များက ဆိုးပေ၏ ယူဆချက်ကို ဘာမျှ ဝင်ရောက် နှီးနှောခြင်း မပြုဘဲ ငြိမ်နေပြီးမှ အီစွတ်က "စောင့်ပါဦးကွာ။ သူ ဒရိန်းပြုပြီးမှ ပြန်ပြီး သွားကြသေးတာပေါ့" ဟု အကြံပေးလေ၏။

ဆိုးပေကား လက်ရှိအခြေအနေ၏ အတိမ်အနက်ကို အကဲခတ်နိုင်သူ ဖြစ်သည့် အလျောက် နောက်ထပ်သွားရန် မတော်သည်ကို ရိပ်စားမိကာ "မဖြစ်ပါဘူးကွာ။ တို့ဟာတို့ အေးအေးဆေးဆေး ခါတိုင်းလိုပဲ တောပုန်းဓားပြကြီးတွေ ဘာတွေ လုပ်တမ်းကစားကြပါစို့ရဲ့" ဟု ဆိုလိုက်လေ၏။

ရဲဘော်များမှာ ဆိုးပေ၏ စကားကို မငြင်းပယ်လိုကြသဖြင့် ဂိုဒေါင်ပျက်ကြီးသို့ ပြန်ကြကာ တောပုန်းဓားပြလုပ်တမ်း ကစားကြရလေ၏။ သို့သော် မည်သူမျှ စိတ်မပါ။ ဆိုးပေကိုယ်တိုင် ဤသို့ ကစားရခြင်းမှာ အစစ်မဟုတ် အတုအပ ဖြစ်၍ စိတ်ဝင်စားခြင်းမရှိတော့ပေ။ မီးသတ်သမားအလုပ်သာ လက်တွေ့ အစစ်အမှန် ဖြစ်သဖြင့် ပြန်၍ သွားချင်စိတ် ပေါ်လာလေ၏။

"ဟော့......ငါပြောမယ်။ တို့များ ခါတိုင်းလိုပဲ ခပ်ဝေးဝေးက ကြည့်ကြည့်နေကြတာပေါ့ကွာ။ ဒီလို ကြည့်နေတာကိုတော့



www.burmeseclassic.com

www.burmeseclassic.com



သူတို့ မတားနိုင်ပါဘူး။ သူတို့ မီးသတ်အဖွဲ့ထဲက လူတွေ နေမကောင်းဖြစ်ချင်ဖြစ်မယ်။ မီးလောင်ချင်လောင်မယ်။ ဒီအခါ လူလိုလာပြီး တို့ကို ဆွဲသွင်းရမှာပဲ”

ဤသို့ ဆိုးပေက ဆိုလိုက်ပြန်သည့်အတွက် နောက်နေ့တွင် မီးသတ်ဌာနနှင့် မလှမ်းမကမ်းသို့ ဆိုးပေတို့ ရောက်လာကြပြန်လေ၏။

တပ်စိတ်မှူးဘမိုး၏ စိတ်ထဲတွင် ယမန်နေ့က ဆိုးပေတို့ ဝင်ရောက်တန်းစီခြင်းမှာ သက်သက် မိမိအား သရော်ခြင်းဖြစ်သည်ဟု တထစ်ချ ယူဆထားရာ ယခု ဆိုးပေတို့ ခပ်လှမ်းလှမ်းက နေသည်ကိုပင် တစ်စုံတစ်ရာ နှောင့်ယှက်ခြင်း ပြုရန် အကြံနှင့် လာနေကြခြင်း ဖြစ်သည်ဟု ထင်မှတ်ကာ “မင်းတို့ တစ်တွေ လာနေကြပြန်ပြီလား။ သွားကြ–ဒီအနားမှာ ရစ်သီရစ်သီ လုပ်မနေကြနဲ့။ နောက်တစ်ခါ ဒီနားမှာ တွေ့ရရင် မင်းတို့ကို ဖမ်းပြီး ဂါတ်ပို့ရလိမ့်မယ်”ဟု ခြိမ်းခြောက်မောင်းနှင်လေ၏။

ဆိုးပေတို့သည် မခွာချင်ခွာချင်နှင့် ထိုအနားမှ ခွာခဲ့ကြရလေသည်။

“ဟုတ်.....ဟုတ်.....သေးတော့ကွာ...တို့ ဟာတို့ လမ်းပေါ်မှာနေတာ သူနဲ့.....ဘာဆိုင်သလဲ။ ဒီလမ်းကို သူပိုင်တယ်မှတ်လို့။ သူ့ကိုယ်သူ ဘာမှတ်နေသလဲ။ မြို့တော်ဝန် မှတ်နေရော့လား။ ဘာဆိုင်လို့ တို့ဟာတို့.....ကြည့်နေတာကို သူကမောင်းပစ်ရတာလဲ။ ဒီလို သူများကြည့်တာကို ပိတ်ပင်နိုင်တဲ့ ဥပဒေ သူ့လက်ထက်မှပဲ ကြားဖူးတယ်။ ဒီလိုဆိုရင် ချောင်းကြည့်မှုနဲ့ လူတိုင်း ဒုက္ခဖြစ်ကုန်ရောပေါ့။ သိပ်ရယ်စရာ ကောင်းတဲ့ ဥပဒေ”

“ဒါဖြင့်ရင် ပြန်သွားမယ်ကွာ”



www.burmeseclassic.com

www.burmeseclassic.com



"သွားမနေပါနဲ့တော့ကွာ။ နောက်ထပ် မောင်းထုတ်ခံရရုံပဲ ရှိမယ်။ ငါက သူ့ဥပဒေကို ကြောက်လို့မဟုတ်ပါဘူး" ဟု ပြောပြီးနောက် "တို့ဟာတို့ မီးသတ်အဖွဲ့ သပ်သပ်ဖွဲ့မယ်ကွာ။ ဒါကို သူ တားနိုင်ဦးမလား။ သူ့အဖွဲ့ထဲသာ မဝင်ရဘူးလို့သာ သူတားနိုင်တာ။ တို့အဖွဲ့ထဲ တို့ဝင်တာကို သူ မတားနိုင်ပါဘူး။ တို့ မီးသတ်အဖွဲ့နဲ့ တို့ သပ်သပ်လုပ်မယ်။ ကြည့်နေသူတို့ထက် တို့က မီးတွေ အများကြီး သတ်ပြလိုက်ဦးမယ်"

"ဘာခဲယဉ်းစရာရှိလဲ ပြောပါဦး"

"တို့မှာ မီးသတ်ပိုက်တွေ ဘာတွေမှ မရှိဘဲ"

"ခက်ခက် နိုးနိုးကွာ။ မင်းတို့ဟာ ကိုယ်တိုင် ဘာမှ မလုပ်ချင်ဘူး။ အလကားနေရင်း ကန့်ကွက်နေဖို့လောက်ပဲ သိတယ်။ တို့မှာ သစ်ပင်တွေ ရေပက်တဲ့ပွတ်ကြီး အရှိသားပဲ။ တို့မှာ လက်ပတ်အနီတွေလည်း ရှိနေပြီ။ လက်တွန်းလှည်းပေါ် ရေပုံး တင်လိုက်ရင်ပြီးရော မဟုတ်လား။ ဘာလိုသေးလဲ.....လိုတာ သူတို့ လုပ်သလို လိုက်လုပ်ဖို့ပဲလိုတယ်။ သူတို့ မီးမြင်လို့ သတ်ရအောင် သွားရင် တို့လည်း မီးသတ်ရအောင် သွားရုံပဲ။ သူတို့ လောက်တော့ တို့လည်း မီးသတ်ရအောင် သွားရုံပဲ။ သူတို့ လောက်တော့ တို့လည်း လုပ်နိုင်ပါတယ်။ မီးသတ်ဖို့ ဆိုတာ ရေရှိရင် ပြီးတာဘဲ။ ရေဆိုတာ ပိုက်ဆံမပေးဘဲ ရနိုင်တယ်။ ပြီးတော့ မီးသတ်ဖို့ဟာ လိုင်စင်ရှိမှ မီးသတ်ရမယ် ဆိုတဲ့ ဥပဒေလည်း မရှိပါဘူး"

ဆိုးပေ၏ ကရားရေလွှတ် ပြောလိုက်သည့် စကားများမှာ ရဲဘော်များအား နှစ်သက်ကျေနပ်သွားစေသည့် အလျောက် လူငယ် အပျော်တမ်း မီးသတ်ဖွဲ့စည်းရန် သဘောတူကြလေ၏။

"ဒါပေမဲ့ တို့လည်း မီးသတ်စက်ရုံ မရှိသေးဘူးကွ။ တို့ ဂိုဒေါင်ကတော့ ဝေးလွန်းတယ်ကွာ။ ဂိုဒေါင်မှာ တို့နေရင်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဒီမှာ ဘာလုပ်နေကြတယ် ဆိုတာ မသိနိုင်ဘူး”

“အဲဒါပဲ ဟုတ်တယ်။ တို့များဟာ သူတို့နဲ့ နီးနီးနေမှ ဖြစ်မယ်။ တို့ ဂိုဒေါင်ကြီးကတော့ ဝေးလွန်းတယ်”

“ဒါဖြင့် နေရာ ဘယ်မှာ ရှိသလဲ”

“ရှိသားပဲကွ။ သူတို့ မီးသတ်စက်ရုံရဲ့ နောက်ဘက်မှာ အမှိုက်ပုံ လုပ်ထားတဲ့ ကွက်လပ်ကြီး အရှိသားပဲ။ အဲဒီမှာ တို့ဌာန ချုပ် လုပ်တာပေါ့”

ယင်းသို့ ဆိုးပေ ညွှန်ကြားသည့်အတိုင်း ထိုမြေကွက် လပ်မှာ နောက်နေ့မှစ၍ ဆိုးပေတို့၏ ဌာနချုပ် ဖြစ်၍ လာလေ ၏။ သူတို့၌ အုတ်ခဲသယ်သော လက်တွန်းလှည်းပေါ်တွင် ရေ ပုံးတစ်ပုံး တင်ကာ မီးသတ်စက်အဖြစ် ပြုလုပ်ထားရှိလေသည်။ ပိုက်လုံးအတွက်မှာကား ပန်းခြံရေဖြန်းသော ပိုက်လုံးကို အီစွတ် က ရအောင် ရှာ၍လာလေသည်။ ထိုပိုက်လုံးကို ဆိုးပေ၏ ပြွက် ၌ တပ်ခြင်းအားဖြင့် မီးသတ်ပိုက်ခေါင်း ဖြစ်နေသည့်အပြင် ပြွက် ကို ရေပုံးထဲသို့ စိုက်၍ ရေမစုပ်ရဘဲ ပက်ဖျန်းရလေ၏။

“ကဲ.....ဒို့များ ဘာအရင် စလုပ်မလဲ”

“သူတို့ ဘာလုပ်သလဲဆိုတာကြည့်ပြီး လိုက်လုပ်ရုံပေါ့” ဟု ဆိုးပေကပြောကာ “ဟေ့ မောင်မောင် သူတို့ အခု ဘာလုပ် နေသလဲ သွားကြည့်စမ်းပါ” ဟု အမိန့်ပေးလိုက်လေ၏။

မောင်မောင်ကား ကင်းထောက်အဖြစ် သွားရောက်ကာ မလှမ်းမကမ်းမှ ချောင်းမြောင်းကြည့်ရှုလေသည်။

“သူတို့ ဒရိန်းပြနေကြတယ်ကွ......တို့ကို မောင်းထုတ် တဲ့ မျောက်သိုးကြီးက ဒရိန်းပြနေတယ်”

“ကဲ.....ဒါဖြင့် တို့လည်း ဒရိန်းပြရမယ်”



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ နံနက်ပိုင်းတစ်ချိန်လုံး ဆိုးပေနှင့် ရဲဘော်တို့သည် ဘမိုးတို့၏ မီးသတ်အဖွဲ့ လုပ်ကိုင်နေသမျှအတိုင်း ဒရိန်းပြလျှင် ပြခြင်း။ စမ်းသပ်မီးသတ်လျှင် သတ်ခြင်း စသဖြင့် အတုယူ၍လုပ် ကိုင်ကြကာ မောင်မောင်မှာလည်း မကြာခဏ သွား၍ သွား၍ ကင်းထောက်ရလေ၏။

ဆိုးပေတို့သည် မိမိတို့ အလုပ်ထဲတွင် များစွာ စိတ်ဝင် စားလျက် ရှိရာ လမ်းသွားလမ်းလာများက သူတို့၏ လုပ်ကိုင်ပုံ ကို ကြည့်ပြီး ရယ်မောသွားကြသည်ကို ဂရုမပြုမိကြချေ။ ဆိုးပေ တို့၏ မီးသတ်လုပ်ငန်းမှာ တပ်စိတ်မှူးဘမိုး၏ လုပ်ကိုင်ပုံများ ကို ကာတွန်းရေးဆွဲပြသနေသကဲ့သို့ ရှိသော်လည်း မီးသတ် အဖွဲ့ကြီး၏ နောက်ဖေးဘက်တွင် ကစားနေကြခြင်း ဖြစ်သော ကြောင့် ဘမိုးမတွေ့ရချေ။ အကယ်၍ ဘမိုးတွေ့ရလျှင် မည်သို့ ဖြစ်မည်ကို မသိသေးပေ။ ယခုမူ ဘမိုးမှာ သူ၏အလုပ်ထဲ၌သာ အာရုံစိုက်လျက် သူ့ကိုယ်သူ အလွန်အရေးပါ အရာရောက်သူ တစ်ဦးအနေဖြင့် ဘဝင်မြင့်လျက် ရှိနေလေသည်။

ဆိုးပေတို့မှာ မိမိတို့အလုပ်ကို များစွာ နှစ်သိမ့်ကျေနပ် ကာ ထိုနေ့အဖို့ ကြီးစွာသော ပျော်ရွှင်ခြင်းဖြင့် တစ်နေကုန် သွား လေတော့သည်။

"သို့သော် နောက်နေ့သို့ ရောက်သောအခါ သူတို့၏ စိတ်အားထက်သန်မှုမှာ လျော့ပါးလာလေသည်။ ဆိုးပေနှင့်တကွ သူ၏ရဲဘော်တို့သည် လုပ်ကိုင်ပြီးစီးသောအလုပ်တစ်ခုကို အထပ် ထပ်ပြန်၍ မလုပ်လိုကြပေ။ ရှေ့သို့တစ်ဆင့်တိုးခြင်း နည်းလမ်း အသစ် ရှာဖွေခြင်းကိုသာ လိုလားကြလေသည်။

"ဒီနေ့ တို့များမနေ့ကနဲ့ မတူတာကို လုပ်မယ်ကွာ"

"နေဦး သူတို့တစ်တွေ ဘာလုပ်သလဲကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



“ကဲကွာ……မောင်မောင်ပဲ သွားဦးကွာ”

မောင်မောင် ထွက်သွားပြီး မကြာမီပင် ပြန်၍ ရောက်လာလေ၏။

“သူတို့ မီးလှန့်နေကြတယ်”

“ဘာလဲကွ မီးလှန့်တယ် ဆိုတာ”

“ပျက်ကယ် ပျက်ကယ် မီးလောင်တမ်းကစားတာမျိုးပေါ့ကွ။ မီးလောင်တယ် ဆိုပြီး အချက်ပေးလိုက်တဲ့အခါ မီးသတ်သမားတွေ ပြေးလာရတယ်”

ဆိုးပေသည် ထိုလှေ့ကျင့်နည်းကို အနည်းငယ် သဘောကျသော်လည်း ဘမိုးတို့ထက် တစ်ဆင့်တိုးကဲလိုသော စိတ်ရှိနေလေသည်။

“မီးမလောင်ဘဲနဲ့ မီးလောင်တယ် ဆိုတာကတော့ လူတွေကို သက်သက်အရူးလုပ်တာ ဖြစ်နေတယ်။ သဘာဝမကျဘူး။ မီးသတ်စက်ရှိရာကို ပြေးလာကြပြီး အဲဒါနဲ့ ပြီးသွားရင် ဒီအလုပ်ဟာ အလကားပေါ့ကွ။ မီးသတ်စက်ကို ပြေးလာပြီး တကယ်မီးသတ်ရမှ နိပ်တာ”

“ဒါဖြင့် တို့ဘယ်လို လုပ်မလဲ”

“ဒီလိုလုပ်ကွာ” ဟု ဆိုပြီးမှ ဆိုးပေသည် ရုတ်တရက်အကြံမပေါ်လာသဖြင့် ခေါင်းကုတ်နေလိုက်လေ၏။

“ဘာလဲ မင်းပြောတဲ့ ဒီလိုလုပ်ကွာဆိုတာ မင်းလို ခေါင်းကုတ်နေဖို့လား”

“ငါမှ မပြောရသေးပဲ”

“ဒါဖြင့် ပြောလေ”

“ပြောမှာပေါ့ကွ”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ"

"မီးလောင်တယ်ဆိုပြီး အချက်ပေးလိုက်ရင် မင်းတို့ ပြေးလာကြပြီး တို့ မီးသတ်စက်ကို ဝိုင်းပြီး တွန်းကြရမယ်။ နောက်တော့မှ ရွာထဲမှာ မီးလောင်တဲ့နေရာကို လိုက်ရှာကြတာပေါ့။ တစ်နေရာရာမှာတော့ တွေ့မှာပဲ"

"မတွေ့ရကော"

"မီးသတ်စက်မရောက်ခင် မီးငြိမ်းသွားပြီဆိုပြီး ပြန်လာကြရုံပေါ့"

ယင်းသို့ ဆိုးပေ၏ စီစဉ်ချက်အတိုင်း အားလုံးသဘောတူကြပြီးနောက် ဆိုးပေက မီးလောင်သည့် အချက်ပေးသည့်အနေဖြင့် စူးရှစွာ လက်ခေါက်မှုတ်လိုက်ရာ ဆိုးပေ၏ မီးသတ်ရဲဘော်များပြေးလွှားကြပြီးလျှင် ရေပုံးတင်ထားသော လက်တွန်းလှည်း မီးသတ်စက်ပတ်လည်၌ စုရုံးကြပြီးလျှင် "ရဲဘော် ချီတက်" ဟု ဆိုးပေက အမိန့်ပေးလိုက်သည်နှင့် လက်တွန်းလှည်းကို အားလုံးက ဝိုင်းဝန်း၍ တွန်းကြလေ၏။

လက်တွန်းလှည်းမှာ တစ်ယောက်အားနှင့် ဆိုသော် မနည်းတွန်းရမည် ဖြစ်သော်လည်း ငါးယောက်အားနှင့် ဝိုင်း၍ တွန်းရာတွင် တအားဆောင့်၍ တွန်းလိုက်သကဲ့သို့ ရှိကာ မီးသတ်လှည်းပေါ်မှ ရေအပြည့်ထည့်ထားသော လက်ဆွဲပုံး မှောက်ကာ ရေအကုန်လုံး ဖိတ်သွားလေတော့၏။

ဆိုးပေကား မိမိတို့၏ အလုပ်ကို ကစားစရာ သဘောမထားဘဲ မိမိကိုယ်ကို တကယ့် ဗိုလ်ချုပ်ကြီးတစ်ဦးအနေဖြင့် မီးသတ်လက်တွန်းလှည်းပေါ်သို့ တက်၍ရပ်ကာ "မီးသတ် သတိ ရေသွားသယ်အမြန်" ဟု အမိန့်ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အီစွတ်နှင့် မောင်မောင်တို့သည် လက်ဆွဲရေပုံးကိုင်းကို တစ်ယောက် လက်တစ်ဖက်ဆီဆွဲကာ ရေသယ်ရန် ပြေးသွားလေ၏။ သူတို့နှစ်ယောက်မှာ ဝေးဝေးလံလံ သွား၍ ရေသယ်မနေကြရပေ။ မလှမ်းမကမ်းမှာပင် ရေကန်လေးတစ်ခု ရှိနသဖြင့် ချက်ချင်းပင် ရေသယ်၍ ပြန်လာနိုင်ကြကာ ဆက်လက်၍ မီးသတ်စက်ကို တွန်းသွားကြလေ၏။

ဆိုးပေတို့ လုပ်ပုံကိုင်ပုံကို မြင်ကြရသော လမ်းသွားလမ်းလာတို့မှာ မပြုံးဘဲ မနေနိုင်ကြပေ၏။ ယင်းသို့ တွန်းလာကြရာက လမ်းနှစ်လမ်း လွန်လာကြသောအခါ တွန်းရသူများမှာ အတော်ကလေး မောလာကြလေသည်။ ဆိုးပေမှာ ဗိုလ်ချုပ်ပီပီ မီးသတ်ပိုက်ခေါင်းတည်းဟူသော ပွတ်တံကို ကိုင်လာရသောကြောင့် မောရ ပန်းရမှန်း မသိချေ။ သို့သော် သူ၏ ရဲဘော်များ ချွေးပြန်လာကြသည်ကို တွေ့ရသောကြောင့် ရပ်နားကာ မီးကို ကြည့်ရှုသကဲ့သို့ ဟိုဟို ဒီဒီ လှမ်းမျှော်ကြည့်နေလေ၏။

"ဘယ်မှာမှလည်း မီးမမြင်ရဘူး"

"ဒါတို့ အရပ်က အသုံးမကျတာဘဲကွ။ အခုတလော နေရာတကာတိုင်း မီးလောင်တာ ဒို့အရပ်က မီးမလောင်ဘူးဆိုတော့ နံ့ရာကျတာပေါ့ကွ"

"အရင်က ဒီလိုမဟုတ်ပါဘူးကွ။ ဆေးလိပ်တိုတွေ ဟိုပစ် ဒီချနဲ့ ပစ္စလက္ခနေကြတာပါပဲ။ ထမင်းအိုး သယ်ပြီး မီးစလည်း ငြိမ်းချင်မှ ငြိမ်းကြတာ။ အခုတို့တစ်တွေ မီးသတ်အဖွဲ့တွေ ဖွဲ့ထားကာမှ မီးကို သိပ်ဂရုစိုက်နေကြတာ။ လူတွေကလည်း အဖြစ်သည်းလွန်းပါတယ်။ အခုနေ မီးလောင်ပါစေလားကွ။ ဘာဖြစ်ရမှာလဲ။ တို့တတွေ မီးသတ်ပေးမှာပေါ့"

"အဲဒါ တို့ကို မနာလိုလို့ မီးမလောင်အောင် ဂရုစိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြတာ။ တကယ်လို့ မီးလောင်ရင် တို့တစ်တွေ မီးသတ်ပေးတယ် ဆိုတဲ့ နာမည် ကောင်းရမှာ စိုးလို့ကွ”

ဆိုးပေသည် မေးကို ကိုင်ကာ စဉ်းစားနေလိုက်ပြီးမှ “မီးဆိုတာ ကြီးကြီးကျယ်ကျယ် လောင်မှ မီးလောင်တာ မဟုတ်ဘူး။ နည်းနည်းပါးပါး လောင်တာလည်း မီးလောင်တာပဲ။ အဲဒီ နည်းနည်းပါးပါးကို မသတ်နိုင်ရင် ဧရာမ မီးကြီး ဖြစ်လာတာ။ အဲဒါကြောင့် အမှိုက်ကစ ပြသာဒ်မီးလောင်တယ်လို့ ဆိုတာ။ ဒါကြောင့် လောင်ခါစ မီးကို ရှာရင် တွေ့မှာပဲ” ဟု ဆိုလေ၏။

“မင်းပြောတာက အလွယ်ကလေးရယ်။ မီးခိုးရှာပါဦး ဘယ်မှာမှ မမြင်ရဘူး”

“ဘယ်မြင်ရမလဲ မီးဆိုတာ အိမ်ရှေ့ကလောင်တာ နည်းတယ်။ နောက်ဖေးမီးဖိုချောင်ကစပြီး လောင်တာချည်းပဲ။ အဲဒီတော့ အိမ်ရှေ့ လမ်းပေါ်က လျှောက်ပြီး မီးကို မရှာဘဲ နောက်ဖေး လမ်းကြားက လိုက်ရှာကြမယ်”

ရဲဘော်များမှာ အတော်ကလေး အမောပြေသွားကြသဖြင့် “ကဲ.....ဒါဖြင့်လာ နောက်ဖေးလမ်းကြားက သွားကြမယ်” ဟု တညီတညွတ် သဘောတူလိုက်ကြလေ၏။

သို့အားဖြင့် မီးသတ်လက်တွန်းလှည်းကို တွန်း၍ လမ်းကြိုလမ်းကြားက လာခဲ့ကြရာ တဲတစ်ခုနှင့် မလှမ်းမကမ်းသို့ ရောက်ကြသည်တွင် ထိုတဲနောက်ဖေးမှ မီးခိုးများ အူ၍ ထွက်နေသည်ကို တွေ့ကြလေ၏။

“ဟိုမှာ မီးဟေ့–မီး”

“ဘယ်က မီးရမှာလဲ မီးခိုးတွေပါ”

“မီးရှိလို့ မီးခိုးထွက်တာပေါ့ကွ”



www.burmeseclassic.com

www.burmeseclassic.com



"မီးတောက်လည်း မတွေ့ရပါလား"

"မီးတောက်က အိမ်ထဲမှာပဲ ရှိဦးမယ်။ မီးမကြီးသေးလို့ မီးတောက် မထွက်လာသေးတာ။ ကဲဟေ့ စကားသိပ်များမနေကြနဲ့။ အိမ်ထဲဝင်ပြီး မီးသတ်ချင် သတ်နေရမယ်။ မီးသတ်မျက်နှာဖုံးတွေ တပ်ကြ"

ဆိုးပေသည် ထိုသို့အမိန့်ပေးရင်း လက်ကိုင်ပုဝါကို ရေဆွတ်ကာ မျက်နှာဖုံးအဖြစ် မျက်နှာတစ်ခြမ်း အုပ်လိုက်လေ၏။ ကျန်ရဲဘော်များလည်း ဗိုလ်ချုပ်ဆိုးပေ၏ နည်းအတိုင်း မျက်နှာဖုံးစွပ်ကြပြီးလျှင် မီးခိုးထွက်နေသော တဲဆီသို့ ချီတက်ကြလေ၏။

"ဟော့.....မီးတော်တော်ကြီးပုံရတယ်။ မီးခိုးတွေ သိပ်များတာပဲ။ ငါနောက်ဖေး ပြတင်းပေါက်က ကဲလားကို တွန်းဖွင့်လိုက်မယ်။ ပွင့်တာနဲ့အထဲကို ဒလကြမ်းရေပက်ကြပေတော့ နို့မဟုတ်ရင် အထဲက မီးတောက်တွေ တိုးထွက်လာပြီး မီးလုံးဟပ်လို့ မာလကီ ကုတ်ကုန်ကြမယ်"

ပြောပြောဆိုဆို ဆိုးပေသည် ပြတင်းပေါက်ကို ဆွဲ၍ဖွင့်လိုက်ရာ ပွင့်သည်နှင့် တစ်ပြိုင်နက် ရဲဘော်မီးသတ်သမားတို့က အတွင်းသို့ ဒလကြမ်း ရေပစ်၍ လောင်းကြလေ၏။

"ဟဲ့ ဘယ်သူတွေလဲ ဟ။ ဘယ့်နှယ် လုပ်ကြသလဲ" ဟူသော မိန်းမကြီးကြီး အသံကို ဦးစွာ ကြားလိုက်ရလျှင်ပင် ဆိုးပေတို့မှာ ခေါင်းနပန်း ကြီးသွားကာ တပ်ဆုတ်ရန် ခြေဦးလှည့်ပြီးသား ဖြစ်နေကြလေ၏။

"ဟဲ့.....နင်တို့ ဘယ်က ကလေးတွေလဲ။ ဟဲ့ သေနာကျကလေးတွေ။ ကာလနာကလေးတွေ။ နင်တို့ ဘယ်သူမြှောက်ပေးတာလဲ အလိုလေးတဲ့မှတ်။ သူများမှာ ထင်းရေစိုလို့ မီးခိုးတအူအူနဲ့ မီးမတောက်နိုင်ရတဲ့အထဲ မီးကို ငြိမ်းရုံမကဘူး။ လူပါ



www.burmeseclassic.com

www.burmeseclassic.com



ရေနဲ့ လောင်းသွားလိုက်သေးတယ်။ ဟဲ့.....အားတိုင်းမွေး ကလေးတွေ တိရစ္ဆာန် အသူရကာယ်။ ပြိတ္တာလောင်းကလေးတွေ နင်တို့အမေက သင်္ကြန်ကျပြီပြောလို့ ရေနဲ့လာလောင်းတာလား”

ဆိုးပေတို့မှာ ထိုမိန်းမကြီး၏ စကားကို ပြေးရင်း လွှားရင်း မကြားတစ်ချက် ကြားတစ်ချက် ကြားရကာ ဝေးလေ ထိုမိန်းမကြီး၏ ဆဲသံဆူသံများမှာ မှေးမှိန်၍ သွားလေတော့၏။

ထိုနေ့အဖို့ ဆိုးပေတို့သည် မိမိတို့၏ မီးသတ် လေ့ကျင့်ခန်းကို ဤမျှနှင့် ရပ်နားလိုက်ကြရလေသည်။ အကယ်၍ ဆက်လက် လုပ်ကိုင်နေပါက မိမိတို့ ရေပက်ခဲ့သော မိန်းမကြီး လိုက်လံရှာဖွေတွေ့ရှိသွားလျှင် မိမိတို့အား အတိုင်အတောခံရမည်မှာ သေချာလှပေသည်။

နောက်နေ့တွင်ကား မီးသတ်ခြင်းကို နည်းသစ်ပြောင်းရန် ဆိုးပေမှာ အကြံထုတ်ရပြန်လေ၏။

“ဒီနေ့ တို့များ အဝေးကြီး သွားပြီး မီးမသတ်ဘူး။ ဒီအနီးအနားမှာပဲ မီးသတ်ကြမယ်”

“ဒါပေမဲ့ သူတို့လို သစ်ပင်ကြီးတွေကို ရေပက်ပြီး မီးသတ်သလို လုပ်တာမျိုးတော့ အလကားပေါ့”

“နားထောင်ပါဦး–ငါပြောတာ မဆုံးသေးပါဘူး။ ငါပြောတာ တကယ့်မီးကို သတ်မှာ”

“ဘယ်မလဲ.....တကယ့်မီး”

“ဒီအမှိုက်ပုံကို မီးရှို့ရင် တကယ့်မီး ဖြစ်တာပေါ့ကွ။ အမှိုက်ပုံမီးရှို့တာဟာ မီးရှို့မှုမဖြစ်ဘူး။ လူတိုင်းလူတိုင်း ကိုယ့်ခြံထဲက အမှိုက်တွေ စုပြီးတော့ မီးရှို့နေကြတာဘဲ မဟုတ်လား။ ဒို့က မီးရှို့ရုံရှို့တာ မဟုတ်ဘူး ..... မီးလည်း ငြိမ်းပေးဦးမှာ”



www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်များမှာ ဆိုးပေ၏ စီမံကိန်းကို မလိုက်နာချင် သလိုလို မထုံတေ–တေး လုပ်နေကြလေ၏။

"ဘာလဲ.....မင်းတို့က ဒီလိုမကစားချင်ကြဘူးလား။ ဒီလိုမလုပ်ချင်ရင်လည်း မင်းတို့က အကြံပေးကြပါလား"

မည်သူမျှ အကြံဉာဏ်အစားမထိုးနိုင်ကြဘဲ ရှိလေရာ ဆိုးပေ၏ သဘောကို လိုက်လျောလိုက်ကြရလေ၏။

ဆိုးပေသည် အိမ်မှလျှို့ဝှက်ယူလာသည့် မီးခြစ်ကို ခြစ်ကာ အမှိုက်ပုံကို မီးရှို့လိုက်လေ၏။

"မီး.....မီး.....မီးဗျို့......မီး"

မီးမှာ ရှို့လိုက်သည်နှင့် ဟုန်းခနဲထ၍ တောက်လေရာ ဆိုးပေတို့က ကြိုးစားငြှိမ်းသတ်ပါသော်လည်း မနိုင်မနင်း ရှိနေလေရာ သွားလမ်းလာလမ်းများက မြင်ပြီး အလန့်တကြား အော်မိကြလေ၏။

ဤတွင် အမှိုက်ပုံနောက်ဘက်ရှိ မီးသတ်ဌာနမှ မီးသတ် သမားများ နောက်ဖေးသို့ ပြေးလာကြကာ အမှိုက်ပုံ လောင်နေ သော မီးကို တွေ့ကြရလေ၏။

မကြာမီ မီးသတ်တပ်စိတ်မှူး ဘမိုးသည် မီးသတ် ပိုက်ခေါင်းကို ဆွဲပြီးလျှင် အမှိုက်ပုံ၌ လောင်နေသော မီးကို ငြှိမ်း သတ်လိုက်ရုံမက ဆိုးပေတို့အား နဂိုက မြင်ပြင်းကတ်နေသည့် အလျောက် ၎င်းတို့ကိုပါ ရော၍ ရေနှင့် ပတ်လိုက်လေ၏။

ဆိုးပေတို့ကား ကြွက်စုတ်ရေမွှန်းသလို တစ်ကိုယ်လုံး ရွှဲသွားကြရာ မီးသတ်သမားများက သူတို့မီးသတ်ဌာန နောက်ဖေး မှကြည့်ပြီး တသောသော ပွဲကျနေကြလေ၏။ တပ်စိတ်မှူး ဘမိုး ၏ ရယ်သံကား အားလုံးအနက် အကျယ်လောင်ဆုံး ဖြစ်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေတို့ကား အင်အားချင်းမညီမျှ၍ ကြိတ်ပြီး ခံလိုက်ကြရကာ မိမိတို့၏ မီးသတ်ပစ္စည်းများကို ယူလျက် ဂိုဒေါင်ပျက်ကြီးဆီသို့ ဌာနချုပ် ရွှေ့ပြောင်းကြရလေ၏။

"ငါတို့တစ်တွေ အင်္ကျီရေစိုနဲ့ အိမ်ပြန်ရင် အဆူခံရမှာတော့ သေချာနေပြီ" ဟု အဝိန်က ဆို၏။

"အဆူခံရမှာထက် နောက်ကို တစ်သက်လုံး ဒီလိုကစားရတော့မှာလည်း မဟုတ်ဘူး" ဟူ မောင်မောင်က ဘဝ အတွေ့အကြုံကို ပြောပြလေ၏။

ဆိုးပေကာ ဘာမျှဝင်၍ မပြောသေးဘဲ တွေဝေစဉ်းစားနေပြီးမှ "ဒီလို ကစားရတာ မကစားရတာတွေကို အပထားပါကွာ၊ ငါဒီလူကြီးကို လက်စားမချေရရင် မနေနိုင်ဘူး။ ငါက လက်စားချေတဲ့ ဘက်မှာတော့ ဝိတ်ပဲလို့ မှတ်ထားလိုက်ပါ" ဟု ဆိုလေ၏

"တို့က သူ့ကို ဘယ်လို လုပ်နိုင်မှာလဲ"

"အဲဒါ စဉ်းစားရမှာပေါ့ကွ။ အခု စဉ်းစားလို့ မဖြစ်သေးဘူး။ ငါက ဗိုက်ထဲမှာ အစာရှိမှ ဉာဏ်ကောင်းကောင်း ထွက်တာ။ အဲဒီတော့ တို့အဝတ်စားတွေ ချွတ်လှမ်းကြမယ်။ အင်္ကျီခြောက်တာနဲ့ ထမင်းစားပြန်ဖို့ အချိန်နဲ့ အတော်ပဲ။ ထမင်းစားပြီး ပြန်လာကြတော့မှ ငါ့အကြံ ပြောပြမယ်"

ဆိုးပေတို့သည် အဝတ်အစားများ ချွတ်လှမ်းထားစဉ် ကိုယ်ကို သစ်ခက်သစ်ရွက်များ ဆင်ယင်ကာ လူရိုင်းလုပ်တမ်း ကစားကြလေ၏။ ကစား၍လည်းမော အင်္ကျီများလည်း ခြောက်ချိန်နှင့် အနေတော်ဖြစ်ကာ ထမင်းစားရန် ပြန်ကြလေ၏။

နေ့လယ်ဘက်တွင် ဂိုဒေါင်၌ ပြန်၍ စုဝေးမိကြသည့်အခါ ဆိုးပေက စတင်၍ "ငါ–ဒီလူကြီးနေတဲ့ အိမ်ကို စုံစမ်းလို့သိခဲ့ပြီကွ။ သူ့အိမ်မှာ သူတစ်ယောက်တည်း နေတယ်တဲ့။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



တော့ လက်စားချေဖို့ သိပ်နေရာ ကျနေတာပေါ့”ဟု ဆိုလေ၏။

“ပြောပါဦး ဘယ်လိုလက်စားချေမလဲ”

“တို့ကို ရေရွဲအောင်လုပ်ရင် သူ့ကို ရေရွဲအောင်လုပ်ရုံပေါ့ကွ”

“တို့ရေပိုက်က သူ့ရေပိုက်လောက်မှ အားမကောင်းဘဲ ရေရွဲနိုင်ပါ့မလား”

“ငါ့အကြံက ရေပိုက်နဲ့ ပက်ဖို့မဟုတ်ဘူး။ သူ့အိမ်မှာ သူမရှိတုန်း တံခါးပေါက် အဝတည့်တည့်မှာ ရေပုံး တက်ချည်ထားမယ်။ သူ့အိမ် သူပြန်လာပြီး တံခါးဆွဲဖွင့်လိုက်တဲ့ အခါ အပေါ်က ရေပုံးမှောက်ပြီး သူ့တစ်ကိုယ်လုံး ရွဲရောမဟုတ်လား”

ဆိုးပေ၏အကြံကို ရဲဘော်အားလုံး သဘောကျကြလေ၏။ သာဒွန်းဦး တစ်ယောက်သာ အနည်းငယ် စဉ်းစားနေပြီးလျှင် “ရေပုံးက အလေးကြီးပြီးတော့ တံခါးပေါက်ပေါ်တက်ပြီး ချိတ်ဖို့ဆိုတာ အမြင့်ကြီးတက်ရမှာ သိပ်လွယ်တာမဟုတ်ဘူး”ဟု ဆိုလေ၏။

“လုပ်မှ မကြည့်ရသေးဘူး မဖြစ်တာက အရင်ပဲ ငါလုပ်ပါ့မယ်ကွာ။ ကုလားထိုင်နဲ့ တက်ရင်ရရမှာပေါ့”

များမကြာမီပင် ဆိုးပေတို့သည် ဘမိုး၏ အိမ်အနီးသို့ ရောက်ရှိလာကြလေ၏။

“ဟေ့.....ဟန်ကျတာဘဲ။ အိမ်ထဲမှာ လူတစ်ယောက်မှ မမြင်ရဘူး။ လူမရှိဘူးကွ။ ရဲရဲသာ လာကြ”

ရဲဘော်များသည် တစ်ယောက်တစ်လှည့်ဆီ ရေပုံးကို ဆွဲကာ အိမ်နားသို့ ချဉ်းကပ်သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့.....မီးကွ မီး.....အိမ်ထဲမှာ တကယ့်ကို မီးလောင်နေတယ်။ ဟော့.....မောင်မောင် မင်းက မီးသတ်စက်ကို သွားပြောချေ။ တို့က မီးသတ်စက်မလာခင် နိုင်သလောက် မီးသတ်ထားမယ်"

ရဲဘော်များသည် အိမ်ထဲသို့ ကြည့်ကြရာ ကြမ်းပြင်တွင် မီးစွဲ၍ လောင်နေသည်ကို တွေ့ရလေ၏။ မောင်မောင်ကား မီးသတ်ဌာနသို့ သုတ်ခြေတင်လေတော့၏။

ဆိုးပေသည် အိမ်ဘေးပြတင်းပေါက်ကိုဖွင့်၍ တက်ကာ ရဲဘော်များအား ရေပုံးကို ဝင့်၍ ပေးခိုင်းပြီး အိမ်ထဲသို့ လှမ်း၍ ပက်လိုက်လေ၏။ မီးကို ရေထိ၍ မြည်သော အသံသည် အိမ်ထဲမှ ထွက်လာပြီး မီးခိုးလုံးများ ထလာတော့၏။

"ဟော့– ရေယူပါဦးကွ။ ဟိုနားလေးမှာ ရေတွင်းရှိတယ်"

အီစွတ်နှင့် သာဒွန်းဦးတို့ ရေသွားခပ်ကြပြီး ရေပုံးကို နှစ်ယောက်ဆွဲလျက် ပြေးလာကြလေ၏။ သာဒွန်းဦးကား နောက်ဖေးသို့သွား၍ ရေပုံးတစ်ခု ရှာတွေ့လာသဖြင့် သူပါ ရေသွားခပ်ကာ နောက်ဖေးမှ အိမ်ထဲသို့ ဝင်၍ သတ်လေ၏။

ဤကဲ့သို့ သုံးသုတ်လောက် ရေသယ်၍ လောင်းလိုက်ကြမှ ကြမ်းပြင်တစ်ခုလုံး ရေရွဲပြီး မီးငြိမ်းသွားကာ ကြမ်းပြင်ပေါ်ရှိ ဖျာတစ်ချပ်လုံး ပြည့်လုနီးပါး မီးလောင်ပေါက်ကြီး ဖြစ်နေသည့်အပြင် ကြမ်းကိုပင် မီးစွဲ၍ ညိုမည်းနေသည်ကို တွေ့ကြရလေ၏။

ထိုခဏမှာပင် မီးသတ်အဖွဲ့ဝင်များ ရောက်ရှိလာကြလေ၏။ မီးသတ်အဖွဲ့ကို တပ်ရင်းမှူးကြီးကိုယ်တိုင် အုပ်ချုပ်လာ၍ ဘမိုးမပါဘဲ ရှိပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေနှင့် ရဲဘော်များကား ရေစိုရွှဲလျက် မျက်နှာမည်းသဲနေကြသော်လည်း မီးသတ်လိုက်ရသဖြင့် ဂိုက်ထွားကာ "ကျွန်တော်တို့ သတ်လို့ငြိမ်းသွားပြီ"ဟု ဆိုးပေက ကြွားလုံးထုတ်လေ၏။

မီးသတ်တပ်ရင်းမှူးသည် မီးလောင်သည့် နေရာကို အကဲခတ်နေလေ၏။

"မီးကတော့ သိပ်များပါဘူး။ မများလို့ပေါ့ များရင်တော့ လား" ဟု ဆိုးပေက ပြောကာ စကားရပ်ထားလိုက်၏။

"မီးလောင်တာ မလောင်တာ၊ များတာ မများတာ အကြောင်း မဟုတ်ဘူး။ ဒီမီးဟာ လူမဦးရင် တစ်အိမ်လုံး ကျွတ်တာပေါ့။ တစ်အိမ်ထဲဆို တော်သေးတယ်။ တစ်ရွာလုံး ကူးရင် မခက်ဘူးလား" ဟု မီးသတ်ဗိုလ်ကြီးက ပြောကာ ကြမ်းပေါ်က ဆေးပြင်းလိပ်ကို ကောက်ယူလိုက်လေ၏။

"ဒါ ဆေးလိပ်ကို ပစ်ထားခဲ့လို့လောင်တဲ့ မီးဘဲ" ဟု ဗိုလ်ကြီးက မှတ်ချက်ချခိုက်မှာပင် ဘမိုးရောက်လာကာ မျက်စိမျက်နှာပျက်ပျက်ဖြင့် ဗိုလ်ကြီးကို အရိုအသေပေးလေ၏။

"ဟေ့ ဘမိုး မင်းဟာ မီးသတ်တပ်စိတ်မှူးလုပ်ပြီး ဆေးလိပ်ကို ဒီလိုပစ်စလက်ခတ် ချထားခဲ့ရသလား"

"ကျွန်...ကျွန်တော် ဟိုဘက်လမ်းက ကိုးဘိုးတုတ် လေသင်တုန်းဖြတ်လို့ လာခေါ်တာနဲ့ ဆေးလိပ်ကို ချပြီး ကမန်းကတန်း ထွက်သွားမိပါတယ်။"

"ဒီသူငယ်ကလေးတွေသာ ရဲရဲရင့်ရင့် မီးဝင်မသတ်ရင် တစ်အိမ်လုံးချောနေပြီ"

"ဟုတ်ကဲ့–ကျွန်တော် သူတို့ကို အများကြီး ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ–ကလေးတွေ လာကြ။ မင်းတို့ကို တို့မိုးသတ်အဖွဲ့က ဂုဏ်ပြုချီးကျူးပွဲလုပ်မယ်။ ဒီပွဲမလုပ်ခင် အခုလောလော ဆယ် မင်းတို့ကို ရေခဲမုန့်နဲ့ ဖာလူဒါ တိုက်မယ်"ဟု ဆိုလိုက်ရာ ဆိုးပေနှင့်ရဲဘော်တို့ မျက်နှာမှာ မှုံရသကဲ့သို့ ချိုမြသွားကြလေသတည်း။

♦ ♦ ♦ ❖ ♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# မှော်ဝိဇ္ဇာ

ပင်နီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းပြန်၍ ဖွင့်ပြီဖြစ်သဖြင့် ဆိုးပေနှင့်တကွ ရဲဘော်တို့၏ လောကမှာ လှုပ်ရှားမှု မရှိဘဲ သာယာငြိမ်းချမ်းလျက် ရှိပုံရနေရာက လှအောင် ကျောင်းသို့ ရောက်လာသည့် နေ့မှစပြီး အခြေအနေအားလုံး ပြောင်းလဲ၍ လာလေတော့သည်။ လှအောင် သည် ကျောင်းအုပ်ဆရာကြီး၏ တူတော်သူ ဖြစ်ပြီး ထိုကျောင်း တွင် တစ်နှစ်မျှ သင်ကြားရန် ဦးကြီး၏ ခေါ်ယူချက်အရ ရောက်ရှိ လာရာတွင် ဆိုးပေနှင့် တစ်တန်းတည်းလာ၍ ကျနေလေ၏။ ကျောင်းအုပ်ကြီး၏ တူဖြစ်၍ ကျောင်းအုပ်ကြီး၏ အိမ်မှာပင် နေထိုင်သည့်အတွက် လှအောင်အား အတန်းပြဆရာမက မျက်နှာ သာပေးခြင်းကို ဆိုးပေမှာ အတော်ကလေးပင် မခံချင်ပေ။ ထို့အတူ အတန်းတူ ကျောင်းသားများကလည်း မခံချင်ကြပေ။ လှအောင်အား ချစ်စရာကောင်းသည့် ကျောင်းသားကလေးတစ်ယောက်ဟု တစ် ကျောင်းလုံးက ယူဆကြသော်လည်း ဆိုးပေတို့၏ အတန်းသား များကမူ အသိအမှတ် မပြုကြချေ။ လှအောင်၏ ချစ်ဖွယ်ရာ ကောင်းသောအပြုံးနှင့် အမူအရာတို့သည် သူတို့အဖို့ မျက်စိ စပါး မွေးစူးစရာ ဖြစ်နေလေသည်။ အထူးသဖြင့် လှအောင်၏ အကျင့် စာရိတ္တကို သူတို့ မကြိုက်ကြပေ။

ပင်နီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လှအောင်သည် မဖွယ်မရာ ပြုမူတို့ကိုမလိုလားသည့် အလျောက် ထစ်ခနဲ ရှိလျှင် သူ၏ ဦးကြီးအား တိုင်ကြားလေ့ရှိရာ ထိုကိစ္စမှာပင် ဆိုးပေတို့နှင့် သဘောချင်း ကွဲလွဲနေလေသည်။ ဆိုးပေတို့ အဖို့မှာ ထိုကိစ္စမျိုးကို ကျောင်းအုပ်ကြီး မသိအပ်ဆုံးဟု ယူဆကြလေသည်။ လှအောင် ရောက်လာသည့် နေ့မှစ၍ သူတို့၏ လုပ်သမျှ ကိုင်သမျှ ကျောင်းအုပ်ကြီး၏ နားသို့ ပေါက်လေရာ ကျောင်းအုပ်ကြီးမှာ ရှေ့က လက်သည်ပေါ်အောင် ဆိုးပေတို့ လုပ်သမျှ ကြိတ်၍ ခံခဲ့ရသည်ကို ယခုမှ အတိုးချ၍ အရေးယူနိုင်ခဲ့လေတော့သည်။

သို့ဖြစ်၍ ဆိုးပေတို့သည် လှအောင် အပေါ်၌ လက်စားချေလိုစိတ် ပေါ်ပေါက်ကြကာ အမျိုးမျိုး ကြံခဲ့မိသော်လည်း လက်တွေ့လုပ်ဖို့ရန်မှာမူ အခက်နှင့် တွေ့နေကြလေသည်။ လှအောင်အား ကျောင်းအဆင်းတွင် ဝိုင်း၍ထိုးလျှင် ပျော်စရာ ကောင်းမည်ကို သိကြသည်။ သို့သော် ကျောင်းအုပ်ကြီး၏ ရှေ့မှောက်သို့ ရောက်ရမည့် အရေးမှာ ပျော်စရာမကောင်းပေ။ သူတို့သည် ကျောင်းအုပ်ကြီး၏ ညာဘက် လက်ဝိုင်းသန်ခြင်းကို ကိုယ်တွေ့ ကြုံရပေါင်း များလှလေပြီ။

"ခက်တာပဲကွာ။ လှအောင်ရှိနေရင် တို့များ ပျော်ချင်တိုင်း မပျော်ရဘူး။ ဘာမှလုပ်လို့ မဖြစ်ဘူး" ဟု ဆိုးပေက မကျေမချမ်းသည့် လေသံဖြင့် ပြောကာ လက်ရှိဖြစ်ပေါ်နေသော အခြေအနေကို ကျောင်းမှအပြန် လမ်းတစ်လျှောက်လုံး တိုင်ပင်လာကြလေ၏။

"အေးကွာ.....မနေ့က ဆရာအုန်းရဲ့ စားပွဲထဲမှာ ရှဉ့်ကလေးထည့်ထားတာ ငါထည့်ပါတယ်ဆိုတာ သူသွားတိုင်တယ်ကွ" ဟု မောင်မောင်က မကျေနပ်သောအမူအရာဖြင့် ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိစွတ်က "ဟား.....ဟား.....မနေ့က ဆရာအုန်းကြီး အံဆွဲထဲကို မကြည့်ဘဲ ကြိမ်လုံးဆွဲအနှိုက် ရှဥ့်က လက်ကို ဖမ်းကိုက်လို့ လန့်ပြီး အော်လိုက်တာ။ ဟား....ဟား....သိပ်ရယ်ရတာဘဲ" ဟု အားရ ဝမ်းသာပြောလေ၏။

"မင်းတို့ကသာ ရယ်နေကြ။ မင်းတို့ကတော့ ကျောင်းအုပ်ကြီးဆီမှ မသွားရတဲ့ လူတွေကိုးကွ" ဟု မောင်မောင်က ပြောပြီး "ဒီကောင် သွားတိုင်လို့ ကျောင်းအုပ်ကြီး သိသွားတာ သူနှစ်ကုန်မှ ကျောင်းပြန်ပြောင်းမယ်ဆိုတော့ တို့အဖို့ ဒုက္ခပဲ" ဟု ထပ်၍ဆက်လိုက်လေ၏။

"သူ.....ခဏနေတာ ကြာကြာနေတာ အရေးမဟုတ်ပါဘူးကွာ" ဟု ဆိုးပေက ဆိုလေ၏။ "နှစ်ကုန်လို့ ပြန်သွားတဲ့အထိ သူ့ကို တို့များ ဘာမှ လုပ်မလွှတ်လိုက်ရဘဲ အချောင် လွတ်သွားမှာပဲ ငါစိတ်ပူနေတာ"

"သူ မြန်မြန်သွားရင် အေးရောမဟုတ်လား။ သူ ဘာမှ မဖြစ်ရတာထက် တို့တစ်တွေအပေါ်မှာ ဘာမှမဖြစ်ဖို့က အရေးမကြီးဘူးလား" ဟု သာဒွန်းဦးက စဉ်းစား၍ ပြောလေ၏။

"တို့များ သူ့ကို တစ်ခုခုလုပ်လိုက်ပြန်လည်း တို့ပဲ ပြန်ခံရဦးမှာပဲ။ သူဘယ်လို အကောင်စားလဲဆိုတာ သိသားနဲ့" ဟု အဝိန်က ပြော၏။

"နေနှင့်ဦးပေါ့ကွာ.....တစ်နေ့နေ့မှာ အကြောင်းပေါ်တွင် ပေါ်လာဦးမှာပေါ့" ဟု ဆိုးပေသည် မိမိကိုယ်မိမိ အားပေးရလေ၏။

ရဟန္တာဓာတ်တော်များ လှည့်လည်ပူဇော်ပွဲကြီး ကျင်းပမည်ဟူသော သတင်းသည် တစ်ရပ်လုံး၊ တစ်ရွာလုံးရှိ လူပေါင်းတို့အား ရွှင်လန်းဝမ်းမြောက်ခြင်းကို ဖြစ်စေတော့၏။ လူ



www.burmeseclassic.com

www.burmeseclassic.com



အများမှာ အလွန်ဖူးမြော်ရခဲသော ဓာတ်တော်များကို ဖူးမြော်ကြရမည့်အတွက် ဝမ်းမြောက်မိသည်သာမက နှစ်စဉ် ကျင်းပနေကျဖြစ်သော နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲကြီးထက် ကြီးကျယ် ခမ်းနားစွာ အတီး၊ အမှုတ်၊ အဆို၊ အက၊ ဇာတ်နိပါတ်တို့လည်းပါဝင်မည် ဖြစ်သည့်အတွက် အကြီးကျယ်ဆုံးသော ပွဲတော်ကြီးကို တွေ့ကြုံရမည် ဖြစ်သောကြောင့် ပို၍ ဝမ်းမြောက်လျက် ရှိကြပေ၏။

ဆိုးပေတို့ လူသိုက်သာလျှင် ဝမ်းမမြောက်နိုင်ဘဲ ရှိကြလေသည်။ အခြားသော ရပ်ကွက်များက ဒေါနပုဏ္ဏား ဓာတ်တော်ဝေခန်း။ တဖုဿ၊ ဘလ္လိက ဆံတော်ပင့်ခန်း စသည့် အခမ်းအနားဖြင့် သရုပ်ပြ လှည့်လည်ပါဝင်ကြမည် ဖြစ်သော်လည်း ဆိုးပေတို့၏ ရပ်ကွက်က မည်သည့်ဇာတ်နိပါတ် ခင်းကျင်း၍ လိုက်ရမည်ကို မဆုံးဖြတ်နိုင်ဘဲ ရှိနေလေသည်။ ထိုသို့ မဆုံးဖြတ်နိုင်ခြင်းမှာ ဇာတ်ထဲတွင် ကလေးများ မပါဝင်စေလိုသဖြင့် ထိုဇာတ်နိပါတ်ကို ရွေးချယ်၍ မရနိုင်သေးသောကြောင့် ဖြစ်လေသည်။ ဆိုးပေအဖို့မှာ ထိုသို့ ကလေးများ မပါဝင်ရဟူ၍ ဆုံးဖြတ်ထားခြင်းကြောင့် ဝမ်းမမြောက်နိုင်ဘဲ ရှိနေလေသည်။ သူ့အဖို့မှာ ကိုယ်တိုင် မပါဝင်ရသည့်အလုပ်၊ ဘေးမှရပ်ကြည့်ရသည့်အလုပ်မျိုးကို ဘယ်အခါမှ မနှစ်သက်ခဲ့ချေ။ သို့သော် ဤနိပါတ်လှည့်ပွဲတွင် မိမိတို့သာမဟုတ် အခြားကလေးများလည်း မပါရသည့်အတွက် သူများထက်ထူး၍ ဝမ်းနည်းခြင်း မဖြစ်မိကြချေ။ လူကြီးများ၏ ချုပ်ချယ်မှုကိုသာ မကျေနပ်ခြင်း ဖြစ်လေသည်။ ထိုသို့ ချုပ်ချယ်ထားခြင်းမှာလည်း ကလေးများ ပါဝင်ခဲ့လျှင် ဆိုးပေ၏ ကင်းမည်မဟုတ်သည်ကို လန့်၍ ဤစည်းကမ်းချက်လုပ်၍ ထားခြင်းဖြစ်သည်ကို ဆိုးပေ ရိပ်မိလေသည်။

"အလကားပါကွာ။ ငါဝင်ပြီးပါမှာကြောက်လို့။ သူတို့က ဒီလိုလုပ်ထားတာ။ ငါကလည်း သူတို့ အတင်းလာပြီး



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်တောင် ပါမယ့်အကောင်မဟုတ်ဘူး။ မဟုတ်ကဟုတ်က အဝတ်တွေဝတ်ပြီး မတ်တပ်ကြီး ရပ်လိုက်ရတဲ့ အလုပ်ဟာ ဘာများကောင်းလို့လဲ။ ပျော်စရာမကောင်းလိုက်တာမှ နှစ်ဘူတာတောင် လွန်နေသေးတယ်” ဟု ဆိုးပေက ကဲ့ရဲ့မိလေ၏။

ထိုသို့ ကဲ့ရဲ့ထားသည့် စကားရှိလေရာ ကလေးများ မပါရဆိုသည့်တိုင်အောင် နောက်ဆုံးတွင် လှအောင်နှင့် မနှင်းရီ ကလေးတို့ကို နိပါတ်လှည့်ရာတွင် ထည့်ထားလိုက်ပြီဟု ကြားရသောအခါ အရေးမစိုက်သကဲ့သို့ပင် နေလိုက်လေ၏။

ဆိုးပေတို့၏ ရပ်ကွက်ဆိုင်ရာ အကြီးအကဲများက ဇာတ်နိပါတ်လှည့်လာရာတွင် မျက်နှာ ရဲရဲတင်းတင်းနှင့် လိုက်ပါဝံ့မည့် မိန်းမလှလှကို ရွေးချယ်ရာ ဆရာမကလေး ဒေါ်ခင်ခင်ကို ရကြသော်လည်း မိမိတို့ကြိုက်ရာ ဇာတ်နိပါတ်ကို ခင်းကျင်းချင်၍ မရကြဘဲ ဆရာမကလေး ဒေါ်ခင်ခင်၏ အကြိုက်ကို လိုက်ကြရမည်ဖြစ်လေရာ ဆရာမကလေး၏ အနှစ်သက်ဆုံးဇာတ်နိပါတ်ဖြစ်သော ဝေသန္တရာဇာတ်ကို ရွေးချယ်လိုက်ကြရသည့်အတွက် လှအောင်နှင့် မနှင်းရီတို့မှာ ဂဏ္ဍာနှင့် ဇာလီတို့အဖြစ် ရွေးချယ်ခြင်းခံကြရလေသည်။ လှအောင်မှာ ဆရာမက ဆရာကြီး၏ မျက်နှာလိုမျက်နှာရ ရွေးချယ်ခြင်းခံရသူဖြစ်သဖြင့် ဆရာမကလေး၏ အကြိုက်ကို လိုက်နေကြရ သူတို့မှာ ဆိုးပေမပါလျှင် ပြီးရောဟု သဘောတူညီ လိုက်ကြရလေသည်။

လှအောင်မှာ တစ်ရပ်လုံးရှိကလေးများအနက် မိမိကိုမှ ခေါင်းခေါက်ရွေးချယ်ခံရခြင်းအတွက် ဝမ်းမြောက်၍မဆုံး ဖြစ်လေ၏။ အထူးသဖြင့် ဆိုးပေတို့အပေါ်တွင် ကြောရသည့်အတွက် ပို၍ဝမ်းမြောက်ကာ ဆိုးပေတို့ကိုကြွားရန် ဆိုးပေတို့ ကစားနေကြသည့် နေရာသို့ ကပ်၍ လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေနှင့် ရဲဘော်တို့သည် နေ့ခင်း ခေတ္တကျောင်းလွှတ်ချိန်တွင် ကစားကွင်းထဲ၌ တစ်ယောက်ပေါ်တစ်ယောက် လွှားကာဖားခုံတမ်းကစား၍ နေကြလေ၏။

"ဟေ့ ဆိုးပေရေ....."ဟု လှအောင်က ခေါ်လိုက်၏။ လှအော်သည် ဆိုးပေတို့အပေါ်တွင်တစ်မျိုး နောက်တွင် တစ်မျိုးလုပ်တတ်ကာ ကွယ်ရာတွင် ကျောင်းအုပ်ဆရာကြီးကို တိုင်တတ်လေ၏။

ဆိုးပေသည် ရှိသမျှတစ်အားကြုံး၍ မောင်မောင်နှင့်အီစွတ် နှစ်ယောက်စလုံး၏ ကိုယ်ပေါ်တွင် တစ်ခုန်တည်းနဲ့ လွတ်အောင် ကျော်လွှားလိုက်ရာ မြေပေါ်သို့ ပြန်၍အကျတွင် ကိုယ်ကိုမဟန်နိုင်ဘဲ ကျွမ်းထိုးမှောက်ခုံကျ၍ သွားလေ၏။ ဆိုးပေသည်အနည်းငယ်အီ၍သွားသော်လည်း နှစ်ယောက် လွတ်အောင် ခုန်နိုင်ခြင်းကို ဂုဏ်ယူသည့် မျက်နှာဖြင့် ဖုတ်ခါ၍ ထလာလေ၏။

"ဟေ့ ရွာထဲမှ နိပါတ်လှည့်မယ်ဆိုတာ မင်းကြားပြီလား"ဟု လှအောင်က ပြုံးချိုသောမျက်နှာနှင့် ဆက်၍ မေးပြန်လေ၏။

ဆိုးပေသည် လှအောင်ကို လုံးလုံးလှည့်၍မကြည့်။ သူပြောသည့်စကားကို မကြားဟန်ပြုကာ မိမိလိမ့်ကျသည်ကို ရယ်နေကြသော မောင်မောင်တို့အား "အောင်မာ မင်းတို့က ဘာရယ်ကြတာလဲ။ ငါအဝေးကြီးက အားယူလာပြီးခုန်ရင် မင်းတို့နှစ်ယောက်မပြောနဲ့၊ သုံးယောက်တောင် လွတ်အောင် ခုန်နိုင်သေးတယ်၊ ဟေ့အဝိန် မင်းပါသူတို့နဲ့ ဆက်ပြီးကုန်းနေ။ သုံးယောက်စလုံးလွတ်အောင် ငါခုန်ပြမယ်"ဟု ဆိုလိုက်လေ၏။

"ဟေ့ သူတို့က ကလေးတွေ မပါရဘူးဆိုပေမယ့် အခု



www.burmeseclassic.com

www.burmeseclassic.com



ထည့်ထားပြီကွ။ ယောက်ျားလေးထဲက ငါတစ်ယောက်တည်း ပါရမယ်တဲ့မောင် သိရဲ့လား”ဟု လှအောင်က ဆက်၍ ပြောပြန်လေ၏။

မောင်မောင်၊ အီစွတ်နှင့် အဝိန်တို့သည် သုံးယောက်ဆက်၍ ခေါင်းငုံ့ပေးထားကြလေ၏။ ဆိုးပေသည် ခပ်လှမ်းလှမ်းသို့ လျှောက်သွားပြီး ထိုနေရာမှ အရှိန်ယူ၍ ပြေးလာကာ မောင်မောင်၏ ကိုယ်ပေါ်သို့ လက်ထောက်ပြီး လွှားလိုက်လေ၏။ ဆိုးပေသည် ပထမအကြိမ်မှာပင် အနည်းငယ် အားကုန်သွားပြီး ယခု တစ်ကြိမ်တွင် အဝေးမှ ပြေးခဲ့ရသည့်အတွက် မောင်မောင့်ကို လွတ်သော်လည်း အီစွတ်ကို မလွတ်နိုင်ရှိသဖြင့် အီစွတ်ခေါင်းကို တစ်ဆင့်ထောက်ပြီး အဝိန်ကိုပါ လွတ်အောင် ကြိုးစားရာတွင် အီစွတ်ခေါင်းစိုက်သွားပြီး အဝိန်၏ ကိုယ်ပေါ်တွင် ထပ်၍ကျကာ မောင်မောင်မှတစ်ပါး ကျန်သုံးယောက်စလုံး မြေပေါ်တွင် မှောက်လျက်သားကျကြလေ၏။ ဆိုးပေမှာအရှိန်နှင့် ခုန်သူဖြစ်သဖြင့် အခြားနှစ်ယောက်ထက် ပို၍အကျနာကာ နှာခေါင်းထဲမှ သွေးထွက်၍ ကျလာလေ၏။ ထိုသွေးကို လက်ကိုင်ပုဝါနှင့် သုတ်လိုက်ရာ နဂိုက မင်များ၊ ချေးများပေနေသော လက်ကိုင်ပုဝါတွင် အရောင်သစ်ထပ်၍ ခြေလှယ်လိုက်သလို ရှိလေ၏။

“ဘာလဲကွ မင်းကသုံးယောက်လွတ်အောင် ခုန်မယ် ဆိုတာ တမင်ငါ့ဇက်ကို ချိုးချင်လို့လား”

“မင်းဇက်ကို ငါချိုးလို့လား။ မင်းဇက်သာ ကျိုးနေရင် အခု ရှင်နေမှာတောင် မဟုတ်တော့ဘူး”

“ငါအသက်ရှင်နေဖို့မပြောနဲ့၊ အခုတောင် သေခါနီးနေပြီ”

“မင်းဇက်ကျိုးတာက အရေးမကြီးဘူး။ ငါ့ခေါင်း မင်း



www.burmeseclassic.com

www.burmeseclassic.com



က ခြေနဲ့ကန်တာ နဖူးတောင် ရောင်သွားပြီ သိလား”

“မင်းတို့က ငါပြောသလိုမှ မနေကြဘဲ။ ငါပြောသလို နေရင် သုံးယောက်စလုံးလွတ်တဲ့ ဟိုဘက်တောင် လွန်သွားသေးတယ် မယုံရင်ပြန်လုပ်”

“တော်ပြီကွာ….ဒီတစ်ခါဆိုရင် ဇက်ကျိုးရုံမကဘူး။ဇက်ပြတ်ပြီး ခေါင်းပါပြုတ်သွားမှာ၊ ဟင့်အင်း မကစားချင်တော့ဘူး”

“ငါလည်းတော်ပြီ၊ နောက်ထပ် အပေါက်တော့မခံနိုင်ဘူး”

ဆိုးပေတို့အချင်းချင်း ဖြစ်နေကြသည်ကို အခြားကျောင်းသားများက ဝိုင်းဝန်းလာရောက်၍ ကြည့်ကြလေ၏။

လှအောင်မှာ ကျောင်းသားများရှေ့တွင် သာ၍ပင်ကြွားကောင်းမည်ကို တွေးမိကာ “နိပါတ်လှည့်တဲ့အထဲ ငါတစ်ယောက်တည်း ပါရသလို မင်းမပါချင်ဘူးလား”ဟု ဆိုးပေအား မေးပြန်လေ၏။

ဆိုးပေသည် ခေါင်းစုတ်ဖွားနှင့် အင်္ကျီနောက်မြီးထုတ်ကာ နှာခေါင်းကို လက်ကိုင်ပဝါနှင့် သုတ်နေလျက်ရှိရာက လှအောင်ဘက်သို့ လှည့်လိုက်လေ၏။

“ဟေ့ မင်းက မင်းကိုယ်မင်း နိပါတ်လှည့်တဲ့ အထဲပါရမယ်လို့ ထင်နေသလား ကြဲသေးတာဘဲ။ တကယ်ပါရမှာက ငါကွ ကြည့်နေပါ…..”

ဆိုးပေ၏ စကားသည်ကား အလွန်လေးနက်သော ကြေညာချက်တစ်ရပ်ပင် ဖြစ်ပေ၏။ ဆိုးပေ၏ ပတ်ဝန်းကျင်တစ်ဝိုက်၌ ရှိကြသူများမှာ အံ့သြခြင်းဖြင့် ဆိုးပေတို့ကို ကြည့်နေကြကာ အသံတိတ်၍ သွားလေ၏။ လှအောင်တစ်ယောက်သာလျှင် လှောင်သံဖြင့် ရယ်မောနိုင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါ့ကို စိတ်ဆိုးနေဖို့ မလိုတော့ပါဘူးကွာ...။ ငါ့ဦးကြီးကို ငါမတိုင်တော့ပါဘူး"

ထိုအခိုက်ပင် ကျောင်းတက်ခေါင်းလောင်း ထိုးလေ၏။

ဆိုးပေ၏ ကြေညာလိုက်သည့် စကားကို အံ့သြနေကြသူတို့အထဲတွင် ဆိုးပေထက် မည်သူမျှပင်ပို၍ မအံ့သြနိုင်ကြချေ။ လှအောင်၏ ကြွားလုံးကို မခံချင်သည့် စိတ်နှင့် ပါးစပ်မှ လွှတ်ခနဲ ထွက်သွားခြင်း ဖြစ်လေရာ သူပြောလိုက်သည့်စကားသည် အခြားကျောင်းသားများ၏ စိတ်ထဲ၌ စွဲမြဲသွားသည်ကို ၎င်းတို့၏ မျက်နှာအမူအရာ၌ ပေါ်နေသည်ကို တွေ့ရသည့်အခါမှ မိမိပြောလိုက်သည့် စကားမှာ မည်မျှ ခရီးရောက်သည်ကို တွေးမိလေ၏။ သူ၏စကားမှာ လှအောင်အား မည်သူက သာသည်ကို ပြိုင်မည်ဟု စစ်ကြေညာလိုက်ရာ ရောက်သည်ကို စဉ်းစားမိလေ၏။ သို့ဖြစ်၍ ထိုသို့ပြောလိုက်သည့် စကားနှင့် ညီအောင် လုပ်တော့မည်။ သို့မဟုတ်ပါက မိမိနာမည် တစ်ခါတည်း ပျက်သွားကာ အပွဲပွဲတွင် နွှဲခဲ့သမျှ ဤပွဲတွင် နုပ်ပစ်ခံရတော့မည်ကို ရိပ်မိလေ၏။ သို့ဖြစ်၍ ညနေပိုင်း ပထဝီနှင့် ရာဇဝင် သင်္ချာ စာနှစ်ခုစလုံး၌ စိတ်မဝင်စားတော့ဘဲ ထိုအရေးကို သာလျှင် တစိမ့်စိမ့် အပြန်အလှန် တွေးတောနေမိပေ၏။

ညနေကျောင်းအပြန်တွင် ဆိုးပေသည် မောင်မောင်၊ အီစွတ် အစရှိသော ရဲဘော်များနှင့်အတူ လျှောက်လာရင်းပင် တွေဝေစဉ်းစား၍ လိုက်ပါခဲ့လေ၏။ ခါတိုင်း ပထဝီနှင့် ရာဇဝင် သင်ချိန်တွင် ဆိုးပေ၏တချီတချီတွင် ရှင်လုံးထုတ်မှုမျိုးကို ထိုနေ့အဖို့ မတွေ့ကြရသော ရဲဘော်တို့မှာ ပျင်းစရာကောင်းလှသော သင်္ချာစာကြောင့်တစ်ကြောင်း မြူးမြူးရွှင်ရွှင် မရှိကြချေ။

"မင်း.....လှအောင်ကို ပြောလိုက်တဲ့စကားဟာ တကယ်ပြောနေတာလားကွ" ဟု မောင်မောင်က စကားစလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေသည် တစ်စုံတစ်ခုကို ပြောဆိုပြုလုပ်လိုက်မိလျှင် နောက်ဆုတ်သူ မဟုတ်ပေ။

"တကယ်ပြောတာပေါ့ကွ"

"ဟင်.....မင်း ဘယ့်နှယ်လုပ်ပြီး သူမပါရဘဲ မင်းပါရအောင် လုပ်နိုင်မှာလဲ"

"ဟင်"ဟု ဆိုးပေသည် မေးသလိုလို သူ့အား အထင်သေး၍ မေးရသလားဟု မကျေနပ်ဟန် ပြုသလိုလို လုပ်ပြီးလျှင် "ငါ အပြောနဲ့အဟော ညီမညီ စောင့်ကြည့်ကြပေါ့ကွာ" ဟု ဆိုလိုက်လေ၏။

ဆိုးပေ ပြောလိုက်သည့်စကားမှာ တစ်ကျောင်းလုံး ပျံ့နှံ့၍ သွားကာ အငြင်းပွားစရာ ဖြစ်သွားလေ၏။ ဆိုးပေ၏ နောက်လိုက်များက ဆိုးပေပြောသည့်အတိုင်း မှန်ရမည်ဟု ဆိုးပေဘက်က ထောက်ခံပြောဆိုကြ၍ လှအောင်၏ နောက်လိုက်များက လှအောင်ဘက်မှ နေကြလေ၏။ ဤကိစ္စမှာ ဤမျှအထိ ကြီးကျယ်သွားရလောက်အောင် ဖြစ်သွားသည်ကို တွေ့ရသည့်အခါ ဆိုးပေမှာ ခေါင်းကြီး၍ လာလေတော့၏။

လှအောင်၌ နောက်လိုက်နောက်ပါ မနည်းချေ။ ကျောင်းအုပ်ကြီး၏ တူဖြစ်ပြီး ထစ်ခနဲရှိ တက်၍တိုတ်တတ်သော လှအောင်ကဲ့သို့သော ကျောင်းသားကလေးတစ်ဦးအဖို့မှာ သာပေါင်း ညာစားလုပ်သည့် နောက်လိုက်မနည်းနိုင်ပေ။ ထိုနောက်လိုက် ကလေးများသည် ဆိုးပေ၏ ဘေးရန်လုံခြုံရာဖြစ်သော ခြံစည်းရိုးဝင်းထရံ အကွယ်မှနေ၍ ဆိုးပေအား လှောင်ပြောင်သရော်ရသည်ကို ကျေနပ်နေကြလေသည်။

"ဝေသန္တရာသားကြီးဟေ့ ဝါး၊ ဇာလီကလေးဟေ့ ဝါး ဇာလီ ဆိုးပေ၊ ဆိုးပေဇာလီ....ဝါး"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ လှောင်ပြောင်ကြသည့်အခါတွင် ဆိုးပေသည် အကန်း၊ အအ၊ အပင်းကဲ့သို့ လုပ်တတ်သော တစ်ကျောင်းလုံး ကျော်ကြားသည့် အမူအရာမျက်နှာထားကို ထားရှိကာ လှောင်ပြောင်သူတို့ကို ကျပ်ပြည့်ဒင်ပြည့် ပျော်ရွှင်မှု မခံစားရအောင် လုပ်လေ့ ရှိပေ၏။ သူ့အား စမှန်းသိလျှင် စရသူတို့ အားရခြင်းမရှိအောင် အမူမစိုက် နေတတ်လေသည်။ ဤသို့ မသိမကြား ဟန်ဆောင်၍နေကာ တေး၍ထားပြီးလျှင် အပြင်မှာတွေ့၍ မိသည်နှင့်တစ်ပြိုင်နက် မိမိအား လှောင်ပြောင်သူတို့ကို နဂိုရပ် ပြကာ လက်ရုံးရည်အစွမ်း သိကြစေလေတော့သည်။ ဆိုးပေ၏ နောက်လိုက်များကမူ ဆိုးပေဘက်က သစ္စာရှိစွာ ထောက်ခံအားပေးကြပေ၏။ ဆိုးပေအပေါ်၌ သူတို့၏ ယုံကြည်မှုမှာ အတိုင်းမသိကြီးမားလှလေတော့သည်။

"ဆိုးပေ ပါရမှာ သေချာပါတယ်ကွာ။ မယုံရင် စောင့်ကြည့်နေပါ" ဟု ဆိုးပေ၏ ဘက်တော်သားများက အမြဲပြောကြလေသည်။

ထိုအချိန်တွင် ဆိုးပေဘက်သားနှင့် လှအောင်ဘက်သားတို့၏ ရန်ဖြစ်ပွဲကလေးများကို မကြာခဏ တွေ့ကြလေသည်။ ၎င်းတို့မှာ လူချင်းတွေ့၍ ဆိုးပေပါရမည်။ လှအောင် ပါရမည်ကို ငြင်းခုံမိကြတိုင်း ဆုံးဖြတ်ချက်ရနိုင်သည့်နည်းမှာ ဤနည်းသာလျှင် ရှိနေကြသေးလေသည်။

ဆိုးပေ၏ အတွင်းသိရဲဘော်များအဖို့မှာ နိပါတ်လှည့်ရာတွင် ဆိုးပေပါဝင်ရလိမ့်မည်ဟု အပြင်းပန်းအားဖြင့် ပြုမူပြောဆိုနေကြသော်လည်း စိတ်ထဲကမူ စိုးရိမ်မကင်းကြပေ။

"မင်းနိပါတ်လှည့်တဲ့အထဲ ဘယ်လိုလုပ်ပြီး ပါနိုင်မယ်ဆိုတာ ငါတော့ ကြည်လို့ကို မမြင်ပါဘူးကွာ" ဟု မောင်မောင်



www.burmeseclassic.com

www.burmeseclassic.com



က စိတ်လေးစွာဖြင့် ပြောလေ၏။

ဆိုးပေသည် မိမိရဲဘော်များ၏ ရှေ့မှာတင် ကံယုံ မင်းသား ကလေး၏ အမူအရာမျိုး အမြဲထားနေပေသည်။

"ငါပါရမယ်လို့ ပြောပြီးရင် ပါရမှာပဲ။ စောင့်ပြီးသာ ကြည့်နေပါ"ဟု တစ်ချက်မှ မျက်နှာမပျက်ဘဲ ပြန်၍ပြောလေသည်။

သို့သော် သူ၏ စိတ်ထဲမှာလည်း ၎င်းတို့ကဲ့သို့ပင် စိုးရိမ်မကင်းလှပေ။ ရဟန္တာဓာတ်တော်များကို ပင့်ဆောင်၍ နိပါတ်လှည့်မည့်ရက်မှာ နီး၍နီး၍လာလေပြီ။ လှအောင်မှာလည်း ဓာတ်တိုက်သည့်အထဲတွင် ပါဝင်နေရပြီ ဖြစ်လေရာ သူ့အား ဖယ်ထုတ်ဖို့ရန် အကြောင်းမရှိတော့ချေ။ မနှင်းရီလည်း လှအောင်နှင့်အတူ ဓာတ်တိုက်နေရလေပြီ။ ဤအချက်မှာ ပို၍ မခံချင်စရာ ဖြစ်ရပေသည်။ နိပါတ်လှည့်ရာတွင် မိမိမပါရသည်သာမက မိမိ၏ ရန်ဘက်များက မြင်ကြရလျှင် မိမိအား ပို၍လှောင်ပြောင်စရာ ဖြစ်ရပေတော့မည်ဟု တွေးမိလေသည်။ သို့ဖြစ်၍ အနှင်းကို မပါရအောင် သွေးဆောင်ရလျှင် သို့မဟုတ် ဝှက်ထားရလျှင် ကောင်းမည်လောဟု စဉ်းစားကြည့်မိလေသည်။ ထိုသို့ လုပ်ခြင်းကို အနှင်းကလည်း ကြိုက်မည်မဟုတ်။ ဓာတ်လည်း ပျက်သွားမည်မဟုတ် အရေးကြီးသည့်ကိစ္စမှာ အနှင်းပါရန် မပါရန် မဟုတ်ဘဲ လှအောင်မပါရဘဲ မိမိပါရန်သာ ဖြစ်ပေသည်။

ပွဲတော်လှည့်ရက်မှာ နီးသည်ထက်နီး၍ လာလေပြီ။ ထိုနေ့သည်ကား မိမိအဖို့ ခေါင်းမဖော်ဝံ့ဘဲ ရှိရမည့် နေ့ကြီး တစ်နေ့ ဖြစ်ရတော့သည်ဟု စိတ်ထဲတွင် တွေးမိလေသည်။ ထို့ထက် မိမိ၏ အရေးဆိုလျှင် မိမိဘက်က ပါဝင်ကြကာ တိုက်ပွဲပေါင်းများစွာ ဆင်ခဲ့ကြသည့် သစ္စာရှိ မိမိဘက်တော်သားများပါ



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခံရမည့် နေ့ကြီး ဖြစ်လေရာ ယူကြုံးမရ ဖြစ်မိလေတော့သည်။ သို့သော် အများနှင့် တွေ့သည့်အခါ၌မူကား ဆိုးပေသည် ဣန္ဒြေမပျက်ဘဲ "လှည့်တဲ့ အထဲပါရမှာက ငါပါ" ဟူသော စကားများကို မလျှော့ချေ။

ဓာတ်တော်ကြိုဆို လှည့်လည်ကြမည့်နေ့သို့ ရောက်လာခဲ့လေပြီ။ ဓာတ်တော်များကို ဘုတာရုံသို့ သွားရောက်ကြိုဆိုကြပြီးလျှင် ဓာတ်နိပါတ် အကအခုန်၊ ဒိုးပတ်ဝိုင်းများက နောက်က လိုက်ကြကာ ရွာလမ်းမကြီးတစ်လျှောက် လှည့်လည်ကြမည်ဖြစ်ရာ ဆိုးပေတို့၏ ကျောင်းမှ ကျောင်းသားအားလုံး ကျောင်းရှေ့မှာ စုရုံး၍ ဖူးမြော်ကြရမည် ဖြစ်လေ၏။ ထိုသို့ စုရုံးကြည့်ရှုရာတွင် မပါဝင်ဘဲ နေရမည့် သူမှာ နှစ်ဦးသာ ရှိ၍ ၎င်းတို့မှာ လှအောင်နှင့် မနှင်းရီတို့ ဖြစ်လေသည်။ သူတို့ကား မဒ္ဒီဒေဝီ၏ ဝဲယာလက်တစ်ဖက်ဆီဆွဲ၍ ဇာလီနှင့် ဂဏှာတို့ အဖြစ် နိပါတ်လှည့်ရာတွင် ပါဝင်ကြရမည့် သူများ ဖြစ်ကြလေ၏။

လှအောင်မှာ ဤတစ်ပွဲတွင် ဆိုးပေအပေါ်၌ အကြီးအကျယ် အနိုင်ရတော့မည် ဖြစ်သည့်အတွက် ဝမ်းမြောက်၍ မဆုံးနိုင်တော့ပေ။ ပွဲလှည့်မည့်ရက် မတိုင်မီ ၃-ရက်လောက်က လှအောင်သည် မိမိ ဝတ်စားရန်အတွက် မိခင်ဖြစ်သူ ချုပ်လုပ်ပေးသည့် အဝတ်အစားများကို ယူရန် မြို့သို့ ခဏပြန် သွားခဲ့လေသည်။ ယနေ့ကား လှအောင်ပြန်၍ ရောက်လာမည့်နေ့ ဖြစ်ပေ၏။

ဆိုးပေသည် မောင်မောင်၊ အီစွတ်၊ အဝိန်၊ သာဒွန်းဦးတို့နှင့်အတူ ကျောင်းဘက်သို့ ဖြည်းဖြည်းလေးလေး လျှောက်လာခဲ့လေ၏။

"ကဲ-ဘယ်လိုတုံး" ဟု မောင်မောင်က မေးလေ၏။

မောင်မောင်က ဘာကိုဆိုလို၍ မေးလိုက်သနည်းဟု



www.burmeseclassic.com

www.burmeseclassic.com



ပြန်၍ မေးနေရန် မလိုပေ။ ပွဲတော်လှည့်နေ့သို့ ရောက်ခဲ့ပြီး ဖြစ်ရာ ဆိုးပေ၏ နိမ့်ကျ ပျက်စီးရေးမှာ ရှောင်လွှဲ၍မရနိုင်တော့ကြောင်းမှာ ထင်ရှားသေချာနေသဖြင့် ဘယ်ကဲ့သို့ ကြံနိုင်သေးသလဲဟု မေးလိုက်ခြင်း ဖြစ်ပေသည်။

"မင်း–ပါရမယ်။ ပါရမယ်နဲ့ မလျှော့တမ်းပြောနေတာ ပိုဆိုးသွားတယ်" ဟု အီစွတ်က ဝင်၍ ပြောလိုက်လေ၏။

"အေးကွာ.....မဟုတ်တာကို မင်းပြောလိုက်မိတာ ဝွကျတာပေါ့" ဟု အဝိန်က ဆို၏။

"ဟော့.....ဘာမှပြောမနေနဲ့ တိတ်စမ်း" ဟု ဆိုးပေက ခပ်ထန်ထန်ပြန်၍ ပြောလိုက်သဖြင့် ငြိမ်သွားကြလေ၏။ ဆိုးပေ၏ အမူအရာမှာကား လက်နက်ချလိုက်ရသည့် စစ်သူကြီး၏ အမူအရာမျိုး ပေါ်နေလေ၏။

ထိုအခိုက်မှာပင် မိမိတို့ဘက်သို့ ရင်ဆိုင်လျှောက်လာသော လှအောင်ကို တွေ့မြင်ကြရလေ၏။ လှအောင်သည် လက်ဆွဲသားရေအိတ်ကလေးကို ဆွဲကိုင်ကာ ဆောင့်ကြွားကြွား ကလေးလျှောက်၍လာလေသည်။ အနီးသို့ရောက်သည့်အခါ လှအောင်က ပြုံးရွှင်သောမျက်နှာဖြင့် ဆိုးပေကို လှမ်းကြည့် လိုက်လေ၏။

"ဟော့–ငါအခု မြို့ထဲက ပြန်လာတာ။ ငါ့ဝတ်ဖို့ အဝတ်အစားတွေ သွားယူလာခဲ့တယ်။ ငါအခု မြန်မြန်သွားပြီး အဝတ်အစားလဲမှ မီရုံကျမှာ မင်းတို့ ဘယ်လဲ။ ပွဲလှည့်တာ ကြည့်ရှုရအောင် ကျောင်းကိုသွားပြီး စောင့်နေကြမလို့ မဟုတ်လား"

ဆိုးပေကမူ မတုန်မလှုပ် ကျောက်ရုပ်သဏ္ဍာန် လုပ်နေလိုက်လေ၏။

"တို့များတော့ သွားစောင့်နေရမှာပေါ့" ဟု မောင်မောင်က မဖြေချင် ဖြေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါမြို့ကို ပြန်သွားတုန်းမှာ သိပ်ပျော်တာပဲဆရာ။ ငါတို့ ဦးလေးက အိန္ဒိယက ဆရာကြီး မျက်လှည့်လာပြတာ ငါ့ကို ခေါ်ပြီး ပြလို့ ကြည့်ခဲ့ရတယ်မောင်ရဲ့။ အိပ်မွေ့ချတာ သိပ်ကောင်းတာပဲ ဆရာ။ အိပ်မွေ့ချခံရတဲ့သူဟာ သူ့ကိုယ်သူ သတိမရတော့ဘဲ မှော်ဆရာကြီးခိုင်းတာ အကုန်လုပ်တာဘဲကွ....."

"အိပ်မွေ့ချတာ ဘယ်လိုချသလဲ" ဟု ဆိုးပေက မေးကြည့်လေ၏။

"အိပ်မွေ့ ချခံရတဲ့သူကို မျက်လုံးနဲ့ စိုက်ကြည့်နေပြီးတော့မှ သူ့မျက်နှာပေါ်ကို လက်နှစ်ဖက်နဲ့ ဝဲဝဲပြီး ပါးစပ်က ခွေးလုပ်လိုက်။ ကြောင်လုပ်လိုက်။ ယုန်လုပ်လိုက်လို့ ခိုင်းချင်ရာကို အိပ်မွေ့ခံရတဲ့သူက လိုက်လုပ်တာဘဲ။ ခွေးလုပ်လိုက်ဆိုရင် သူ့ကိုယ်သူတကယ် ခွေးထင်ပြီး ဟောင်ပြတယ်။ ရပ်တော့ဆိုတော့မှ သတိပြန်ရတယ်။ ဒါပေမဲ့ သူဘာတွေ လုပ်တယ်ဆိုတာ သူ့ဟာ သူ မသိဘူး"

ဆိုးပေသည် ခေတ္တမျှ ငြိမ်သက် တွေဝေနေပြီးနောက် "ဒါမျိုးကို ငါမြင်ရရင် ငါအိပ်မွေ့ချတတ်မှာပဲ။ မင်းကတော့ မြင်ရပေမယ့် အလကားပဲ။ ငါ့ကို အိပ်မွေ့ချနိုင်မှာ မဟုတ်ဘူး"

"ငါလည်း စမ်းကြည့်ရင် ဖြစ်မှာပေါ့"

"ရမလားလို့ စမ်းကြည့်စမ်းပါဦး"

လှအောင်သည် အတန်ကြာ စဉ်းစားချိန်ဆပြီးမှ လက်ထဲက သားရေသေတ္တာကလေးကိုချကာ ဆိုးပေ၏ မျက်နှာပေါ်တွင် လက်ကို ဝဲပြလေ၏။

ဆိုးပေသည် လှအောင်ကို စိုက်ကြည့်နေရာက မျက်စိမှေးလာပြီးလျှင် လှအောင် လက်ယိမ်းသလို မိမိကိုယ်ကို လိုက်၍ ယိမ်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း–အခု ငါ့အမိန့်နဲ့ ခွေးဖြစ်သွားပြီ" ဟု ယုံကြည်စိတ်နှင့် ပြောလိုက်လေ၏။

ဆိုးပေက ခွေးလိုဟောင်၍ ပြလိုက်ရာ လှအောင်နှင့် တကွ ရဲဘော်အားလုံးမှာ အံ့အားသင့်သွားကြလေ၏။ လှအောင်သည် မိမိမှာ တကယ်အိပ်မွေ့ချတတ်သူ ဖြစ်နေပါကလားဟု အားရရွှင်လန်းမိလေ၏။

"ကဲ.....ငါ့အမိန့်နဲ့ ကြောင်ဖြစ်သွားပြီ"

ဆိုးပေသည် ပြာသိုလ၏ ညတေးသံဆိုသည့် ကြောင်ကဲ့သို့ ကျယ်လောင်စွာ အော်၍ ပြလိုက်လေ၏။

"အခု ငါ့အမိန့်နဲ့ ယုန်ဖြစ်သွားပြန်ပြီ"

ဆိုးပေသည် ဘယ်လိုလုပ်ရပါ့မည်လဲဟု ခေတ္တစဉ်းစားပြီးမှ နှာခေါင်းက ရှုံ့ကာရှုံ့ကာနှင့် ပါးစပ်ကလည်း ကန်စွန်းရွက်ဝါးသလို လုပ်၍ ပြလိုက်ရာ လှအောင်မှာ ငါ သိပ်ဟုတ်ပါကလားဟု ထင်မြင်ဝမ်းမြောက်မိလေ၏။

"ကဲ....မင်းအခု သတိရလာပြီ"

ဆိုးပေသည် ဝါးခနဲ သမ်းဝေကာ မျက်လုံးကို ပေကလပ်ပေကလပ် လုပ်နေလေ၏။ "ဟော့....ငါဘာလုပ်မိသလဲ။ ဘာမှမလုပ်မိဘူး မဟုတ်လား"

"မင်း ငါခိုင်းတာ အကုန်လိုက်လုပ်တာပေါ့ကွ။ ခွေးရော၊ ကြောင်ရာ၊ ယုန်ရော လုပ်တာမှ တူလိုက်တဲ့ ဖြစ်ခြင်း" ဟု လှအောင်က ပြောပြီးသကာလ မောင်မောင်တို့ဘက်သို့ လှည့်၍ "မဟုတ်လားကွ" ဟု သူတို့၏ ထောက်ခံချက်ကို တောင်းလိုက်လေ၏။

မောင်မောင်တို့မှာ သူတို့၏ ဆရာဆိုးပေက မည်ကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



အဖြေပေးလိုသည်ကို မတွေးတတ်။ ဆိုးပေအကြိုက် ဘာမဆို လိုက်၍ လုပ်ရန် အသင့်ရှိကြသည့်အတိုင်း ခေါင်းညိတ်ရုံမျှသာ ခေါင်းညိတ်ပြကြလေ၏။

"ကဲ.....ဟုတ်နေပြီ မဟုတ်လား"

"ငါတော့ မယုံပါဘူးကွာ။ ထပ်ပြီး လုပ်ကြည့်စမ်းပါဦး ဒီထက် ခက်တာလုပ်ပါ။ ခွေးတွေ၊ ကြောင်တွေက ငါလုပ်တတ်တာမို့ လုပ်ခိုင်းလို့ရတာ။ ငါ့ကို ခွေးလိုမ့်သလို လှိမ့်ခိုင်းကြည့်ပါ။ ငါမလုပ်တတ်တာ ခိုင်းလို့ရမလား"

ဆိုးပေသည် ခွေးလိုမ့်သလို ဆက်ကာဆက်ကာ ကျွမ်းထိုးတတ်မှန်း သိနေကြသော ရဲဘော်တို့မှာ ဆိုးပေ၏ စကားကို ကြားရသည်တွင် အံ့အားသင့်နေကြလေ၏။ လှအောင်မူကား ဆိုးပေပြောသည့်အတိုင်း ယုံကြည်မိပေ၏။ ယခုအခြေအနေတွင်ကား သူ့ကိုယ်သူပင် မှော်ဆရာကြီးတစ်ယောက် ဖြစ်နေပြီဟု ထင်နေလေရာ အခြားအရာ ဘာမဆိုယုံကြည်ရန် အသင့်ရှိနေပေ၏။

သို့ဖြစ်၍ လှအောင်သည် ဆိုးပေကို အိပ်မွေ့ချနေသူကဲ့သို့ လုပ်ပြလိုက်ပြန်လေ၏။

"ခွေးလိုလှိမ့်စမ်း"

ဆိုးပေသည် ခွေးလိမ့်သကဲ့သို့ ၆–ပါတ်တိတိ ဆက်၍ ကျွမ်းလှိမ့်ပြလေ၏။

"သတိရလာစေ" ဟု လှအောင်က အမိန့်ပေးကာ မိမိအိပ်မွေ့ချသည်မှာ အောင်မြင်ခြင်းကို ကြွားလို၍ မောင်မောင်တို့ဘက်သို့ လှည့်ပြီး "ဟေ့ သူခွေးလိုလှိမ့်တယ် မဟုတ်လား" ဟု မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်တို့က မတင်မကျ ခေါင်းညိတ်၍ ပြကြလေ၏။

"ငါမယုံဘူး။ ငါကိုယ်တိုင်မှ မလိုမ့်တတ်တာဘဲ"

"မင်း မလုပ်တတ်ပေမယ့် အိပ်မွေ့ချပြီး ခိုင်းတဲ့အခါမှာ ဘာမဆို လုပ်တတ်တာပဲ။ ခိုင်းတာကို လုပ်နိုင်တယ်။ ငါက အိပ်မွေ့ချတတ်လို့ ငါပြောတာ ငါဘယ်သူဖြစ်ဖြစ် ငါလုပ်စေချင်တာ ခိုင်းလို့ ရနိုင်တယ်။ သိရဲ့လား"

"ငါ အိပ်မွေ့ချနည်း စာအုပ်တစ်ခုခု ဖတ်ဖူးတယ်။ ဘယ်သူမဆို ကိုယ့်အနားမှာ ရပ်နေတဲ့ လူလောက်တော့ အိပ်မွေ့ချနိုင်တာချည်းဘဲ။ ကိုယ့်မျက်စိအောက်မှာ မဟုတ်ဘဲ ကွယ်ရာမှာနေတဲ့လူကို အိပ်မွေ့ချနိုင်တာဟာ တကယ်တတ်တဲ့ လူမှရတယ်။ တကယ် တတ်တယ်ဆိုတာ သင်မနေရဘဲ အလိုလို မွေးကတည်းက ဒီအတတ်ကို တတ်လာတဲ့ လူမှရတာ"

"ငါလည်း သင်မနေရဘဲနဲ့ အလိုလို မွေးကတည်းက တတ်လာလို့ ညှို့လို့ရတာပေါ့"

"မင်းငါ့ကို ဘာလုပ်ရလို့လဲ။ ငါမသိပေါင်"

"မင်းဘာသိမလဲ။ အိပ်မွေ့ချထားတုန်း ဖြစ်တာတွေ မင်းသိနိုင်ပါ့မလား"

"ငါဘာဖြစ်တယ်ဆိုတာ။ ငါမသိဘူးဆိုရင် မင်း အိပ်မွေ့ချထားတယ် ဆိုတာကော ငါဘယ်လိုလုပ်သိမလဲ"

"သူတို့တစ်တွေ မြင်တာပေါ့ကွ။ ဟော့...မဟုတ်ဘူးလား"

ရဲဘော်များက ဆိုးပေမည်သည့် အပေါက်ချိုးနေသည်ကို အကဲမခတ်တတ်သဖြင့် မတင်မကျ ခေါင်းညိတ်ပြကြပြန်လေ၏။

"ငါမယုံဘူး။ မင်းတို့အားလုံး ဘယ်သူမှမယုံဘူး။ ငါ့ကို ဝိုင်းလိမ်နေကြတာ ဘာရမလဲ။ သူငါ့ကို အိပ်မွေ့ချလို့ မရဘူး။



www.burmeseclassic.com

www.burmeseclassic.com



ငါလည်း ခွေးလို၊ ကြောင်လို ဘာမှမလုပ်ဘူး”

လှအောင်မှာ မိမိလုပ်၍ရသည်ကို သက်သေ အလုံအလောက် ရှိနေပါလျက် ဆိုးပေက ဇွတ်ငြင်းနေခြင်းကို မခံနိုင်ဖြစ်တာ မြေကြီးကို ခြေဆောင့်လျက် “ဟေ့ ငါလုပ်လို့ ရတယ်ကွ။ မင်းငါခိုင်းသလို လုပ်သားနဲ့”ဟု ပြောလေ၏။ လှအောင် အဖို့မှာ ဤအချိန်တွင် အခြားဘာကိုမျှ သတိမရ။ မိမိအစွမ်းကို ဆိုးပေ ယုံကြည်လာသည်အထိ လုပ်ပြရန် ဆန္ဒရှိလေ၏။

“နောက်ပြီး အဲဒီအိပ်မွေ့ချနည်းစာအုပ်ထဲမှာ ငါဖတ်ရတာ တစ်ခုရှိသေးတယ်။ လက်ဆွဲသားရေအိတ်ကို တစ်ခုခု ခိုင်းဖို့ လူတစ်ယောက်ကို အိပ်မွေ့ချဖို့ဟာ အခက်ဆုံးဘဲတဲ့။ မွေးကတည်းက တတ်လာတဲ့လူမှ အဲဒီလို အိပ်မွေ့ ချတတ်တယ်တဲ့။ အဲဒီအလုပ်နဲ့ အဝေးကြီးမှာ ရှိတဲ့လူကို အိပ်မွေ့ချဖို့ဟာ ၂–မျိုးစလုံးဟာ အခက်ဆုံးဘဲတဲ့။ အဲဒီတော့ မင်းမလုပ်နိုင် လုပ်နိုင်စမ်းကြည့်ဖို့ဟာ သားရေအိတ် မရှိတော့ ခက်နေတယ်။ မင်းသားရေအိတ်ကလည်း ငယ်နေတယ်။ ဖြစ်မှာ မဟုတ်ဘူး”

“ဒါလည်း သားရေအိတ်ပဲ အတူတူပေါ့။ မင်းကို ဒီသားရေအိတ်နဲ့ တစ်ခုခုလုပ်ရအောင် ငါအိပ်မွေ့ချပြစမ်းချင်တယ်”

“မင်း အခက်ဆုံးနှစ်ခုကို တစ်ခါတည်း လုပ်နိုင်ပေါ့မလား။ ဒီသားရေအိတ်နဲ့ တစ်ခုခုလုပ်ဖို့ ငါ့ကို အိပ်မွေ့ချပြီး မင်းမမြင်ရတဲ့နေရာကို သွားခိုင်းပြီးတော့မှ အဲဒီနေရာကနေပြီး ပြန်လာအောင်ခေါ်”

“အို......လုပ်ပြမယ်”

“ဒါဖြင့်ရင် ငါ့ကို ဒီသားရေအိတ်ဆွဲပြီး သွားခိုင်း။ နောက်ပြီး ငါ့အိမ်နောက်ဘေးကနေပြီး တစ်ပတ်လှည့်လာခိုင်းဖို့ အမိန့်ပေး။ နောက်ပြီး ငါယုံရအောင် တစ်ခုခု လုပ်ခိုင်း”



www.burmeseclassic.com

www.burmeseclassic.com



"အမလေး လွယ်လိုက်တာမှ သိပ်ကို လွယ်တာဘဲ"

"လွယ်ရင် လုပ်စမ်းပါကွာ"

လှအောင်သည် ဆိုးပေ၏ မျက်နှာရှေ့တွင် လက်ဝါး ပြကာ အိပ်မွေ့ချဟန် ပြုပြန်လေ၏။ ဆိုးပေသည်လည်း မျက်နှာကို ခပ်တင်းတင်းထားရာမှ အိပ်မွေ့ကျသွားသကဲ့သို့ အူကြောင်ကြောင် မျက်နှာထားမျိုးကို ပြောင်းလိုက်လေ၏။

"ဒီလက်ဆွဲအိတ်ကို ယူပြီး လမ်းလျှောက်သွား။ မင့်အိမ်နောက်ဖေးက တစ်ပတ်လှည့်ပြီးပြန်လာ။ ဒီကျရင် မင်းအိပ်မွေ့ချခံရတယ်ဆိုတာ သက်သေခံတစ်ခုခုပြ"

ဆိုးပေသည် အူကြောင်ကြောင် မျက်နှာထားကို မပျက်စေရဘဲ လက်ဆွဲသားရေအိတ်ကို ကောက်ယူပြီး ထွက်သွားလေ၏။ လှအောင်ကား ပီတိဖြစ်လျက် ကြည့်နေကာ ရဲဘော်များမှာမူ ဆိုးပေ၏ မျက်နှာကို ကြည့်၍ အံ့သြနေကြလေ၏။ ဆိုးပေသည် ခပ်မှန်မှန် လျှောက်၍သွားရာက အိမ်ဘက်သို့ ရောက်ပြီး အိမ်နောက်ဖေးသို့ လှည့်ဝင်၍ ကွယ်ပျောက်သွားလေ၏။ ခဏမျှကြာသောအခါ ဆိုးပေ ပြန်၍ ပေါ်လာလေ၏။ သူ၏ လက်တစ်ဖက်တွင် လက်ဆွဲသားရေအိတ်ကို ဆွဲမြဲဆွဲလျက် အခြားလက်တစ်ဖက်တွင် လုံးဝန်းသော အရာဝတ္ထုတစ်ခု ပါလာလေ၏။ မျက်နှာမှာကား အူကြောင်ကြောင် အမူအရာမပျက်သေးချေ။ လှအောင်မှာ မိမိအိပ်မွေ့အတတ်အောင်မြင်ပြီဟု တွေးတော ဝမ်းမြောက်မဆုံးရှိလေ၏။

"ငါခိုင်းတဲ့အတိုင်း မင်းလုပ်ပြီးပြီ။ အိပ်မွေ့ချတာ ပြန်နိုးစေ"

ဆိုးပေသည် အူကြောင်ကြောင် မျက်နှာထားကို ဖျောက်၍ နဂိုအနေအထားအတိုင်းပြောင်းကာ မျက်စိမှိတ်တုတ် မှိတ်တုတ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေလေ၏။

"ကဲ.....မင်းအိပ်မွေ့ချလို့ရရဲ့လား။ ငါဒီနေရာက ထွက်ကို မထွက်သေးဘူးမဟုတ်လား"

"အောင်မယ် မင်းတစ်ပတ်တောင် ပြန်ရောက်လာပြီ အားလုံးအသိပဲ"

"ဟုတ်ကဲ့လား"ဟု ဆိုကာ ဆိုးပေသည် လက်ထဲရှိ ဘောလုံးကလေးကိုကြည့်ပြီးလျှင် "အေး...ဟုတ်လိမ့်မယ်။ ဟောဒီ ဘောလုံးဟာ ဂျမ်ဘိုကစားဖို့ ခြံနောက်ဖေးမှာ ပစ်ထားတာ။ အေး.....ငါအိမ်နောက်ဖေး ရောက်ခဲ့လို့ ယူလာတာ ဖြစ်မှာပဲ။ လှအောင် မင်းသိပ်ဟုတ်ပါလားဟေ့။ တကယ် အိပ်မွေ့ချတတ်တဲ့ မှော်ဝိဇ္ဇာကြီး ဖြစ်နေပြီ"ဟု ပြောလိုက်လေ၏။

ဤအချိန်တွင် ဓမ္မာရုံမှ အုန်းမောင်းခေါက်သံ ပေါ်ထွက်လာလေ၏။

"ဟော.....ပွဲလှည့်ရအောင် လူစုဖို့ အုန်းမောင်းခေါက်ပြီး ခေါ်နေပြီ။ ငါတော့ နောက်ကျနေပြီ ထင်တယ်။ အမြန်ပြေးမှပဲ"

ဆိုးပေနှင့် ရဲဘော်များသည် ရပ်ကြည့်၍ ကျန်ရစ်ရာက လှအောင် ကွယ်ပျောက်သွားသည်နှင့်တစ်ပြိုင်နက် ဆိုးပေက "လာ ဟေ့.....အိမ်ကို လစ်ကြစို့"ဟု ခေါ်ကာ ပြေးသွားကြလေ၏။

လှအောင်သည် အိမ်သို့ ရောက်၍ သားရေသေတ္တာ အိတ်ကို ဖွင့်ကြည့်ရာတွင် သဘော်သားအင်္ကျီဘောင်းဘီနှင့် ဦးထုပ်များ ဖြစ်နေသည်ကို တွေ့ရ၍ ရုတ်တရက်သော် အံ့အားသင့်သွားလေ၏။ သို့သော် သူ၏ အင်္ကျီအဝတ်အစားများမှာ ဆရာမကလေး ဒေါ်ခင်ခင်ပေးသည့် အတိုင်းအထွာပုံစံအတိုင်း မိခင်ဖြစ်သူက ချုပ်လုပ်ပေးထားခြင်းဖြစ်ရာ မှားနိုင်စရာမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကိုယ်တိုင်က ဇာလီအဝတ်အစားများကို ဤမျှ ထူးထူး ခြားခြား ဖြစ်စေလိုသည့်အတွက်သာလျှင် သဘော်သား အင်္ကျီ ချုပ်လုပ်ခိုင်းခြင်းသာ ဖြစ်ရမည်ဟု ယူဆကာ ထိုအင်္ကျီကို အမြန် ဝတ်၍ ဓမ္မာရုံသို့ သုတ်သီးသုတ်ပျာ ပြေးသွားလေ၏။

အချိန်ကား တစ်နာရီနှစ်ဆယ့်ငါးမိနစ် ရှိလေပြီဖြစ်ရာ ဓမ္မာရုံ၌ ဝတ်ပြီးစားပြီးစောင့်နေသော မဒ္ဒီဒေဝီမှာ ဇာလီ မင်းသား ကလေး ရောက်မလာသေးသည့်အတွက် ဆူဆူအောင့်အောင့် ဖြစ်နေလေ၏။ ပွဲလှည့်ရန်မှာ ၁၅–မိနစ်သာ လိုတော့သည် ဖြစ်၏။ ဇာလီ ရောက်မလာခဲ့လျှင် မဒ္ဒီဒေဝီလည်း နိပါတ်လှည့်ရာ တွင်မပါ။ သမီးတော် ဂဏှာတစ်ဦးတည်းနှင့်လှည့်၍ လိုက်ရမည် ဆိုလျှင် လူရယ်စရာ ဖြစ်နေမည်ဟု ဆိုနေသဖြင့် ဝိုင်းဝန်းလုပ်ကိုင် ပေးနေကြသော လူတို့မှာ အကြံအိုက်လျက် ရှိနေကြလေ၏။

"သိပ်လည်း ဒေါသဖြစ်မနေပါနဲ့ ဆရာမရယ်။ သူ့ ဦးကြီးဆီ လူလွှတ်လိုက်ပ့ါမယ်"ဟု ဝေသန္တရာမင်းကြီးက မဒ္ဒီဒေဝီ အား ချော့မော့ရလေ၏။

ဤအချိန်တွင် သဘော်သားအဝတ်အစားနှင့် လှအောင် ရောက်လာလေ၏။

"ဟော.....ရောက်လာပြီ"

မဒ္ဒီဒေဝီသည် သားတော် ဇာလီကို ကြည့်လိုက်ရာ ရေ တပ် သဘော်သား အဝတ်အစားနှင့် ဖြစ်နေသည်ကို တွေ့ရသည့် အတွက် မေ့တတ်သွားတော့မည်ကဲ့သို့ ဖြစ်မိလေ၏။

"ဆရာမ ကျွန်တော် နည်းနည်း နောက်ကျသွားပေမယ့် အချိန်မီပါသေးတယ်နော်"

"ငါသေသာ သေလိုက်ချင်တော့တာပါပဲဟယ်။ ဇာလီ မင်းသားကလေးဟာ ဒီလို အဝတ်အစားမျိုး ဝတ်တာကို နင့်အမေ



www.burmeseclassic.com

www.burmeseclassic.com



က မြင်ဖူးလို့ ဒီလိုဆင်ပြင် လွှတ်လိုက်တာလား..... သွား.... သွား.....ဟု ဆိုကာ ဆရာမပီပီ လှအောင်၏ ဗိုက်ကြောကို ဆွဲ၍ လိမ်လျက် ရှိလေ၏။

မဒ္ဒီဒေဝီမှာ အလွန်စိတ်တိုလျက် ရှိကာ မိမိခေါင်းပေါ်မှာ ပန်းများကို ဆွဲဖြုတ်၍ ကြမ်းပေါ်ပေါက်ချ လည်ဆွဲတန်ဆာများ ဖြုတ်၍ ပစ်နှင့်လုပ်တော့လေရာ လှအောင်လည်း မဒ္ဒီဒေဝီ၏ ဒေါသကို မြင်သဖြင့် အခန်းထဲမှ လစ်တော့၏။

ဝေသန္တရာမင်းကြီးကား မဒ္ဒီဒေဝီ၏ပန်းများ လည်ဆွဲများကို ကောက်ယူ၍ပေးရင်း "အခုအချိန်မှာတော့ လူစားရဖို့ ခက်နေပြီ ဆရာမလေးရဲ့။ ဇာလီမပါဘဲ ပွဲလှည့်ကြစို့" ဟု ပြောလေ၏။

"ဇာလီ မရှိရင် ကျွန်မ မပါဘူး"

ထိုအခါ ဇူစကာပုဏ္ဏားက အနားသို့ ကပ်၍လာပြီး "ဇာလီ မရှိလို့ ဆရာမလေး မပါချင်ရင်လည်း မဒ္ဒီဒေဝီအစားသွင်းတာပေါ့" ဟု ပြောလိုက်ရာ မဒ္ဒီဒေဝီမှာ ဒေါသဖြစ်ပြီး ဝေသန္တရာမင်းကြီး၏ လက်မှ သန်လျက်ကို ဆွဲယူလိုက်သဖြင့် ဇူစကာလည်း လွှတ်ရာပြေးသည်တွင် အဇိတရသေ့ကြီးနှင့် ဝင်တိုက်မိပြီး နှစ်ယောက်သား ထပ်၍ လဲကျလေ၏။

ထိုသို့ ဆူပွက်လျက်နေကြစဉ် ဆံပင်ဖရိုဖရဲနှင့် သူငယ်ကလေးတစ်ယောက် အခန်းထဲသို့ ရောက်လာလေ၏။ ထိုလူငယ်ကလေးမှာ မောင်မောင်ပင် ဖြစ်လေသည်။ သူ၏ မျက်နှာထားမှာ ဆိုးပေ၏ အိုးတိုးအတ အမူအယာအတိုင်း အတုယူထားပေ၏။

"မင်းသားကလေး လိုနေရင် လုပ်မယ့်သူ ရှိတယ်။ မင်းသား အဝတ်အစားအဆင့်သင့် ဝတ်ပြီးသား"

တစ်ခဏမျှ အားလုံး ငြိမ်သက်ပြီး တစ်ဦးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သောသူက "ဘယ်မှာလဲ အခုချက်ချင်း ခေါ်လို့ရမလား"ဟု မေးလေ၏။

"ရပါတယ်။ ချက်ချင်း ရောက်လာပါလိမ့်မယ်"

မောင်မောင်၏ပါးစပ်ထဲသို့ လက်ညှိုးနှစ်ချောင်းထိုးကာ စူးရှစွာ မြည်သော အသံဖြင့် လက်ခေါက် မှုတ်လိုက်လေ၏။

ရှင်လောင်းဝတ်သည့် မင်းမြောက်တန်ဆာ ဝတ်ထားသော သူငယ်လေးတစ်ယောက်သည် ဘိုကေစုတ်ဖွားနှင့် ဝင်၍ လာလေ၏။ တစ်ဦးတစ်ယောက်သောသူက ထိုသူငယ်လေးကို ကြည့်ကာ "ဟင်–ဒီကောင်လေးဟာ–ဆိုးပေပဲ" ဟု မနှစ်မြို့သည့် လေသံဖြင့် ပြောလိုက်လေ၏။

မဒ္ဒီဒေဝီမှာမူ အနည်းငယ် စိတ်သက်သာရာရကာ "သူ့ရရင်လည်း တော်ပြီ…ဒါပေမဲ့ ဘိုကေကို ဘယ်လိုလုပ်မလဲ"ဟု မေး၏။

"သူ့အတွက် ငှားထားတဲ့ စည်းပုံ အရှိသားပဲ" ဟု ဝေသန္တရာ မင်းကြီးက ပြောပြကာ စည်းပုံကိုရှာ၍ပေးလိုက်လေ၏။

ရဟန္တာခတ်တော်များကို ပင့်ဆောင်လှည့်လည်ရာ လမ်းစဉ် တစ်လျှောက်တွင် လူထုကြီးမှာ ကြိတ်ကြိတ်တိုး စည်ကားလျက် ရှိပေ၏။ စာသင်ကျောင်းကြီး၏ ရှေ့တွင်ကား ကျောင်းသူ၊ ကျောင်းသားကလေးများ ပြည့်ကျပ်နေသည့်အထဲတွင် လှအောင်ကို တွေ့မြင်ရပေ၏။ လှအောင်၏ အနီးတွင် မောင်မောင်က ရပ်လျက် အခြေအနေကို အထပ်ထပ် ရှင်းလင်း ပြောပြလျက် ရှိပေ၏။

"ဒီလိုကွ လှအောင်ရ။ မင်းအိပ်မွေ့ချတာက သိပ်စွမ်းနေတော့ သူဟာ အခုထက်ထိ အိပ်မွေ့မပြေသေးဘူး။ သူ့ကို အိပ်မွေ့ချတုန်းမှာ သားရေသေတ္တာထဲက အဝတ်တွေသူကြည့်ပြီး မင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စား မင့်အလုပ်ကို ဝင်ပြီးလုပ်ပေးဖို့ကိုပါ သူ့စိတ်ထဲမှာ မှတ်နေလို့ ဒါမှမဟုတ်ရင်လည်း သူ့အဝတ်အစားတွေ မင်းသေတ္တာထဲရောက် မင့်အဝတ်အစားတွ သူ့သေတ္တာထဲ ရောက်တယ်ဆိုတာ သူမသိ။ သူပြောသလို သားရေသေတ္တာနဲ့ အိပ်မွေ့ချရတာခက်တယ်ဆိုတဲ့အတိုင်း အဝတ်အစားတွေပါ ဟိုက ဒီရောက် ဒီကဟိုရောက်။ ဒီအဝတ်အစားတွေကို ဘယ်က ရလာမှန်းမသိ မင်းသားကလေး လုပ်ဖို့ လူလိုနေတယ် ကြားလို့ ဘာမဆို သူက အကူအညီပေးချင်တဲ့ လူတစ်ယောက် မဟုတ်လား။ အဲဒီတော့ သူ ဒီအဝတ်အစားနဲ့ သွားပြီး ကူညီတာပါကွာ....."

လှအောင်မှာ မောင်မောင်၏ ရှင်းလင်းချက်ကို များစွာ မကျေနပ်လှပေ။ သို့သော် ထိုအချိန်မှာပင် လှည့်လည်လာသည့် ဇာတ်နိပါတ်များ ချဉ်းကပ်၍ လာသဖြင့် အားလုံးတိတ်ဆိတ်ငြိမ်သက်စွာ စောင့်မျှော်နေကြလေ၏။

ရှေးဦးစွာ ရဟန္တာဇာတ်တော်များ၊ ထို့နောက်မှ ဇာတ်တော်ဝေခန်း။ ထို့နောက်မှ တဖုဿ–ဘလ္လိက ဆံတော်ပင့်ခန်း။ ထို့နောက်မှ ဝေသန္တရာနိပါတ် စသဖြင့် လှည့်၍လာကြလေ၏။

ပရိသတ်များကား မဒ္ဒီဒေဝီနှင့် ပါလာသော ဆိုးပေကို ကြည့်ရင်း အမျိုးမျိုး ဝေဖန်ကြလေ၏။

"မတော်လိုက်တာကွာ...ရွာထဲမှာ ဒီကောင်ကလေးထက် လူချောလူလှကလေးတွေပေါလို့"

"ဇာလီဟာ ဒီရုပ်မျိုးဆိုရင် ဝေသန္တရာမင်းကြီးဟာ လူပျက် ရွှေအရုပ်အတိုင်းနေမှာပေါ့"

ကျောင်းရှေ့သို့ရောက်သောအခါ၌မူ သြဘာသံများဆူညံ၍သွားလေ၏။ ဆိုးပေ ဘက်တော်သားများ၏ လက်ခေါက်မှုတ်သံ လက်ခုပ်တီးသံများမှာ နားကွဲလုမတတ် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝေသန္တရာမင်းကြီးရဲ့ သားတော် ဆိုးပေတဲ့ဟော့" ဟူသော အသံများလည်း ထွက်လာလေ၏။

ဆိုးပေကား ဣန္ဒြေလုပ်၍ မနေနိုင်တော့ပေ။ ဇာလီမင်းသားကလေးသည် ကျောင်းသားများဘက်သို့ လှည့်ကာ အထပ်ထပ် ဆလံပေးရင်း ပွဲလှည့်ရာ လိုက်ပါသွားလေတော့သတည်း။

♦♦♦ ❖ ♦♦♦



www.burmeseclassic.com

www.burmeseclassic.com

# ဆိုးပေနှင့်ငွေ

ပင်နီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဆိုးပေနှင့် ရဲဘော်တို့သည် ဂိုဒေါင်ကြီးထဲတွင် ထိုင်၍ အသီးသီး လေးနက်စွာ စဉ်းစားစိတ်ကူးလျက် ထူးထူးခြားခြား ငြိမ်သက်စွာ ရှိကြလေသည်။

နေ့တစ်ဝက်မျှသာ ကျောင်းတက်ရသော ထိုနေ့နံနက်ပိုင်းက တိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးအသင်းမှ အမျိုးသမီးကြီးတစ်ဦး ကျောင်းသို့ လာရောက်တရားဟောပြောသွားသည့် စကားများအနက် တိရစ္ဆာန်ကလေးများအပေါ်တွင် ကိုယ်ချင်းစာနာ သနားချစ်ခင်ကြရန် ဟောပြောချက်များကို ကောင်းစွာ သဘောမပေါက်ကြသော်လည်း အလှူထည့်ဝင်ကြရန် ကျောင်း၌ ထားရှိခဲ့သော အလှူခံသေတ္တာကလေးထဲတွင် မိမိတို့ ဦးဦးဖျားဖျား အလှူထည့်ဝင်လိုက်သောဆန္ဒ၏ ပြင်းပြ လှုံ့ဆော်မှုဖြင့် အလှူငွေရမှုကို စူးစူးစိုက်စိုက် အကြံထုတ် နေကြခြင်းပင် ဖြစ်ပေသည်။

"သူပြောသွားတာ တို့များမုန့်ဖိုးထဲက ဖဲ့ပြီးပေးဖို့လည်း မဟုတ်ဘူးတဲ့။ လူကြီးတွေခိုင်းတာကို လုပ်ပေးလို့ သက်သက်ရတဲ့ ပိုက်ဆံနဲ့ အလှူထည့်ဖို့ ပြောတာ" ဟု မောင်မောင်က ပြန်လည်သတိပေးခြင်းဖြင့် ဆိတ်ငြိမ်နေခြင်းကို ဖျက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာအလုပ်မျိုးလုပ်ပေးရမှာတုံး။ ကဲ–ပြောစမ်းပါဦး"ဟု ဆိုးပေက မေးလိုက်၏။

"ခြံထဲမှာရှိတဲ့ အလုပ်ဘာအလုပ်ဖြစ်ဖြစ် တစ်ခုခုပေါ့ကွာ" ဟု သာဒွန်းဦးက အကြံပေးလေ၏။

"အားကြီး ပိုက်ဆံရလိမ့်မယ် မောင်မောင်ရာ။ ငါက ဒါမျိုးတွေ ထိဖူးလို့တစ်မူးပေးမယ်ဆိုလို့ နှုတ်ပေးပါတယ်။နှုတ်တဲ့အထဲ နှင်းဆီပင်တစ်ပင်ပါသွားတယ်ဆိုပြီး တစ်မူးပြန် ဖြတ်လို့ ဘာရတော့မလဲ" ဟု ဆိုးပေက မိမိ၏ အဖြေကို ပြောပြလေ၏။

"အေးကွ ငါ့တုန်းကလည်းဒီလိုပဲ။ ဘာလုပ်တာလဲတော့ မမှတ်မိဘူး။ ဒါပေမဲ့ ပိုက်ဆံမရတဲ့အပြင် မုန့်တောင် ငတ်သေးတယ်"ဟု အီစွတ်က ပြောရာ သာဒွန်းဦးက "ဒါတော့ မင်းမမှတ်မိဘဲနဲ့ ပြောနေတာကြီး။ ငါတို့မယုံပါဘူး" ဟု ဆိုသဖြင့် အီစွတ်က ပြန်၍ "ငါ မမှတ်မိတာဟာ ဘာမှန်းလဲ မသိရဘဲ မယုံဘူးဆိုလို့ ဟုတ်နိုင်ပါ့မလား" ဆင်ခြေလဲလေ၏။

ထိုအခါမှ တစ်လျှောက်လုံး ငြိမ်၍ နေခဲ့သော အဝိန်က "မင်းတို့ကလည်း စကားများလိုက်တာကွာ။ ပိုက်ဆံရတာကို ပြောကြပါဦး"ဟု ဝင်၍ပြောလိုက်မှ စကားပြတ်သွားလေတော့၏။

ခေတ္တငြိမ်သက်သွားကြပြီးမှ ဆိုးပေက "တစ်ပွဲ တစ်မူး လောက်ရတဲ့ အလုပ်မျိုးတော့ လျှောက်ပြောမနေကြပါနဲ့ကွာ။ ဧရာမ အကြီးအကျယ် ရနိုင်တာကိုတာ စဉ်းစားဖို့လိုတာ" ဟု အကြံပေးလေ၏။

"ကဲ–ဘယ်လိုဟာလဲ ပြောပါဦး"

"ငါမှ မစဉ်းစားရသေးဘဲ ဘယ်သိဦးမှာလဲ။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ် ပိုက်ဆံရတဲ့နည်းတွေ ရှိတယ်ကွ။ ဒီလိုသာ ပိုက်ဆံရတဲ့နည်းတွေ မရှိရင် သူဌေး ဖြစ်နိုင်ပါ့မလား"

ဤတွင် အဝိန်က "အေးဟုတ်တယ်ကွ။ ငါအကြံတစ်ခု ရတယ်။ သူဌေးတစ်ယောက်ကို ဖမ်းပြီး လူပြန်ပေးလုပ်ရင် ပိုက်ဆံတွေ အများကြီးရတယ်။ ရန်ကုန်မှာ ခဏ–ခဏ လူပြန် ပေးတွေလုပ်နေတာ မကြားဖူးဘူးလား" ဟု ငွေရပေါက်လမ်းကို အကြံပေးလေ၏။

"တို့များ တစ်ခါတုန်းက လူပြန်ပေးလုပ်ဖူးပါသေး ကော လား။ ဒါပေမဲ့ တို့ဖမ်းထားတဲ့လူကြီးက သူ့ကို လူပြန်ပေး လုပ် ထားမှန်းလည်းမသိ။ ဘယ်သူမှလည်း ဂရုစိုက်ပြီး ပိုက်ဆံလာ မပေးလို့ နောက်ဆုံးအလကား ဖြစ်သွားတာပဲ မဟုတ်လား" ဟု ဆိုးပေက နောက်ကြောင်း ပြန်လိုက်ရလေ၏။

"ဒါဖြင့် မြေကြီးထဲမှာ ရွှေတွင်းတူးရင်ကောကွာ" ဟု အဝိန်က အကြံပေးပြန်၏။

"ဒါလဲ ငါစမ်းဖူးပြီ။ တို့အိမ်နောက်ဖေးက စံပယ်ပင်အောက် မှာ ရွှေရောင်လက်နေတဲ့ ကျောက်ခဲတစ်လုံးတွေ့ရလို့ စံပယ်ပင်ကို ငါ ဓားနဲ့ ခုတ်ပြီး ဒီနေရာမှာ ရွှေတွင်းတူးလိုက်တာ တစ်တောင် လောက်တောင် နက်နေပြီ။ လူကြီးတွေက စံပယ်ပင် ခုတ်ပစ်တာ ကလေးကိုပဲ ဝိုင်းဆူပူပြီး ဆက်မတူးရလို့ပေါ့ကွာ။ ဧကန္တ ဒီနေရာ မှာ အမှန်ရွှေတွင်းရှိရမယ်။ သူတို့က ရွှေရမှာကို မမြင်ဘူး။ စံပယ် ပင်လောက်ပဲ နှမြောနေကြတယ်။ လူကြီးတွေဟာ နည်းနည်းမှ မကောင်းဘူး။ တို့ကိုပြောလိုက်ရင် ဘာမှ အသုံးကျတဲ့ ကောင် လေးမဟုတ်ဘူး။ ဘာညာနဲ့။ အသုံးကျမှန်း သိအောင် လုပ်ပြ တော့လည်း အလကားနေရင်း ဒေါသဖြစ်နေကြတာဘဲ" ဟု ဆိုးပေ က မကြေနိုင်မချမ်းနိုင်သေးသည့် အမူအရာဖြင့် ပြောပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အကြီးအကျယ် ငွေရဖို့ဆိုရင်တော့ ချက်ချင်းစဉ်းစား လို့ရမှာ မဟုတ်သေးဘူး။ ဒီလိုသာ ချက်ချင်းစဉ်းစားလို့ ရမယ် ဆိုရင် လူတိုင်းလူတိုင်း ချမ်းသာကုန်ကြမှာပေါ့။ အဲဒီတော့ ဒီလို လုပ်ရင် မကောင်းဘူးလား။ နည်းနည်းပါးပါးလောက် ရရင်လည်း တော်ပြီဆိုရင် ငါ့ရဲ့ သံဖြူမော်တော်ဘုတ်ကလေး ရောင်းလိုက် ရရင်ကော"

ဆိုးပေသည် အကြီးအကျယ်ကိုမှသာလျှင် မှန်းတတ် သူ ဖြစ်သဖြင့် မောင်မောင်၏ အကြံပေးချက်ကို လက်မခံလိုပေ။ ထို့ပြင် မောင်မောင်၏ သံဖြူမော်တော်ဘုတ်အကြောင်းကို သိထားသူ ဖြစ်ပေ၏။

"မင်းသံဖြူမော်တော်ဘုတ်က ဂဟောတွေ ပြုတ်နေတာ ကြီးပဲ။ ရေထဲချလိုက်တိုင်း နစ်နစ်သွားတာ ဘယ်သူက ဝယ်မှာ တုန်း"ဟု မောင်မောင်၏အဆိုကို ပယ်ချလိုက်ပြီးနောက် "နေကြ ဦးကွာ–တို့များ ထပ်ပြီး ထပ်ပြီးစဉ်းစားကြသေးတာပေါ့။ အခု လက်ဖက်ရည်သောက်ဖို့ အချိန်ရောက်နေပြီ။ ငါအိမ်ပြန် လိုက်ဦး မယ်။ နောက်မှပြန်လာပြီး တွေ့ကြမယ်။ တို့ပြန်လာ ပြီးတွေ့ကြ တဲ့အချိန်လောက်ဆိုတော့ တစ်ယောက်ယောက်ကတော့ အကြံ ကောင်းပေါ်လာမှာပဲ။ တစ်ခုတော့ ရှိတယ်။ လူပြန်ပေး လုပ်တာ ဟာတော့ ပိုက်ဆံအများကြီး ရတာ အမှန်ပဲ။ ဒါပေမဲ့ လူမပါဘဲ ပြန်ပေးလုပ်လို့ရရင်ကောင်းမယ်။ လူပါလာရင် ရှုပ်ကုန်ရော"ဟု ရှင်းပြလေ၏။

ဤကဲ့သို့ အစည်းအဝေးလူစုခွဲလိုက်ကြပြီးနောက် ဆိုးပေသည် အိမ်သို့ ပြန်ခဲ့ရင်း ဆိုးပေ၏ ခေါင်းထဲတွင် လူမပါဘဲ မည်သည့် နည်းနှင့် လူပြန်ပေးလုပ်၍ရနိုင်မည်ကို စဉ်းစားခြင်း အားဖြင့် အလုပ်များလျက် ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေ၏ အစ်ကို မောင်တင့်မှာ လက်ဖက်ရည်သောက်နှင့်နေသည်ကို တွေ့ရ၏။

“ဒီမှာ အစ်ကိုတင့်။ ငွေတွေအများကြီး ချက်ချင်း လက်ငင်း ဘယ်လိုလုပ်ရင် ရနိုင်သလဲ” ဟု အကြံတောင်းရင်း ဆိုးပေသည် စားပွဲတွင် ဝင်၍ထိုင်ကာ ယိုသုတ်ထားသော ပေါင်မုန့်တစ်ချပ်ကို ဦးစွာ လှမ်းဆွဲလိုက်လေ၏။

မောင်တင့်သည် ဆိုးပေအား ဘာမျှ ပြန်၍မဖြေ။ သူ့မှာလည်း သူ့အာရုံနှင့်သူ ရှုပ်၍နေလေသည်။ မောင်တင့်အဖို့မှာ ပူပင်မည်ဆိုကလည်း အကြီးအကျယ် ပူပင်လောက်စရာဖြစ်၍ မပူပင်လိုကလည်း ဘာမျှ မဖြစ်လောက်သည့် အရာတစ်ခုဟု ယူဆနိုင်သော အကြောင်းတစ်ရပ် ရှိနေလေသည်။ ထိုအရာကား လွန်ခဲ့သည့် နှစ်လလောက်က ဖြစ်ပွားခဲ့သော ကိစ္စတစ်ရပ် ဖြစ်ပေ၏။

လွန်ခဲ့သည့် နှစ်လခန့်က မောင်တင့်သည် သူငယ်ချင်းဖြစ်သူ ဖေယျ၏ အိမ်သို့ အလည်သွားရာတွင် ဖေယျ၏ အသိဖြစ်သော မောင်လှသိန်းဆိုသူတစ်ဦးနှင့် မိတ်ဆက်ပေး၍ သိခဲ့ရလေသည်။ မောင်လှသိန်းဆိုသူမှာ အရုပ်အမောင်းကောင်း၍ သပ်သပ်ရပ်ရပ် အမြဲဝတ်စားတတ်ပုံရသော အသက် ၂၁ ခန့် ရှိမိမိနှင့် ရွယ်တူတန်းတူ လူငယ်တစ်ဦးပင် ဖြစ်ပေသည်။ စကားပြောပုံဆိုပုံ အကဲခတ်၍ ရသလောက်အားဖြင့် ဟိတ်ကလေး–ဟန်ကလေး ထုတ်တတ်ပုံရလေသည်။

ဤသို့ သုံးဦးသား တွေ့ဆုံမိကြပြီး စကားပြောနေကြရင်း ငွေတိုးချေးစားခြင်းအကြောင်း စကားစပ်မကြရာက သက်သေခံနှင့် အာမခံဟူသော စကားနှစ်လုံးကို ဖေယျနှင့် လှသိန်းတို့ မရှင်းမလင်း ဖြစ်နေကြရာ မောင်တင့်က လူလည်လုပ်ပြီး ဝင်၍ရှင်းပြခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"သက်သေခံတယ်ဆိုတာက ငွေချေး ငွေယူလုပ်တာဟာ ဟုတ်မှန်ကြောင်း သူတို့ အသိပါပဲဆိုပြီး ကြားက ဝင်ပြီး လက်မှတ်ထိုးတဲ့လူတွေကို သက်သေခံ ခေါ်တယ်။ အာမခံဆိုတာကလည်း ကြားဝင်တဲ့လူပဲ။ ဒါပေမဲ့ ငွေချေးယူတဲ့ လူက ပြန်မဆပ်ဘူးဆိုရင် သူက ပေးဆပ်ရတဲ့ လူကိုခေါ်တယ်"

"သူမှ ငွေမချေးဘဲနဲ့ သူက ကြားဝင်ပြီး ဆပ်ဖို့ဆိုတာ မဟုတ်သေးဘူးဗျ။ တကယ်လို့ ကျွန်တော်က လူတစ်ယောက်ထံက ငွေနှစ်ရာချေးယူတယ်ဆိုပါတော့။ ဒါကို ခင်ဗျားကနေပြီး ပေးဆပ်ရဖို့ဆို တရားဝင်နိုင်ပါ့မလား" ဟု လှသိန်းက မေး၏။

"ဒါက ကျွန်တော်ရဲ့ ကတိစာချုပ်ရှိရင် ခင်ဗျား ပျက်ကွက်လို့ရှိက ကျွန်တော်က ပေးရတယ်။ ကတိစာချုပ်ဆိုတာလည်း သိပ်ပြီး ကြီးကြီးကျယ်ကျယ် စာချုပ်ကြီးမျိုး မဟုတ်ပါဘူး။ ဟောဒါမျိုးပဲဗျာ။ ကျွန်တော်ရေးပြမယ်"

မောင်တင့်သည် အိတ်ထဲက မှတ်စုစာအုပ်ကလေးကို ထုတ်နုတ်ပြီးနောက် စာမျက်နှာအလွတ်တစ်ရွက်ပေါ်တွင် အောက်တွင် လက်မှတ်ရေးထိုးသူ ကျွန်တော်မောင်တင့်က မောင်လှသိန်းချေးယူသော ငွေ ၂၀၀ (နှစ်ရာကျပ်တိတိ) ကို မောင်လှသိန်းက ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက မောင်လှသိန်း၏ ကိုယ်စား နှစ်လအတွင်း အရင်းရောအတိုးပါ ပြန်လည်ပေးဆပ်ရန် အာမဝန်တာခံပါသည်ဟု ရေးပြီး စာရွက်တွေ့လျှင် နာမည်လက်မှတ်ရေးထိုးချင်လေ့ ရှိသည့် ဝါသနာအတိုင်း လက်မှတ်ထိုး နေ့စွဲပါတပ်ပြီး လှသိန်းအား စတိုင်ပါပါနှင့် စာရွက်ကလေးကို လှမ်းပေးလိုက်လေ၏။

"တယ်ဟုတ်ပါကလား"ဟု လှသိန်းက စာကိုဖတ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး မှတ်ချက်ချလိုက်ပြီးနောက် အခြားစကားသို့ ရောက်သွားရာက လှသိန်းသည် ထိုစာရွက်ကလေးကို ၎င်း၏ အိတ်ထဲသို့ ထည့်လိုက်လေ၏။ မောင်တင့်မှာလည်း စကားပြောကောင်းနေသဖြင့် မေ့မေ့လျော့လျော့နှင့် စာရွက်ကလေးကို ပြန်၍ မတောင်းမိပေ။

မောင်တင့်သည် မိမိလက်မှတ်ရေးထိုးပေးမိသည့် စာကို သတိရ၍ ထိုစာ၏ ခရီးရောက်နိုင်ပုံကို စဉ်းစားမိသည့် တစ်နေ့တွင် ရွာထဲ၌လှသိန်းကိုမတွေ့ရတော့ပေ။ လှသိန်းသည် ဇေယျ၏ အသိဟု ဆိုငြားသော်လည်း သာမန်သိသူမျှ ဖြစ်ပြီး ရန်ကုန်တွင် နေသည်ကိုသာ သိလေသည်။ ဘယ်အရပ် ဘယ်နေရာတွင် နေသည်ကို ဇေယျကိုယ်တိုင်ပင်မသိချေ။ ထိုအခါမှ စ၍ မောင်တင့်မှာ ထိုစာရွက်အကြောင်းကိုတွေးမိတိုင်း မျက်လုံးပြူး၍ နေတော့သည်။

ထိုအာမခံချက်အရ လှသိန်းသည် တစ်ဦးဦးထံမှ ငွေ နှစ်ရာ အချေးလုပ်ပြီး ပြန်၍မပေးဆပ်ပါမူဟု တွေးမိတိုင်း မောင်တင့်မှာ ချွေးစေးများ ကျမိလေသည်။ သို့သော် သူဒီလို ရည်ရွယ်ချက် ရှိပြီး ဒီလိုလာမယ့်လူစား ဟုတ်မယ်မထင်ပါဘူး ဟူသော အတွေးဖြင့်သာ စိတ်ကို ဖြေခဲ့ရလေသည်။

မောင်တင့်သည် ထိုအကြောင်းကို ဇေယျအားလည်း ဖွင့်၍ မပြောလိုပေ။ သို့မပြောလိုခြင်းမှာ မိမိ၏ နွားကျူမှုကို ထုတ်ပြရာ ရောက်မည်ကိုလည်း စိုးရိမ်၏။ အကြောက်ကြီးရန် ကောဟုသရောခံရမည်ကိုလည်း ကြိုတင်၍ ရှက်မိ၏။ ဇေယျ၏ အသိမိတ်ဆွေအပေါ်တွင် လူလိမ်တစ်ယောက်ဟု ထင်ရကောင်းလားဟူ၍ ဇေယျ စိတ်ဆိုးမည်ကိုလည်း ရွံ့မိ၏။

ယနေ့ကား ထိုစာကို ရေးခဲ့မိသည့် နေ့မှ နှစ်လစေ့ ရောက်သည့် နောက်ဆုံးနေ့ပင် ဖြစ်လေသည်။ ယနေ့လွန်သွားလျှင်ကား ထိုအပူကြီးလုံးလုံးလျှောကျ သွားပေတော့မည် ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန် တစ်ရက်ကုန်ပါစေဟု ဆုတောင်းနေမိလေသည်။ ယမန်နေ့ညကဆိုလျှင် အိပ်မက်ထဲ၌ ချစ်တီးကုလားတွေ ဝိုင်းပြီး ခြေကို ဒရွတ်ဆွဲကာ ငွေနှစ်ရာ မပေးသမျှမလွှတ်ဘူးဆိုလျက် ချုပ်ထားခံရသည်ကိုပင် အိပ်မက်မိရာ အိပ်မက်ထဲ၌ လန့်ခဲ့သည့်အရှိန်မှာ ယခုတိုင်ပင် မပြေချင်သေးပေ။

ထို့ကြောင့် ဆိုးပေက ငွေအမြန်ဆုံးရနည်းကို မေးရာတွင် ကောင်းကောင်းမဖြေဘဲ "ကောင်ကလေးတိတ်စမ်း" ဟူသော ငေါက်ငန်းသံဖြင့် ပိတ်ပင်လိုက်မိလေသည်။ သို့သော် ဆိုးပေမှာ ဟန့်လိုက်သည့် စကားကြောင့် မိမိအကြံထုတ်မှုတွင် အနှောင့်အယှက်မဖြစ်။ ပေါင်မုန့်နှစ်ချပ် အကုန်တွင် အကြံကောင်းတစ်ခုကို စွပ်၍စဉ်းစားမိလေရာ လက်ဖက်ရည်ကိုပင် ကုန်အောင်မသောက်ဘဲ သူငယ်ချင်းများထံသို့ လျင်မြန်စွာ ပြေးလေတော့၏။

"ဟေ့…ငါအကြံရလာပြီကွ"

"လူပြန်ပေးလုပ်ကြမယ်"

"မင်းပဲ စောစောက မဖြစ်ဘူးပြောနေပြီး"

"အခုဟာက အရင်ဟာမျိုးလိုမဟုတ်ဘူး။ ဒို့ကိုပဲ–လူပြန်ပေးလုပ်မှာ"

"မင်းဟာက မဖြစ်နိုင်တာကြီး ပြောနေပြန်ပြီ"

"ဘယ့်နှယ့်မဖြစ်နိုင်ရမှာလဲ။ ဖြစ်နိုင်လို့ ပြောတပေါ့။ တို့ဘာသာတို့ တစ်နေရာမှာ သွားပြီး ပုန်းနေကြပြီးတော့ တို့အဖေတွေဆီကို လူပြန်ပေး ငွေတောင်းတဲ့ ပစ်စာတွေ ပေးရင် ဘာလို့ မဖြစ်ရမှာလဲကွ…..ပြောစမ်းပါဦး"

ရဲဘော်တစ်သိုက် ငြိမ်သက်တွေဝေသွားကြလေ၏။ သာဒွန်းဦးတစ်ယောက်သာလျှင် စဉ်းစားပြီး ခပ်လေးလေးပြန်၍ ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ တော်တော်ခက်တဲ့ဟာ"

"လွယ်လိုက်တာမှကွာ အလွယ်ကလေးရယ်။ ပုန်းနေပြီး အိမ်ကို စာရေး။ ငွေလာပေးတော့ ပုန်းနေရာက ထွက်လာခဲ့ကြရုံပဲ။ တို့ကို တကယ့်လူပြန်ပေးလုပ်သွားတာ မဟုတ်ဘူးလို့ ဘယ်နည်းနဲ့ သိနိုင်ကြပါ့မလဲ။ ဟော့ လူပြန်ပေးလုပ်တာမှ ပိုက်ဆံအများကြီးရမှာကွ။ ငွေတစ်ရာလောက်ရမှာ"

ငြိမ်သက်သွားကြပြန်လေ၏။

"ငွေတစ်ရာဆိုရင် ငါတို့အဖေက ပေးမှာမဟုတ်ဘူး။ အခုတောင် ကျောင်းထားရတာ ပိုက်ဆံတွေ သိပ်ကုန်တာပဲလို့ ညည်းညည်းနေတာ" ဟု မောင်မောင်က ပြောလေသည်။

"ဒါဖြင့်သူတို့တွေဟာ တို့ကိုဘာလို့ ကျောင်းသွားခိုင်းနေသေးသလဲ။ ဒါကိုငါကမေးတာ။ ပိုက်ဆံကုန်တယ်လည်းဆိုပြီး ကျောင်းလည်း သွားခိုင်းနေသေးတာ ဘာမှန်းလဲမသိဘူး။ ငါထင်တာကတော့.....

"ဟေ့ကွာ.....လူပြန်ပေးလုပ်တဲ့ အကြံကိုပဲ ဆက်ပြီး စဉ်းစားကြစမ်းပါဦး" ဟု အဝိန်က စကားဖြတ်လိုက်၏။

"အေးလေ ငါ့အကြံကို ပြောနေပြီမဟုတ်လား။ တို့ ပုန်းပြီးမယ်ဆိုတာ"

"ဒါပေမယ့် တို့ ငါးယောက်စလုံးဆိုရင် ယုံမှာ မဟုတ်ဘူး။ တို့ဟာတို့ လုပ်မှန်းသိသွားမှာ"

"ဒါဖြင့် ဘယ်နှယောက် လူပြန်ပေးလုပ်ခံချင်လဲ"

"လေးယောက်" ဟု အီစွတ်က ဆို၏။

"သုံးယောက်" ဟု အဝိန်က သူ့အတွက် လျှော့၏။



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက်" ဟု မောင်မောင်က ရှောင်၏။

"တစ်ယောက်" ဟု သာဒွန်းဦးက ဆိုးပေတစ်ယောက်တည်း အပေါ်၌ ပုံချကာ "တစ်ယောက်တည်းမှ လူကြီးတွေက မယုံဘဲရှိမှာ မဟုတ်ဘူး" ဟု ရှင်းလင်းချက် ပေးလေ၏။

"ဟုတ်ပြီ ဒါပဲကောင်းတယ်။ အဲဒီတစ်ယောက်ဟာ ငါပဲလုပ်မယ်။ ငါ့ကိုပဲထား"

ဆိုးပေ၏ ရာထူးကို မည်သူမျှ ဝင်၍မလုကြပေ။ ဆိုးပေမှာလည်း ပြိုင်ဘက်မရှိ ရွေးခံရခြင်းကို ဝမ်းမြောက်စွာဖြင့် "ကဲ–တို့များပစ်စာရေးကြမယ်.....။ အားလုံးဉာဏ်ထုတ်ပြီး ရေးရင် အကောင်းဆုံး စာဖြစ်မှာပဲ" ဟု ဆို၏။

"ဘယ်တော့ရေးမလဲ"

"အခုပဲ ရေးမှာပေါ့ကွ။ ဒီကနေ့ စနေနေ့။ တို့အဖေ အိမ်ကို စောစောပြန်မှာပဲ အဆင်သင့်ပဲ။ ကဲ စက္ကူနဲ့ ခဲတံ ရှာဖို့လိုတယ်"

မောင်မောင်သည် အိမ်သို့ အမြန်ပြန်ပြေး၍ စက္ကူနှင့် ခဲတံယူလာပြီး တစ်ယောက်တစ်ပေါက်စီ ဝါကျစီကာ အီစွတ်က သူ၏ ဖရိုဖရဲ နိုင်လှသော လက်ရေး, ကြီးမားလှသော စာလုံးများဖြင့် ရေးပေးလေ၏။

လူကြီးမင်းခများ။ ကျွန်တော် ခများသား ဆိုးပေကို ဖန်းထားလို့ ခများအမြန်ဆုံး ငွေတစ်ရာ မပေးခဲ့ရင် ချီတွေ–လက်တွေ ဖြတ်ပြီးတော့ သတ်ပြစ်မီ။ ကျေးဇူးပြု၍ ဂိုဒေါင်ကိုလာပြီး ငွေတစ်ရာ ထားခဲ့ပါ။

ဘို–မိုက်ခဲ

စာကိုတစ်ယောက်ဆီ ပြန်လည်ဖတ်ရှု၍ အတည်ပြု



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြပြီးနောက် စာအိတ်တွင် ထည့်ပြီး ဆိုးပေ၏ ဖခင်အမည် လိပ်တပ်လေ၏။

"ဟော့ ဒီစာကို တို့အထဲက ဘယ်သူတစ်ယောက် ယောက်မှ ကိုယ်တိုင်သွားပေးလို့ မဖြစ်ဘူး။ လမ်းကနေ စောင့်ပြီး လာတဲ့သူ တစ်ယောက်ယောက်ကို သွားပေးခိုင်းမှ ဖြစ်မယ်။ အဲဒီတော့ ငါပြောသလို သွားပြီး လုပ်ချေကြ။ ငါတော့ကာ သွားပြီး ပုန်းနေဖို့ ရှိသေးတယ်"

ရဲဘော်များသည် ဆိုးပေ၏ ညွှန်ကြားချက်အတိုင်း ထွက်ခွာသွားကြလေ၏။

ရဲလေးဘော်တို့သည် လယ်ကွင်းကို ဖြတ်၍လာကြပြီး လမ်းမကြီးသို့ ထွက်သော ခြံစည်းရိုးဝင်ပေါက်သို့ ရောက်ကြသောအခါ ရှေ့သို့ ဆက်၍မသွားကြတော့ဘဲ စည်းရိုးပေါက်ကို ဝှက်ကာထားသည့် သစ်သားတန်းပေါ်တွင် ထိုင်ကာ လမ်းသွားလမ်းလာကို မျှော်၍နေကြလေ၏။

အတန်ကြာသည့်တိုင်အောင် လူရိပ်သူရိပ်ဟူ၍ ဘာမျှ မမြင်ကြရချေ။ ထပ်မံ၍ စောင့်ဆိုင်းနေကြရပြီးခါမှ ရွာဘက်သို့ လျှောက်လာသော ကလေးတစ်ယောက်ကို အဝေးမှမြင်ကြရ၍ စိတ်သက်သာရာ ရကြလေတော့သည်။

သျှောင်ထုံးရန်မမှီတမီ ဖြစ်နေသဖြင့် ပြေကျနေသော ဦးစွန်းဖုတ်နှင့် ကြောင်ချေးရုပ်ကလေးသည် ရဲလေးဘော်တို့ အနီးသို့ ရောက်လာရာတွင် ရွာထဲမှ မုန့်ပေါင်းသည်မကြီး၏ သား သာဂိခေါ်သည့် သူငယ်ကလေးဖြစ်သည်ကို တွေ့ကြရလေသည်။ မောင်မောင်သည် ဝမ်းသာအားရနှင့် စည်းရိုးတန်းပေါ်မှ ခုန်ဆင်းပြီး သာဂိထံသို့ ပြေးသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



“ဟော့ သာဂိ၊ ဒီစာကလေးကို ဆိုးပေတို့ အဖေဆီသွား ပေးပေးစမ်းပါလား”

“ဟင့်အင်း....သွားပေးချင်ဘူး။ ဆိုးပေ အဖေပေးဖို့စာပဲ။ ဆိုးပေသွားပေးပါလား”

“ဆိုးပေမရှိလို့ပေါ့ကွ။ ဆိုးပေပျောက်နေတာ ဘယ်နှ ရက်ရှိပြီ မှတ်သလဲ”

“ဟင် ဒီလိုဆိုရင် မင်းသွားပေးပါလား။ သူတော့ဖြင့် မသွားချင်ဘဲနဲ့”

“ဩော် ငါက ဒီလမ်းက ပြန်မှာ မဟုတ်လို့”

“ငါလည်း တခြားလမ်းက သွားမှာပဲဟာ”

မောင်မောင်သည် သာဂိအား လာဘ်မထိုးရဘဲ ခိုင်းလို ၏။ သို့ခိုင်းလိုခြင်းမှာ လာဘ်ထိုးခြင်းဖြင့် သာဂိ၏အကျင့် စာရိတ္တ ထိခိုက်မည်စိုး၍ မဟုတ်ဘဲ ထိုးစရာ လာဘ်မရှိ၍ဖြစ်၏။ သို့သော် နေ၍ မရတော့ပြီ။

“အေးကွာ ဒီစာကလေးကို သွားပြီးပေးစမ်းပါ။ ပိုက်ဆံ တစ်ပဲပေးပါ့မယ်”

“ပေး မင့်ပိုက်ဆံအရင်ပေး။ ငါသွားပေးမယ်”

“ဒါပေမဲ့ ငါပိုက်ဆံ အခုမရှိသေးဘူး။ မနက်ဖြန်ကျတော့ ဆက်ဆက်ပေးပါ့မယ်”

“တကယ်နော်.....ကဲ ဘယ်မှာလဲ မင်းစာပေး”

သာဂိသည် မောင်မောင်၏ လက်ထဲမှစာကို ယူလိုက် ပြီးလျှင် ရွာဘက်သို့ ထွက်သွားတော့မည်ပြုရာ မောင်မောင်က “ဟော့ကောင်ကလေးနေဦးကွ။ ငါပြောစရာ ရှိသေးတယ်”ဟု တား ထားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောဖို့ ရှိသေးလို့လဲ"

"ဒီစာကို မျက်နှာဖုံးအနက်ကြီး စည်းထားတဲ့ လူကြီး တစ်ယောက်က ပေးသွားတယ်လို့ ပြောပြသိလား။ သိပ်ကြောက် စရာကောင်းတဲ့ လူကြီးလို့ ပြော။ မျက်လုံးကြီးတွေကလည်း နီရဲ နေပြီး နှုတ်ခမ်းကြီးတွေ ထောင်နေတာပဲ"

"ဒါနဲ့ မျက်နှာဖုံးကြီးနဲ့ဆို။ မင်းဘယ့်နှယ်လုပ်ပြီး နှုတ် ခမ်းမွေးမြင်နိုင်မလဲ"

"အေး ဒီလိုပေါ့ကွာ....လူဆိုးဆိုတာ နှုတ်ခမ်းမွေးကြီး တွေ ဘာတွေရှိတာပဲ မဟုတ်လား။ မင်းနှုတ်ခမ်းမွေးအကြောင်း ထည့်မပြောချင်လဲ မျက်နှာဖုံးအနက်ကြီးနဲ့ သိပ်ကြောက်ဖို့ ကောင်းတဲ့ လူကြီးတစ်ယောက်က အပေးလွှတ်လိုက်တယ်လို့ ဆိုးပေတို့အဖေကို ပြောပြနော်။ အဲဒါကို မေ့မနေနဲ့"

သာဂိသည် ခေါင်းညိတ်ပြကာ ထွက်သွားပြီး ရဲလေး ဘော်တို့လည်း ဆိုးပေထံသို့ ပြန်ခဲ့ကြလေ၏။

"ဟေ့ ဆိုးပေ တို့များ စာကိုပေးလိုက်ပြီ။ သာဂိဆိုတဲ့ ကောင်ကလေးနဲ့ အပေးလွှတ်လိုက်တယ်"

"ဒါဖြင့် စာရတာနဲ့ တစ်ပြိုင်နက် တို့အဖေ ငွေတစ်ရာ ကိုင်ပြီး လိုက်လာတော့မှာ သေချာနေပြီ။ ရေတွင်းပျက်ကြီး နားက ချုံကွယ်ကနေပြီး စောင့်ကြည့်နေကြမယ်"

ထိုသို့ ပြောပြီးနောက် ငါးယောက်စလုံး ရေတွင်းပျက် ကြီးဆီသို့ သွားရောက် ပုန်းအောင်းနေကြလေ၏။

"ငွေတစ်ရာ ရမယ်ဆိုရင် နည်းလားကွာ။ ဘာတွေ ညာတွေ ဝယ်ရင် အများကြီးရတာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် အလှူထဲကို အကုန်ထည့်လိုက်လို့ မဖြစ်သေးဘူး"

"နည်းနည်းတော့ ထည့်ဦးမှပေါ့။ အလှူကြောင့် ငွေရတာပဲ မဟုတ်လား။ အလှူနဲ့ အရင်ဆုံး ဆိုင်တာပဲဟာ"

ဆိုးပေကား စဉ်းစားနေရာက "ဒီအချိန်ဆိုရင် စာတော့ရောက်သွားပြီ။ ဒါပေမဲ့ တို့အဖေ ငွေတစ်ရာလုံးတော့ ယူလာမယ် မထင်ဘူး" ဟု လေးလေးမှန်မှန် ပြောပြလေ၏။

"ကိုးဆယ်ဆိုလည်း တော်ပါပြီကွာ"

"ရှစ်ဆယ်ကောနည်းလား"

"ခုနစ်ဆယ်ရလည်း ပိုသေးတာပဲ"

ရဲဘော်များသည် ထီပေါက်လျှင်မည်သို့ သုံးလိုက်မည်ဟူသော စိတ်ကူးမျိုးဖြင့် ရလတ္တံ့သောငွေကို စိတ်ကူးမျိုးဖြင့် စိတ်ကူးယဉ်ကြရင်း ဆိုးပေ၏ ဖခင်ကို တစောင့်စောင့် ရှိကြလေ၏။

"တော်တော်တောင် ကြာသွားပြီ။ ခုထက်ထိ မလာသေးတာထောက်ရင် တို့အဖေလက်ထဲမှာ ငွေမရှိလို့ လိုက်ရှာနေရလား မသိဘူး။ ပိုက်ဆံမရှိဘူး မရှိဘူးနဲ့ ခဏခဏလည်းညည်းတာ ငါကြားနေရတယ်။ ဒါပေမဲ့လည်း ဟိုသင်း ဒီသင်းတွေ ဝယ်ဝယ်နေတာတော့လည်း တွေ့ရသားပဲ"

"ငါးဆယ်လောက်ရလဲ ပြီးတာပဲ"

ငွေမျှော်နေကြသော ဆိုးပေနှင့် ရဲဘော်တို့မှာ မိမိတို့ပေးလိုက်သောစာနှင့် သာဂိမည်သို့ ဖြစ်ကြသည်ကို မသိရှာကြချေ။ သာဂိသည် ရွာဘက်သို့လာရင်း မိုးရွာထားသဖြင့် ရွှံ့ဗွက်ဖြစ်နေသောကြောင့် လမ်းခင်းထားရသော ကျွန်းတုံးပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာရာတွင် ရိုးရိုးလျှောက်မလာဘဲ ကြိုးတန်း လျှောက်သလို ကိုယ်ကို ဘယ်ညာယိမ်း၍ လျှောက်ခဲ့မိသဖြင့် ကျွန်းတုံးတစ်ဖက်အဆုံးသို့ ရောက်လုနီးနီးတွင် ကျွန်းတုံးပေါ်က ရေညှိကို နင်းမိလေ၏။

သာဂိမှာ ရွှံ့ဗွက်ထဲတွင် ဝမ်းလျားမှောက်ကာ ကိုယ့် တစ်ပိုင်းမြုပ်လျက် သုမေခါထုံး နှလုံးပိုက်သည့်ပမာ တော်တော်နှင့် မထနိုင်ဘဲရှိရှာလေ၏။ ဆိုးပေး၏ ဖခင်ထံ ပေးရန်စာမှာလည်း ရွှံ့ရေထဲတွင် နစ်မြုပ်ပျောက်ကွယ်သွားလေတော့၏။

သာဂိမှာနာကျင်သွားခြင်းထက် ထိတ်လန့်သည့် ဒဏ် ချက်ပြင်းပြမှုကြောင့် စာကိုပင် သတိမရတော့ဘဲ ဗွက်ထဲမှ ငိုယို၍ထကာ ရွှံ့ပေသည့်လက်များဖြင့် မျက်ရည်ကိုသုတ်ရင်း အိမ်သို့ တန်း၍ပြန်လေ၏။

ဆိုးပေတို့မှာ အသက်မရှုဝံ့အောင် ငြိမ်သက်စွာ ထိုင် ၍ စောင့်စားရသည်မှာ ကြာမြင့်လာသဖြင့် တစ်မိနစ်ထက် တစ် မိနစ်ပို၍ ငြီးငွေ့စပြုလာကြလေ၏။

"မင်းအဖေဟာ မင်းကိုမချစ်လို့ လာပြီးမရွေးတာနဲ့ တူတယ်" ဟု အဝိန်က စ၍ပြောလေ၏။

"မင်းတို့အိမ်က မင်းတို့ကို ချစ်သလောက်တော့ တို့ အဖေလည်း ငါ့ကို ချစ်တာပါပဲကွာ။ ဒါပေမဲ့ ငွေတစ်ရာ ပြည့်အောင် ရှာမရသေးလို့နဲ့တူတယ်"

"အေးကွ–တို့များတောင်းတာများသွားတယ်"

"လေးဆယ်လောက်ဆိုရင် အတော်ပဲ"

"သုံးဆယ်ပဲ ထားပါဦး"

"နှစ်ဆယ်ပဲ ဖြစ်ဖြစ်"ဟု ဆိုးပေပြောရာက ဒလကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ဈေးနှုန်းကျသွားပြီး "အိုကွာ ငါးကျပ်ဆိုတောင်များနေပြီ"ဟု ဆိုလေ၏။

"နှစ်ကျပ်တစ်မတ်ဆိုရင်ကော"ဟု အီစွတ်ကအကြံပေးသည်။ ဆိုးပေသည် ဈေးနှုန်းသတ်မှတ်မှုကို ဆက်လက်၍ စိတ်မဝင်စား။ အီစွတ်၏စကားကို နားမဝင်တော့ဘဲ "ဟေ့ ငါပြောမယ်။ တို့အိမ်ကို တစ်ယောက်နှစ်ယောက်လောက်သွား ကြည့်ကြရင် ကောင်းမယ်ကွ။ ငါ့လို လူထောင့်ထားတာကြာတာနဲ့ တို့အဖေတက်ပြီးများ မေ့နေလို့လားမှမသိဘဲ။ မောင် မောင်နဲ့ အီစွတ်သွားကွာ"ဟု ပြောဆို အမိန့်ထုတ်လိုက်သဖြင့် အီစွတ်နှင့် မောင်မောင်တို့ ထွက်သွားကြလေ၏။

ဆိုးပေ၊ အဝိန်နှင့် သာဒွန်းဦးတို့သည် အူလျားဖားလျားနှင့် ငွေထုပ်ပိုက်၍ ပြေးလာမည့်ဖခင်ကြီး၏ အရိပ်အခြည်ကို မြင်ရနိုးနိုးနှင့် စောင့်နေရစ်ကြလေ၏။ သို့သော် ဆိုးပေမှာ မျှော်လင့်သည်ကို မမြင်ရဘဲ ဟန်ပုံမသည့်လက္ခဏာဖြင့် ပြန်လာကြသည့် မောင်မောင်နှင့် အီစွတ်တို့ကိုသာ တွေ့ရလေ၏။

"မင်းအဖေကြီးတွေ့ခဲ့ပါ့မောင်ရာ။ အိမ်ရှေ့ ပက်လက်ကုလားထိုင်ပေါ်မှာ အမြိုင့်သား စာဖတ်နေတာမှ ဆေးတံကြီးများခဲနေလိုက်သေး"

ဆိုးပေ အတော်စိတ်ပျက်သွားလေသည်။

"စာဖတ်နေတယ် အံ့ပါရဲ့ကွာ။ သားကလေး တစ်ယောက် နှိပ်စက်ခံနေရမှန်း သိလျက်နဲ့ အေးအေးလူလူ စာဖတ်နေနိုင်တာများတော့လည်း တော်ရဲ့လားကွာ"

"နို့ မင်းမှာ ဘာနှိပ်စက်ခံရလို့လဲ"

"သူသိဖို့ကောင်းတာပေါ့ကွ။ ဒီအချိန်ထိလို့မှ ငွေမပေးရင် ငါ့ကို ခြေတွေ၊ လက်တွေ နားရွက်တွေ တစ်ကိုယ်လုံး ဖြတ်ခံရ



www.burmeseclassic.com

www.burmeseclassic.com



လောက်ပြီဆိုတာ တွေးမိဖို့ ကောင်းတယ်။ စာထဲမှာ ဒီလိုပဲ ရေးထည့်လိုက်သားနဲ့ဟာ”

“ငါထပ်ပြီး ရေးရင် မကောင်းဘူးလား။ ဒီတစ်ခါရေးရင် ငွေ ဘယ်လောက်ဆိုတာ မပြောရင် လာလိမ့်မယ်ထင်တယ်”ဟု အဝိန်က အကြံပေး၏။

“သူလာရင် သူပါထပ်ပြီး ဖမ်းထားခံရမှာ ကြောက်လို့ မလာတာလားမှ မသိဘဲ” ဟု သာဒွန်းဦးက ဝေဖန်လေ၏။

“ငါထပ်ပြီးရေးဖို့ကို ငါသဘောတူတယ်။ တကယ့်ကို ကြောက်သွားအောင် ရေးရင် သူမလာဘဲနေနိုင်မှာ မဟုတ်ဘူး”

ဒုတိယအကြိမ် စာရေးရာတွင်မူကား ပို၍ ဂရုထားကြလေသည်။ စာလုံးပေါင်းမမှားရန် အရေးကြီးသည်ကို သတိပြုကာ သာဒွန်းဦးကိုယ်တိုင် အိမ်သို့ ပြန်၍ သတ်ပုံစာအုပ်ကို ယူလာပြီး ညှိနှိုင်းရေးကြတော့၏။ ထို့ပြင် ယခုအကြိမ်တွင် ငွေလာ၍ ပေးရန်နေရာကို ရွှေ့ပြောင်းရန် သဘောတူကြပြီး ရွာဦးကျောင်းအနီးရှိ ဘုရားတောင်ဘက် တံတိုင်း မုခ်ပေါက်ကလေးထဲမှ ပေးသွင်းရန် နေရာ သတ်မှတ်လိုက်ကြလေသည်။

**မိတ်ဆွေ**

**ယခုည ၈ နာရီတိတိအချိန် ငွေလာ၍ မပေးလျှင် သင် ဒုက္ခရောက်လိမ့်မည်။ ရွာဦးဘုရားတောင်ဘက် တံတိုင်းပေါက်ကလေးထဲက ငွေလာ၍ပေးပါ စောင့်နေမည်။**

**ပြန်ပေး**

စာကို လက်မှတ် ရေးထိုးရာတွင် ယခင်ကကဲ့သို့ ဘိုမိုက်ခဲဟု ရေးလိုသော်လည်း သတ်ပုံစာအုပ်တွင် “ဗိုလ်” ကို ရတ်တရက် ရှာမတွေ့သဖြင့် အချိန်မကုန်ရအောင် ပြန်ပေးဟု



www.burmeseclassic.com

www.burmeseclassic.com



ရေးထိုးလိုက်ကြခြင်း ဖြစ်ပေသည်။

ဤစာကိုလည်း လက်တစ်ဆင့်ကမ်းရန် လိုပြန်သဖြင့် လူစောင့်ရပြန်လေရာ သာဂိအရွယ်လောက်ပင် ရှိသည့် ကလေး တစ်ယောက်ကိုတွေ့ကြပြန်လေ၏။ ထိုသူငယ်လေးမှာ တောထဲမှာ ဓားပြရန်ကြောင့် ပြေးလာသော လူသစ်တစ်ယောက် ဖြစ်သည့် အပြင် ယခင်သာဂိကို တစ်မူးပေးရန် ထားသည့် ကတိမှာ များ လွန်းသည်ဟု ယူဆ၍ ပိုက်ဆံတစ်ပဲ မနက်ဖြန်ပေး ကတိဖြင့် စာပေးခိုင်းလိုက်ကြလေ၏။

သူငယ်ကလေးလည်း မနက်ဖြန် တစ်ပဲရမည့် မျှော်လင့် ချက်ဖြင့် စာကိုလေးလေးစားစား ကိုင်တွယ်ကာ ဆိုးပေ၏ အိမ်သို့ ဦးတည်၍ သွားလေ၏။

အိမ်ရှေ့သို့အရောက်တွင် လမ်းထွက်ရန်ခြံဝသို့ရောက်လာ သော မောင်တင့်နှင့်တွေ့ရသဖြင့် “ဒီမှာ ခင်ဗျား ဒီအိမ်က လူလား” ဟု သူငယ်ကလေးက လှမ်း၍ မေးလေ၏။

“အေး.....”

“ဟောဒီမှာ ခင်ဗျားကို ပေးတဲ့စာ”

သူငယ်ကလေးလည်း မောင်တင့်လက်ထဲသို့ စာကို ထိုးပေးလိုက်ပြီး ထွက်သွားလေ၏။ မောင်တင့်သည် စာကို ဖွင့်ဖောက်၍ ဖတ်ပြီးသည့်အဆုံးတွင် အသက်မရှူနိုင်ဖြစ်သွား လေတော့သည်။ စာသားအတိုင်းဆိုလျှင် အဓိပ္ပာယ်ရှင်းလှမည် မဟုတ်သော်လည်းအောက်ဆုံးတွင် ပါရှိသည့် ပြန်ပေးဆိုသော စကားအရ မိမိလက်မှတ်ထိုးထားသည့် ငွေ ၂၀၀–ကို ပြန် တောင်းသည့်စာ ယခု ရောက်လာခြင်းပင် ဖြစ်သည်ဟု ယုံကြည် စရာ ဖြစ်၍ နေလေသည်။ သို့အားဖြင့် မိမိအာမခံ လက်မှတ် ထိုးထားသည့် ငွေနှစ်ရာကို ပြန်၍တောင်းရာတွင် ဘုရား အုတ်



www.burmeseclassic.com

www.burmeseclassic.com



တံတိုင်းပေါက်ထဲကနေ၍ လက်ခံမည့် သဘောတရားကိုပင် လေးလေးနက်နက် မစဉ်းစားနိုင်အောင် မွှန်ထူ၍ သွားလေတော့၏။

လှသိန်း ငွေချေးစဉ်က တောင်းသည့်အချိန် တောင်းသည့်နေရာတွင် လာရောက်ပေးဆပ်ပါမည်ဟု အော်ဒီမန် လက်မှတ်ထိုးထား၍သာ ဤသို့ တောင်းခြင်း ဖြစ်လိမ့်မည်ဟု စဉ်းစားမိခြင်းဖြင့် ထိုစာ၏ ယုတ္တိရှိရှိကို ဝေဖန်ရန် စိတ်မကူးမိပေ။ ရုပ်ရှင်ကားများ၌ ငွေချေး၍ ပြန်မဆပ်လျှင် သမီးကို အတင်း သိမ်းပိုက်သည့် ဇာတ်ကားများ ကြည့်ရှုဖူးရာ ငွေချေးသူ မှန်လျှင် သူတို့သဘောကျ လုပ်ခွင့် ရှိသည်ဟု နှလုံးပိုက်မိလေသည်။

မောင်တင့်မှာ ကြာကြာစဉ်းစားနေဖို့အချိန် မရ။ သတ်မှတ်ထားသည့် ၈–နာရီအချိန်မှာလည်း ရောက်လုနီးနေလေပြီ။ ငွေမပေးလျှင် ဒုက္ခရောက်မည်ဆိုသည်မှာ အသတ်ပင် ခံရမည်လော။ ထောင်ချခံရမည်လောမတွေးတတ်။ ရှေ့နေနှင့် တိုင်ပင်ရကောင်းမည်လားဟု ကြံမိ၏။ အချိန်လည်းမရ။ ပြဇာတ်ထဲတွင် တွေ့ရသည့် ရှေ့နေမှန်သမျှ တစ်ယောက်မှ မကောင်းသည်မရှိ။ ငွေရှင်ကြောက်၍ ရှေ့နေအားကိုးကာမှ ပို၍ဆိုးမည်ကိုလည်း လန့်မိလေသည်။

"အဖေ့ကို တိုင်ရကောင်းမလား။ ဒီကိစ္စ အဖေ မသိတာပဲကောင်းမယ်။ အမေကော အမေသိရင်တော့ တက်သေတော့မှာပါပဲ။ ကဲလေ–ဘာပဲဖြစ်ဖြစ် ငွေရှင်ကို ငါသွားတွေ့။ ငါ့မှာ ရှိစုမဲ့စုကလေး ထုတ်ပေးပြီး ချမ်းသာပေးဖို့ ပြောရတော့မှာပဲ"

မောင်တင့်မှာ မြောက်ပိုင်းမှ မိမိရည်းစား နှင်းမေ ပူဆာလှသဖြင့် လက်ပိုက်အိတ်ကလေးဝယ်ပေးရန် စုထားသော ငွေတစ်ဆယ် ကျော်ကျော်နှင့် အခြားမိမိအပိုင်ဟူ၍ လက်ပတ်နာရီနှင့် ဖောင်တိန်သာလျှင် ရှိပေသည်။ ဤငွေပစ္စည်းကိုပေး၍ ငွေ



www.burmeseclassic.com

www.burmeseclassic.com



ရှင်အား အသနားခံလျှင် ရကောင်းစရာရှိပြီး နှင်းမေအတွက်မူကား လက်ပိုက်အိတ်ဝယ် မပေး၍ ပြတ်ချင်လည်း ပြတ်စေတော့။ ယခုလည်း နှင်းမေနှင့်သူကြီးအား ဘာလိုလိုကြားရ၍ မထူးတော့ပါဘူးဟု နှလုံးပြုကာ မောင်တင့်သည် မိမိပိုင်ဆိုင်လေသမျှ ငွေနှင့်ပစ္စည်းတို့ကိုယူကာ ငွေပေးဆပ်ရန် ချိန်းဆိုထားသည့် နေရာသို့ ထိတ်ထိတ်လန့်လန့်နှင့်ပင် သွားရရှာလေတော့၏။

ဆိုးပေကား တံတိုင်းပေါ်မှ အပြင်သို့သာ လှမ်းမျှော်နေလျက် ကျန်ရဲဘော်များကာ ထမင်းကလည်းဆာ စိတ်လည်းပျက်စပြုလာကြလေ၏။

"အိမ်ကလူကြီးတွေဆီ ပိုက်ဆံပြန်တောင်းတာကိုက တို့လုပ်နည်းမှားနေတာ" ဟု မှောင်ထဲက ရဲဘော်တစ်ဦးက ညည်းတွားလေသည်။

"တိုးတိုးပြောစမ်းပါကွာ။ တို့အဖေ ဖြုန်းဆိုရောက်ချင်ရောက်လာမှာ။ အချိန်လိုပါသေးတယ်။ ဟော–ပြောရင်းဆိုရင်း....."

ရဲဘော်များသည် အုတ်တံတိုင်း ပေါက်ကလေးထဲမှ သူတစ်လှည့် ငါတစ်လှည့် တိုးဝှေ့ကြည့်ကြရာ မိမိတို့ တူရူသို့လာနေသော မည်းမည်းသဏ္ဌာန်တစ်ခုကို တွေ့ရသဖြင့် နောက်သို့ဆုတ်ပြီး ငြိမ်ငြိမ်ကလေး ကုတ်နေကြလေ၏။ ဆိုးပေသည် မည်းမည်းသဏ္ဌာန် လှုပ်ရှားပုံကို အကဲခတ်၍ မောင်တင့်မှန်း သိသဖြင့် အံ့အားသင့်မိလေ၏။

"ဒီ.ဒီ.ဒီမှာ လူရှိသလား" ဟု မောင်တင့်သည် တုန်ရီသော အသံဖြင့် တံတိုင်းပေါက်ထဲသို့ လှမ်း၍ မေးလေ၏။

"ဘယ်သူလဲ"ဟု ဆိုးပေက အသံမှန်ကို ဖျောက်၍ ငေါက်ဆတ်ဆတ် ပြန်မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်–ကျွန်–ကျွန်တော်ပါ ငွေပေးရအောင်လာတာပါ။ ဒါ ဒါ ဒါ ဒါပေမဲ့ ကျွန်တော့်မှာ အားလုံးမှ ငွေတစ်ဆယ်နဲ့ သုံးမတ်နဲ့ တစ်ပဲထဲ ရှိပါတယ်။ ပြီးတော့ ကျွန်တော့်နာရီနဲ့ ဖောင်တိန်လည်း ပေးပါ့မယ်။ ကျွန်တော့်မှာ ဒါပဲရှိပါတယ်။ အခုတော့ ချမ်းသာပေးပါဦး။ ဒ ဒ ဒီနှစ်ကျောင်းထွက်ပြီး အလုပ်လုပ်လို့ ငွေရတော့ ဖြည်းဖြည်း–ဖြည်းဖြည်း ကျန်တဲ့ငွေကို ဆပ်ပါ့မယ်။ ဟောဒီမှာ ကျွန်တော် ရှိသမျှတွေပါပဲ"

တံတိုင်းပေါက်ထဲသို့ ၅ ကျပ်တန်တစ်ချပ်၊ ၁ ကျပ်တန်လေးချပ်၊ ငါးမူးစေ့ သုံးစေ့၊ မူးစေ့ နှစ်စေ့၊ နှစ်ပြားစေ့ နှစ်ခု၊ နာရီနှင့် ဖောင်တိန်တို့ တစ်ခုနောက်တစ်ခု ဝင်ရောက်၍ လာကြလေ၏။ တံတိုင်းအတွင်းဘက်၌ကာ ငြိမ်သက်၍နေလေတော့သည်။

"အခုတော့–ဒါလောက်နဲ့ပဲ ကျေနပ်ပါဦးဗျာ"

မောင်တင့်၏ ဖြစ်အင်သည် ဆိုးပေ၏ စိတ်ကို များစွာ ထိခိုက်သွားလေသည်။ မောင်တင့်သည် မိမိအားဘယ်အခါကမျှ ဖုတ်လေသည့် ငါးပိရှိလေသည်ဟု ဂရုမထားခဲ့။ ဂရုထားပြန်ကလည်း ရန်သူကဲ့သို့သော သဘောထားခဲ့ရာ ယခုမူ မိမိအား လူပြန်ပေးလုပ်ထားခံရသည်ကို အဖေဖြစ်သူပင်လျှင် အမြင့်သားထိုင်ပြီး စာဖတ်နေနိုင် အားပါလျက် မောင်တင့်က မိမိအတွက် ဤမျှပူပင်သောက ကြီးမားစွာ သူ့မှာ ရှိသမျှသော ငွေလာပေးခြင်းမှာ "အရေးကြီးမှ သွေးနီးရာ" ဆိုသလို နီးတစ်ကျက်ဝေးတစ်သက် ဆိုသလို ညီကလေးကို တစ်ညနေကလေး မမြင်ရကာမှ သာပြီး ချစ်ရမှန်း သိရှာပါပေတယ်။ တကယ်ဆိုတော့ ညီလေး ရယ်လို့ ငါတစ်ယောက်တည်းရှိလို့ ဖြစ်တာပဲ။ ငါလည်း အစ်ကိုဆိုလို့ အစ်ကိုတင့်တစ်ယောက်ပဲ ရှိတယ်။ နောင်ကို ငါအစ်ကိုတင့်အပေါ်မှာ အမြဲတမ်း ကောင်းတော့မယ်"ဟူသော အတွင်းစိတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဆိုးပေရင်ထဲတွင် ဖိုလှိုက်နေမိလေ၏။

မောင်တင့်မှာ တံတိုင်းအတွင်းဘက်က ဘာမှပြန်မပြော။ ငြိမ်ချက်သားကောင်းလှသဖြင့် ကျေနပ်၍ငြိမ်နေခြင်းလော။ မိမိအားတစ်စုံတစ်ခု ပြုလုပ်ချင်၍ ပဲလောဟု တွေးတော လန့်သည့်စိတ်ဖြစ်ပေါ်လာကာ ထိုနေရာတွင် ကြာကြာမနေရဲတော့ဘဲ လာစဉ်က နှစ်လမ်းစာကို ယခုတစ်လှမ်းတည်းနှင့် လှမ်းကာ သုတ်ခြေတင်လေ၏။

"ဟ–ပိုက်ဆံတွေ အများကြီးပါပဲလားဟ။ မရတော့ဘူးထင်နေတာတောင် ဒါလောက် ရလိုက်သေးတယ်"ဟု အဝိန်ကစကားစလိုက်၏။

"ဟော ဟော့ လက်ပတ်နာရီက တစ်လုံး"

"ဒီမှာ ဖောင်တိန်လည်း ပါလိုက်သေးတယ်"

ဆိုးပေသည် စိတ်အားထက်သန်လှသော အမူအရာကိုမပြဘဲ "အကုန်လုံးတော့ မယူဘူးကွာ။ ပိုက်ဆံထဲက အကြွေနှစ်ကျပ်သုံးပဲတင်းပဲ ယူကြပါစို့"ဟု ပြောလေ၏။

"ဘာပြုလို့လဲ"ဟု အီစွတ်က မေး၏။

"အလှူထည့်ဖို့ ဒါလောက်ပဲ တော်ရောပေါ့။ မင်းတို့အစ်ကိုလာပေးတဲ့ ပိုက်ဆံတွေဆိုရင် ဒီလိုပဲ မင်းတို့ အကုန်ယူမလား"

ရဲဘော်များစိတ်တွင် ကိုယ်ချင်းစာတရားလေး ပေါ်လာလေ၏။

"အားလုံးသဘောတူရင်လည်း ပြီးရောပေါ့။ ကဲ ငွေရပြီမဟုတ်လား။ တို့ပြန်ကြစို့"ဟု အီစွတ်က သမ်းဝေ၍ ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါက တကယ်ငွေတစ်ရာလောက် များရမလား လို့" ဟု သာဒွန်းဦးက အားမရဟန်ဖြင့် ပြော၏။

"ငါတို့ အဖေသာ ငါနှိပ်စက်ခံနေရတာ မသနားဘဲ သတင်းစာ ဖတ်မနေလို့ ရှိရင် ရတာပေါ့ကွာ"

"လာကြကွာ။ ဘာမှ လုပ်စရာ မရှိတော့ဘဲ။ ပြန်ကြရုံပဲ မဟုတ်လား" ဟု အီစွတ်က ပြန်ရန်ထပ်၍ နှိုးဆော်လေ၏။

ဆိုးပေသည် အိမ်သို့ ပြန်ရောက်လာသောအခါ ညစာ မစားရသေးသည့်အဖြစ်ကို သတိမရ အိမ်ရှေ့ခန်းတွင် စိတ်ပျက် လက်ပျက်နှင့် ထိုင်၍ ငိုင်နေသော မောင်တင့်ကို တွေ့ရ၍ သနား မိကာ မိမိ လူပြန်ပေးလုပ်မိခြင်းကိုပင် စိတ်မကောင်း ဖြစ်မိလေ၏။ မောင်တင့်မှာကား မိမိအပေါ်၌ တင်ရှိနေသော ငွေ ၁၈၉ ကျပ်–၃–ပဲကို တစ်သက်လုံး ကုန်း၍ ဆပ်ရမည့် တာဝန်ကြီး အတွက် ရင်လေးလျက် ရှိလေ၏။

"အစ်ကိုတင့်–အစ်ကိုတင့် ကျွန်တော့်ကို ဟိုလူကြီး ပြန်လွှတ်လိုက်ပြီ"

မောင်တင့်သည် အတွေးပျက်ပြီး ရုတ်တရက် လန့် သွားရာက ဆိုးပေကို ပြူးစိုက်၍ကြည့်ကာ "ဘာ–ဘယ်သူက လွှတ်လိုက်တာလဲ။ တွေ့ကရာတွေ လာပြောမနေနဲ့ သွားစမ်း" ဟု ငေါက်လိုက်လေ၏။

သူ့ကို ကျေးဇူးတင်တာ မတင်စေချင်လို့ ဖြစ်မှာပဲဟု ဆိုးပေ၌အတွေးပေါက်သွားလေ၏။ တချို့လူတွေဟာ သူများ ကျေးဇူးတင်ခံချင်လို့ အကျိုးဆောင်တာမဟုတ်ဘဲ သက်သက် စေတနာနဲ့ လုပ်ကြတာတွေ အများကြီးရှိတယ်။ ထင်ပေါ်တာ မလိုချင်တဲ့လူတွေ လောကမှာ အများကြီးပဲ။ အလှူငွေ ထည့် တာတောင် နာမည် မဖော်ကြဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေသည် မောင်တင့်အပေါ်တွင် တကယ်မွန်မြတ်သော ပုဂ္ဂိုလ်ထူးတစ်ဦးအနေလောက် အထင်ကြီးသွားကာ ပြန်ပေးလုပ်သည့် ကိစ္စနှင့် ပတ်သက်၍ မူရင်းကို မပေါ်စေဘဲ ကျေနပ်အောင် ရှင်းပြဖို့ရန် စိတ်ပိုင်းဖြတ်မိလေ၏။

"တကယ်ပြောတာပါ အစ်ကိုရဲ့။ ကျွန်တော့်ကို ဘာဆိုဘာမှ နာအောင် မလုပ်ဘူး။ သံကြိုးနဲ့ တုပ်ပြီးတော့သာ တွင်းခေါင်းကြီးထဲ ချထားတာ။ ကျွန်တော့်ကိုခေါ်တုန်းက မျက်စိပိတ်ခေါ်သွားတယ် အစ်ကိုရဲ့။ ဒါပေမယ့် ဘယ်နေရာခေါ်သွားတယ်ဆိုတာ မသိဘူးမှတ်လို့လား"

"ကောင်လေး နင်ရှူးနေသလား။ ဒါမှမဟုတ် ငါ့ကိုနောက်တီးနောက်တောက် လုပ်နေတာလား"

"အစ်ကိုတင့် လာပြီးကယ်ပေလို့ပေါ့ အစ်ကိုရာ။ ဒါပေမဲ့ဒီလူကြီးက ပိုက်ဆံတွေ အကုန်လုံးမယူလိုက်ပါဘူး။ သူ့မှာလည်းသားနှစ်ယောက်ရှိတာကို စဉ်းစားမိပြီး ကိုယ်ချင်း စာပါတယ်ဆိုပြီးအားလုံးမှ အကြွေနှစ်ကျပ်သုံးပဲတင်း ယူလိုက်တယ်။ ပြန်ပေးလုပ်တဲ့အထဲမှာ ဈေးအပေါဆုံးနဲ့ ကျွန်တော် လွတ်လာတာပေါ့။ ရော့ဟောဒီမှာ အစ်ကိုတင့် ပစ္စည်းတွေ။ မလိုချင်တော့ဘူးတဲ့"

မောင်တင့်သည် ဆိုးပေအိတ်ထဲက ထုတ်၍စားပွဲပေါ်၌တစ်ခုစီတင်နေသော ငွေကိုးကျပ် လက်ပတ်နာရီနှင့် ဖောင်တိန်တို့ကိုကြည့်ကာ "ဟ ဒါတွေ ငါ့ဟာတွေပါလား။ ဘယ်လိုလဲ"ဟုပြောကာ စကားမဆက်နိုင်အောင် အံ့အားသင့်နေစဉ် သူငယ်ချင်းမောင်ဇေယျ ရောက်၍ လာလေ၏။

"ဟေ့ ကြက်ဖကြီး မင်းညနေက လာမယ်ဆိုလို့ ငါစောင့်နေသေးတယ်။ မင်းမလာနိုင်တာနဲ့ ငါလိုက်လာခဲ့တာ။ ဟောဒီမှာ ကြာလှပြီ မင်းဆီက ငါငှားသွားတဲ့ စာအုပ်ပြန်ပေးဖို့



www.burmeseclassic.com

www.burmeseclassic.com



မေ့နေလိုက်တာ။ ညနေက ဗီရိုရှင်းတော့မှ တွေ့ပြီး မင်းဆီက ငါငှားထားတာ သတိရတော့တယ်။ ဒီစာအုပ်ထဲမှာတောင် မင်းရေးတဲ့ စာကလေး ရှိနေသေးတယ်။ ဟိုအရင် ငါ့ဆီကို လှသိန်းဆိုတဲ့ ရန်ကုန်ကလူ လာတုန်းက အာမခံရေးနည်း ရေးပြထားတဲ့ စာဟာလေ မင်းမှတ်မိမှာပေါ့။ ဘယ်လို ဒီထဲရောက်နေသလဲ တော့ မပြောတတ်ဘူး။ ဒီစာအုပ်သူဆွဲယူပြီး ဖတ်ရင်း စာမျက်နှာ မှတ်ရအောင် အဲဒီစာရွက်ကလေး ညှပ်ထားလို့ ဒီထဲ ရောက်နေတာပဲလို့ထင်တယ်"ဟု ဆို၍ စာအုပ်ကို လှမ်းပေးရင်း "လာကွာ လမ်းလျှောက်ရအောင်။ အစောကြီး ရှိပါသေးတယ်" ဟု ခေါ်လေ၏။

မောင်တင့်သည် ဆိုးပေပြောသည့် စကားကို နားမလည် သကဲ့သို့ ဧယျပါးစပ်မှ ထွက်လာသည့် စကားများကို အစက နားမလည်နိုင်ဘဲ စကားရှင်းသွားမှ နားရှင်းသွားသည်နှင့်အတူ စာအုပ်ကို ဖျတ်ခနဲ လှမ်းယူကာ ညှပ်ထားသည့် စာရွက်ကို ထုတ်ကြည့်လေ၏။

ထို့နောက်စားပွဲပေါ်၌ ဆိုးပေတင်ထားသည့် ပစ္စည်းများကို လှည့်ကြည့်ကာ ပိုက်ဆံများကို လက်ညှိုးနှင့်ဖြဲ၍ ရေလေ၏။

"ကိုးကျပ်အားလုံးမှ ကိုးကျပ်။ ဟင် နှစ်ကျပ်သုံးပဲတင်း လိုနေပါသေးသလား" ဟု ပါးစပ်က ရွတ်ဆိုရေတွက်ရာက စောစောကအကြွေနှစ်ကျပ်သုံးပဲတင်းဟုဆိုးပေ ပြောလိုက်သည့်စကားကို သတိရကာ ညဦးက အဖြစ်သနစ်အားလုံးမှာ ဆိုးပေ၏ စီမံဖန်တီးချက်ပဲဟု ဖြုန်းခနဲ သတိရလာပြီး "ခွေးကောင်ကလေး" ဟု အံကြိတ်ဆိုလျက် ဆိုးပေဘက်သို့ လှည့်လိုက်ရာတွင် ဆိုးပေကို မတွေ့ရတော့ချေ။

ပင်နီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မောင်တင့် အမူရာ ပြောင်းလဲသွားသည်ကို မြင်လိုက်ရရုံနှင့်ပင် ချက်ဆိုနားခွက်က မီးတောက်သော ဆိုးပေသည် လူပြန်ပေးကိစ္စနှင့် ပတ်သက်၍ မောင်တင့်၏ ထုချေချက် တောင်းခံရုံမက နားရွက်ပါအလိမ်ခံရမည်ကို ရိပ်မိပြီ ဖြစ်ကာ ဆင်ခြေ ဆင်လက်ကို အားကိုးခြင်းထက် မိမိ၏ ခြေနှစ်ဖက်ကို အားကိုးလျက် အိမ်ရှေ့တွင် မောင်မောင်ရှိနေတုန်း အကြွေနှစ်ကျပ်သုံးပဲတင်းကို လက်ပြောင်း လက်လွှဲ လုပ်ရန် အချိန်ရှိခိုက် ခြေနှစ်ဖက်ကို တက်သုတ်နှင်မှ တစ်နေ့လုံး ပင်ပန်းခဲ့ရခြင်း၏ အကျိုးခံစားရမည်ကို တွေးမိပြီး မောင်တင့်ရှေ့မှောက်မှ တစ်မုဟုတ်ချင်း ကိုယ်ရောင်ဖျောက်သွားနှင့်ပြီ ဖြစ်လေသတည်း။

♦♦♦ ❖ ♦♦♦



www.burmeseclassic.com

www.burmeseclassic.com

# တစ်လိမ် နှစ်လိမ်

ပင်နီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ဆိုးပေသည် ပျော်မြူးရွှင်ပျ တကြွကြွဖြင့် အိမ်သို့ ပြန်လာခဲ့လေသည်။ ထိုအချိန်မှာ တပေါင်းပွဲတော်ရက်ဖြစ်သဖြင့် ထုံးစံအတိုင်း ချားရဟတ် မျက်လှည့်နှင့် ကစားပွဲမျိုးစုံခင်းကျင်းလျက်ရှိရာ ဆိုးပေသည် တစ်နေ့လုံး ပျော်ရွှင် အားရခဲ့ပြီး ပိုက်ဆံတစ်ပြားမှ သုံးစွဲရန် မကျန်တော့မှ အိမ်သို့ ပြန်လာခဲ့ခြင်းဖြစ်ပေသည်။ သူ၏ တစ်ကိုယ်လုံးမှာ ဆံပင်စုတ်ဖွား အဝတ်အစား ဖရိုဖရဲနှင့် မည်းသည်း ပေရေလျက် ရှိတော့၏။

ထိုသို့ အိမ်ဆီသို့ ပြန်၍ လာရင်း တစ်နေ့လုံး ပျော်ပါးရွှင်မြူးခဲ့ရသမျှတို့ကို တစိမ့်စိမ့် တွေးကာ နှစ်သိမ့်ကျေနပ်၍ လာခဲ့လေရာ ဝဲယာပတ်လည်ကိုပင် မမြင်နိုင် အာရုံမဝင်စားနိုင်ဘဲ သူနှင့်ရွယ်တူတန်းတူ သူငယ်ကလေးတစ်ယောက်ကို ဝင်၍ တိုက်မိတော့မည် ရှိကာမှ ပတ်ဝန်းကျင်ကို သတိရလေတော့သည်။

ထိုသူငယ်ကလေးသည် ပွဲခင်းဆီသို့ မျှော်၍ကြည့်နေရာက ငေး၍လာသော ဆိုးပေအား "ဟေ့.....ဒါဘာလဲကွ" ဟု မေးလိုက်လေ၏။

"ဒါ တပေါင်းပွဲတော်ပေါ့ကွ။ မင်းမသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ပွဲတော်လုပ်နေတာ။ ဘယ်နှရက်ရှိပြီလဲ"

"မပြောတတ်ဘူး။ ဒါနောက်ဆုံးနေ့ပဲ"

"ဟန်ကျတာပေါ့ကွာ။ တို့ရွာမှာ ဒီနှစ်တပေါင်းပွဲတော် မဖြစ်ဘူး" ဟု ထိုသူငယ်ကလေးငက ပြောပြလေ၏။

ခါတိုင်းကဲ့သို့ ဆိုလျှင် ဆိုးပေသည် ထိုသူငယ်ကလေးကို ဂရုမထားဘဲ ထိုမျှလောက် ပြောဆိုပြီး ထွက်ခွာသွားမည်ပြုသော်လည်း ယခုမူ ထိုသူငယ်ကလေး၏ မျက်နှာပေါ်တွင် တစ်စုံတစ်ရာ ကြံစည်စိတ်ကူးမိသည့် အမူအရာပေါ်၍ လာသည်ကို တွေ့ရသည့်ပြင် တစ်ရပ်တစ်ရွာက သူငယ်ကလေး တစ်ယောက်ဖြစ်နေသည်ကို သိရသောကြောင့် ထိုသူငယ်အား စိတ်ဝင်စားစွာ စူးစိုက်ကြည့်နေမိလေသည်။

"မင်းဘယ်သွားမလို့လဲ" ဟု ထိုသူငယ်က ဆိုးပေအား ဆက်၍ မေးပြန်လေ၏။

"အိမ်ပြန်မလို့" ဟု ဆိုးပေက ဖြေ၏။

"မင်း.....လက်ဖက်ရည်တွေ မုန့်တွေ ဘာတွေမစားချင်ဘူးလား"

"ငါအိမ်ပြန်ရောက်ရင် စားရမှာပေါ့"

"မင်းတို့ အိမ်မှာ ဘာတွေ စားရသလဲ"

"အမျိုးစုံ စားရတာပေါ့။ ဒီနေ့တော့ ဘာကျွေးမလဲ မသိဘူး..."

"ဟော့...မင်းတို့အိမ်မှာ ကျွေးတာထက် ကောင်းတာတွေ ကျွေးရင်မစားချင်ဘူးလား"

"မင်းကျွေးနိုင်လို့လား"

"ဒီလိုဆိုရင် ငါပြောမယ်။ ငါ နှင်းဆီကုန်း လော်ကယ်ရထားနဲ့ အခုပဲလိုက်လာတာ ဒီရွာမှာ ငါ့ကို မွေးစားတဲ့ အမေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ရှိတယ်။ သူက ငါ့ကို မုန့်တွေ ဘာတွေ ကျွေးမယ်။ လာခဲ့ပါဆိုလို့ လာရတာ။ ဒါပေမဲ့ ငါ သူ့ဆီကို မသွားချင်တော့ဘူး။ ပွဲဈေးတန်း လျှောက်လည်ပြီး ညနေ–လော်ကယ် ရထားနဲ့ ငါပြန်ချင်လို့။ ငါ့အစား အဲဒီအိမ် သွားပေးပါလား။ မင်းမုန့်တွေ တစ်ဝကြီးစားရမှာပေါ့"

"မင်းဉစ္စာ ဘယ်ဖြစ်နိုင်ပါ့မလဲ။ ငါ–မင်းမဟုတ်ဘူးဆိုတာ သူသိမှာပေါ့"

BURMESE CLASSIC .com

"ဟင့်အင်း သူမသိဘူး။ ငါ့ကို မွေးခါစတုန်းကသာ သူသိတာ။ အဲဒီတုန်းက တို့နဲ့ တစ်ရပ်တည်း နေတယ်။ ငါတို့ အမေနဲ့ သိပ်ချစ်တယ်။ ငါ့ကို သားဦး စနေဆိုပြီး သူက မွေးစားထားတာ ဒီနောက် သူတို့ မုံရွာကို အလုပ်ပြောင်းသွားကတည်းက ငါတို့နဲ့ ကွဲသွားကြတာ။ အခု အလုပ်ပြန်ပြောင်းရလို့ ဒီရောက်လာတာနဲ့ ငါ့ကို မှာလိုက်လို့ ငါ လိုက်လာတာပဲ။ ငါကြီးမှ တစ်ခါမှ မတွေ့ရသေးဘူး" ဟု ထိုသူငယ်ကလေးက ပြောပြပြီးနောက် "လုပ်ပါကွာ။ ငါ့အစား သွားပေးစမ်းပါ။ သူတို့မှာ သားသမီးမရှိလို့ ကလေးတွေကို အင်မတန် ချစ်တယ်လို့ အမေက ပြောတယ်။ မင်းကို ဗိုက်ကားနေအောင် ကျွေးမှာပါပဲ" ဟု သွေးဆောင်တိုက်တွန်းလေ၏။

ဆိုးပေမှာ အစားဆို၍ သရေကျမိသော်လည်း ထိုကိစ္စမှာ ထင်သလောက် မလွယ်ကူသည်ကို တွေးမိလေသည်။

"ဒါပေမဲ့ သူတို့က မင်းတို့ ဆွေတွေမျိုးတွေ အကြောင်း လျှောက်မေး။ ငါက အမှားတွေ ဖြေမိတော့မှ အကြီးအကျယ် ချောက်ကျနေပါဦးမယ်။ အဲဒါမှ ပြေးပေါက်မှားမှာ"

"အို…ဒါကိုတော့ မပူနဲ့။ ငါတို့ အမေက ဆွေအကြောင်း မျိုးအကြောင်း အကုန်လုံး စာထဲရေးထည့်ပေးလိုက်တယ်။ ဒီစာ



www.burmeseclassic.com

www.burmeseclassic.com



ကို ဖတ်ရတဲ့နောက် သူ မေးစရာဘာမှမရှိတော့မှာ မဟုတ်ဘူး။ ဒီအတွက်တော့ စိတ်သာချပါ"

ဆိုးပေသည် ငြိမ်သက်တွေဝေစွာဖြင့် အခြေအနေကို မှန်းဆ စဉ်းစားကြည့်မိလေသည်။ ထိုသူငယ် ပြောစကား အတိုင်း သာဆိုလျှင် ငှက်ပျောသီးအခွံနွှာ၍ စားသည်ထက်ပင် လွယ်ပုံရလေသည်။ သို့သော် သူ၏ ဘဝအတွေ့အကြုံအရဆိုလျှင် လွယ်ကူလှသည်ဟု ထင်ရသည့် ကိစ္စအားလုံးမှာ ယုံကြည်စရာ မရှိကြောင်းကို ကောင်းကောင်းကြီး သိထားလေသည်။

ပွဲခင်းဆီမှ ဆူညံဆူညံ တီးမှုတ်သံများမှာ လေထဲတွင် ပျံ့ဝဲ၍ပါလာလေရာ ထိုသူငယ်လေးမှာ တိုး၍မရိုးမရွ ဖြစ်လာလေတော့၏။

"ရှိကြီးခိုးပါရဲ့ကွာ။ ငါ့အတွက် သွားပေးစမ်းပါ။ မင်းနဲ့ငါနဲ့ဟာ ရွယ်တူလောက်ပဲ။ သူလည်းပဲ မမှတ်မိပါဘူး။ မင်းကို မုန့်ဖိုးတွေလည်း အများကြီး ပေးလိုက်လိမ့်မယ်။ အဲဒါ မင်းပဲယူပါ။ ငါတော့ ပွဲဈေးမှာ လျှောက်လည်ရရင် ကျေနပ်ပြီ"

ဆိုးပေမှာ စောစောက ငြင်းဆန်နေခဲ့သော်လည်း ပြောရင်းပြောရင်း တဖြည်းဖြည်း စိတ်ပါ၍ လာလေသည်။ ယင်းသို့ စိတ်ညွတ်လာရခြင်းမှာ မုန့်နှင့် မုန့်ဖိုးကို မက်၍ မဟုတ်ဘဲ အသစ်အဆန်း စွန့်စားခန်းတစ်ရပ်အနေဖြင့် စိတ်ဝင်စားခြင်း ဖြစ်ပေ၏။

"ကောင်းပြီကွာ......မင်းမွေးစားတဲ့အမေ ဘယ်မှာ နေသလဲ ပြော–ငါသွားမယ်"

သူငယ်ကလေးသည် ဝမ်းမြောက်၍မဆုံးသော မျက်နှာဖြင့် ရွှင်ပြုံးလျက် အိတ်ထဲက စာတစ်စောင်ကို ဆိုးပေအား ထုတ်၍ ပေးပြီးလျှင် ပွဲခင်းဆီသို့ သုတ်ခြေတင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် နေပါဦး။ မင့်နာမည် ပြောခဲ့ဦး"

ထိုသူငယ်ကလေးသည် ပြေးရင်းလွှားရင်းက အော်၍ ပြောလိုက်သည့် အသံမှာ "နေဝင်း"ဟူ၍ လေထဲတွင် သဲ့သဲ့ ကလေး ပါ၍ လာလေ၏။

ဆိုးပေသည် လက်ထဲက စာအိတ်ကိုကြည့်ရင်း မိမိ၏ စွန့်စားရမည့်အလုပ်မှာ လွန်စွာကြီးမားလှသည်ကို တွေးမိလေ၏။ သို့ဖြစ်၍ မိမိမလုပ်လိုကြောင်း စိတ်ပြောင်းသွားခြင်းကို ပြောရန် "ဟော့ နေပါဦးကွ" ဟု ဆိုကာ ထိုသူငယ်သွားရာဘက်သို့ ပြေး၍ လိုက်သော်လည်း မမီတော့ချေ။

နေဝင်းမှာ မြားပစ်လွှတ်လိုက်သကဲ့သို့ ပွဲဈေးတန်း လူအုပ်ကြားထဲသို့ လျင်မြန်စွာ ရောက်ရှိပျောက်ကွယ်သွားပြီကို တွေ့ရသဖြင့် ဆက်လိုက်ရန် စိတ်လျှော့လိုက်ကာ ရွာဘက်သို့ ပြန်ခဲ့ရလေ၏။ ထိုသို့ ပြန်၍ လျှောက်လာရင်း စာအိတ်ကိုကြည့် ရာတွင် "ဦးဘစိုး ဒေါ်အုန်းရင်" ဟူသော နာမည်နှင့် တကွ လိပ်စာကို တွေ့ရလေ၏။ လိပ်စာမှာ ရွာအရှေ့ပိုင်း ညောင်စင် တန်းဟု ဖော်ပြထားလေသည်။

နာမည်များကို တွေ့ရသဖြင့် ဆိုးပေ၏ စိတ်ထဲ၌ အလို အလျောက် စနောင့်စနင်း ဖြစ်လာမိသော်လည်း နေဝင်းအား ကတိပေးထားပြီး ဖြစ်သဖြင့် ကတိအတိုင်း ဆောင်ရွက် စွန့်စား ရတော့မည် ဖြစ်ပေ၏။

သို့ဖြစ်၍ ဆိုးပေသည် လုံချည်ကိုပြင်၍ ဝတ်ကာ ကိုယ် ပေါ်မှ ဖုန်မှုန့်များကို ပွတ်သပ်ပုတ်ခါပြီးလျှင် ဆံပင်ကို သပ်ရပ် အောင် လုပ်၍ မျက်နှာကို ချေးလက်လေးသစ်ကပ်နေသော လက်ကိုင်ပဝါဖြင့် ပွတ်လိုက်ပြီးနောက် စိတ်ကို တင်းလျက် နေဝင်း၏ မွေးစားမိခင်နေထိုင်သည့် အိမ်ဆီသို့ ဆက်လက်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာသွားလေ၏။

အိမ်ကလေးမှာ လမ်းထောင့်တွင် ရှိပြီး ခေတ်ဆန်ဆန် ဆောက်လုပ်ဆေးသုတ်ထားလျက် ပြတင်းပေါက် ခန်းဆီး အဖြူကလေးများဖြင့် သပ်သပ်ရပ်ရပ် ရှိလှပေသည်။ ဆိုးပေသည် ဝင်းတံခါးဝတွင် ခေတ္တရပ်တန့် တွေဝေနေပြီးမှ သတ္တိကို ပြန်လည်မွေးမြူကာ အိမ်ရှေ့တံခါးဆီသို့ သွားရောက် တံခါးခေါက်လိုက်လေ၏။

တံခါးကို မိန်းမကြီးတစ်ယောက်က ဖွင့်၍ပေးလေသည်။ ထိုမိန်းမကြီးကို ကြည့်ရခြင်းအားဖြင့် ဒေါ်အုန်းရင် ဖြစ်ကြောင်း သိသာနိုင်သော်လည်း ဆိုးပေမူလကထင်မှန်းထားသောရုပ်မျိုးမဟုတ်ဘဲ နူးညံ့သိမ်မွေ့လှပြီး မိဘသဖွယ် ကြင်နာသနားတတ်သော ဟန်အမူအရာရှိသည်ကို တွေ့ရလေ၏။

"ဟော့...မင်း မောင်နေဝင်း မဟုတ်လား။ လာလာ..... ဝင်ဝင် အမယ်လေး ကြီးလာလိုက်တာဟယ်"

ဆိုးပေသည် အိမ်ထဲသို့ ဝင်ပြီးနောက် အိမ်ရှေ့တံခါး ပြန်၍ ပိတ်လိုက်သည်ကို တွေ့ရသည့်အခါတွင် ကျောက်ဂူကြီးတစ်ခုထဲတွင် အလုံပိတ်ထားခံရသကဲ့သို့ စိတ်ငယ်သလို ဖြစ်မိလေ၏။ သို့သော် ယခုအချိန်မှ နောက်ပြန်၍ ဆုတ်မရတော့ပြီ ဖြစ်ရာ ဖြစ်ချင်ရာဖြစ်စေတော့ဟု နှလုံးပြုလိုက်ရလေ၏။ ဒေါ်အုန်းရင်ကား ဆိုးပေကို ဘယ်ငဲ့ညာငဲ့ကာ တပြုံးပြုံးနှင့် ကြည့်နေလေ၏။ "အမေ့သားကြီးနဲ့ နှစ်လသားကတည်းက ကွဲခဲ့ရတာ အခုမှပဲ ပြန်တွေ့ရတော့တယ်။ ငယ်ငယ်က ရုပ်အတိုင်းပါပဲ မဟုတ်ဘူးလား ကိုစိုးရယ်"

ဦးဘစိုးသည် အနားသို့ ရောက်လာကာ ဆိုးပေအား ချစ်ခင် ပြုံးရွှင်စွာဖြင့် ခြေဆုံးခေါင်းဖျား ကြည့်နေလေ၏။ ဦးဘစိုးမှာလည်း ဒေါ်အုန်းရင်ကဲ့သို့ ချစ်ခင်ကြည်ညိုဖွယ် ရှိလျက်



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်မှာ ဒေါ်အုန်းရင်ထက် ပို၍ဖြူနေပြီ ဖြစ်ပေ၏။

"အဲဒါ ကျွန်မတို့ သားကလေး မောင်နေဝင်းလေ။ ငယ်ငယ်တုန်းကသာ မြင်ဖူးကြရပေမယ့် အခုလောက် အရွယ်ရောက်လာတာတောင် ရုပ်ကိုတော့ ဖမ်းလို့ ရသေးတာပဲ"

"ငါ့သားကြီးက ကြီးလာမှ ပိုပြီး ချစ်စရာ ကောင်းနေပါသေးတော့လား။ မင်း–မီးရထားနဲ့လာသလား" ဟု ဦးဘစိုးက မေးလိုက်၏။

"မဟုတ်ဘူး" ဟု ဆိုးပေက အမှန်အတိုင်းလွှတ်ခနဲ ပြောလိုက်မိပြီးမှ ချက်ချင်းရှေ့စကားကို အမီလိုက်၍ "ဟုတ်ကဲ့" ဟု ပြင်လိုက်ရလေ၏။

"ဟော...ဒီမှာ သူ့အိမ်ကစာပေးလိုက်တယ်။ အရှည်ကြီးပဲ။ ကဲ...လာလာ...ဒီမှာထိုင်ပြီး ဖတ်ကြရအောင် မောင်နေဝင်းလည်း ညောင်းညာလာရော့မယ်။ နားနားနေနေ ထိုင်ပါဦး"

ဦးဘစိုးနှင့် ဒေါ်အုန်းရင်တို့သည် နှစ်ယောက်ထိုင် ကုလားထိုင်ကြီးပေါ်တွင် ယှဉ်တွဲထိုင်လျက် ခေါင်းချင်းဆိုင်၍ စာကို ဖတ်နေကြကာ ဆိုးပေက သူတို့၏မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်တစ်လုံးတွင် ထိုင်ကာ အကဲခတ်နေရလေ၏။

"အင်း...ညီညီလည်း နေကောင်းတယ်နော်" ဟု ဒေါ်အုန်းရင်က ဆိုလိုက်၏။

"ဟုတ်ကဲ့...သူကတော့ အမြဲနေကောင်းတာဘဲ"

"သန်းထွန်းကလေးကလည်း အတန်းထဲမှာ စာတော်တယ်ဆိုပါကလား။ ဝမ်းသာစရာပဲ"

"ဟုတ်ကဲ့...ဝမ်းသာစရာပဲ။ သူ့အတွက် ကျွန်တော်တို့ သိပ်ဝမ်းသာနေကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးရှမ်းကြီး ကားတိုက်ခံရတယ်ဆိုတာ စိတ်မကောင်းပါဘူး"

ဆိုးပေသည် ဝမ်းနည်းသော မျက်နှာသို့ ပြောင်းကာ "ဟုတ်ကဲ့…ကျွန်တော်တို့ သိပ်စိတ်မကောင်းတာပဲ"ဟု ဆိုလိုက်၏ ။

"ဖိုးရှမ်းကြီးဟာ အသက်လည်း အတော်ကြီးလှရော့မယ်။ ဒီအရွယ်မှာလည်း ကားတိုက်မခံရအောင် သေချိန်နဲ့ နီးနေပါပြီ"

"ဟုတ်တယ်"ဟု ဆိုးပေကပြောကာ "အသက်ကိုးဆယ်နီးနေပြီ"ဟု ဆက်၍ ပြောမည်အလုပ် ဒေါ်အုန်းရင်က "ဆယ်သုံးနှစ်ရှိပြီလို့ မင်းတို့မေမေက ပြောတယ်။ ဒီအရွယ်ဆိုတော့လည်း ခွေးအိုကြီးဖြစ်နေလို့ ကားကိုလည်း ပေါ့ပေါ့ပါးပါး မရှောင်နိုင်တော့ဘူး ထင်တယ်"ဟု ဆက်၍ ပြောလိုက်မှ ဆိုးပေမှာ မိမိထင်သလို ဆွေမျိုးထဲက အဘိုးကြီးတစ်ယောက် မဟုတ်ဘဲ အိမ်တွင်မွေးထားသည့် ခွေးကြီးဖြစ်ကြောင်း သိရကာ "အသက် ၉၀ရှိပြီ"ဟူ၍ မိမိ၏ စကား ထွက်မသွားမိသည်မှာ ကံကောင်းလေစွဟု စိတ်သက်သာရာရလေတော့၏။

"မင်းတို့အဖေအမေများကော ချောင်ချောင်လည်လည်ရှိကြရဲ့လား"

ဆိုးပေမှာ ထိုစကား၏ အဓိပ္ပာယ်ကို ကောင်းစွာ နားမလည်သဖြင့် သံယောင်လိုက်ကာ "ဟုတ်ကဲ့…..အမေကတော့ ချောင်ပြီး အဖေကတော့ လည်ပါတယ်" ဟု ဖြေလိုက်လေ၏။

"ဒါပေါ့လေ….လင်ယောကျ်ားက လယ်လယ် ဝယ်ဝယ်ရှိမှ သားမယားလည်း ချောင်ချောင်ချိချိ ရှိတာပေါ့။ ဒါထက်နောက်မွေးတဲ့ ကလေးလေးကို ဘယ်လိုနာမည် ခေါ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေသည် မည်သို့ပင်ခေါ်ခေါ် မလွဲမှားနိုင်သည့် နာမည်တစ်ခုကို ရွေးချယ်စဉ်းစားနေစဉ်မှာပင် ဦးဘစိုးက "ကဲလေ–မောင်နေဝင်း ဆာလှရော့မယ်။ လက်ဖက်ရည်သောက် လိုက်ကြဦးစို့။ နောက်မှ ဆက်ပြီး ပြောကြသေးတာပေါ့" ဟု ပြောသည့်အတွက် အခက်တစ်ခုကို လွန်မြောက်ခဲ့ရပြန်လေ၏။

ပြင်ဆင်ထားသည့် စားသောက်ဖွယ်ရာများမှာ မိမိအား နေဝင်း အရိပ်အမြွက် ပြောသွားသည်ထက်ပင် ပိုလွန်ကောင်းမွန် လှသည်ကို တွေ့ရလေ၏။

"ကဲ.....မောင်နေဝင်း စာဟော့–ကြိုက်သလောက် ယူ စားပေတော့ မင်းများများ စားနိုင်လေ–တို့တော့ သဘောကျလေ ဘဲ" ဟု ဦးဘစိုးက ခွင့်ပြုလိုက်သည်နှင့် တစ်ပြိုင်နက် ဆိုးပေသည် ရေမြောင်းပုပ်ထဲ ဝမ်းဘဲခေါင်းထိုး၍ အစာစားသလို ခေါင်းမဖော် ဘဲ ပလုပ်ပလောင်း သွတ်လေတော့၏။

"ဒီလိုတော့လည်း မောင်နေဝင်း စားနိုင်သားပဲ။ မင့်မေမေ ရေးလိုက်တဲ့ စာထဲမှာ မင်းတုတ်ကွေး ဖြစ်ပြီးကတည်းက အစား အသောက် ပျက်နေတယ်ဆိုလို့ မင်းကို ကျွေးဖို့လုပ်ထား တာတွေ ပစ်ရရောထင်မိတယ်"

"အခု ကျွန်တော် ခံတွင်းပြန်ပြီး ကောင်းလာပါပြီ။ မီးရထားပေါ် ရောက်ကတည်းက ခံတွင်းကောင်းလာတယ်"

"ဝမ်းသာပါတယ်ကွာ။ ငယ်တုန်းရွယ်တုန်းမှာ စားနိုင်မှ အသားအရေတက်နိုင်မယ်" ဟု ဒေါ်အုန်းရင်က ပြောပြီးနောက် ဆက်လက်၍ "မင်း.....ကျောင်းနေရတာ ပျော်ရဲ့လား" ဟု မေး လိုက်၏။

"ဟုတ်ကဲ့" ဟု ဆိုးပေက အပြစ်ကင်းမဲ့သော အဖြေကို ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ....မေးစမ်းမယ်။ ဗန္ဓုလနဲ့ အင်္ဂလိပ်စစ်တိုက်တာ ဘယ်နှခု–နှစ်ကလဲ"

ဆိုးပေသည် ရာဇဝင်ဖတ်စာအုပ်ထဲက ခုနှစ် သက္ကရာဇ်များကို ဘယ်အခါမျှ စိတ်မဝင်စားခဲ့ချေ။ သို့ဖြစ်၍ အပြစ်ဒဏ်မကြာခဏ အပေးခံရရာတွင် တစ်ခါက ဗန္ဓုလ ရန်ကုန်တိုက်ပွဲနှင့်ပတ်သက်၍ ခုနှစ်သက္ကရာဇ်အမှန်ကို အကြိမ်တစ်ရာရေးရန် အပြစ်ဒဏ်ခံခဲ့ရသဖြင့် ထိုခုနှစ်သက္ကရာဇ်ကို ကောင်းစွာ မှတ်မိနေလေတော့သည်။

"တစ်ထောင့်တစ်ရာ ရှစ်ဆယ်ငါးခုနှစ်"

"ဟာ–သိပ်တော်ပါကလား"ဟု အဘိုးကြီးနှင့် အမယ်ကြီးနှစ်ယောက်စလုံးက သံပြိုင်ချီးကျူးကြရလေ၏။

အစစအရာရာမှာ ဆိုးပေ မျှော်လင့်သည်ထက်ပင် ချောချောမောမော ရှိနေတော့၏။ သို့သော် ကြာကြာနေလျှင် တစ်ချက်မဟုတ်မှား တစ်ချက်မှားမည်ကို တွေးမိသဖြင့် နောက်ထပ် နာရီဝက်ထက် ကြာကြာမနေဘဲ "အမေက စောစောပြန်ဖို့ မှာလိုက်တယ်"ဟု အကြောင်းပြ၍ပြန်မည်ဟု စိတ်ကိုပိုင်းဖြတ် လိုက်လေ၏။

ဆိုးပေသည် စားသောက်ပြီးသည့်နောက် မိမိ၏ အောင်မြင်မှုကို တစိမ့်စိမ့် တွေး၍ ဝမ်းမြောက်ကျေနပ်နေပြီးလျှင် မိမိ၏ ရဲဘော်များနှင့် ပြန်၍တွေ့သည့်အခါ ချဲ့ကား၍ ကြွားလိုက်ဦးမည်ဟု နှလုံးပြုရင်း ပြတင်းပေါက်ဆီသို့ အမှတ်မထင် လျှောက်၍ လာခဲ့မိလေ၏။ သို့လျှောက်လာပြီး ပြတင်းပေါက်မှ အပြင်သို့ လှမ်း၍ ကြည့်လိုက်ရာတွင် မိမိအား မွေးစကတည်းက သိကျွမ်းနေသော ဒေါ်မြတင် ခေါ် မိမိ၏ မိခင်နှင့် ရင်းနှီးချစ်ခင်သော မိန်းမတစ်ယောက် ထိုအိမ်သို့ လာ၍နေသည်ကို မြင်ရသဖြင့် မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



မျက်ဆံ ပြူး၍ သွားလေ၏။

"ကျွန်...ကျွန်တော် ပြန်တော့မယ်။ မီးရထား မီအောင် ပြန်မှ ဖြစ်မယ်။ အခုပဲသွားမှ ဖြစ်မယ်" ဟု ဆိုးပေက ထစ်ထစ် ငေါ့ငေါ့ဖြင့် ပြောဆိုလေ၏။

သို့သော် ဆိုးပေမှာ ပြေးပေါက်မရှိတော့ပေ။ နောက်ကျ၍ နေချေပြီ။ ထိုသို့ ပြောလိုက်သည့် အချိန်မှာပင် ဒေါ်မြတင် သည် အိမ်ထဲသို့ ဝင်ရောက်လာနေပြီကို တွေ့ရလေ၏။

ဒေါ်မြတင်သည် အိမ်ရှင်များနှင့် အားရဝမ်းသာ နှုတ်ဆက်စကား ပြောဆိုနေပြီးနောက် ဆိုးပေကို မြင်မိကာ မနှစ်မြို့ သော အမူအရာဖြင့် အကဲခတ်နေလေ၏။

"ဟဲ့ဆိုးပေ...မင်းဘယ့်နှယ်ဒီရောက်နေတာလဲ"

ဆိုးပေမှာ ကြက်သေသေကာ စကားမပြော မလှုပ် မယှက်ကြီး ဖြစ်နေစဉ်မှာပင် ဦးဘစိုးက "အဲဒါ ကျုပ်တို့ မွေးစား သား မောင်နေဝင်းရယ်။ အခုညနေပဲ မီးရထားနဲ့ရောက်လာ တယ်" ဟု ရှင်း၍ ပြောပြလေ၏။

ဒေါ်မြတင်သည် မကျေနပ်သောမျက်နှာဖြင့် ဆိုးပေကို ထပ်၍ ကြည့်လေသည်။ ယခုမူ ဆိုးပေမှာ ဦးဘစိုး၏ စကား ကြောင့် အားတက်လာပြီးလျှင် ဒေါ်မြတင်ကို တစ်ခါမှ မသိဘူး၊ မမြင်ဘူးသည့်အနေဖြင့် ခပ်တည်တည် မျက်နှာထား နေလိုက် လေ၏။

ဤတွင် ဒေါ်မြတင်မှာ ဇဝေဇဝါဖြစ်၍သွားကာ "မဟုတ် ပါဘူး ကျွန်မ အတတ်ပြောနိုင်ပါတယ်" ဟု ဆိုရာက တွေဝေသွား ပြီး "သူ နာမည် ဘယ်သူ....." ဟု မေးလိုက်လေ၏။

"မောင်နေဝင်း"



www.burmeseclassic.com

www.burmeseclassic.com



“ဒါ ဒေါ်အုန်းရင်တို့ မွေးစားတဲ့ သားလား”

“ဟုတ်ပါတယ်”

ဒေါ်မြတင်၏ စိတ်ထဲတွင် မသင်္ကာသလိုလို ဖြစ်မိလေသည်။ ဆိုးပေကို သူကောင်းစွာ သိသည်။ ဤသူငယ်ကလေးမှာ ဆိုးပေနှင့် ဆံချည်တစ်ပင် မလွဲပေ။ အမှန်ပင် ဆိုးပေ ဖြစ်ရမည်။ တစ်စုံတစ်ခု ရှုပ်ပွေရန် အကြံနှင့် ရောက်နေခြင်း ဖြစ်ရမည်ဟု ယုံကြည်ကာ ဆိုးပေအား စွပ်စွဲလိုသော အမူအရာဖြင့် စိုက်ကြည့်ပြန်လေသည်။ သို့သော် ဆိုးပေသည် တုန်လှုပ်ခြင်း မရှိ၊ ဣန္ဒြေမပျက် ဒေါ်မြတင်ကို တစ်သက်လုံးမမြင်ဘူးသည့် အမူအရာနှင့် လုပ်နေလိုက်ရာ ဒေါ်မြတင်၏ မသင်္ကာသော စိတ်မှာ တဖြည်းဖြည်း လွင့်ပျောက်သွားပြီးနောက် .....

“အေးလေ သူတို့မွေးစားတဲ့သား.....သူတို့မှားနိုင်ပါ့မလား။ လူတူမရှား နာမည်တူမရှားဆိုတာ အရှိသားပဲ”ဟု စိတ်ထဲက ဖြေရှင်းကာ မိမိအမြဲဖတ်သည့် မဂ္ဂဇင်းထဲတွင် လူတူများအကြောင်း ရေးထားသော ဆောင်းပါးတစ်ခုကို သတိရမိလေ၏။ ထိုစာအုပ်ထဲတွင် သွေးသားမတော်စပ်၊ တစ်ယောက်ကို တစ်ယောက်မမြင်ဖူးပဲ ရုပ်ချင်းတစ်ထပ်တည်း တူညီသော သူတို့၏ အဖြစ်အပျက်အဆန်းများကို ဖော်ပြထားရာ မိမိလည်း ထိုအကြောင်းကို ဆောင်းပါးရေး၍ ပို့ဦးမည်။ ဤကလေး နှစ်ယောက်စလုံးကိုလည်း တွဲ၍ ဓာတ်ပုံရိုက်ယူမည်ဟု စိတ်ကူးမိလေ၏။

“ကျွန်မတို့ရဲ့ အသိမိန်းမတစ်ဦးရဲ့ သားကလေး တစ်ယောက်ဟာလည်း ဟောဒီကလေးနဲ့ တစ်ထေရာတည်း ချွတ်စွပ်တူသလို သိပ်တူတာပဲ။ သူ့နာမည်ကတော့ ကျော်ဒင်တဲ့ ဆိုးပေလို့လည်း ခေါ်တယ်”ဟု ဒေါ်မြတင်က ဦးဘစိုး မောင်နှံ



www.burmeseclassic.com

www.burmeseclassic.com



အား ပြောပြပြီး ဆိုးပေဘက်သို့ လှည့်ကာ "မင်းနဲ့များ အမျိုးတော်သလား" ဟု မေးလိုက်၏။

"ဟင့်အင်း သူ့ကိုတစ်ခါမှ မကြားဖူးပါဘူး"

"သိပ်ပြီးတော့ အံ့ဩစရာပဲရှင်။ တူပဲ တူလွန်းလှတယ်။ ပြောရင် ယုံမှာမဟုတ်ဘူး။ ဘယ်လောက်တူသလဲဆိုတာ မြင်ရအောင် ကျွန်မခေါ်ပြဦးမယ်။ ခေါ်ဆို အခုပဲသွားခေါ်လိုက်ပါ့မယ်။ ကျွန်မတို့ အိမ်နဲ့ သိပ်မဝေးပါဘူး" ဟု ဒေါ်မြတင်က ပြောဆိုကာ နှုတ်ဆက်၍ ထွက်သွားလေ၏။

ဦးဘစိုးနှင့် ဒေါ်အုန်းရင်တို့မှာမစဉ်းစားတတ်သည့် အမူအရာဖြင့် ငေးမောကျန်ရစ်ခဲ့ကြလေ၏။

"ကျွန်တော် ပြန်ရတော့မယ်။ အမေက ငါးနာရီခွဲပြန်ခဲ့လို့ မှာလိုက်တယ်။ အခုပြန်မှ ဖြစ်လိမ့်မယ်"

ထိုအခိုက်မှာပင် ကြေးနန်းစာတစ်စောင် ရောက်၍လာရာ ဦးဘစိုးက ယူ၍ ဖတ်ကြည့်လေ၏။

"မင်းတို့ အမေဆီက ကြေးနန်းပဲ။ အမာပု တစ်ယောက် ကျောက်ပေါက်နေလို့တဲ့"

"ဘယ်အမာပုလဲ"

"မင်းထက်အငယ် မင်းနှမကလေးလေ"

"ဟုတ်ကဲ့"ဟု ဆိုးပေက ပြောလိုက်ပြီးမှ ဆက်၍"ဩော် ဟုတ်တယ်.....ဟုတ်တယ်" ဟု ပြောလိုက်ရလေ၏။

"အဲဒါကြောင့် မင်းပြန်လို့ မဖြစ်သေးဘူး။ ဒီရောဂါမျိုးဟာ ကူးတတ်တယ်။ ဒါကြောင့် မင်းကို ခွဲထားဦးမှ ဖြစ်မယ်"

ဆိုးပေမှာ မျက်စိကလေး ကလယ်ကလယ်နှင့် ဖြစ်ကာ "ဟုတ်–ဟုတ်ကဲ့" ဟု ပါးစပ်က လွှတ်ခနဲ ပြောလိုက်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲကမူ ယခုပြောင်းလာသော အခြေအနေအရ နေဝင်း အစစ်ကို တွေ့အောင် လိုက်၍ရှာမှ ဖြစ်တော့မည်ဟု တွေးနေလေ၏။

"ကျွန်တော် မပြန်ရရင်လည်း ပွဲဈေးတန်းကို သွားပါရစေ"

"ဘယ်ဖြစ်မလဲ လူကလေးရဲ့။ ကျောက်ရောဂါဆိုတာ ကူးတတ်တယ်။ မင်းမှာလည်း ပါချင်ပါလာမယ်။ အဲဒါကြောင့် အပြင်သွားလို့ မဖြစ်သေးဘူး။ အိမ်ထဲမှာပဲ နေရမယ်"

ဆိုးပေသည် ဘာမျှပြန်၍မပြောဘဲ ဦးနှောက်ထဲတွင် အပြင်းအထန် အလုပ်လုပ်၍ နေတော့၏။

မိမိသည် နေဝင်း မဟုတ်ပါဟု ဖွင့်၍ပြောဖို့ကား မဖြစ်တော့ပြီ။ သို့ပြောလျှင် ဦးဘစိုးတို့က မိမိအပေါ်၌ ဒေါသူပုန်ထကြတော့မည်။ ဤကိစ္စမှာ မိမိ၏ အပြစ်မဟုတ်။ နေဝင်းလုပ်သည့် အမှုဖြစ်၍ သူ့အပြစ်သူ ခံစေရန် နေဝင်းကို တွေ့အောင် လိုက်၍ ရှာရန် ရှိပေ၏။

"ကျွန်တော် ပွဲဈေးတော့ မသွားပါဘူး။ ဒါပေမဲ့ ကျန်းမာရေးအတွက် လမ်းလျှောက်ချင်တယ်"

"မဖြစ်ဘူးကွယ် မဖြစ်ဘူး။ မနက်ကပဲ မင်းညီမလေးနဲ့ အတူတူနေခဲ့သေးတော့ ရောဂါဟာ မင်းမှာ ရှိချင်ရှိလာမယ်။ အဲဒါကြောင့် မင်းကို ကာဘော်လိပ်ဆပ်ပြာနဲ့ ရေမိုးချိုးပြီး အိမ်ပေါ်တက် အိပ်ခိုင်းထားရဦးမယ်"

"ဟုတ်ကဲ့"ဟု ဆိုးပေသည် မပြုံးမရွှင်သော မျက်နှာထားဖြင့် ဖြေလိုက်လေ၏။

သို့နှင့် ဆိုးပေသည် ရေမိုးချိုးရပြီးနောက် အိမ်ပေါ်တက် ခုတင်တစ်ခုပေါ်တွင် မအိပ်ချင်ဘဲ လဲလျောင်းနေရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤအတိုင်းဆိုလျှင် မိမိမှာ အိမ်သို့ ပြန်ရတော့မည် မဟုတ်ချေ။ ထမင်းစားချိန်ရောက်၍မှ အိမ်သို့ မပြန်လျှင် မိဘများ ပူပန်နေကြတော့မည်ကို တွေးမိကာ ဒေါ်အုန်းရင် အခန်းထဲမှ ထွက်သွားသည်နှင့် တစ်ပြိုင်နက် အိပ်ရာထဲမှ ထွက်ကာပြတင်းပေါက်ကို ဖွင့်ပြီးလျှင် ဝရံတာကို ထောက်ထားသည့် တိုင်တစ်လုံးမှ လျှော၍ဆင်းခဲ့လေ၏။ ထိုအလုပ်မျိုးကို ဆိုးပေမှာ ကျွမ်းကျင်ပြီးသား ဖြစ်သည့်အလျောက် ချောမောစွာ အိမ်အောက်သို့ ရောက်သွားပြီး ပုဏ္ဏရိက်ချုံအကွယ်တွင် ခေတ္တမျှ ပုန်းဝပ်ကာ လူရိပ်လူခြေကို ကြည့်နေရလေ၏။ ဘယ်သူ့ကိုမျှ အနီးအပါးတွင် မမြင်ရမှ ဆိုးပေလည်း စိတ်ချလက်စွာဖြင့် ခြံစည်းရိုးကို ဖောက်ဝင်ထွက်ပြေးလေတော့၏။

အိမ်နှင့် အတော်ဝေးသည့်နေရာသို့အရောက်တွင် ဆိုးပေသည် ဦးစွာဘာလုပ်ရမည်ကို မဆုံးဖြတ်တတ်သကဲ့သို့ ရပ်တန့်တွေဝေ၍ စဉ်းစားရလေ၏။ ဆိုးပေ၏ စိတ်ထဲတွင် အိမ်သို့သာ တန်း၍ ပြန်ချင်၏။ သို့သော် နေဝင်းအပေါ်တွင် မိမိ ပြုအပ်သည့် တာဝန် ကျန်ရှိနေသေးသည်ကို စဉ်းစားမိ၏။ သူ့ကို မတွေ့တွေ့အောင် ရှာ၍ နောက်ဆုံးအခြေအနေကို ပြောပြရန် ရှိပေ၏။ သို့ဖြစ်၍ ပွဲဈေးသို့ သွား၍ရှာမည်။ တွေ့လျှင်တွေ့ မတွေ့လျှင်လည်း အိမ်သို့ ပြန်ရုံပင် ရှိတော့သည်ဟု စဉ်းစား ဆုံးဖြတ်ကာ ပွဲဈေးသို့ သွားရန်ခြေကုန်သုတ်၍ ပြေးလေတော့၏။

ဆိုးပေသည် နေဝင်းကို တွေ့ရန် အာရုံတစ်ခုတည်းသာ စူးစိုက်ထားသဖြင့် ရှေ့ကလာနေသော မိန်းမကြီးတစ်ယောက်ကို ဂရုမစိုက်မိဘဲ ဝင်၍တိုက်လုနီးမျှ ရင်ဆိုင်တိုးမိကြလေ၏။

"ဟဲ့ကောင်လေး လမ်းသွားတာ ကြည့်သွားမှပေါ့" ဟု ထိုမိန်းမကြီးက သတိပေးလိုက်ပြီးမှ "ဟဲ့ ဆိုးပေပါကလား ငါ



www.burmeseclassic.com

www.burmeseclassic.com



နင့်လိုက်ရှာနေတာ” ဟု ဆိုလိုက်လေ၏။

ဆိုးပေသည် ထိုမိန်းမကြီးကို ကြည့်လိုက်ရာ ဒေါ်မြတင် ဖြစ်နေသည်ကို တွေ့ရလေ၏။

“ငါ နင်တို့အိမ်ကပဲ ပြန်လာတယ်။ နင့်သွားရှာတာ ပွဲဈေးက ပြန်မလာသေးဘူးလို့ နင့်အမေက ပြောလိုက်တယ်”ဟု ဆိုပြီးနောက် “ကိစ္စတစ်ခုရှိလို့ ငါနဲ့လိုက်ခဲ့စမ်း နင်နဲ့ တစ်ထေရာ တည်းတူတဲ့ ကလေးတစ်ယောက်တွေ့နေရလို့ နင်နဲ့ယှဉ်ပြီး ပြစရာ ရှိလို့”ဟု ပြောပြကာ ဆိုးပေအားလက်ဆွဲ၍ ခေါ်လေရာ ဆိုးပေမှာ မငြင်းသာ မဆန်သာဘဲ ဒေါ်မြတင် ခေါ်ရာသို့လိုက်ကာ ထွက်ပြေး လာခဲ့သော အိမ်ကြီးသို့ ပြန်၍ရောက်ရပြန်လေ၏။

ဦးဘစိုးက တံခါးဖွင့်ပေးကာ ဆိုးပေအား အံ့အားသင့်စွာ ကြည့်နေလေ၏။

“ဘယ့်နှယ် မောင်နေဝင်း အပြင်ရောက်နေတာလဲ” ဟု ပြောကာ “မအုန်းရင်ရေ လာပါဦး” ဟု ခေါ်လိုက်လေ၏။

ဒေါ်အုန်းရင် ရောက်လာကာ ဆိုးပေကို ကြည့်ပြီး “မောင်နေဝင်း အိမ်ပေါ်မှာ အိပ်နေတာ ဘယ်အချိန်က ဆင်းလာ တာလဲ” ဟု ဆိုလေ၏။

“မဟုတ်ဘူး ဒေါ်အုန်းရင်ရဲ့။ ဒါမောင်နေဝင်း မဟုတ် ဘူး။ မောင်ကျော်ဒင်ဆိုတဲ့ သူငယ်ပါ။ အင်မတန် တူတယ်လို့ ကျွန်မပြောနေတဲ့ ကလေးပါ”

“မောင်နေဝင်းပါ မမြတင်”

“အဲဒါကြောင့် အံ့သြလောက်အောင် တူပါတယ်လို့ ကျွန်မ ပြောနေတာ သူ မောင်နေဝင်း မဟုတ်ဘူး။ ဟိုကလေးက အိမ်ပေါ်မှာလို့ ဒေါ်အုန်းရင်ပဲ အခုပြောသေးတယ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဒီကလေးကို မွေးစကတည်းက ကျွန်မ သိတာ။ သူ့အမေနဲ့လည်း သိပ်သိကျွမ်းတာပဲ။ ကဲ–မင့်နာမည် ဘယ်သူလဲ ဆိုတာ ပြောပြလိုက်စမ်းပါကွယ်”

“ဆိုးပေ။ အဲလေ။ ကျွန်တော့် နာမည် ကျော်ဒင်” ဟု ဆိုးပေက မျက်နှာအတည်ထား၍ ပြောပြလေ၏။

ဒေါ်အုန်းရင်မှာ ကျီးကြည့် ကြောင်ကြည့်ဖြစ်နေလေ၏။ ဤသူငယ်မှာ မောင်နေဝင်း အမှန်ဖြစ်သည်ကို ကျမ်းကျိန်၍ ပြောရဲသော်လည်း သူ့ပါးစပ်က ကျော်ဒင်ပါဟု ပြောနေသည့်ပြင် မမြတင်ကလည်း သူကိုယ်တိုင် အသိပါ ဆိုသဖြင့် ငြင်းရန် ခက်နေလေတော့၏။

“တကယ့်ကို အံ့လောက်ပါရဲ့။ ပြောရင် ယုံနိုင်စရာမရှိဘူး။ မသိတဲ့ လူတွေကတော့ သူဟာ မောင်နေဝင်းလို့ အတတ်စွဲမှာပဲ” ဟု ဒေါ်အုန်းရင်က ပြောကာ “ကဲ…အိမ်ပေါ်တက်ပြီး မောင်နေဝင်းကို ကြည့်ရအောင်။ ဖြည်းဖြည်းတက်ကြနော် ဟိုကလေးဟာ အိပ်ပျော်ရင် အိပ်ပျော်နေရော့မယ်။ လာလာ ဖြည်းဖြည်း–ဖြည်းဖြည်း”

ဆိုးပေသည် လွတ်ရာလွတ်ကြောင်းကို လမ်းပေါက်ရှာရပြန်လေ၏။ သို့သော် လှေကားပေါ်သို့ တက်မိလျက် ရှိနေပြီး ရှေ့က ဒေါ်အုန်းရင် နောက်က ဒေါ်မြတင်သို့ ရှိနေသဖြင့် ပြေးမလွတ်သာသည်ကို တွေ့ရလေ၏။

ဒေါ်အုန်းရင်သည် စကားမပြောရန် နှုတ်ခမ်းကို လက်ညှိုးနှင့် ကပ်၍ ပြပြီးနောက် ဖြည်းညင်းစွာ လျှောက်သွားပြီး အခန်းတံခါးကို အသာအယာဖွင့်ကာ အတွင်းသို့ ချောင်းကြည့်လိုက်လေ၏။ သို့ကြည့်ရင်း သူ၏ မျက်နှာပေါ်တွင် အံ့အားသင့်သည့် အမူအရာ ပေါ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် သူမရှိပါကလား"

ဒေါ်အုန်းရင်သည် ဆိုးပေ ဘက်သို့ လှည့်ကာ "မင်းဟာ မောင်နေဝင်း မဟုတ်လား မင်းပဲ ဖြစ်ရမယ်"ဟု ဆိုလိုက်လေ၏။

ထိုအခါ ဒေါ်မြတင်က "မဟုတ်ပါဘူး ဒေါ်အုန်းရင်ရဲ့ ဒီကလေးကို တစ်သက်လုံး ကျွန်မ သိပါတယ်။ သူ့အမေအဖေ တွေနဲ့လည်း အသိပဲ။ သူက ကျော်ဒင်ဆိုတဲ့ ကလေးပါ"ဟု ခိုင်ခိုင် မာမာ ပြောပြလေ၏။

ဒေါ်အုန်းရင်၏ မျက်လုံးများသည် ဆိုးပေအား သင်္ကာ မကင်းသည့် အမူအရာဖြင့် စိုက်ကြည့်လေ၏။

"ဒီလိုဆိုရင် ဒီသူငယ်ဟာ"

ဆိုးပေသည် ဒေါ်အုန်းရင်၏ စကားကို အဆုံးနားမ ထောင်တော့ပေ။ ဤအချိန်ကား ဖြစ်မြဲထုံးစံအတိုင်း မိမိ ထွက် ပြေးရန် အချိန်တန်သည်ကို တွေးကာ ဒေါ်မြတင်ကို ဖယ်ရှားပြီး ပြိုးပြိုးပျာပျာ ဣန္ဒြေမရ လှေကားပေါ်က ဆင်း၍ပြေးလေ၏။ ကံအားလျော်စွာ အိမ်ရှေ့တံခါးပွင့်နေသဖြင့် နှောင့်နှေးခြင်း မရှိဘဲ ပြေး၍ထွက်နိုင်သော်လည်း အပေါက်ဝတွင် သူငယ်တစ်ယောက် ပေါ်ပေါက်လာကာ ထုပ်စီးတိုးသလို ကာလျက် တွေ့ရလေ၏။

"ဟေ့ကောင် ဘယ်သွားမလို့တုံး"ဟု ထိုသူငယ်က ပြော ပြောဆိုဆို လှမ်းဆွဲထားလိုက်လေ၏။

ထိုသူငယ်၏ တစ်ကိုယ်လုံးမှာလည်း ဖုံအလိမ်းလိမ်း ကပ်လျက် အဝတ်အစား မသပ်မရပ်ဖြင့် ဖြစ်နေပေ၏။ ထိုသူငယ် ကလေးဟာ မောင်နေဝင်း အစစ်ဖြစ်ပေရာ ပွဲဈေးတွင် လျှောက်၍ ဆော့လာခဲ့သဖြင့် ဤသို့ ဖြစ်လာခြင်းပေတည်း။

ထိုအခိုက်မှာပင် ဒေါ်အုန်းရင်နှင့် ဒေါ်မြတင်တို့ ဆင်း၍



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာကြလေ၏။

နေဝင်းကား ဆိုးပေကို အမျိုးမျိုး တောင်းပန်နေသည်ကို တွေ့ကြရလေသည်။

“ငါ့ကို စိတ်မဆိုးပါနဲ့ကွာ။ ငါမင်းကို ဖော်ကောင်လုပ်ရအောင် လာတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ငါရှိတဲ့ ပိုက်ဆံ ပွဲဈေးမှာ သုံးလို့ ကုန်တဲ့အပြင် မီးရထားအပြန် လက်မှတ်လည်း ပျောက်သွားလို့ ဒီကိုမလာဘဲ နေမဖြစ်လို့ပါ”

ဒေါ်အုန်းရင်မှာ မိမိ၏နသယ်ကို လက်နှစ်ဖက်နှင့်ဖိကာ “ဘယ်လိုဖြစ်ကြတာတုံး ဒီကလေးက ဘယ်သူလဲ” ဟု မေးလိုက်လေ၏။

“ကျွန်တော် မောင်နေဝင်းပါ”

“ဒါဖြင့် သူကကော” ဟု ဒေါ်အုန်းရင်က ဆိုးပေအား ညွှန်ပြ၍ မေးလေ၏။

“ကျွန်တော် မသိဘူး”ဟု နေဝင်းအစစ်က အဖြေပေးကာ ဆက်လက်၍ “သူနဲ့ ကျွန်တော် လမ်းပေါ်မှာ တွေ့တာပဲ။ ကျွန်တော်ကလည်း ပွဲတော်ဖြစ်နေတာတွေ့ရပြီး ဒီနေ့ နောက်ဆုံးဆိုတာနဲ့ သိပ်သွားချင်လို့ သူလည်း မုန့်တွေ စားချင်စားရအောင် လူချင်းလဲကြတာပါ။ ကျွန်တော့် ပိုက်ဆံတွေ ကုန်မသွားသေးဘူးဆိုရင်တော့ ဒီအကြောင်း ဘယ်သူမှ သိမှာ မဟုတ်ဘူး” ဟု ရှင်းပြလေတော့၏။

ထိုအချိန်တွင် ဦးဘစိုးအနားသို့ ရောက်ရှိနေကာ မောင်နေဝင်း ပြောသမျှကို နားစိုက်နေပြီး ရှင်းရှင်းလင်းလင်း လိပ်ပတ်လည်သွားတော့မှ ဖြစ်ပုံပျက်ကို တွေး၍တွေး၍ သဘောကျကာ ဟက်ဟက်ပက်ပက် ရယ်မောမိလေ၏။ ထိုအခါမှ ဒေါ်အုန်းရင်လည်း လိုက်၍ ရယ်နိုင်လေတော့၏။ ဤကိစ္စမှာ ဆိုးပေ၏



www.burmeseclassic.com

www.burmeseclassic.com



အကြံအစည်သာ ဖြစ်ခဲ့လျှင် မည်သို့ ဖြစ်မည် မသိရချေ။ သူတို့၏ မွေးစားသားကလေး မောင်နေဝင်း၏ ရှုပ်ထွေးမှုဖြစ်နေခြင်းကြောင့်သာ အပြစ်မရှိဟု ယူဆရုံမျှမက သဘောအကျကြီးကျပြီး တော်တော်နှင့် အတောမသတ်နိုင်အောင် ရယ်မောနေမိကြလေ၏။

"ဟဲ...ဟဲ...ရယ်လိုက်ရတာ ခါးတွေတောင် နာနေပြီ။ မင်းတို့ပဲ ကြံကြံဖန်ဖန်လုပ်တတ်ပလေတယ်။ ဒီလိုရယ်စရာ အဖြစ်မျိုး တစ်ခါမှ မကြုံဖူးသေးပါဘူး"ဟု ဒေါ်အုန်းရင်က ပြောပြပြီးနောက် "ဒီအကြောင်းကို မသိရင် ခက်သေးတယ်။ မင့်နှမ အမာပုကျောက်ပေါက်နေလို့ မင်းပြန်လို့ မဖြစ်ဘူး။ မင်းပိုက်ဆံကုန်လက်မှတ် ပျောက်သွားတာ ခပ်ကောင်းကောင်းပဲ။ မင်းဒီမှာ အတော်ကြာကြာ နေရဦးမယ်" ဟု ပြောပြလေ၏။

"ကျွန်တော် စားမေးပွဲဖြေပြီးမှပဲ အကြာကြီးနေနိုင်ပါတယ်။ ကျွန်တော်လည်း သူငယ်ချင်း တစ်ယောက်ရနေမှပဲ"ဟု နေဝင်းက ဆိုးပေကို ညွှန်ပြ၍ပြောကာ "သူ့ကို သဘောကျရဲ့လား" ဟု မေးလေ၏။

"သူလည်း တော်တော်ကောင်းတဲ့ ကလေးတစ်ယောက်ပဲ။ အင်္ဂလိပ်နဲ့ဗန္ဒုလ စစ်ဖြစ်တဲ့နှစ်တောင် ဒေါက်ခနဲ ဖြေနိုင်တယ်။ မင်းကော သိရဲ့လား"

နေဝင်းသည် အတန်ကြာတွေးနေပြီးမှ "အင်္ဂလိပ်နဲ့ ဗန္ဒုလနဲ့ စစ်ဖြစ်တာ ခဏခဏဖြစ်တာ နှစ်တွေအားလုံးရော ကုန်ပြီ။ ဒါပေမဲ့ ဗန္ဒုလဘာဖြစ်လို့ သေတယ်ဆိုတာ ကျွန်တော်သိတယ်"

ဦးဘစိုးနှင့်တကွ ဒေါ်အုန်းရင်ပါ နေဝင်း၏ အဖြေကို သဘောကျကာ ဟက်ဟက် ပက်ပက် ရယ်ကြပြန်လေသည်။ ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



“မင်းနာမည်က မောင်ကျော်ဒင်တဲ့လား”

“ဟုတ်ကဲ့”

“ဒီည မင်းသူငယ်ချင်းနဲ့ အတူတူ ထမင်းစားပြီးမှ ပြန်ပေတော့။ မင်းအမေကို တို့ပြောလိုက်ပါ့မယ်။ ကဲ–မမြတင်ကော ထမင်းစားပြီးမှ ပြန်ပါလား”

“ကျွန်မ မစားတော့ဘူး” ဟု ဒေါ်မြတင်က ခပ်ပြတ်ပြတ်ပြောကာ မိမိမှာ ကြားထဲက “အရှုး” ဖြစ်ရသည်ကို မချင့်မရဲဖြစ်လျှက် ခါခါ ခါခါနှင့် ပြန်သွားလေတော့၏။

ဦးဘစိုးနှင့် ဒေါ်အုန်းရင်တို့မှာ ဒေါ်မြတင်ကို ကြည့်ကာ ရယ်လျက် ကျန်ရစ်ကြလေ၏။

♦♦♦ ❖ ♦♦♦



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# အလုပ်သမား ဆိုးပေ

ပင်နီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပီပီကလေး တပ်ထားသော ဘဲရုပ် ရော်ဘာ ပူဖောင်းကလေးထဲမှ လေပြန်အထွက်တွင် စူးရှစွာ မြည်သည့် အသံသည် ကလေးငိုသံနှင့် ကြောင်အော်သံ ပေါင်းစပ်ထား သည်နှင့်မခြား၊ နားဝကို ကလိပြီး အသည်းနှလုံးကို ယားကျိကျိ ဖြစ်စေလေ၏။ သို့သော် ထိုအသံမှာ ဆိုးပေအဖို့ ကဏ္ဍသုခ ဖြစ်စေသဖြင့် ထိုအရုပ်များ လာ၍ရောင်းချသူကို တွေ့ရတိုင်း ဆိုးပေသည် အိမ်မှပေးလိုက်သော မုန့်ဖိုးကို ထိုအရုပ်ပေါ်တွင် ရက်ရက်ရောရော သုံးလေ့ ရှိပေ၏။

ထိုအရုပ်ကလေးကို လေအပြည့်မှုတ်ပြီး လွှတ်လိုက် သည့်အခါ လေမှာ တစိမ့်စိမ့်ပြန်၍ ထွက်နေသည့်အတွက် အသံ မှာ တော်တော်နှင့် မရပ်စဲချေ။ ထိုသို့ ကြာကြာမြည်လေ ကြားရသူ တို့အဖို့မှာ အသည်းယားလေလေ ဖြစ်ရပေသည်။ ထိုသို့ သူ တစ်ပါးမနေတတ် မထိုင်တတ်ဖြစ်လေ ဆိုးပေမှာ ပို၍ ကျေနပ် မိလေသည်။

ဆိုးပေသည် ထိုအရုပ်ကို လူရှေ့သူရှေ့တွင် လေမှုတ် သွင်းခြင်းမပြုဘဲ ကွယ်ရာတွင် လေသွင်း၍ ဝှက်ယူလာခဲ့ပြီး သူတစ်ပါးအနီးသို့ ရောက်ခါမှ လေဖွင့်ပေးလေသည်။ သို့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



၍ထိုအသံကြောင့် ဆိုးပေ၏ မိခင်မှာ လက်ထဲမှ ပန်းကန် တစ်ချပ်လွတ်ကျခဲ့၏။ သူ၏ ဖခင်မှာ ခေါင်းကိုက်ရောဂါပြန်၍ ထမလာအောင် နားသယ်ကို လက်ဝါးနှင့် အုပ်ဖိထားလိုက်ရ၏။ ဆိုးပေကို ကြည့်လိုက်သောအခါ၌မူ ဣန္ဒြေမပျက် သူနှင့် မဆိုင်သကဲ့သို့ ခပ်တည်တည် လုပ်နေသဖြင့် ဆိုးပေ၏ ဖခင်မှာ ပို၍ ဒေါသထွက်မိလေ၏။

"မင်းကို ဒီအရုပ်မျိုးမဝယ်ပါနဲ့ဆိုတာ ဘယ်နှခါ ပြောနေရမှာလဲ။ စားရတာလည်းမဟုတ်။ ဝတာလည်း မဟုတ်"

"မေမေက တွေ့ကရော သရေစာတွေ ဝယ်မစားနဲ့ ရောဂါဖြစ်မယ်ဆိုလို့ မုန့်ဝယ်မစားဘဲ အရုပ်ဝယ်လိုက်တာ"

"တွေ့ကရာ စားလို့ သေသွားလည်း အေးတာပဲ။ အခု ဘယ်လောက် နားငြီးသလဲ"

"ကျွန်တော် တမင်နားငြီးအောင် လုပ်တာမဟုတ်ဘူး အဖေရဲ့။ ကျွန်တော် လေမှုတ်ရုံမှုတ်ထားတာ သူ့ဟာသူ လေပြန်ထွက်လာပြီး မြည်တာတော့ ဘယ်တတ်နိုင်ပါ့မလဲ။ ပူဖောင်းလုပ်တဲ့လူကိုက ဒီလိုလုပ်ထားတာ"

"မင်း မဟုတ်ကဟုတ်က ဆင်ခြေတွေ အင်မတန်ပေးတတ်တယ်။ သွား မင်းအရုပ်ကို အိမ်ထဲမှာ မထားနဲ့။ နောက်တစ်ခါတွေ့ရင် ငါဖျက်ဆီးပစ်မယ်"

ဆိုးပေအဖို့ ထိုပီပီ ပူဖောင်းကလေးနှင့် အပြင်မှာ ကစား၍ မပျက်စီးသေးသမျှ လုံခြုံရာတွင် သိုဝှက်ထားရန် ရှိတော့သည့်အတိုင်း ထိုအရုပ်ကို ယူ၍ အိမ်ထဲမှ ထွက်ခဲ့ရလေ၏။

ဆိုးပေသည် ဘောလုံးကို လေအပြည့်မှုတ်၍ ချိုင်းကြားတွင် ဝှက်ပြီး လျှောက်လာခဲ့ပြီး လမ်းတွင် မိန်းမကြီး တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ရင်ဆိုင်အတွေ့တွင် လေပေါက်ဖွင့်ပေးလိုက်ရာ မိန်းမကြီးမှာ လန့်၍ ခုန်မိပြီး ပါးစပ်မှလည်း အယုတ္တ၊ အနတ္တ အမျိုးစုံ ယောင်ယမ်းပြီး ထွက်သွားလေ၏။ ဆိုးပေမူကား မိမိဘာမျှ မသိရသကဲ့သို့ ဣန္ဒြေမပျက် ဆက်လက်၍လျှောက်သွားလေ၏။

ဆိုးပေသည် လူကြီးလောကကို အတော်ကလေး စိတ်နာ၍ လာခဲ့လေသည်။ ချုပ်ချယ်မှုမကင်းသော လောကကြီးကို မည်သို့ တော်လှန်ရပါမည်နည်းဟု အကြံထုတ်မိလေသည်။ ထိုသို့ အကြံထုတ်ရာတွင် လူတကာ၏ အထင်အမြင်လွဲမှားခြင်း ခံရ၊ လူတိုင်းက ဝိုင်း၍နှိပ်စက်ခြင်း ခံရသဖြင့် ပင်လယ်သို့ ထွက်ပြေးကာ စွန့်စားသော လူငယ်ကလေးတစ်ယောက်ပုံကို ပြေး၍ သတိရမိလေသည်။

ထိုသူငယ်ကလေးသည် ကျွန်းကြီးတစ်ကျွန်းသို့ ရောက်၍ ရွှေတွင်းများကို တွေ့ရှိကာ ချမ်းသာပြီး ပြန်၍ လာကာ သူ၏ မိဘများ သင်္ဘောနှင့် ရွှေတုံးများပေးပြီး တိုက်ကြီးတစ်ခုကိုလည်း ဆောက်လုပ်ပေးလေသည်။ ဆိုးပေသည် ထိုဝတ္ထုကို အလွန်သဘောကျခဲ့သည်။ နောက်ဆုံး ဇာတ်သိမ်းကိုသာ မကျေနပ်လှပေ။ မိမိသာ ဖြစ်လျှင် တိုက်ကြီးကို မည်သူမျှ မပေးဘဲ မိမိတစ်ယောက်တည်း နေမည်။ ထိုတိုက်ကြီးထဲတွင် အသံမျိုးစုံထွက်သော အရုပ်အမျိုးမျိုး ချိတ်ဆွဲထားမည့်ပြင် ကြွက်ဝမ်းဖြူကလေးများကိုပါ မွေးထားမည်။ လူကြီးများက မိမိအား သူတို့၏ အမှားကို ဝန်ခံပါမှ ရွှေတစ်တုံးနှစ်တုံးလောက်သာ ပေးမည်။ အထူးသဖြင့် အစ်ကိုမောင်တင့်ကို အနည်းဆုံးပေးမည်ဟု စိတ်ကူး မိလေသည်။ သို့ဖြစ်၍ အချိန်ကို အလဟဿ ဖြုန်းတီး မနေတော့ဘဲ ယခုပင် မိမိတစ်ယောက်တည်း ပင်လယ်သို့ သွားရောက်စွန့်စားတော့မည်ဟု နှလုံးပြုကာ ရွာထဲထွက်သည့် လမ်းအတိုင်း လျှောက်လာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ စိတ်ထဲတွင် ယင်းညတွင်းချင်းပင်လျှင် ပင်လယ်သို့ ရောက်ပြီး နောက်တစ်နေ့ ရွှေတုံးများကို တွေ့ရလိမ့်မည်ဟု ထင်မြင်မိလေသည်။ သို့ဖြစ်၍ မြန်မြန်ချမ်းသာပြီး မြန်မြန်ပြန်၍လာနိုင်မည်ဟု ယုံကြည်မိပေသည်။ မိမိပြန်ရောက်လာလျှင် ကျောင်းဆက်၍မနေ အဘယ်ကျောင်းဆရာကိုမျှ ရွှေ တစ်ပဲသား မပေးဟု ဆုံးဖြတ်လိုက်လေသည်။

ထိုသို့ လျှောက်လာရင်း နေစောင်းမှန်းမသိစောင်းလာလေ၏။ သို့ရာတွင် ပင်လယ်၏အရိပ်အခြေကိုကား ဘာမျှမတွေ့ရ။ မြေပြင်မှ ဆုံးနိုင်ခဲလှသည်ဟု ထင်မိကာ စိတ်အား လျော့စပြုလာလေ၏။ ရှေ့ကို ဆက်လက်သွားလျှင် ရွှေတွင်းများကို မုချတွေ့ရမည် ဟူသော ယုံကြည်ချက်မှာမူ ပြောင်းလဲ မသွားပေ။ သို့သော် လောလောဆယ်အားဖြင့် ဆာလောင်မောပန်း၍ လာလေရာ တစ်ခုခုတော့ လုပ်မှပဲဟု အကြံယူမိလေ၏။ သူကြားဖူးသော ပုံထဲမှ စွန့်စားသော လူငယ်ကလေးသည် ပင်လယ်သို့ မရောက်မီ လမ်းခရီးတွင် သူတစ်ပါး၏အလုပ်ကို ကူညီပေးကာ တောင်းရမ်းရှာဖွေ စားသောက်သွားရသည်ကို သတိပြုမိကာ သူလည်း ထိုအတိုင်းလုပ်ကိုင်ရန် စိတ်ပိုင်းဖြတ် လိုက်လေ၏။ သို့ရာတွင် သူယခုရောက်ရှိနေသော နေရာ၌ တောင်းခံ၍ရစရာ တစ်နေရာမှမမြင် ခြံစည်းရိုးနှင့် စာခြောက်သည့် ကောက်ရိုးရုပ်ကိုသာ တွေ့ရသဖြင့် မောမောပန်းပန်းနှင့်ပင် ဆက်လက်၍ လျှောက်ခဲ့ရလေ၏။

အတန်ငယ်ဆက်လက်သွားမိကာမှ ရွာအဆုံးနှင့် မြို့အဖျားရှိ အိမ်ကြီးတစ်ခုအနီးသို့ ရောက်လာလေ၏။ ဆိုးပေသည် ဝမ်းသာအားရဖြင့် ထိုအိမ်ခြံဝင်းထဲသို့ ဝင်သွားပြီးလျှင် ဆံပင်ကို လက်ဖြင့် သပ်ရပ်ကာ အိမ်ရှေ့တံခါးဝတွင် ရပ်၍ တံခါးခေါက်လိုက်လေ၏။ ခေတ္တမျှအကြာတွင် တံခါးပွင့်လာပြီး စွပ်ကျယ်အင်္ကျီ ဝတ်ထားလျက် သျှောင်ကြီးဖွေကို ခေါင်းပေါင်း ပတ်ထားသူ



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတစ်ယောက် ထွက်လာသည်ကို တွေ့ရလေ၏။ ထိုလူကြီးကို ကြည့်ရခြင်းအားဖြင့် အိမ်ရှင်မှုကား မဟုတ်ဘဲ ထိုအိမ်တွင် အစအရာရာ လုပ်ကိုင်သူ အစေခံ အကြီးစား တစ်ယောက်ဖြစ်မည်ကို မှန်းဆမိလေ၏။

"ကျွန်...ကျွန်တော့်ကို အလုပ်...."

ထိုလူကြီးက ဆိုးပေ၏ စကားကို အဆုံးနားမထောင်ဘဲ ဖြတ်၍ ပြောလေ၏။

"မင်းကို အလုပ်လုပ်ခိုင်းဖို့ လွှတ်လိုက်တဲ့သူငယ် ဖြစ်ရင် နောက်ဖေးလှည့်ပြီး မီးဖိုချောင်ထဲသွား။ ဒါမှမဟုတ်ရင် လာမရှုပ်နဲ့ သွား....."

ပြောပြောဆိုဆို ထိုလူကြီးသည် တံခါးကို ပြန်၍ပိတ်လိုက်လေ၏။ ဆိုးပေသည် တံခါးရှေ့ရပ်ကာ ထိုလူကြီးပြောသွားသည့် စကားများကို စဉ်းစားရင်း ကျန်ရစ်လေ၏။ အချိန်မှာ မှောင်စပျိုးလာပြီဖြစ်၍ ရှေ့တွင် တိုး၍မှောင်ဖို့ရန်သာ ရှိတော့သည်။ ဆာလည်း ဆာလှပြီ။ သို့ဖြစ်၍ ထိုလူကြီး၏ စကားအကျကို ကောက်ကာ မိမိအား အလုပ်လုပ်ရန်လာသူဟု ထင်မှတ်သည့်အတိုင်းပင် ဝင်၍ အလုပ်လုပ်ရန် ဆုံးဖြတ်လိုက်လေသည်။

ဆိုးပေသည် အိမ်ဘေးမှ လှည့်၍ နောက်ဖေးမီးဖိုချောင်ထဲသို့ သွားလေ၏။ မီးဖိုချောင်ထဲမှ ထမင်းချက် မိန်းမ ဝဝကြီးတစ်ယောက် ထွက်လာကာ "ဘာလိုချင်လို့လဲ" ဟု ဆိုးပေအားမေးလိုက်လေသည်။

"ကျွန်တော့်ကို အလုပ်လုပ်ဖို့ လွှတ်လိုက်တာ ဖြစ်ရင် နောက်ဖေးကို သွားဖို့ ဟိုလူကြီးက လွှတ်လိုက်လို့"

မိန်းမကြီးသည် ဆိုးပေအား အလုပ်တကယ်လုပ်မည့်



www.burmeseclassic.com

www.burmeseclassic.com



ကလေးမျိုးပေလားဟု အကဲခတ်ကာ မနှစ်မြို့သော အမူအရာကို ပြလိုက်ပြီးမှ "မင်းပစ္စည်းတွေကော" ဟု မေးလေ၏။

"ယူလာပါလိမ့်မယ်"

"အောင်မယ်–ဘယ်လောက်များများလို့ တဝန်တပိုး ယူလာရမှာများပါလိမ့်။ ကဲ–ကဲ လာခဲ့ ဝင်"

ဆိုးပေသည် ဝမ်းသာအားရနှင့်ပင် မီးဖိုဆောင်အခန်း ထဲသို့ ဝင်ခဲ့လေ၏။ မီးဖိုဆောင်မှာ အိမ်နှင့် သပ်သပ် ဆောက် လုပ်ထားလျက် အိမ်မကြီးနှင့် ပေါင်းကူးထားသော အဆောင် ကလေး ဖြစ်ပေ၏။ ထိုအခန်းထဲတွင် အစေခံမလေးတစ်ယောက် ကို တွေ့ရလေရာ သူ၏ အကြည့်ကို ဆိုးပေ၏ စိတ်ထဲတွင် အတော်ကလေး သဘောကျမိလေသည်။

"နင် လက်ဖက်ရည် သောက်ပြီးပလား"

"ဟင့်အင်း"

"ဒါဖြင့် အဲဒီမှာ ထိုင်"

အစေခံမကလေးက ဆိုးပေအား လက်ဖက်ရည်တစ် ပန်းကန်ချ၍ ပေးလေသည်။ ဆိုးပေ၏ စိတ်ထဲတွင် အတော်ပင် ဝမ်းမြောက်သွားကာ ပင်လယ်ကပြန်လာလျှင် ထိုအစေခံမ ကလေးအား ရွှေနှစ်တုံးပေးမည်ဟု စိတ်ထဲတွင် စာရင်းသွင်း ထားလိုက်လေ၏။

ထိုအခိုက်မှာပင် စောစောကတွေ့သည့်လူကြီး ရောက်၍ လာလေ၏။

"နောင်ကို မင်းအိမ်ထဲဝင်ရင် အိမ်ရှေ့ပေါက်က မဝင်နဲ့။ အဲဒါလူကြီးတွေ ဧည့်သည်တွေသာ ဝင်ရတယ်။ မင်းတို့ဟာ နောက်ဖေးပေါက်က ဝင်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေသည် ထိုလူကြီးအား မတုန်မလှုပ်စိုက်၍ ကြည့်နေကာ သင်းတော့လား ရွှေတစ်ရွေးသားမှ မပေးဘူးဟု ဆုံးဖြတ်လိုက်၏။

ထိုလူကြီးသည် မီးဖိုဆောင်အတွင်း ရှိလူများကို လှည့်ပတ်ကြည့်လိုက်၏။

"ဒီကောင်ကလေးမျိုးတွေကို သိပ်ပြီး မကျွေးနဲ့။ ခဏခဏ ကျွေးရင် စားဖို့လောက်ပဲ စိတ်ကူးနေမယ်။ အလုပ်လုပ်ချင်မှာ မဟုတ်ဘူး။ ကြည့်စမ်းပါလား။ စားပုံကိုက ငတ်လိုက်တာလွန်နေတာပဲ။ ကဲ မြန်မြန်စား။ မင်းလုပ်စရာတွေ ရှိနေတယ်။ ဒီည ဧည့်သည်တစ်ယောက် ထမင်းကျွေးဖို့ ဖိတ်ထားတာ ရှိတယ်"

"ကျွန်တော် စားပြီးပါပြီ"

"ကဲ လာခဲ့"

ဆိုးပေသည် လူကြီးခေါ်ရာ နောက်သို့ ထ၍ လိုက်သွားကာ ပစ္စည်းသိုလှောင်သော အခန်းကလေးတစ်ခု အတွင်းသို့ ရောက်သွားလေ၏။

"မင်း လုပ်စရာတွေ အများကြီးရှိနေတယ်။ ဟောဒီ ဇွန်းတွေ၊ ခက်ရင်းတွေ ဓါးတွေကို သန့်သန့်ရှင်းရှင်း ရှိအောင် လုပ်ရမယ်။ ဟောဒီမှာ ခါးစီးဖို့ အဝတ်။ ဟောဒါက ဓားသွေးကျောက်။ ဟောဒီက ဓားပြောင်အောင် ပွတ်ဖို့ ကျောက်မှုန့်"

ထိုသို့ ပြောဆိုပြီး ထိုလူကြီးလည်း ဆိုးပေ၏ အခန်းတံခါးကို စေ့၍ ထားခဲ့ပြီးနောက် အခိုင်းအစေ မိန်းကလေးများအား စီမံခန့်ခွဲနေလေ၏။

ခဏအကြာတွင် အခန်းထဲမှ ဆိုးပေ ထွက်လာလေ၏။ သူ့မျက်နှာတွင် ကျောက်မှုန့်များ ပေါင်ဒါလူးထားသကဲ့သို့ ရှိလေ



www.burmeseclassic.com

www.burmeseclassic.com



တော့၏။

"ကျွန်တော် ဓားတချို့ ဆေးပြီးပြီ။ တခြားဟာ ကျွန်တော် လုပ်ပါရစေ။ နောက်မှ ကျန်တာတွေ လုပ်ပါရစေ"

"ဘယ်နှချောင်း ပြီးပလဲ"

"တစ်ချောင်း၊ နှစ်ချောင်း"

"ဘာ....."

"နှစ်ချောင်းပြီးပါပြီ"

"စကားများမနေနဲ့။ အကုန်ပြီးအောင်လုပ်"

ဆိုးပေသည် ထိုလူကြီး၏ ကိုယ်ကာယနှင့် ခွန်အားဗလကို အကဲခတ်မိသဖြင့် ထပ်၍စောဒက မတက်တော့ဘဲ "ဟုတ်ကဲ့" ဟု ဆိုကာ ပစ္စည်းခန်းထဲသို့ ပြန်၍ သွားရလေ၏။

ဆိုးပေသည် အခန်းထဲသို့ ရောက်ပြီးနောက် အလုပ်မလုပ်သေးဘဲ ဓားသွေးကျောက်မှုန့်များကို အရေဖျော်ကာ မုန့်လုံးကလေးများသဖွယ် ပြုလုပ်ပြီး ပန်းကန်စင်ပေါ်တွင် လျှောက်၍ စီထားလေ၏။ မျက်နှာမှာလည်း ကျောက်မှုန့် အရေဖျော်သောလက်နှင့် မကြာခဏ ထိပွတ်မိ၍ ဆေးခြယ်ထားသကဲ့သို့ ရှိလေ၏။

မကြာမီ အစေခံမိန်းကလေးသည် အာလူးအခွံသင်ရန် ထိုအခန်းထဲသို့ ဝင်၍လာကာ ဆိုးပေ၏ မျက်နှာကို ကြည့်ပြီး အသံထွက်အောင် ပြုံးမိလေ၏။

ဆိုးပေသည် ထိုမိန်းကလေးအား မိမိ၏ ကိုယ်ရေးကိစ္စကို ဖွင့်ဟတိုင်ပင်ရန် ဆုံးဖြတ်ကာ "ကျွန်တော် ဘယ်လို အစားထဲကလဲဆိုတာ ပြောပြရင် အံ့အားသင့်သွားမယ်" ဟု စကားစလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် ဆိုးပေအားကြည့်၍ ပြုံးနေလေ၏။

"ကျွန်တော့်ကို ဘာမှတ်လို့လဲ။ ကျွန်တော်ဟာ ရွှေတွင်းတူးနေတဲ့လူ။ ကျွန်တော့်မှာ ရွှေတုံးရွှေခဲကြီးတွေ သဘော်ကြီးတွေနဲ့ အပြည့်အကျပ်ရှိနေတယ်။ အဲဒါတွေ မကြာခင် ကျွန်တော်ရမှာ"

"ဒီလိုဆိုရင် ရွှေမိုးငွေမိုး ရွာခါနီးပြီးပေါ့"

"ဒါပေမဲ့ ဟိုလူကြီးကိုတော့ ကျွန်တော်တစ်မှုန့်မှ မပေးဘူး"

"ငါ့ကိုကောကွယ်"

"ခင်ဗျားကိုလား။ ခင်ဗျားကိုတော့ပေးမယ်။ အများကြီးပေးမယ်"ဟုဆိုကာ အိတ်ထဲသို့ နှိုက်လိုက်ရာ ကြွေလုံးတစ်လုံးထွက်လာလေ၏။ "ဟောဒါကိုသိမ်းထား။ အဲဒါ အထိမ်းအမှတ်ပဲ။ ကျွန်တော် ရွှေတွေရပြီး ချမ်းသာလာတဲ့အခါ ခင်ဗျားကိုမှတ်မိအောင် ဟောဒီ ကြွေလုံးကိုလာပြီးပြလှည့်။ အဲဒီတော့မှသတိရပြီး မှတ်မိတဲ့အတွက် ရွှေတွေပေးမယ်သိလား။ နောက်ပြီးတော့ တကယ်လို့ ကျွန်တော် ဘယ်သူ့ကိုမှ လက်မထပ်ရသေးဘူးဆိုရင် ခင်ဗျားနဲ့လက်ထပ်မယ်"

အစေခံမိန်းကလေးမှာ မျက်နှာကို တစ်ဖက်သို့ လှည့်ပြီး ပါးစပ်ကိုပိတ်ကာ ကျိတ်၍ရယ်နေလေ၏။ "ဒီကောင်လေးဟာ စိတ်မှန့်ရဲ့လားမသိဘူး။ ဒါပေမဲ့ သူပြောနေတာတွေဟာ နားထောင်လို့ အကောင်းသား"ဟု တွေးမိရှာလေ၏။

ထိုအခိုက်မှာပင် အိမ်ရှေ့မှ လျှပ်စစ်ခေါင်းလောင်းသံကြားရကာ ဧည့်သည်ရောက်၍ လာသည်ကိုသိရသဖြင့် အစေခံမိန်းကလေးမှာ ဆက်လက်၍စကားမပြောတော့ဘဲ ထမင်းစားပွဲတည်ခင်းရန်အတွက် ထွက်ခွာသွားလေ၏။ ဆိုးပေမှာ အရည်



www.burmeseclassic.com

www.burmeseclassic.com



ဖျော်ထားသော ကျောက်မှုန့်များကို အင်္ဂတေကိုင်သကဲ့သို့ ဓား နှင့်ဆော့ရင်း ကျန်ရစ်လေ၏။

"ဟိုကောင်ကလေး ဘာလုပ်နေသလဲ"ဟု ထမင်းချက် မိန်းမက အစေခံမိန်းကလေးကို လှမ်း၍မေးလိုက်၏။

"ဘာမှ မလုပ်ဘူး။ စကားများနေတာပဲ"

"ဟဲ့ကောင်ကလေး ဓားတွေလုပ်ပြီးရင် ဖိနပ်တွေ ဆေးတိုက်ရမယ်။ စင်ပေါ်မှာ ဆေးဘူးနဲ့ ဘီးရှိတယ်"ဟု ထမင်း ချက်မိန်းမကြီးက ဆိုးပေအား လှမ်း၍အမိန့်ပေးလိုက်လေ၏။

ဆိုးပေသည် ဖိနပ်ဆေးတိုက်ရမည့်အလုပ်မှာ ဓားသွေး ဆေးကြောရသည်ထက် ပို၍စိတ်ဝင်စားစရာ ရှိလိမ့်မည်ဟု ယူဆ ကာ မဆေးကြောရသေးသော ဓားများကို အောက်ကခံ၍ ဆေးပြီး သားဓားများကို အပေါ်တင်ပြီးလျှင် ဓားထည့်သည့် စက္ကူသေတ္တာ ထဲသို့ ပြန်၍ထည့်လိုက်ကာ ဖိနပ်တိုက် ဆေးများကို ထ၍ယူ လေ၏။

အစေခံယောကျ်ားကြီးသည် မီးဖိုချောင်ဘက်သို့ ပြန်၍ ဆင်းလာလေ၏။

"ကဲ ဧည့်သည့်ရောက်လာပြီ။ ခဏနေရင် ထမင်းစား ကြလိမ့်မယ်။ အားလုံးအဆင်သင့်လုပ်ထား။ ဟင်းချို ပူအောင် လုပ်။ ဒီဧည့်သည်ဟာ ဝန်ထောက်မင်းနဲ့ သူငယ်ချင်း ဖြစ်ပုံရ တယ်။ မျက်နှာကြီးထဲကပဲ။ အားလုံး ဂရုစိုက်လုပ်ကြ"

ပစ္စည်းခန်းထဲတွင် ဆိုးပေသည် ဖိနပ်ဆေးများကို အားရ ပါးရကောက်၍နှိုက်ကာ ဖိနပ်များကို လိမ်းသုတ်လေရာ ဝက်မှင် ဘီးနှင့် ပွတ်တိုက်၍ မကုန်နိုင်ဘဲ သူ၏လက်များ အဝတ်များနှင့် ကြမ်းခင်းတစ်ခုလုံးပေရေနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အစေခံကြီးသည် အခန်းဝမှ ပြုံး၍ကြည့်လိုက်ပြီး "ပန်းကန်တွေ ဆေးပြီးသားလား"ဟု မေးလေ၏။

"ယူမလို့လား"ဟု ဆိုးပေက ပြောပြောဆိုဆို ထိုင်ရာမှ ထ၍ ပေးလိုက်ရာဖြူဖွေးသန့်ရှင်းသော ပန်းကန်များမှာ ဆိုးပေ၏ လက်က ဖိနပ်ဆေးပေ၍ ညစ်ပတ်သွားလေတော့၏။

"တယ်–ငါက မေးရုံမေးတာ မင်းကိုခိုင်းတာ မဟုတ်ဘူး" ဟု အစေခံကြီးက ပြောပြောဆိုဆို ပန်းကန်များကို လှမ်းယူရင်း "မင်းတော့လားကွာ။ ငါလုပ်လိုက်ရ"ဟု ကြိမ်းဝါးလိုက်သည်ကို ဆိုးပေက လန့်ပြီးလက်ရုပ်ကာ မိမိကိုယ်ကို ကာကွယ်လိုက်ရာတွင် ပန်းကန်ပြားအချို့ လွတ်ကျပြီး ကွဲကုန်လေ၏။

ဆိုးပေကား ဖိနပ်တိုက်ရသည့် တာဝန်ကို ဆက်လက်ဆောင်ရွက်နေရပြန်လေသည်။ သို့သော် ထိုအလုပ်ကို ကြာရှည်စွာ စိတ်မဝင်စားဘဲ ငြီးငွေ့စပြုလာပြန်လေ၏။ ဖိနပ်များပေါ်၌လည်း ဆေးများ ထူပစ်စွာတင်ထားသဖြင့် မည်သို့ သုတ်သင်ပစ်ရမည်ကို မကြံတတ်အောင် ရှိရလေ၏။ ထိုခဏတွင်ပင် စိတ်အာရုံ ပြောင်းလဲမှု ပေါ်လာပြန်ကာ မိမိ၌ပါလာသော ဘဲရုပ်ပူဖောင်းကလေးကို သတိရမိလေ၏။

အစေခံကြီးနှင့် မိန်းကလေးသည် မီးဖိုဆောင်ဆီမှ တစ်ယောက်က ဟင်းချိုပန်းကန်၊ တစ်ယောက်က ဟင်းပန်းကန်များကို သယ်၍လာကြရာ ဆိုးပေ၏ အခန်းအနီးသို့ အရောက်တွင် အခန်းထဲမှ စူးရှရှည်လျားသော အသံတစ်ခုထွက်လာလေ၏။

မိန်းကလေးသည် လန့်၍အော်ကာ လက်ထဲမှ ဟင်းချိုခွက်ကို တုန်တုန်ရီရီ ကိုင်မိသဖြင့် အစေခံကြီးအား ရေနွေးပူနှင့်လောင်းချလိုက်သကဲ့သို့ ဖြစ်လေ၏။ ထမင်းချက် မိန်းမကြီးသည်လည်း..... "အမယ်လေး....ကျုပ်မွေးထားတဲ့ကြောင် ဟို



www.burmeseclassic.com

www.burmeseclassic.com



သေနာကောင်ကလေး သတ်လို့ သေပါပြီတော်”ဟု မြည်တွန်တောက်တီးကာ ရင်ပတ်စည်တီးနှင့် ပြေးထွက်လာလေ၏။

အစေခံကြီးကား လက်ထဲမှ ပန်းကန်များကို မိန်းကလေးအား ပေးဆပ်လိုက်ပြီးလျှင် လက်သီးလက်မောင်းပင့်ကာ ဆိုးပေရှိရာ အခန်းထဲသို့ ဝင်၍လာလေ၏။

“ဟေ့ ခွေးမသားလေး။ နောက်တစ်ခါ အဲဒီဘောလုံးကို အသံမြည်အောင် လုပ်မယ်ဆိုရင် မင်းနဲ့ ငါနဲ့တော့ သိကြရောပေါ့ကွာ.. ချီး”

ထိုသို့ ပြောပြောဆိုဆို ခြိမ်းခြောက်သော အမူအရာဖြင့် ဆိုးပေ၏ အနီးသို့ ချဉ်းကပ်သွားလေ၏။ ဆိုးပေသည် ထိုလူကြီးကိုကြည့်၍ မျက်လုံးမျက်ဆံပြူးလျက် ကြောက်လန့်သွားကာ မိမိကိုယ်ကို ကာကွယ်သည့်အလား၊ လုပ်မိလုပ်ရာ မိမိလက်ထဲ၌ ဖိနပ်ဆေးသုတ်သော ဝက်မှင်ဘီးဖြင့် အစေခံကြီး၏ မျက်နှာကို သုတ်လိမ်းကာ တွန်းပစ်လိုက်မိလေ၏။

တခဏမျှ ကြက်သေသေနေပြီးနောက်မှ အစေခံကြီးသည် ရုတ်တရက် သတိရလာဘိအလား တရှူးရှူး တရှားရှား ဒေါပွကာ ဆိုးပေအား အစိမ်းလိုက်ဝါးစားတော့မည့် အသွင်ဖြင့် အတင်းလိုက်လေ၏။

ခပ်စောစောက အိမ်ရှေ့ထမင်းစားခန်း၌ကား အိမ်ရှင်၊ အိမ်ရှင်မနှင့် ဧည့်သည်တို့သည် နောက်ဖေးက အဖြစ်အပျက်များကို မရိပ်မိကြဘဲ အေးအေးချမ်းချမ်းထိုင်၍ စကားပြောလျက် ရှိနေကြလေ၏။

“ခိုင်းဖို့ သူငယ်ကလေးရောက်ပြီတဲ့လားခင်ရေ”ဟု အိမ်ရှင်ယောက်ျားကြီးက အိမ်ရှင်မအား လှမ်း၍မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဘယ့်နှယ်လဲ တော်ရဲ့လား"

"ကိုရန်အေးကတော့ ဒီသူငယ်ကလေးကို တယ်ပြီး နှစ်သက်ပုံမရဘူး။ ခိုင်းတဲ့ကလေးတွေဆိုးတာတော့ ဒါမျိုးချည်း ပါပဲလေ။ စိတ်တိုင်းကျတော့ ဘယ်ရနိုင်ပါ့မလဲ"

"ဒါကတော့ ကလေးတိုင်းလိုလိုပါပဲ။ ခိုင်းတဲ့ကလေး ဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဒီအရွယ်ယောက်ျားကလေးတွေဟာ စည်း ကမ်းပေးရတာ အတော်ခက်တယ်"ဟု ဧည့်သည်က ဝင်၍ ပြော လေ၏။

"ကျွန်တော့်မှာလည်း တစ်ယောက်ရှိတယ်။ ခိုင်းတဲ့ ကလေးမဟုတ်ဘူး။ ကျွန်တော့်သားကလေး။ သားပေမယ့် သူမို့ အိမ်မှာမရှိနဲ့။ ဖြောင်းဆန်နေတာပဲ။ သူအပြင်သွားနေတဲ့ အခါ များမှပဲ အိမ်မှာ အေးအေးချမ်းချမ်းရှိတော့တယ်"

"ခင်ဗျားသားကလေး အတော်ကြီးရော့မယ်နော်။ တွေ့ ချင်စမ်းပါဘိဗျာ"

"ကျွန်တော့်သားကိုလား တွေ့ရပါလိမ့်မယ်ဗျ။ အနေး နှင့် အမြန်ပါပဲ။ ဒီအနီးနားတစ်ဝိုက်မှာတော့ လူသစ်ရောက်လာ ရင် ဒီရွာမှာရှိတဲ့ကလေးတွေထဲက သူ့ကို အရင်ဆုံး တွေ့ကြရစ မြဲပါပဲ။ ဒါပေမဲ့ ကျွန်တော့်သားကို ဘယ်သူနဲ့မှ မတွေ့စေချင် ပါဘူး။ သူ့ကိုကြည့်ပြီး သူ့အဖေလည်း ဒီအစားထဲကပဲလားလို့ ဆုံးဖြတ်ကြမှာစိုးရိမ်လွန်းလို့"

ထိုအခိုက်တွင် အစေခံကိုရန်အေးသည် လက်တစ်ဖက် က စာတစ်စောင်ကိုကိုင်၍ လက်တစ်ဖက်က မျက်နှာကို ပွတ် သပ်ရင်း ဝင်ရောက်လာကာ အိမ်ရှင်မိန်းမအား ထိုစာကို ပေး



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် "စကားပြန်ဖို့မလိုပါဘူး"ဟု ပြောဆို၍ထွက်သွားလေ၏။

အိမ်ရှင်မိန်းမသည် စာကိုဖွင့်လိုက်ပြီးလျှင် "ဟော... မမလေးဆီက စာပေးလိုက်တယ်။ မောင်ရေနားထောင်။ ညီမ မှာလိုက်သည့် ခိုင်းစေရန် သူငယ်ကလေး ယနေ့ မရောက်လာ သည့်အတွက် စိတ်စနောင့်စနင်းဖြစ်မနေပါနှင့်...သူငယ်ကလေး ကိုယ်ပူနေသဖြင့် ယနေ့ မလွှတ်လိုက်ရပါ။ ဟင်။ ဘယ့်နှယ့်တုန်း၊ မလွှတ်တာမလွှတ်တယ်။ ဒီမှာ တစ်ယောက်ရောက်နေပါ ပကော လား"ဟု မတွေးတတ်သော အမူအရာဖြင့် ပြောပြလေ၏။

အိမ်ရှင်မ၏စကား ရပ်သွားသည်နှင့်တစ်ပြိုင်နက် ခပ် လှမ်းလှမ်းဆီမှ ဆူဆူညံညံအသံများကို ကြားရလေ၏။ ပြေး သံ....အော် သံ...ဟစ်သံ....ခြေသံများ တဖြည်းဖြည်း နီး၍လာ လေ၏။

"ဟိုက်...သူပုန်တွေများ ဝင်လာကြရော့ လား...ကျုပ် တို့ကို အရင်းရှင်တွေ ဗြူရိုကရက်တွေဆိုပြီး အုပ်ရအောင် လာ နေကြပြီထင်တယ်"ဟု ဧည့်သည်က ပြောလေ၏။ ထိုခဏမှာ ပင် ထမင်းစားခန်းသို့ဝင်သော နောက်ဖေးတံခါး ဗြုန်းခနဲ ပွင့်လာ ပြီးလျှင် သူငယ်ကလေးတစ်ယောက် လက်တစ်ဖက်က ဖိနပ်တိုက် ဘီး၊ တစ်ဖက်က ဘဲရုပ် လေဘောလုံးကိုင်ကာ အနောက်တောင်မှ သည် အရှေ့မြောက်ထောင့်သို့ ပြေးတက်လာသည်ကို တွေ့ရလေ ၏။ သူငယ်ကလေး၏ တစ်ခေါင်းလုံးမှာ ငှက်သိုက်ကဲ့သို့ ပွ ယောင်းနေလျက် မျက်နှာတွင် ခါးသွေးကျောက်မှုန့်နှင့် ဖိနပ် ဆေးများ အစင်းစင်းပေကျံကာ သရဲရုပ် ပေါက်နေလေ၏။ သူ၏ နောက်ဘက်မှာကား လူကို ဖော့ရမ်းအတင်းလိုက်နေသော နွားသိုး ကဲ့သို့ ဒေါသတချောင်းချောင်းနှင့် ပြေးလိုက်လာသော ကိုရန်အေး ကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ကလေးသည် အခြားဘာကိုမျှ ဂရုမစိုက်နိုင်။ ကိုရန်အေး၏ရန် ဝေးနိုင်ရန်စားပွဲကို ပတ်ချာလှည့်၍ ပြေးရလေ၏။ သို့ပြေးရင်း ကြမ်းပေါ်တွင် ခြေချော်သွားရာ လှမ်း၍ဆွဲမိဆွဲရာကို ဆွဲလိုက်သည်တွင် ဧည့်သည်ရော ကုလားထိုင်ပါ သူ၏ဘေးတွင် သူနှင့် အတူရော၍ လဲကျလေ၏။

သို့ဖြစ်ပျက်လိုက်သဖြင့် အကုန်လုံး အံ့အားသင့်သွားကြကာ ကြက်သေသေပြီးတစ်ခန်းလုံး ငြိမ်သက်သွားလေ၏။ ထိုအချိန်တွင်မှ သူငယ်ကလေး၏ လက်ထဲမှ လွတ်ကျသွားသောဘဲရုပ်ပူဖောင်းကလေးသည် စိတ်ကူးရပြီး စူးရှရှည်လျားသောအသံဖြင့် တစ်ခန်းလုံးကို ပြောင်လှောင်သရော်လိုက်လေ၏။

ဤတွင်မှ ဧည့်သည်နှင့်သူငယ်ကလေးတို့သည် ထ၍ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိလေ၏။ သို့ကြည့်မိရာတွင် ဧည့်သည်၏ အင်္ကျီကုပ်ကိုကိုင်ထားသော သူငယ်ကလေး၏ လက်များသည် တဖြည်းဖြည်းပြေ၍ သွားတော့၏။

သူငယ်ကလေးအား ကြည့်နေသော ဧည့်သည်၏ မျက်နှာမှာ အံ့ဩရာက မယုံနိုင်သော အမူအရာကို ပြောင်းပြီး ထိုမှတစ်ဖန် ထိတ်လန့်စိုးရိမ်သောအသွင်ကို ပြလေ၏။ သူငယ်ကလေး၏ မျက်နှာမှာ အံ့ဩခြင်း၊ မယုံနိုင်ခြင်း နောက်ဆုံးတွင် စိတ်ပျက်ခြင်းက ပြလေ၏။

ဧည့်သည်က သူငယ်ကလေးကို ကြည့်ကာ "ဟာ..... သောက်ကျိုးနည်း...ငါ့သား ဆိုးပေပါကလားဟ"ဟု ဆိုလိုက်၏။

"ဟာ.....အဖေပါလား" ဟု ဆိုးပေ၏ ပါးစပ်က ထွက်သွားလေတော့သည်။

♦♦♦ ❖ ♦♦♦



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ဂေဇာဂဲ

ပင်နီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



"အင်းယားကန်ထဲမှာ ရေသရဲပေါ်တယ်တဲ့ ဆရာ။ လူတွေကို သူ့လက်မောင်းကြီးနဲ့ ခြေထောက်ပတ်ပြီး ရေထဲ ဆွဲဆွဲသွားသတဲ့"

"ရေသရဲ မဟုတ်နိုင်ပါဘူးကွာ။ သရဲဟာ လေထဲမှာ သာနေတာ ရေထဲမှာနေရင် ရေမွန်းပြီး မင်းသရဲ မာလကကုတ် သွားပေါ့"

"ဟုတ်တာပေါ့ကွ။ ရေသရဲမဟုတ်နိုင်ပါဘူး။ တကယ် လို့ရှိရင် မိကျောင်းသာ ဖြစ်မှာပေါ့"

"ရေသရဲမှ အစစ် မင်းနဲ့ငါ ဘာကြေးလောင်းမလဲ"

"မင်းသရဲက ဘယ်လို အကောင်ကြီးလဲ ပြောပါဦး။ နားရွက်ကြီး ကားကားနဲ့ လျှာအရှည်ကြီး ထုတ်ပြရဲ့လား"

"အဲဒီ သရဲမျိုးမဟုတ်ဘူးကွ။ ပင့်ကူလိုပဲ လက်ရှစ် ချောင်းရှိတယ်။ ဒါပေမဲ့ သူ့လက်တွေက ပင့်ကူလက်နဲ့ မတူဘူး။ ဆင်နှာမောင်းလိုပဲ လူကို ပတ်လို့ရတယ်တဲ့"

"မင့် ဘယ်သူပြောလဲ"

"သတင်းစာထဲမှာ ပါလာလို့ လူကြီးတွေက ပြောနေကြ



www.burmeseclassic.com

www.burmeseclassic.com



တာ ငါကြားခဲ့ရတာပေါ့။ အဲဒီရေသရဲကို မီးသတ်စက်က ရေငုပ်တတ်တဲ့ လူတွေလိုက်ဖမ်းတာတောင် မမိဘူးတဲ့"

ဆိုးပေသည် ရဲဘော်များ ပြောနေကြသည့် စကားများကို ငြိမ်သက်စွာနားထောင်နေရာက "အမယ် ငါသာဖမ်းရရင် မင်းရေသရဲ ဘယ်ပြေးလွတ်မလဲ" ဟု ဝင်၍ ပြောလိုက်၏။

"မင်းကတော့ဖြင့် ဘာမဆို မင်းမလုပ်နိုင်တာ တစ်ခုမှ မရှိဘူး" ဟု အဝိန်က ငေါ့လိုက်သည်ကိုပင် ဆိုးပေက မိမိအား ချီးကျူးသည်ဟု ယူဆကာ "ငါကတော့ ဘာဖြစ်ဖြစ်လုပ်နိုင်တာ ကိုးကွ။ ငါသာ အဲဒီရေသရဲကို စပြီးမြင်ရတဲ့သူဖြစ်ရင် ချက်ချင်းပဲ မိအောင်ဖမ်းလိုက်မှာ" ဟု ပြောပြ၏။

"ဒါဖြင့် ရေသရဲတစ်ကောင်လောက်မိအောင် ဖမ်းပြစမ်း"

"ဒီမှာ မရှိလို့ပေါ့ကွာ။ ငါသာ အင်းယားသွားဖို့ လမ်းစရိတ်ရှိရင် မင်းရေသရဲကို မိတာကြာလှပြီ"

"ဒို့ဆီမှာကော ရေသရဲမရှိဘူးလို့ မင်းဘယ့်နှယ်လုပ်သိသလဲ။ မင်းမမြင်ရသေးတာနဲ့ မရှိဘူးပြောလို့ ဖြစ်နိုင်မလား။ အင်းယားထဲက ရေသရဲကော မြင်တဲ့လူက မြင်တော့မှ ရှိမှန်းသိတာ ဘယ်လောက်ကြာပြီလဲမှ မသိဘဲ" ဟု မောင်မောင်က သူ၏ ထင်မြင်ချက်ကို ပေးလေ၏။

"အေး ဟုတ်တယ်ကွ။ တို့ဆီမှာလည်း ရှိရမယ်။ ရေထဲမှာ ကမ္ဘာအစတုန်းက ပေါ်တဲ့တိရစ္ဆာန်ကြီးတွေ၊ နဂါးကြီးတွေ ရှိတယ်တဲ့။ ဒါပေမယ့် ဘယ်သူမှ မမြင်ရသေးလို့ ရှိမှန်းမသိတာ။ ဒီအကောင်ကြီးတွေဟာ အသက် သိပ်ရှည်လို့ အနှစ်တစ်ရာလောက်ကိုမှ တစ်ရက်လောက်မှတ်ပြီး အနှစ်တစ်ရာ တစ်ခါပေါ်ပေါ်လာတယ်လို့ တို့အဖေပြောဖူးတယ်"ဟု သာဒွန်းဦးက သူ၏ဗဟုသုတကို ဖောက်သည်ချလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နဂိုကပင် စိတ်ကူးယဉ်လွန်းသော ဆိုးပေမှာ မောင်မောင်နှင့် သာဒွန်းဦးတို့၏ စကားကို ကြားရာတွင် ရွာထဲက ရှိသမျှ ရေကန်များနှင့် ချောင်းထဲတွင် ရာဇဝင်မပေါ်မီခေတ် ရေသတ္တဝါကြီးများ လူးလွန့်ပျော်ပါးနေကြသည်ကို မြင်ယောင်မိလေ၏။

"ငါကိုယ်တိုင် မတွေ့ရသေးလို့ပေါ့ကွာ။ တွေ့ရင် မိအောင်ဖမ်းပြမယ်"

"မင်းဖမ်းလို့ ရမရ စောင့်ကြည့်ရသေးတာပေါ့ကွာ"

"အေးပါ.....ကြည့်သာနေပါ"

ဤသို့ ပြောဆိုကြပြီးနောက် လူစုခွဲလိုက်ကြလေ၏။ ရဲဘော်တို့ကား ထိုအကြောင်းကို မေ့မေ့ပျောက်ပျောက် နေနိုင်ကြစေကာမူ ဆိုးပေမှာကား ထိုအာရုံတစ်ခုတည်းသာ ခေါင်းထဲ၌ စွဲနေပေတော့၏။ အကယ်၍သာ ထူးဆန်းသော ရေသတ္တဝါကြီးတစ်ကောင်ကို မိမိကိုယ်တိုင် ဖမ်းဆီးရမိခဲ့ပါလျှင် အစိုးရထံက ဆုငွေရချင်ရပေလိမ့်မည်။ ထို့ထက် သေချာသည့်အရာမှာ တိရစ္ဆာန်ရုံကို ရောင်းချလျှင် မုချငွေရနိုင်သည်။ ထိုသို့ ငွေရလျှင် လေသေနတ် တစ်လက်ကို ဝယ်ပြီး တောထဲသွား၍ ခြသေ့ကြီးများကို ပစ်ခတ်ဖမ်းဆီးကာ ဆပ်ကပ်ပွဲများကို ရောင်းစားခြင်းအားဖြင့် ငွေတွေကို ထားစရာနေရာမရှိအောင် ရလိမ့်မည်ဖြစ်၍ စက်ဘီးတစ်စီး ကောင်းကောင်းဝယ်၍ စီးနိုင်မည်ဟု စိတ်ကူးယဉ်မိလေ၏။

သို့အားဖြင့် ဆိုးပေသည် ရွာထဲရှိ ရေကန်များကို လျှောက်၍ စစ်ဆေးကြည့်ရှုကာ ရေသတ္တဝါကြီးများ ပေါ်၍လာမည်လားဟု စောင့်မျှော်ကာ နေမိလေ၏။

ရေကန်အချို့မှာကား ဝမ်းဘဲနှင့် ငန်းများအေးချမ်းစွာ ရေကူးနေကြသည်ကို တွေ့ရလေရာ ရေသတ္တဝါကြီးများ မရှိ၍



www.burmeseclassic.com

www.burmeseclassic.com



သာ ဤသို့ အနှောင့်အယှက် ကင်းမဲ့စွာ နေနိုင်ပေသည်ဟု တွေး မိလေ၏။ အချို့ ရေကန်များ၌ ရေလယ်သို့ပင် နွားများ ဆင်း၍ နေကြကာ ရေမှာနွား၏ ဒူးခေါင်းမြုပ်ရုံလောက်သာ ရှိလေရာ ထို ရေကန်ထဲ၌ ရေသတ္တဝါ ကြီးကြီးမားမား ပုန်း၍ မနေနိုင်ဟု တွေးစရာ ဖြစ်ရပေ၏။

သို့သော် ဆိုးပေကား စိတ်မလျှော့ချေ။ ရွာထဲတွင် ရေနက်သော ရေကန်နှင့် ချောင်းများရှိနေသေးရာ မတွေ့မချင်း ရှာဖွေရန် စိတ်ပိုင်းဖြတ်ထားလေ၏။ ဆိုးပေသည် ထိုရေကန်၊ ချောင်း၊ မြောင်းများတွင် နေ့စဉ်နှင့်အမျှစောင့်စား၍ ကြည့်ပါ သော်လည်း မတွေ့ရဘဲ ရှိနေလေတော့သည်။

ထူးဆန်းတဲ့ ရေသတ္တဝါကြီးတွေမဟုတ်တောင် မိကျောင်း လောက်တော့ ရှိရမယ်။ ဒါပေမဲ့ အဲဒီမိကျောင်းတွေဟာ အစာ ကောင်းကောင်းမစားရလို့ ထွားကျိုင်းမလာဘဲ ငယ်ငယ်ကလေး တွေနဲ့ သေကုန်ကြလို့ ဖြစ်မယ်။ မိကျောင်းဆိုတာ ပုတ်သင်ညိုနဲ့ အတူတူပဲ။ ပုတ်သင်ညိုကို ဖမ်းပြီးအစာဝကျွေးရင် တဖြည်းဖြည်း ကြီးလာပြီး မိကျောင်းကြီး ဖြစ်လာမှာပဲ။ မိကျောင်းကို ရောင်းစား ရင်လည်း တိရစ္ဆာန်ရုံကတော့ ဝယ်မှာပဲဟု ဆိုးပေ၏ အကြံဉာဏ် ဖြစ်ပေါ်လာကာ ပုတ်သင်ညို တစ်ကောင်ကို မိအောင်ဖမ်းလေ၏။

ထိုသို့ ပုတ်သင်ညိုတစ်ကောင် မိထားသည်ကို ဆိုးပေ သည် သူ၏ရဲဘော်များကို ပြောမပြဘဲ မိကျောင်းဖြစ်လာတော့မှ အံ့သြသွားကြအောင် ထုတ်ဖော်ပြသမည်ဟု နှလုံးပြုကာ ပုတ်သင်ညို ကို တိုးထွက်၍မပြေးနိုင်စေရန် အဝကျယ် ဖန်ပုလင်း တစ်ခုထဲ၌ ထည့်၍မွေးထားလေ၏။ ပုတ်သင်ညိုမှာ ဆိုးပေ၏ ကြီးလှစွာသော စေတနာဖြင့်ကျွေးမွေးသည့် ထောပတ်၊ ငါးကြီးဆီ၊ မုန့်ဖိုင်းတောင့်၊ ကန်စွန်းရွက်၊ လက်ဖက်ရည်တို့ကို မစားဘဲ အစာငတ်သပိတ်မှောက်



www.burmeseclassic.com

www.burmeseclassic.com



နေလေရာ နောက်ဆုံးတွင် ပုတ်သင်ညို သေ၍သွားမည်ကို ဆိုးပေ စိုးရိမ်သနား၍လာသဖြင့် ပြန်၍လွှတ်လိုက်ရကာ အသင့်ရှိပြီးသား ရေသတ္တဝါကြီးကိုသာ မိအောင် ဖမ်းရန် အကြံပြုရလေတော့၏။

ဆိုးပေသည် မိမိမရောက်ရသေးသော ရေကန်များကို စဉ်းစားလိုက်ရာ လွှတောင်ဆရာကြီးဦးကံချွန်၏ အိမ်နောက်ဖေးက ရေကန်ကျန်နေသည်ကို သတိရလေ၏။ ထိုရေကန်မှာ အတော် ကလေး နက်သည့်ပြင် ကျယ်လည်းကျယ်ပေသည်။

အချိန်မှာ နေဝင်ရီသရောအချိန် ရှိနေပြီဖြစ်သော်လည်း ဆိုးပေသည် နောက်တစ်နေ့သို့ မရွှေ့ဆိုင်းလိုဘဲ ထိုရေကန်ကို သတိရလျှင်ရချင်းပင် ရေကန်ဆီသို့ လျှောက်လာခဲ့လေ၏။

ရေကန်သို့ ရောက်သောအခါ မှောင်စပြုနေပြီ ဖြစ်၏။ ရေကန်၏ တစ်ဖက်ကမ်းစပ် ရေမျက်နှာပေါ်၌ သစ်ပင်ရိပ်များ ကျရောက်လျက် ရှိလေသည်။ ထိုအချိန်တွင် လေပြည်ကလေး တိုက်လိုက်ရာ မည်းမှောင်နေသော သစ်ပင်ရိပ်သည် ရေလှိုင်း များ၏ လှုပ်ရှားခြင်းဖြင့် ရေသတ္တဝါကြီးတစ်ကောင် လူးလွန့် လှုပ်ရှားလိုက်သလို ဆိုးပေ၏ မျက်စိထဲတွင် ထင်မြင်ရလေ၏။ သို့ဖြစ်၍ ဆိုးပေသည် ရာဇဝင်မပေါ်မီက ရေသတ္တဝါကြီးကို မြင်ရ ပြီဟု ဝမ်းသာအားရစွာဖြင့် အိမ်သို့ အမြန်ပြန်ခဲ့လေ၏။

နောက်နေ့ နံနက်စောစောမှာပင် ဂိုဒေါင်ပျက်ကြီးတွင် ဆိုးပေတို့ အစည်းအဝေးဖြစ်ကြလေတော့၏။

"ငါမြင်ရတယ်ဆရာ။ ငါ့မျက်စိနဲ့ သေသေချာချာ မြင်ရ တာ။ မင်းတို့ကို ငါအခုမြင်ရသလို ထင်ထင်ရှားရှားကြီးကို မြင် လိုက်ရတာ။ အကောင်မည်းမည်းကြီး ရေပေါ်မှာတန်းပြီး လှုပ်လှုပ် လှုပ်လှုပ်နဲ့ အဲဒီ အကောင်ကြီးဟာ အနှစ်တစ်ရာမှ တစ်ခါ အသက်ရှူရအောင် ရေထဲက ပေါ်လာတာဖြစ်ရမယ်။ အခု အနှစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရာပြည့်တဲ့ရက်မှာ သူကလည်း ရေပေါ်အတက် ငါကလည်း အကြည့်နဲ့ တိုက်ဆိုင်မိလို့ မြင်ရတာ ဆရာရေ့။ အခု အဲဒီ အကောင်ကြီး ရှိတယ်ဆိုတာ တို့ သိရပြီ၊ မိအောင် ဖမ်းကြဖို့ပဲ ရှိတော့တယ်”

ရဲဘော်များသည် ဆိုးပေ၏ စကားကို များစွာ စိတ်ဝင်စားကြကာ ဆိုးပေပြောသော ရေနဂါးကြီးကို ဖမ်းရန်နည်းလမ်း ရှာကြံ စဉ်းစားကြလေ၏။

အီစွတ်က “ငါ့ဆီမှာ ငါးမျှားချိတ်တစ်ခု ရှိတယ်။ အပ်ချည်ကြိုး ခပ်ရှည်ရှည်နဲ့ ဝါးတန်းကလေးတစ်ချောင်း ရှာလိုက်ရင် ငါးမျှားတံဖြစ်မှာပဲ” ဟု ဆို၏။

ဆိုးပေကား အီစွတ်၏ ငါးမျှားချိတ်လောက်နှင့် ထိုသတ္တဝါကြီးကို ဖမ်း၍ရနိုင်ပါ့မလားဟု သံသယ ရှိမိလေ၏။

“အကောင်ကြီးက နည်းတာကြီးမဟုတ်ဘူးကွ.....အပ်ချည်လောက်နဲ့တော့ ကြိုးပြတ်သွားမှာပဲ”

“ကြိုးသေးသေးမှ ဖြစ်မှာပေါ့ကွ–ကြိုးအလုံးကြီးရင် ရေထဲမှာ မြင်နိုင်တော့ ငါးမျှားကြိုး ချထားတယ်ဆိုတာ သူသိသွားရင် မခက်ဘူးလား” ဟု အီစွတ်က ဆင်ခြေပေး၏။

ဤတွင် မောင်မောင်က ဝင်၍ “ဒီထက်အရေးကြီးတာက တီကောင်ကြီးကြီး ရဖို့လိုတာ” ဟု ပြောရာ သာဒွန်းဦးက “ဟားဟား.....ဧရာမ ရေနဂါးကြီးက တီကောင်လောက်ကို စားပါ့မလား” ဟု သရော်လိုက်၏။

“စားတယ်ပဲထားပါဦးတော့ကွာ။ ကမ္ဘာကြီး ဖြစ်စေကတည်းက ပေါ်တဲ့နဂါးကြီးက ခေတ်သစ်တီကောင်ကို စားပါ့မလား။ ရှေးက တီကောင်မှ စားမှာပေါ့” ဟု အဝိန်က ထင်မြင်ချက် ပေးပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကမူ အလျှော့မပေးဘဲ "တီကောင်မွေးတာ မင်းတို့ မြင်ဖူးလို့လား။ တီကောင်ဟာ အခုမှမွေးတာမဟုတ်ဘူး။ ကမ္ဘာအစကတည်းက မွေးလို့ မြေကြီးထဲမှာနေတာ။ ကမ္ဘာ အစ တုန်းက လူတွေ မရှိသေးဘူး အားလုံး တီကောင်ချည်းပဲ။ အဲဒီ တီကောင်ကမှ လူဖြစ်လာတာ။ မင်းတို့ ငါတို့ဟာ အစတုန်းက တီကောင်တွေ"ဟု မိမိကြားဖူးနားဝရှိထားသည်ကို ပြောပြလေ၏။

"မင်းသာ တီကောင်ကလူဖြစ်တာ ဖြစ်ချင်ဖြစ်မှာ။ တို့ ကတော့ ဗြဟ္မာကြီးလေးယောက်က လူဖြစ်လာတာ"ဟု သာဒွန်းဦး ကပြောလိုက်ရာ ဆိုးပေက "ဒါဖြင့် တီကောင် မောင်မောင်ကို ငါးစာလုပ်ပြီး ငါးမျှားချိတ်မှာ တပ်ရအောင်လား"ဟု မခံချင်အောင် စလိုက်သည် အတွက် ဆိုးပေနှင့် မောင်မောင်တို့ နပန်းပွဲကလေး တစ်ခု ဖြစ်သွားလေ၏။

နှစ်ယောက်သား လုံးထွေး၍ မောကြသည့်အခါမှ နပန်း ပွဲကို သိမ်းလိုက်ကြပြီးလျှင် ညနေဘက်တွင် ရေကန်ကို သွား၍ ကြည့်ရန် အားလုံးသဘောတူ ဆုံးဖြတ်လိုက်ကြလေသည်။

သူတို့မှတ်ထားသည့် အချိန်တွင် ဆိုးပေနှင့် ရဲဘော် အားလုံး ရေကန်သို့ ရောက်ရှိကြလေ၏။

"ဟော ဟိုမှာ မြင်ရဲ့လား"

ရဲဘော်များမှာ ဆိုးပေ၏ အပြောကောင်းခြင်းကြောင့် ရေနဂါးကြီးကို စိတ်ကူးထဲတွင် မြင်ယောင်နေခဲ့ကြရာက ယခု ဆိုးပေက လက်ညှိုးထိုး၍ပြလိုက်သောအရိပ်ကို တွေ့ရသည့်တွင် "ဟာ...အစစ်ပဲကွ ဧရာမအကောင်ကြီး" ဟု သံပြိုင် ပြောကြ လေ၏။

လေညင်းလည်း ရေထဲက အရိပ်မည်းမည်းကြီးကို လှုပ် လှုပ်ရှား လှုပ်လွန့်စေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော…ဟော လှုပ်နေတယ် ချိုကြီးနှစ်ချောင်းထောင်လို့"

"ဟာ…နည်းတဲ့ အမြီးကြီး မဟုတ်ပါကလား"

"ခြေထောက်ကြီးကလည်း ဘဲခြေထောက်လို အပြားကြီး"

ရဲဘော်တို့သည် မိမိစိတ်ကူးထဲတွင် ထင်မြင်လာသမျှတို့ကို တစ်ယောက်တစ်မျိုးစီ ပြောနေကြ၏။

"ကဲ…..ငါပြောတာ မှန်ပြီ မဟုတ်လား"

"အေး…..ဟုတ်တယ်။ ရာဇဝင်မပေါ်မီကတည်းက ရှိနေတဲ့ ရေနဂါးကြီးဆိုတာ သေချာနေပြီ။ ဒါပေမဲ့ နှစ်ညတောင် ဆက်တွေ့ နေရတယ်ဆိုတော့ အနှစ်တစ်ရာမှ တစ်ခါပေါ်တာမျိုးတော့ မဟုတ်နိုင်ဘူး။ အမြဲညညမှပေါ်တဲ့ အကောင်ကြီးဖြစ်ရမယ်။ ဒီလိုဆိုရင် ဖမ်းရတာ ပိုပြီး လွယ်တာပေါ့"

ရဲဘော်တို့မှာ ရေနဂါးကြီးကို တွေ့နေရပြီးဖြစ်ရာ ရှေ့သို့ဆက်လက်၍ မည်သို့ လုပ်ကြရမည်ဟူသော ပြဿနာ ပေါ်၍ လာလေ၏။

မောင်မောင်က ငါးသလောက်ပိုက်ကြီးနှင့် ဖမ်းရန် အကြံပေးလေသည်။ သို့သော် သူတို့တွင် ပိုက်ကြီးကို ဝေး၍ ဇာခြင်ထောင် အစုတ်ကလေးတစ်စမျှပင် မရှိကြသဖြင့် ထိုအကြံပေးချက်ကို ပယ်ချလိုက်ကြရလေ၏။ အဝိန်က အစာတစ်ခုခုကို ကုန်းပေါ်၌ချထားက ရေနဂါးကြီး ကုန်းပေါ်သို့ အစာစားရန် တက်လာမည်ဖြစ်ရာ ထိုအခါတွင် ဝိုင်း၍ ဖမ်းရန် အကြံပေး၏။ သို့သော် ရေနဂါးကြီး ကြိုက်တတ်သည့် အစာမှာ မည်သည့်အစာဖြစ်သည်ကို မစဉ်းစားတတ်သဖြင့် ထိုအကြံကို လက်တွေ့ အကောင်အထည် မဖော်နိုင်ဘဲ ရှိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အီစွတ်က ရေကန်ထဲမှ ရေများကို ပက်ထုတ်လိုက်လျှင် ရေနဂါးကြီးကို တွေ့ရမည် ဆို၏။ သို့သော် ဘယ်ပုံဘယ်နည်း ဖြင့် ရေများကို ကုန်စင်အောင် ပက်ထုတ်၍ရမည်ကို အီစွတ်က ဆက်လက် အကြံမပေးနိုင်သဖြင့် သူ၏ အဆိုမှာ မအောင်မြင်ဘဲ ရှိရပြန်လေ၏။

"အကောင်းဆုံးနည်းလမ်းကို ငါပြောမယ်"ဟု ဆိုးပေက စကားစလိုက်ရာတွင် ရဲဘော်အားလုံး ဆိုးပေ၏ အကြံဉာဏ်ကို လက်ခံရန် ပြင်ဆင်ထားကြလေ၏။

"အကောင်းဆုံးကတော့ ဒီအကောင်ကြီးကို နေ့တိုင်း နေ့တိုင်း စောင့်ပြီး အကဲခတ် ကြည့်ကြဦးမယ်...သူဘယ်လို နေ တယ်။ ဘာကြိုက်တတ်တယ်ဆိုတာ ကြည့်ကြမယ်။ တို့ လာလာ ပြီး ကြည့်တာကိုလည်း သူသိအောင် လုပ်မယ်။ ဒါမှလည်း ယဉ် လာပြီး တို့နဲ့ခင်မယ်"

"အဲဒါကောင်းတယ်။ ပြီးတော့မှ နဂါးကြီးကို တိရစ္ဆာန်ရုံ ရောင်းစားမယ်"

ဆိုးပေကား ရောင်းစားလိုသောဆန္ဒ ယခုအခါတွင် မရှိ တော့ချေ။ ငွေရသည်ထက် နဂါးကြီးတစ်ကောင်၏ ပိုင်ရှင်အဖြစ် က ပို၍ ဂုဏ်ကြီးမြင့်မည်ဟု နှလုံးပြုမိကာ ရောင်းတော့ မစားဘူး ကွာ။ ငှားချင်ရင် ခဏငှားမယ်။ တို့လက်ထဲမှာပဲ မွေးထားတာ ပေါ့" ဟု ဆိုလေ၏။

"အေး...မြင်တာကတော့ ငါအရင်စမြင်တဲ့လူပဲ။ ဒါပေမဲ့ မင်းတို့ကပါ ကူပြီး ဖမ်းပေးတဲ့အတွက် တစ်လှည့်စီ ပိုင်တာပေါ့။ ဒါပေမဲ့ ဘယ်သူမှ သူ့ကို အိမ်မယူရဘူး။ ဂိုဒေါင်ထဲမှာပဲ မွေး ထားမယ်။ သူကောင်းကောင်း အိပ်ရအောင် ကောက်ရိုးတွေ ခင်း ပေးမယ်။ ကိုယ်ပိုင်တဲ့ အလှည့်မှာ ကိုယ်က အစာရှာကျွေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတဲ့အတိုင်း တို့သဘောတူတယ်။ ဒါပေမဲ့ တစ်ယောက်ကို ဘယ်နှရက်အပိုင်ထားမလဲ"

"ဆယ့်ငါးရက်"

"များတယ်ကွာ။ ဒီလိုဆိုရင် နောက်ဆုံး အလှည့်ကျတဲ့ လူက အများကြီး စောင့်နေရမှာပေါ့…ခုနစ်ရက်လုပ်ပါ"

"ငါးရက်ဆို တော်ပြီ"

"တစ်ယောက်တစ်ရက်ဆို သာပြီး ကောင်းတာပေါ့"

"ဒါကို အခုဆုံးဖြတ်လို့ မဖြစ်သေးဘူး။ နဂါးကြီးကို မိပြီးမှ ဆုံးဖြတ်မယ်"ဟု ဆိုးပေက ဆုံးဖြတ်ချက်ချလိုက်လေ၏။

နောက်နေ့ နံနက်တွင် ဆိုးပေနှင့် ရဲဘော်တို့သည် နဂါးကြီးကို ဖမ်းဆီးရေးအတွက် အစီအစဉ်ကို ပြုလုပ်နိုင်ရန် ရေကန်၏အခြေအနေကို ကြည့်ရှုအကဲခတ်ဖို့ ရောက်လာကြလေ၏။

မောင်မောင်၏ လက်ထဲတွင် အဝတ်လှမ်းသော ကြိုး တစ်ချောင်းပါ၍လာလေသည်။ မောင်မောင်၏ အကြံမှာ ထိုနေ့ မှာပင် အဆင်သင့်၍ နဂါးကြီးကို ဖမ်းမိပါက လည်ပင်း၌ ကြိုး တပ်ပြီး ဆွဲလာရန် ဖြစ်ပေ၏။ သာဒွန်းဦးကမူ အခြားသူများက ပြက်ရယ်ပြုသည်ကို ဂရုမစိုက်ဘဲ ပုစွန်ဆိတ်ဖမ်းသည့် ရကွင်း တစ်ခုယူလာခဲ့၏။ အဝိန်ကား ငရုတ်သီးထောင်းသည့် သစ်သား ကျည်ပွေ့ တစ်ခုကို ယူလာ၏။

"ဟေ့ကောင် မင်းကျည်ပွေ့က ဘာလုပ်ဖို့လဲ"ဟု ဆိုး ပေက မေးလိုက်၏။

"နဂါးကြီးဟာ ရိုင်းနေသေးလို့ တို့ကို ရန်မူမယ်ဆိုရင် ဒီကျည်ပွေ့နဲ့ ငယ်ထိပ်ကို ဆော်ထည့်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ နဂါးကြီးကို ဒီလိုတော့ မလုပ်ရဘူး။ သေသွားရင် ဘယ့်နှယ် လုပ်မလဲ"

"သေအောင်တော့ မဆော်ပါဘူးကွာ။ ရန်မမူနိုင်အောင် သတိပေးရုံကလေး ထိပ်ခေါက်လိုက်လိုက်မှာပေါ့"

အီစွတ်ကား အမဲရိုးတစ်ချောင်း၊ ကန်စွန်းရွက်တစ်စည်း၊ နံပြားတစ်ဖွဲ့ ယူလာကာ နဂါးကြီး ဘယ်အစာစားမည်ကို ခွဲခြားနိုင်ရန် စီစဉ်လာခဲ့၏။

ဤသို့ နဂါးကြီးအား ဖမ်းဆီးရန် လက်နက်ပစ္စည်းအပြည့်အစုံကိုင်ဆောင်ကာ ဆိုးပေနှင့် ရဲဘော်တစ်စုသည် ကန်ကိုလှည့်ပတ်ကြည့်ကြလေ၏။

ရေကန်ဘက်တွင် ရေဆင်းတံတားကလေးတစ်ခု ရှိရာထိုနေရာသို့ ရောက်၍သွားကြရာတွင် ရေခပ်ရန်လာသော မိန်းကလေးတစ်ယောက်နှင့် ဆိုးပေ၏ အစ်ကို မောင်တင့်တို့ စကားပြောနေကြသည်ကို တွေ့ရလေ၏။ ထိုမိန်းကလေးသည်ကား မောင်တင့်၏ ပူပူနွေးနွေး အဆက်ကလေးတစ်ယောက် ဖြစ်သော မစိန်မှုံ ဆိုသူကလေးပင် ဖြစ်၏။ မောင်တင့်မှာ စိန်မှုံနှင့် အဆက်ဖြစ်ကတည်းက ထိုနေရာတွင် မကြာမကြာတွေ့၍ စကားပြောနေကျ ဖြစ်ပေ၏။

မောင်တင့်သည် မစိန်မှုံနှင့် စကားပြော၍ ကြည်နူးနေရာက ဆိုးပေ ခေါင်းဆောင်သော လူငယ်ကလေးတစ်သိုက်ကို တွေ့လိုက်ရသည်တွင် စိတ်ထဲမျိုးစွာ အနှောင့်အယှက် ဖြစ်သွားကာ ဆိုးပေ၏ အလာကို မှုန်တေတေနှင့် စောင့်၍ နေလေ၏။

"မင်း ဘာလုပ်ရအောင် လာတာလဲ"

"ဘာမှ မလုပ်ပါဘူး။ အစ်ကိုကော"



www.burmeseclassic.com

www.burmeseclassic.com



"ငါဘာလုပ်လုပ် မင်းမေးစရာလား။ သွား.....ဒီမှာ လာရှုပ်မနေနဲ့"

"ကျွန်တော် အစ်ကို့ကို ဘာရှုပ်လို့လဲ။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ ကစားရအောင် လာတာပဲ"

"ဒါမင်းတို့ ကစားဖို့ နေရာမဟုတ်ဘူး။ သွားဆို မသွားဘူးလား....."

မောင်တင့်၏ မျက်နှာတွင် ရိုက်မောင်း၊ ပုတ်မောင်း အမူအရာ ပေါ်လွင်၍နေလေရာ ဆိုးပေမှာ ရှေ့ဆက်၍ အတွန့်တက်နေရန် မတော်တော့ဟု ရိပ်စားမိကာ မကျေမနပ်နှင့် တပ်ခေါက်၍ ပြန်ပြီး လှည့်ခဲ့ရလေ၏။

"သိပ်ကျတာပဲကွာ.....လူကြီးတွေဟာ ဒါမျိုးကြီးပဲ။ သူတို့ကိုယ်သူတို့ ဘဝရှင်မင်းတရားကြီး အောက်မေ့နေတယ်။ သူတို့လုပ်တာမှအမှန်။ သူများလုပ်ရင် ဘာဟာမှ မှန်တယ် မထင်ဘူး" ဟု ဆိုးပေက ညည်းတွားပြီးနောက် "နေကြဦးကွ...တို့ဒီနားမှာ ပုန်းပြီးနေကြမယ်။ သူတို့နှစ်ယောက် တစ်နေ့လုံး ဒီမှာမနေပါဘူးကွာ။ သူတို့ထွက်သွားမှ တို့ပြန်ပြီး ကြည့်ကြမယ်" ဟု စီမံအကြံပေးလေ၏။

မောင်တင့်သည် ဆိုးပေ၏ အကြောင်းကို သိထားသည့်အလျောက် ဘယ်နည်းနှင့်မျှ ဆိုးပေတို့ ဝေးဝေးသွားမည် မဟုတ်။ တစ်နေရာရာက မိမိတို့အား ချောင်းမြောင်းကြည့်နေကြပြီး ရတ်တရက် ပေါ်လာလိမ့်ဦးမည်ကို စိုးရိမ်လျက် စိတ်မငြိမ်မသက်ရှိနေလေတော့၏။

"ဒီကောင်လေးတွေကို ဂရုစိုက်မနေပါနဲ့ ကိုတင့်ရာ ခုနပြောတာ ဆက်ပြောစမ်းပါဦး။ ကိုတင့်ချစ်တာ ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"ဩဘာ် အစိန့်အပေါ်မှာ ကိုတင့်ချစ်မိတာဟာ မျိုမလို ချစ်မိတာပါ"

"ဒါဖြင့် ဘာပြုလို့ မမျိုသလဲ"

"ဆီးဖြူ၊ ဖန်ခါးသာဆိုရင်တော့ တာနော ဘီလူးလို ပါးစပ်ထဲ ထည့်ပြီးထားမှာပေါ့"

"တာနော ဘီလူးမျိုတာ ဆီးဖြူ၊ ဖန်ခါးမှ မဟုတ်ပဲ။ မင်းသမီးကလေးမျိုတာပဲ"

"တာနောကတော့ ပါးစပ်ပြဲတာကို လူတစ်ကိုယ်လုံး မျိုထားနိုင်တာပေါ့။ ကိုတင့်က အစိန့်ကို မျိုချင်လို့ ပါးစပ်မှ မဆံ့ဘဲ"

"ကိုတင့် ပလီပလာတွေ ပြောနေတာပါ တကယ်မချစ် ပါဘူး"

"ကိုတင့်ရင်ထဲ အသည်းထဲက ဘယ်လောက်ချစ်တယ် ဆိုတာ ဘူးသီး၊ ခရမ်းသီးသာဖြစ်ရင် ရင်ခွဲပြဝံ့ပါရဲ့"

"ဟင် ကိုတင့်အချစ်က ဘယ်လိုအချစ်လဲ။ ဆီးဖြူသီး၊ ဖန်ခါးသီး၊ ဘူးသီး၊ ခရမ်းသီးအချစ်။ အဆီအသားမပါတဲ့ သက်သတ်လွတ် အချစ်ကြီးပဲ" ဟု စိန်မှုံကပြောကာ နှုတ်ခမ်းကလေး စူနေလိုက်ရာ မောင်တင့်မှာ မိမိစကားကို ရေလည်အောင် မည်သို့ ပြောရမည်နည်းဟု ရုတ်တရက် မကြံတတ်ဘဲ မွှန်ထူသွားလေ၏။

"ဥပမာ တင်စားပြီးပြောတာပါ အစိန်ရယ်။ အချစ်ကို တန်ဖိုးမရှိတဲ့ ဇီးဖြူ၊ ဖန်ခါးနဲ့ နှိုင်းပြီး မှိုချိုး မျှစ်ချိုး ပြောတာ မဟုတ်ပါဘူး"

"လာပြန်ပြီ။ ဟင်းသီး ဟင်းရွက်စကားတွေ။ ကိုတင့်



www.burmeseclassic.com

www.burmeseclassic.com



ဟာ သက်သတ်လွတ်စားတဲ့ ဇီဝဋ္ဌာယီအဖွဲ့ထဲဝင်နေရော့လား။ အချစ်အကြောင်း ပြောမလားမှတ်တယ်။ မှိုရော၊ မျှစ်ရော၊ ပြည်ပန်းညိုရော၊ ချင်းစိမ်းရော၊ မိတ်သလင်ရော"

"အို...ချင်းစိမ်းနဲ့ မိတ်သလင်လို့ မပြောရသေးပါ ကလားအစိန်ရယ်။ ကိုတင့် ပြောနေတာ အစိန် သဘောပေါက် လွယ်အောင် ဥပမာ နှိုင်းယှဉ်ပြီး ပြောနေတာပါ"

မောင်တင့်မှာ စိန်မှူ၏အလိုကျအောင် မနည်းကြိုးစား ရှင်းလင်းနေရလေရာ စကားမှာ အမျှင်မပြတ်နိုင် ရှိနေလေ၏။

ချုံဖုတ်ထဲမှာ ချောင်းနေကြသော ဆိုးပေတို့တစ်စုမှာ ကြာမြင့်စွာမစောင့်နိုင်တော့ဘဲ ရှိလာကြသဖြင့် "ကြာလိုက်တာ ကွာ။ ဘာတွေများ လေရှည်နေကြသလဲမသိပါဘူး။ ဇာတ်ကြီး ဆယ်ဘွဲ့ကို တစ်ခုပြီးတစ်ခု ပြောပြနေတာနဲ့တူတယ်။ ဒီအတိုင်း ဆိုရင် ဒီအနားက တစ်နေ့လုံးသွားကြတော့မှာ မဟုတ်ဘူး" ဟု ဆိုးပေက ညည်းတွားလိုက်လေ၏။

"ဒီလိုဆိုရင် ဘယ်လိုလုပ်ကြမလဲ"

"နေကုန်တဲ့အထိထက်တော့ ပိုပြီး မပြောနိုင်ပါဘူးကွာ။ ပြောရင်လည်း လေပွပြီး မာလကီကုတ်ကုန်ကြမှာ သေချာတယ်။ အဲဒီတော့ ညမိုးချုပ်မှ တို့များတစ်ခေါက်လာကြမယ်ကွာ။ ဒီအချိန် ကျရင်တော့ သူတို့လည်း ရှိမှာ မဟုတ်တော့ပါဘူး"

ရဲဘော်အားလုံးကပင် ဆိုးပေ၏ ပြောပြချက်ကို ကျေနပ် စွာ လက်ခံကြကာ ရေကန်အနီးမှ ဆုတ်ခွာသွားကြလေ၏။

မောင်တင့်မှာ စိန်မှူအား တစ်နာရီနီးပါးမျှ ဖြေရ ရှင်း ရ–ချော့မြူရ–ညုရ ခရာရနှင့် အာပေါက်လုနီးနီး ရှိကာမှ စိန်မှူ ၏ ပျူငှာစွာ တုံ့ပြန်မှုကို ရရှိလေတော့၏။ စိန်မှူမှာ မောင်တင့်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တွေ့စကြုံစ ချစ်ခင်စဖြစ်လေရာ မောင်တင့်၏ အချော့အမြှူခံယူလိုသဖြင့် ညိုမြလုပ်နေခြင်းပင် ဖြစ်ပေ၏။

ချစ်စခင်စဖြစ်ကြသဖြင့် ၎င်းတို့မှာ နေ့စဉ်တွေ့ကာ ဤမျှ စကားပြောရသည်လောက်ပင် ကျေနပ်အားမရနိုင်ကြပေ။ ပြောစရာစကားမရှိဘဲ ထပ်တလဲလဲ အပ်ကြောင်းထပ်နေ၍ လည်း မပြီးနိုင်ကြပေ။

"အချိန်မရှိတော့ဘူး ကိုတင့်။ အိမ်ကလည်း ရေခပ်သွားတာကြာလှချည်လားလို့ ပြောနေဦးမယ်"

"ညကျရင် ဒီမှာ တွေ့ကြဦးစို့လား"

"ကိုတင့် စောစောလာလေ။ သိပ်မိုးချုပ်နေရင် မကောင်းဘူး။ ကျွန်မ အိမ်နောက်ဖေးက စောင့်ကြည့်နေမယ်။ ကိုတင့် လာတာမြင်တော့မှ ထွက်လာခဲ့မယ်"

မောင်တင့်သည် ရေအိုးကလေးရွက်၍ ထွက်သွားသော စိန်မှုံအား သူ့အိမ်ထဲသို့ ရောက်သည့်တိုင်အောင် မျှော်၍ကြည့်နေပြီးမှ ထွက်သွားလေ၏။

နေဝင်မိုးချုပ်လောက်တွင် ဆိုးပေတို့သည် မနက်ကယူလာသည့် လက်နက်ပစ္စည်းများကို ကိုင်ဆောင်လျက် ရေကန်သို့ ချဉ်းကပ်လာကြလေ၏။

"ဒီနဂါးကြီးကို မိရင် ဘုရိဒတ်လို့ နာမည်ပေးရအောင်"

"ဗန္ဓုလလို့ ခေါ်ရင် ပိုကောင်းမယ်ကွ"

"ငါကတော့ မော်စီတုန်းဆိုတဲ့ နာမည်ပဲ ကြိုက်တယ်"

"မင်းတို့ ဘာပြောပြော ငါကတော့ ငါ့မည်အတိုင်း ဆိုးပေလို့ပဲခေါ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့.....စကားတွေ တိတ်ကြ ကန်နားရောက်လာပြီ"

ထိုအချိန်တွင် မောင်တင့်မှာ ရေကန်သို့ ဦးစွာ ရောက်နှင့်ကာ တံတားကလေးကို လျှောက်၍ လာခဲ့လေ၏။

ကောင်းကင်မှာ ကြည်လင်နေသော်လည်း လရောင်မရှိသည့်အတွက် ရေကန်တစ်ဝိုက်တွင် ထိန်ထိန်လင်းလင်း မရှိချေ။ သို့သော် ကြယ်ရောင်များအရ တံတားကလေးပေါ်က မောင်တင့်၏ သဏ္ဌာန်ကိုကား ခပ်လှမ်းလှမ်းမှ မြင်နိုင်ဖွယ် ရှိပေ၏။ ထိုသို့မြင်နိုင်စေကာမူ မတုန်မလှုပ်ရပ်နေလျှင် သစ်ငုတ်ဟု ထင်မှတ်ဖွယ်ရှိလေရာ တံတားပေါ်တွင် လမ်းလျှောက်လှုပ်ရှားနေသော မောင်တင့်ရောက်ရှိနေခြင်းကို စိန်မွှံသိနိုင်ပေလိမ့်မည်။ သို့ဖြစ်၍ မောင်တင့်သည် ရှေ့တိုးလိုက် နောက်ဆုတ်လိုက်၊ ခြေဖျားထောက်ပြီးလှမ်းမျှော်၍ ကြည့်လိုက်နှင့် အိမ်ဘက်ကိုသာ မျက်နှာမူလျက်ရှေ့တိုး နောက်ဆုတ် လှုပ်ရှားကာ ကိုယ်ရောင်ပြနေရာက တစ်ချက်တွင် နောက်အဆုတ်လွန်ပြီး ဂုန်းခနဲ ရေထဲသို့ကျကာ ပေါင်လည်လောက်ရှိသော ရေနက်ထဲတွင် ယက်ကန်ယက်ကန် ဖြစ်နေတော့၏ ။

ထိုအခိုက်မှာပင် ဆိုးပေတို့ ရောက်လာကြလေရာ ရေစပ်တွင် တဗြုန်းဗြုန်း တဝုန်းဝုန်း ဖြစ်နေသော မည်းမည်းမှောင်မှောင် သတ္တဝါတစ်ကောင်ကို မြင်ရ ကြားရသည်တွင် "လာဟော့– ရေထဲဆင်းဆွဲကြရအောင်" ဆိုပြီး ရေကန်ထဲသို့ ခုန်ဆင်းကြကာ ကြိုးနှင့် တုတ်သူက တုတ်၊ ပိုက်နှင့် အုပ်သူက အုပ်၊ ခြေတွေဆွဲသူက ဆွဲကြလေ၏။

မောင်တင့်မှာ ရေကောင်းစွာ ကူးတတ်သူ မဟုတ်လေရာရေထဲသို့ ကျသည်နှင့် အလွန်အမင်းကြောက်သည့် စိတ်ဖြင့် မွှန်ထူနေသောကြောင့် ယခုလို ဝိုင်း၍ ဆွဲကြသည်ကို ရေထဲကျလို့



www.burmeseclassic.com

www.burmeseclassic.com



ရေသရဲတွေ ဆွဲခေါ်နေလေပြီဟု ထင်မိကာ အကြောက်လွန်ပြီး အော်၍ပင် အသံမထွက်နိုင်အောင် ရှိလေ၏။

"စွီ...စွီစွီ...ဗန္ဓုလ...လာလာ"

"မော်စီတုန်း...မော်စီတုန်း"

"ကမ်းမွန်...ဆိုးပေ...ကမ်းမွန်...ဆိုးပေ"

ရဲဘော်တို့သည် မိမိတို့မှည့်ခေါ်လိုသော နာမည်များဖြင့် ချော့မြူခေါ်ဝေါ်ကာ ရေသတ္တဝါကြီးကို ကုန်းပေါ်သို့ ဆွဲတင်ကြလေ၏။ အဝိန်ကား ရေသတ္တဝါကြီး ကြမ်း၍လာလျှင် ခေါင်းကို ထုရန် သစ်သားငရုတ်ကျည်ပွေ့ကြီးကို တရွယ်ရွယ်နှင့် ရှိလေသည်။

မောင်တင့်မှာ ကုန်းပေါ်သို့ ရောက်သည့်အခါတွင် မိမိမှာ ရေနစ်သွားပြီးနောက် ငရဲပြည်သို့ ရောက်ကာ ငရဲသားများက ကိုယ်ကိုဆွဲ၍ ဖြဲနေကြလေပြီလားဟု ထင်မိလေ၏။ နားနှင့် နှာခေါင်းထဲတွင်လည်း ရေများဝင်နေသဖြင့် မိမိအနီး၌ ပြောဆိုနေကြသည့် စကားများကို ကောင်းစွာ မကြားချေ။

"ဒါဟာ.....နဂါးကြီးတော့ မဟုတ်ဘူးကွ။ လက်လေးချောင်းပါတဲ့ ရေသရဲတစ်မျိုးနဲ့ တူတယ်"

"အမြီးပါသလား.....ကြည့်စမ်းပါဦး"

"ငါတော့ မစမ်းရဲဘူးကွ။ ခေါင်းထောင်လာရင်တော့ ငရုတ်ကျည်ပွေ့နဲ့ ဆော်ထည့်လိုက်မှာပဲ"

မောင်တင့်မှာ ပြောနေသည့် စကားသံများကို သဲသဲကွဲကွဲ မကြားရသော်လည်း အသံတစ်ခုမှာ မိမိကြားနေကျ လေသံမျိုး ဖြစ်သည်ဟု ထင်မိလေ၏။

"ချိုပါသလား.....ကြည့်စမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ အဆန်းပဲကွ။ ချိုမပါဘဲ ဘိုဆံတောက်ညှပ်ထား ပါကလား"

မှန်းစမ်းဟု ဆိုးပေအနားကပ်ကြည့်လိုက်ပြီးလျှင် "ဟ ငါတို့ အစ်ကို ကိုတင့်ရယ်" ဟု အံ့အားသင့်စွာ ဆိုလိုက်လေ၏။

"ဟင် နင်ဆိုးပေပါလား"ဟု ဆိုကာ မောင်တင့်သည် ငေါက်ခနဲ ထလိုက်လေ၏။

အဝိန်ကား ငရုတ်ကျည်ပွေ့နှင့် ချမည်ဟု ချိန်ရွယ်ထား ရာက မောင်တင့်ဖြစ်မှန်းသိ၍ နောက်သို့ ဆုတ်လိုက်လေ၏။

ထိုအချိန်မှာပင် မိမိတို့ဆီသို့ လျှောက်လာသော သဏ္ဍာန် တစ်ခု ပေါ်၍လာကာ အနားသို့ ရောက်လာရာတွင် စိန်မှုံဖြစ်သည် ကို တွေ့ကြရလေ၏။

"ကိုတင့် ဘယ်လိုလဲ။ ဘာဖြစ်တာလဲ"

မောင်တင့်သည် ဆိုးပေနှင့် ရဲဘော်တို့ ဘက်သို့ လှည့် ကြည့်လိုက်ရာ တစ်ယောက်မှမရှိတော့ဘဲ ကြက်ပျောက် ငှက် ပျောက် ပျောက်သွားကြပြီကို တွေ့ရလေ၏။

"ပြောစမ်းပါဦး ကိုတင့်။ တစ်ကိုယ်လုံးလည်း ရွှံ့ရွှဲကို စိုလို့ပါကလား"

မောင်တင့်မှာ ရေစိုရွှဲရသည့်အထဲ လေအေးကတိုက် သဖြင့် ခိုက်ခိုက်တုန်နေလေ၏။ မိမိ၏ ရှက်စရာအဖြစ်ကိုလည်း အပြောရ ခက်နေလေ၏။ မောင်တင့်၏ ပါးစပ်မှ ဂတ် ဂတ် ဂတ်ဂတ်နှင့် မေးရိုက်သံများသာ ထွက်လာလေ၏။

"ကိုတင့် အိမ်မြန်မြန်ပြန်ပြီး အဝတ်လဲမှ ဖြစ်မယ်"

"ဂတ်ဂတ် ဂတ်ဂတ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်တင့်သည် စိန်မှုံ၏ စကားအတိုင်း အိမ်သို့ မြန်မြန် ပြန်၍လာရာက နောက်ဖေးက တိတ်တိတ်လှည့်ဝင်ပြီး ရေချိုး၍ အဝတ်အစားလဲရလေ၏။ ထို့နောက်မှ အိမ်ရှေ့ခန်းသို့ ထွက်လာကာ ဆိုးပေကို ရှာလေ၏။

"မေမေ ဟိုကောင်လေး ဘယ်မှာလဲ"

"ခုနလောက်ကပဲ ပြန်လာတယ်။ အိပ်ချင်လှတယ် ဆိုပြီး အိမ်ပေါ်တက်အိပ်နေလေရဲ့"

"ဒီအချိန်ခါတိုင်း သူအိပ်ချိန်မှ မဟုတ်ဘဲ"

"နေမကောင်းလို့နဲ့ တူတယ်။ အခုလေးတင်ပဲ မေမေ ကြည့်ခဲ့သေးတယ်။ အိပ်မောကျနေတယ်"

"အိပ် အိပ်– သူ့ကိုတော့ ကျွေးစရာတစ်ခု ရှိသေးတယ်" ဟု ဆိုကာ "လက်သီးစာ" ဆိုသော စကားကိုမူ လေသံလောက် ပါးစပ်က ထွက်ခဲ့ပြီး ဆိုးပေ၏အိပ်ရာသို့ သွား၍နှိုးရန် အိမ်ပေါ်သို့ တက်ခဲ့လေ၏။

အိပ်ချင်ဟန်ဆောင်နေသူကို အနှိုးရခက်သည်ဆိုရာတွင် ဆိုးပေလောက်ကား မည်သူမျှ ဟန်ဆောင်နိုင်ကြမည် မဟုတ်ပေ။ မောင်တင့်မှာ ဆိုးပေအား ချောက်၍လည်း မရ။ ငေါက်၍လည်း မရ။ ချော့နှိုး၍လည်းမရ။ ကြိတ်မနိုင်ခဲမရဖြစ်နေတော့၏။ အိပ်ရာထဲက ကလေးကို ဆွဲထိုးရမည့် အလုပ်မှာလည်း လူကြီးမပီသသည့် အလုပ်ဖြစ်နေသောကြောင့် ထိုညအဖို့ လက်လျှော့လိုက်ရလေ၏။

နောက်နေ့ နံနက်တွင် အိပ်ရာမှ နိုးကြ၍ လက်ဖက်ရည်ဝိုင်းတွင် ဆုံကြသောအခါ မောင်တင့်မှာ ဆိုးပေကို မတွေ့ရသဖြင့် "ဟိုကောင်လေး မထသေးဘူးလား" ဟု မေးရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကနေ့ အစောကြီးနိုးတယ်။ နိုးနိုးချင်းပဲ လေကောင်း လေသန့်ရှူရအောင် ဆိုပြီး လက်ဖက်ရည်သောက်တောင် မစောင့်ဘဲ ထွက်သွားတယ်။ ဒီအကျင့်မှန်သွားရင် ကောင်းတာပေါ့"

ထိုအချိန်တွင် ဆိုးပေနှင့် ရဲဘော်တို့မှာ ဂိုဒေါင်ပျက်ကြီးတို့ ရောက်နေကြပြီး ဖြစ်ပေ၏။

"ငါတော့ တော်ပြီကွာ။ ဒီရေနဂါးတွေ ရေသရဲတွေ ဖမ်းတဲ့ အလုပ်ကို စိတ်မရှိတော့ဘူး။ သူတို့ဟာ သူတို့ ရေထဲမှာ ဘာလုပ်နေနေ နေပေစေတော့။ ရေနဂါးဖမ်းရတာ ကံကောင်းလို့ တို့တစ်တွေ ရေနစ်မသေတယ်"

"အေးကွာ။ ဒီအလုပ် တို့မလုပ်တော့ဘူး"

"အရေးထဲ မင်းတို့အစ်ကိုကလည်း ဘာဖြစ်တာလဲကွ။ ဒီအချိန်ကြီးမှ ရေဆင်းကူးနေတာ။ ပြီးတော့ အကျီဝတ်လျက်သားနဲ့ ရေနစ်နေတာ ရူးများရူးနေရော့လား"

"သူရူးနေတာ ငါသိသားပဲ။ တို့အမေကို ငါခဏခဏ ပြောပြောနေတာ မယုံဘူး။ ဘယ့်နှယ်ကွာ မိုးချုပ်မှ အကျီဝတ်ပြီး ရေချိုးရသတဲ့။ ပြီးတော့ တို့က ကုန်းပေါ်ဆွဲတင်တာကို သူက ကျေးဇူးမတင်ဘဲ ဒေါပွနေရသေးတယ်။ တကယ်ဆို သူဟာ ရေနဂါးဖြစ်မနေလို့ တို့ကသာ ဒေါပွစရာ ရှိနေတာ။ ညက ငါအိပ်နေလို့ ဆော်ပလော်တီးတာမခံရတာပေါ့။ တော်ပါပြီကွာ။ သူ့အကြောင်း ပြောမနေပါနဲ့။ နဂါးတွေ ရေသရဲတွေလည်း ပြောမနေပါနဲ့။ တို့ဟာတို့ အေးအေးပဲ တောပုန်းလုပ်တမ်း ကစားကြပါစို့"

မောင်တင့်ကား စိန်မှုံနဲ့တွေ့လျှင် ဘယ်လိုပြောရပါမည်နည်း။ စိန်မှုံက မိမိအား ဘယ်လို ပြောလေမည်နည်းဟု မတွေးတတ် မကြံတတ်ဖြစ်နေတော့၏။ ညက အဖြစ်မှာ ရှက်စရာ ကောင်းလှသည်။ ကလေးများက မိမိအား ရေထဲမှာ ဆွဲယူရသည်



www.burmeseclassic.com

www.burmeseclassic.com



ကိုစိန်မှုံသည် မိမိအား အထင်သေးစရာ ဖြစ်နေတော့သည်။ သို့သော် မိမိဂုဏ်မပျက်အောင် ယုံလည်း ယုံလောက်အောင် မည်သို့ လှည့်ပတ်ပြောရပါမည်နည်းဟု ကြံရာမရရှိလေ၏။

စိန်မှုံသည် မိမိအပေါ်တွင် အထင်သေးသွားလေပြီလား။ အထင်သေး၍ အချစ်ပြယ်သွားလျှင် မိမိအား အတွေ့ခံတော့မည် မဟုတ်ပေ။ သို့ဖြစ်၍ အကြောင်းသိရအောင် သွား၍ ကြည့်ဦးမည်ဟု နှလုံးပြုကာ ရေကန်ဆီသို့ ထွက်လာခဲ့လေ၏။

တံတားကလေးပေါ်တွင် စောင့်နေသော စိန်မှုံကို လှမ်း၍ မြင်လိုက်ရသည်တွင် မောင်တင့်မှာ ဝမ်းမြောက်မဆုံး ရှိတော့၏။ စိန်မှုံကား မောင်တင့်အား စောစောကပင် လာ၍ စောင့်နေလေသည်။

"ကိုတင့်–ညက အအေးမိပြီး ဒီကနေ့ အိမ်က ထွက်နိုင်ပါ့မလားလို့ စိတ်ပူနေတာ။ ဒါကြောင့်လည်း ညက ကိုတင့်ကို စကားပြောမနေတော့ဘဲ အိမ်မြန်မြန်ပြန်ပြီး အင်္ကျီလဲခိုင်းရတာ။ ကျွန်မလေ…အိမ်ကလည်း ထွက်လာရော–ကိုတင့်ရေထဲ ဒိုင်ဗင်ထိုးဆင်းပြီး ရေနစ်တဲ့ ကလေးတွေကို ဆယ်တာတွေ့ရတော့လေ…တယ်သတ္တိကောင်းပါကလားဆိုပြီး အံ့အားများတောင် သင့်လို့ ခပ်ဝေးဝေးက ကြည့်နေမိတယ်"

မောင့်တင့်မှာ စိန်မှုံတကယ်ပဲ ပြောနေသလား မိမိအား သရော်နေသလားဟု မစဉ်းစားတတ်ဘဲ အူကြောင်ကြောင်ဖြစ်နေလေ၏။

"ကျွန်မဖြင့်လေ…ကိုတင့် သတ္တိကို သိပ်ချီးကျူးမိတာပဲ တကယ့်…သူ့ရဲကောင်းကြီးတစ်ယောက်မှန်း အခုမှ သိတယ်။ ပြောစမ်းပါဦး။ ညက ကိုတင့် ဘယ်လိုလုပ်ပြီး ကယ်လိုက်ရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



မောင်တင့်မှာ မိမိကြားရသည့် စကားများကိုပင် မယုံနိုင်လောက်အောင် စိန်မှုံက တကယ်ပြောနေသည်ကို တွေ့ရလေရာ အဖြီးမှားသွားမည် စိုးရိမ်သည့် အတွက် "ညက အစိန်တွေ့ရတဲ့ အတိုင်းပေါ့အစိန်ရယ်။ သိပ်ရေးမကြီးတဲ့ ကိစ္စကလေးပါ။ ပြန်ပြောပြမနေပါရစေနဲ့တော့ ချစ်တာတွေသာ ပြောကြပါစို့"ဟု စကားလှီးလွှဲလိုက်ရလေတော့၏။

♦♦♦ ❖ ♦♦♦



www.burmeseclassic.com


www.burmeseclassic.com

# အရှုပ်တော်ပုံ

ပင်နီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဆိုးပေသည် အချစ်တော် ဂျမ်ဘိုနှင့်အတူ ပျင်းရိဖင့်နွှဲ့စွာလမ်းလျှောက်လာစဉ် ထိန်လန့်စိုးရိမ်စရာအဖြစ် ဆိုးကို မမျှော်လင့်ဘဲ ကြုံတွေ့ရလေသည်။

ထိုအဖြစ်မှာ မော်တော်ကား မောင်းလာသော ဒရိုင်ဘာ၏ အပြစ်ကြောင့် ဖြစ်ရခြင်းမဟုတ်။ ဂျမ်ဘို၏ အပြစ်လည်းမပါ။ လမ်းပေါ်တွင် ဖြတ်ပြေးသော ကြောင်၏ အပြစ်သာ ဖြစ်သည်ဟု ဆိုးပေက ယူဆလိုက်လေသည်။ ဂျမ်ဘိုသည် ကြောင် ဖြတ်ပြေးသည်ကို မြင်လိုက်ရလေသည်တွင် တိုး၍လိုက်ရန် တစ်ခုသာ အာရုံပြုမိလေသည်။

တစ်ဖက်မှ အမြန်မောင်းလာသော မော်တော်ကားကို သတိမထားမိပေ။ လူများပင်လျှင် ခေါင်းတစ်လုံးတည်းနှင့် အိုနှစ်လုံးမရွက်နိုင်လျှင် ဂျမ်ဘိုအဖို့ ခေါင်းတစ်လုံးတည်းနှင့် သတိနှစ်ခု အဘယ်မှာ ထားနိုင်ပါမည်နည်း။

ဆိုးပေသည် ကြောင်ဖြတ်ပြေးလာသည်ကို မြင်ရသည်နှင့် ဂျမ်ဘိုလိုက်ရန် ပြေး၍ လိုက်တော့မည်ကို ရိပ်မိ၏။ ထိုသို့ပြေး၍လိုက်လျှင် ကားတိုက်ခံရလိမ့်မည် သိ၏။ သို့သော် ဆိုးပေ၏ ပါးစပ်က မတားလိုက်နိုင်မီကလေးတွင်ပင် ဂျမ်ဘိုသည် မြား



www.burmeseclassic.com

www.burmeseclassic.com



ပစ်လွှတ်လိုက်သကဲ့သို့ တစ်ဟုန်ထိုး ပြေးသွားနှင့်သဖြင့် ပါးစပ်ဟပြီး ငေးနေလိုက်ရလေတော့၏။

ခဏအတွင်းမှာပင် မော်တော်ကား ဘရိတ်အုပ်သံ ကျွီခနဲ ထွက်ပေါ်လာသည်နှင့် တစ်ချိန်တည်းမှာပင် ဂျမ်ဘို၏ ငယ်သံပါအောင် အော်လိုက်သည့် အသံ ထွက်လာပြီး ကားလည်းရပ်၊ ဂျမ်ဘိုလည်း မထနိုင်ရှိပြီးနောက် ကားထဲမှ မိန်းကလေး တစ်ယောက် ပျာပျာသလဲ ဆင်းလာသည်ကို တွေ့ရလေ၏။ မိန်းကလေး၏ မျက်နှာတွင် စိုးရိမ်ခြင်း ပြင်းပြသော ဆန္ဒကို ပြနေလေသည်။

ဆိုးပေသည်လည်း ဂျမ်ဘိုအား ကားတိုက်ခံရသည်ကို တွေ့ရသဖြင့် အပြေးအလွှား သွားရောက်ကောက်ယူပွေ့ချီကာ ဒဏ်ရာမည်မျှရှိသည်ကို ပူပင်ကြီးစွာဖြင့် စစ်ဆေးကြည့်ရှုရှာလေ၏။

"အို...ဖြစ်မှဖြစ်ရလေ မောင်လေးရယ်။ သိပ်များ ဒဏ်ရာရသလား"

ဆိုးပေသည် မိန်းကလေး၏ အမေးကိုပြန်၍ မဖြေအားချေ။ ဂျမ်ဘို၏ ဝေဒနာခံစားချက်ဖြင့် အော်သံမှာ နားကွဲမတတ်ရှိသဖြင့် အခြားဘာကိုမှ ဂရုမစိုက်နိုင်ဘဲ ဂျမ်ဘို၏ ခြေထောက်တွင် ထိခိုက်သွားသော ဒဏ်ရာမှ ယိုစီးလာသော သွေးများကို လက်ကိုင်ပဝါနှင့် သုတ်ပေးနေရလေ၏။ ဆိုးပေ၏ လက်ကိုင်ပဝါမှာ မင်စက်၊ ဟင်းစက်နှင့် ဂျီးလျက်ရှိရာ ဆီသယ်မ လက်သုတ်ပဝါနှင့် ပိန်မသာ လိမ်မသာရှိလေရာ နောက်ထပ် သွေးများစွန်းပေ၍လည်း ညစ်ပတ်စရာ မရှိတော့ချေ။

"စိတ်မကောင်းလိုက်တာကွယ်။ မမတို့ အပြစ်ပါပဲ"

ထိုအခါမှ မိန်းကလေး၏ မျက်နှာကို သေချာစွာ ဂရုစိုက်ကြည့်လိုက်မိလေသည်။ မိန်းကလေးမှာ ဆိုးပေ၏ အစ်မ မယ်မြင့်နှင့် ရွယ်တူလောက်ရှိပြီ ဖြစ်သဖြင့် အသက်အရွယ်



www.burmeseclassic.com

www.burmeseclassic.com



တူစေကာမူ အခြားအဘက်ဘက်တွင် မိမိ၏ အစ်မနှင့် ဘာမှ မဆိုင်။ သူ့ထက်သာသည်ဟု ဆိုးပေ၏ စိတ်ထဲ၌ မှတ်ချက် ချမိလေ၏။ ထိုမိန်းမပျို၏ ဂရုဏာနှင့် ယှဉ်သော ပျော့ပျောင်း နူးညံ့သည့် အသံနှင့် စိုးရိမ်ကြီးသဖြင့် သွေးမရှိသကဲ့သို့ ဖြူလျော် နေသော မျက်နှာသည် ဆိုးပေ၏ စိတ်ကို ညှို့ထားလိုက်သလို ရှိလေ၏။

"ဒဏ်ရာတော်တော် များသလား။ ခြေထောက်ကျိုးသွား မှာ စိုးရိမ်ရတယ်။ တိရစ္ဆာန်ဆရာဝန် ဘယ်မှာရှိသလဲ"

"သိပ်မဝေးပါဘူး။ ရှေ့နားတင်ပဲ"

"ကဲ ဒါဖြင့် သူ့ကို ဆရာဝန်ထံ အမြန်ဆုံး သွားပြမှဖြစ် မယ်ကွဲ့။ ကားပေါ်တက် မင်းက ဆရာဝန်အိမ်ကို လမ်းပြပေ တော့"

"မိန်းမပျိုသည် ပြောပြောဆိုဆိုနှင့်ပင် ဂျမ်ဘိုကို လှမ်း ယူလိုက်ပြီး မော်တော်ကားနောက်ထိုင် ကူရှင်ပေါ်တွင် အသာ အယာ ချပေးလိုက်ရာ ဂျမ်ဘိုသည် ထိုသို့အယုအယခံရခြင်းဖြင့် အော်သံတိတ်၍သွားလေ၏။

"ကဲ…မောင်လေးလာ၊ သူနဲ့ အတူတူ နောက်မှာထိုင်"

သို့နှင့် ဆိုးပေနှင့် ဂျမ်ဘိုတို့က ကားနောက်မှာ ထိုင် ကြလျက် မိန်းမပျိုက ကားမောင်းသူနှင့်ယှဉ်၍ ရှေ့မှထိုင်ကာ တိရစ္ဆာန်ကု ဆရာဝန်ထံသို့ သွားကြလေ၏။

မကြာမီပင် တိရစ္ဆာန်ကုဆရာဝန် အိမ်သို့ ရောက်သွား ကြပြီးနောက် ဆရာဝန်ကဒဏ်ရာကို စစ်ဆေးကြည့်ရှုနေစဉ် မိန်းမ ပျိုက ဂျမ်ဘို၏ ကျောကလေးကို ပွတ်သပ်ချော့မော့ပေးမှ ဂျမ်ဘို မှာ အမြီးနှံ့ကျေနပ်မဆုံးဘဲ ရှိလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဆရာဝန်က အနာကို ဆေးကြော သုတ်သင်ပေးပြီးနောက် ဆေးထည့်၍ ပတ်တီးစည်းပေးလိုက်လေ၏။ မိန်းမပျိုက ဆရာဝန်အား ဆေးကုခထုတ်ပေးနေစဉ် ဆိုးပေက ဂျမ်ဘိုကိုပွေ့ချီ၍ စောင့်နေသော ကားပေါ်သို့ ခေါ်သွားလေ၏။

"မောင်လေးရေ မမတို့အိမ် အရင်လိုက်ခဲ့ဦး။ နောက်ပြီးမှ မင်းနဲ့ဂျမ်ဘိုကို မင်းတို့အိမ်လိုက်ပို့ပေးမယ်"

ဆိုးပေက ဝမ်းမြောက်ကျေးဇူးတင်စွာဖြင့် ဟုတ်ကဲ့ဟု ဆိုလိုက်လေ၏။

ဆိုးပေသည် ဂျမ်ဘိုအား အကြိမ်ကြိမ် ကားတိုက်ခံရမည်ကို တွေ့ခဲ့ရဖူး၏။ ထိုသို့ ဖြစ်သည့်အခါတိုင်း ကားသမားသည် သူ၏ အပြစ်ကို မမြင်ဘဲ ဂျမ်ဘိုကပင် ကားကို တက်၍နင်းကြိတ်ကာ အပြစ်ရှိသည့်အလား ပြောဆိုရေရွတ်လေ့ ရှိသည်ကို တွေ့ရ၏။ ယခုမှ ကားမောင်းသူကလည်း ဘာတစ်ခွန်းမျှ မပြော။ စီးလာသည့် မိန်းမပျိုကလည်း ကောင်းစွာပြုစု စောင့်ရှောက်သည်ကိုတွေ့ရသဖြင့် ကျေးဇူးတင်နေရသည့် အထဲမှာပင် မော်တော်ကား လိုက်၍စီးရဦးမည် ဖြစ်သောကြောင့် ဝမ်းမြောက်မဆုံး ရှိလေ၏။

ထို့နောက် ဆရာဝန်အိမ်မှ ထွက်ခွာလာခဲ့ကြပြီးလျှင် ရွာထဲမှ ဖြတ်ကာ ရွာဖျားပိုင်းရှိ အိမ်တစ်အိမ်သို့ ရောက်လာကြလေ၏။

"ကဲ…မင်းဒီမှာ ခဏနေဦး။ မမ အိမ်ထဲခဏ ဝင်လိုက်ဦးမယ်။ သိပ်မကြာပါဘူး။

မိန်းမပျိုသည် ကားပေါ်မှ ဆင်း၍ အိမ်ထဲသို့ ဝင်သွားလေ၏။ ဆိုးပေမှာ ရွေ့လျားခြင်းမရှိသော ကားပေါ်၌ ထိုင်နေရခြင်းကို စိတ်မရှည်၊ အမြဲလှုပ်လှုပ်ရှားရှား နေတတ်သူ ဖြစ်သည့်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဂျမ်ဘိုကိုပိုက်၍ ကားပေါ်မှ ဆင်းကာ အိမ်ရှေ့တံခါးပေါက်အနီးတွင် လမ်းသလားနေလေ၏။

ထိုအခိုက်တွင် အိမ်ဘေးတစ်ဖက်မှ အသက်အစိတ်နှင့် သုံးဆယ်ကြားရှိသော ယောက်ျားတစ်ယောက် ပေါ်လာပြီးလျှင် ဆိုးပေကို မြင်ရသည်နှင့် တစ်ပြိုင်နက် "သြော်–မင်းရောက်လာမှ ကိုး။ ငါ့မှာ စောင့်နေလိုက်ရတာ။ ကဲ...လာပါ" ဟု ခေါ်လေ၏။

ဆိုးပေသည် ဘုမသိ ဘမသိနှင့် ငေးကြောင်၍ ကြည့်နေလိုက်မိလေ၏။

"လာပါဆိုနေတာ လာကွာ။ အချိန်မရှိဘူးကွ။ ကဲ.... ဟောဒီ နေရောင်ခြည်အလင်းရှိတဲ့ နေရာမှာ ရပ်စမ်း"

ဆိုးပေသည် ကန့်ကွက်ဆင်ခြေတက်ဖို့ကို စိတ်ကူး မရဘဲ ထိုသူ၏ သြဇာသံကြောင့် မှော်ဆရာ၏ အမိန့်ကို မလွန်ဆန်နိုင်သော အိပ်မွေ့ချထားခြင်း ခံရသူကဲ့သို့ ထိုသူပြောသည့် နေရာသို့ သွား၍ရပ်နေလိုက်ရ၏။

ထိုသူ၏ ပုခုံးတွင် သားရေကြိုးသိုင်းနှင့် လွယ်ထားသော ဓာတ်ပုံရိုက် ကင်မရာကို ဖွင့်ပြီးလျှင် ဆိုးပေသို့ ချိန်ကာ "ဒီဘက် လှည့်လိုက်စမ်း။ နည်းနည်းကလေး မော့လိုက်ဦး။ များသွားပြီ။ နည်းနည်းပြန်ငုံ့ ဘယ်ဘက်နည်းနည်းလှည့်"ဟု ပြောဆို အမိန့်ပေးနေလေရာ သူတစ်ပါး၏ အမိန့်သြဇာကို မခံချင်သော ဆိုးပေမှာ ထိုသို့ခိုင်းတိုင်းလုပ်နေရသည့်အပြင် နေပူထဲတွင် တာရှည်စွာ ရပ်နေရသဖြင့် အကြောင်းမဲ့ မိမိအား အပြစ်ဒဏ် ပေးနေရော့သလားဟု ယူဆကာ "ဟင့်အင်းဗျာ။ ကျွန်တော် ဓာတ်ပုံ မရိုက်ချင်ဘူး" ဟု ဆိုလိုက်လေ၏။

"ငါကလည်း မင်းရုပ်ပုံကို ဒါလောက်မက်မက်မောမော ရိုက်ယူထားချင်လို့ မဟုတ်ဘူး အကြောင်းရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



ထိုဓာတ်ပုံဆရာသည် ဆိုးပေအား တစ်ပုံရိုက်ယူရုံနှင့် မပြီးသေးဘဲ "ဒီကိစ္စအတွက် ငါ့မှာ တပင်တပန်း လာရတာ။ သေချာအောင် နောက်ထပ်တစ်ပုံရိုက်ဦးမယ်နေဦး"ဟု ဆိုကာ ထပ်၍ချိန်ပြန်လေ၏။

ဓာတ်ပုံနှစ်ပုံရိုက်နေသည်မှာ ဆိုးပေအဖို့ နှစ်နာရီလောက်ကြာသည်ဟု ထင်မိလေ၏။ ထိုသို့ ဓာတ်ပုံရိုက်ပြီး၍ မကြာမီပင် စောစောက မိန်းမပျိုရောက်လာကာ "ကျွန်မ လိုက်ရှာတာနဲ့နေပြီ။ ဘယ်မှမှ မတွေ့ခဲ့ဘူးရှင့်"ဟု ပြောပြလေ၏။

"ခင်ဗျားက မတွေ့ခင် ကျုပ်က အရင်တွေ့နှင့်လို့ ဓာတ်ပုံတောင်ရိုက်ယူပြီးပြီ"

"ဘယ်မှာတွေ့သလဲ"

"ဒီမှာလေ.....သူပေါ့"

"အို.....သူမဟုတ်ဘူးရှင့်။ သူက ဓာတ်ပုံရိုက်ရအောင်လာတဲ့ ခင်မောင်ဝင်းမဟုတ်ဘူး။ သူက တခြားက"

"ဒီလိုဆို ဖလင်တွေ အလကားကုန်တာပေါ့"ဟု ဓာတ်ပုံဆရာက ညည်းတွားကာ ဆိုးပေဘက်သို့လှည့်၍ "အစက မင်း ဘာလို့ မပြောသလဲ" ဟု အပြစ်ရှာလေ၏။

"ကျွန်တော် ဓာတ်ပုံ အရိုက်မခံချင်ဘူးလို့ ပြောသားဘဲ။ ခင်ဗျားက ကျွန်တော် ဘယ်သူဘယ်ဝါမှန်းမသိဘဲ တွင်တွင်သာ ဓာတ်ပုံရိုက်နေတာကိုး"

ထိုအခါမှ ဓာတ်ပုံဆရာက ပြုံးရွှင်ရယ်မောကာ "အဲဒါမှ ခက်တယ်။ ဟိုသူငယ်ကို ရှာလို့မတွေ့ဘူးဆိုတော့လည်း ခက်သားပဲ။ ကျုပ်ကလည်း တွေ့အောင်စောင့်မနေနိုင်ဘူး" ဟု ပြောရာက တစ်စုံတစ်ရာကို အကြံရကာ "မေးစမ်းပါရစေဦး။



www.burmeseclassic.com

www.burmeseclassic.com



သူ့အဘွားက သူ့ကို မြင်ဖူးသလား” ဟု မေးလေ၏။

“သူတို့ မြေးအဘွား တစ်ခါမှ မမြင်ဘူးလို့ သူ့မြေး ဓာတ်ပုံကို တောင်းလိုက်တာပေါ့။ သူ့ဘွားဘွား နေတာက ပဲခူးမှာ အဝေးကြီးပဲ”

“အဘွားကြီးက သူ့မြေးကြည့်ရအောင် တစ်ခါမှ မလာဘူးလား”

“မလာဘူးရှင့်။ ဘယ်လာပါ့မလဲ။ သူ့သမီးကို သူ သဘောမတူတဲ့လူနဲ့ ယူရပါ့မလားလို့ စိတ်ဆိုးပြီး သေခန်းဖြတ်ထားတာ သူ့အမေနဲ့ ကျွန်မနဲ့က ညီအစ်မ ဝမ်းကွဲတော်တယ်။ အဘွားကြီးနဲ့ဆိုတော့ ကြီးဒေါ်တော်တာပေါ့။ အခု အဘွားကြီးက အသက်ကြီးလာတော့ သမီးလည်း သတိရ၊ မသေခင် မြေးကလေးကို လူကိုယ်တိုင် မတွေ့ရတောင် ဓာတ်ပုံမြင်ချင် ဟန်တူပါရဲ့ အဲဒါနဲ့ သူ့အမေ မသိရအောင် ဓာတ်ပုံရိုက် ပို့လိုက်ပါလို့ စာရေးမှာလိုက်လို့ ရှင့်ကို ကျွန်မခေါ်တာ ရှင်ရောက်လာတဲ့နေ့ကျမှ သူ့ကိုရှာမရ ဖြစ်နေတယ်”

“ဒီလိုဆိုရင်လည်း ကျုပ်အကြံတစ်ခုပေးပါ့မယ်။ သူ့အဘွားက သူ့မြေးကို တစ်ခါမှ မြင်ဖူးတာလည်းမဟုတ်။ ဒီကိုလည်း သူလာမှာမဟုတ်။ အသက်အရွယ်က ကြီးနေပြီဖြစ်တော့ လာချင်တောင် လာနိုင်မှာ မဟုတ်ဘူး။ ကျုပ်လည်း ဒီသူငယ် ဓာတ်ပုံရိုက်ရအောင် အခေါက်ခေါက်အခါခါ လာနိုင်မှာ မဟုတ်ဘူး။ အဲဒီတော့ အခုရိုက်ထားတဲ့ ဓာတ်ပုံကိုပဲ ခင်မောင်ဝင်းဆိုပြီး ပေးပို့လိုက်တာ မအေးဘူးလား”

“ဒါပေမဲ့”

“ဒါပေမဲ့ လုပ်မနေနဲ့လေ.....ခင်မောင်ဝင်းကို တွေ့အောင် ရှာပေးနိုင်လို့လား။ ဒါမှမဟုတ် ဘယ်နေ့လာပြီး ဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ပေးပါလို့ အသေအချာ မှာနိုင်မလား”

“အဲဒါတော့ ခက်တယ်။ သူတို့ နောက်နှစ်ရက်လောက် နေရင် ပြည်မြို့ကို ကိစ္စတစ်ခုနဲ့ သွားကြမယ်လို့ ပြောတယ်”

“ဒီလိုဆိုရင် အဘွားကြီးမသေခင် စိတ်ချမ်းသာသွားအောင် ဓာတ်ပုံကို ပို့လိုက်ရင် အေးသွားရောမဟုတ်လား”

“လိမ်တာတော့ မတော်ဘူးထင်တယ်”

“လိမ်ချင်လို့ လိမ်ရတာမှ မဟုတ်ဘဲ။ နောက်ပြီး အလိမ်ခံရတဲ့ သူဟာ လိမ်မှန်းမသိရင် ကျေနပ်ပြီးသားပဲ။ လိမ်တယ်ဆိုတာကို အဘွားကြီးမသိဖို့က ဒီကလေးအပေါ်မှာ တည်တယ်။ သူက မဖော်ရင် ပြီးတာပဲ”

မိန်းမပျိုသည် အတန်ကြာ စဉ်းစားနေပြီးမှ “ကဲ...... မောင်လေးရေ မမတို့ ကိစ္စက အဲဒီလို ဖြစ်နေတယ်။ ဒီတော့ မောင်လေးက ဒီအကြောင်းကို ဘယ်သူမှ ဖွင့်မပြောဘဲနေမှ ဖြစ်မယ်။ မောင်လေးကို စိတ်ချရပ့ါမလား” ဟု ဆိုလေ၏။

“ဟုတ်ကဲ့......ကျွန်တော် ဘယ်သူ့မှ မပြောပါဘူး”

“ကျေးဇူးပါပဲ မောင်လေးရာ” ဟု မိန်းမပျိုက ပြောပြီးနောက် ဓာတ်ပုံဆရာဘက် လှည့်ကာ “ရှင်အပြန် သူ့ကို ကားပေါ်တင်ခေါ်သွားပြီး သူ့အိမ်ကို ဝင်ပို့ခဲ့ပါလား” ဟု ဆိုလေ၏။

“သူတို့ချည်းသတ်သတ် အရင်ပို့နှင့်မယ်လေ။ ကားပြန်မလာခင် ကျုပ်တို့ စကားပြောနေကြသေးတာပေ့ါ။ အရင်မလိုပါဘူး”

မိန်းမပျိုမှာ အနည်းငယ် ရှက်ကြောင်ကြောင် ဖြစ်သွားပြီးမှ ဣန္ဒြေဆည်ကာ ဆိုးပေဘက်သို့ လှည့်ကာ “ကဲ.....မောင်လေးသွားတော့နော်။ ဒါထက် မောင်လေး နာမည် ပြောစမ်းပါဦး” ဟု မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုး.....ဆိုး.....အဲလေ.....ကျော်ဒင်"

"မမလည်း မှတ်ထား.....မမ နာမည်က မစန်းကြွယ်တဲ့"

"ငါ့လည်း မှတ်ထားဦးကွ.....ငါ့နာမည်က လှထွန်းတဲ့" ဟု ခာတ်ပုံဆရာက ခပ်ရွှန်းရွှန်းဝင်၍ ပြောလေ၏။

ထိုသို့ ဖြစ်ပျက်ခဲ့သည်မှာ ကာလအတန်ငယ် ကြာမြင့်သွားပေပြီ။ ဆိုးပေသည် ထိုအဖြစ်ကို လုံးဝမေ့ပျောက်သလောက် ရှိသွားခဲ့တော့၏။

လောလောဆယ်အားဖြင့် ဆိုးပေနှင့် သူ၏ ရဲဘော်တို့ စိတ်အဝင်စားဆုံးဖြစ်သည့်အရာမှာ ကင်းထောက်သူငယ်များ၏ ကစားနည်းပင် ဖြစ်ပေသည်။ ဝံပုလွေများကဲ့သို့ အော်ခြင်း၊ ကြက်တောင်ရိုက် "ရက်–အင်ဒီယန်း"များကဲ့သို့ တီးပုံကခုန်ကြွေးကြော်ခြင်းတို့ကို ရဲဘော်တို့ အကြိုက်နှစ်သက်ဆုံး ဖြစ်ပေ၏။

သို့သော် သူတို့၏ ဟစ်အော် ကြွေးကြော်သံများကို မည်သူမျှ နားမခံနိုင်ပေ။ မီးပုံပွဲလုပ်ကြရာ၌လည်း အိမ်က ထင်းများကို ယူ၍ သုံးကြသည့်အပြင် စက္ကူစုတ်၊ အဝတ်စုတ်များပါ ထည့်၍ မီးပုံရှို့သဖြင့် ညှော်နံ့ကိုပါ သည်းမခံနိုင်။ မတော်တဆ မီးကူးပြီး တစ်ရပ်လုံး တစ်ရွာလုံး မီးလောင်ပြာကျမည်ကိုလည်း စိုးရိမ်မကင်းကြပေ။ ထို့ကြောင့် ဆိုးပေတို့အား လူကြီးများက မောင်း၍ထုတ်လိုက်ကြသဖြင့် ရွာပြင်သို့ ရောက်၍လာခဲ့ကြလေ၏။

"တို့ရွာထဲက လူကြီးဟာ တစ်ယောက်မှ အသုံးမကျဘူးကွ။ ကင်းထောက်လုပ်ငန်းဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ နားလည်တဲ့ လူတွေ တစ်ယောက်မှ မရှိဘူး"

"အေးကွာ.....တစ်ကမ္ဘာလုံးက စိတ်ဝင်စားနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကြီးတစ်ခုကို တို့လူကြီးတွေက မသိသား ဆိုးဝါးတာ ခေတ်မမီတာပေါ့ကွ......"

"သူတို့ ခေတ်မီတာ မမီတာက အရေးမကြီးဘူး။ တို့လုပ်ငန်းကြီးကို ရပ်မထားဘဲ ဆက်လုပ်ဖို့သာ အရေးကြီးတယ်"ဟု ဆိုးပေက အကြံဉာဏ်ပေးလေ၏။

"ဒါပေမဲ့ တို့ကို ရွာထဲကမှ လက်မခံဘဲ"

"တို့ရွာထဲမှာ မလုပ်ရလို့ ဘာအရေးကြီးလဲ။ ရွာမ ဘက်က ဦးတိုက်ကျော်ရဲ့ မရမ်းခြံကြီးဟာ အကျယ်ကြီးပဲ အဲဒီကို သွားကြမယ်"

ဆိုးပေ၏ အကြံပေးချက်ကို အားလုံးသဘောတူကြကာ တဆက်တည်းနေသော ရွာမဘက်ရှိ ဥယျာဉ်ခြံကြီးဆီကို ရှေ့ရှု သွားကြလေ၏။

ဆိုးပေတို့သည် ကြက်တောင်စိုက် လူနီများကဲ့သို့ ဝတ်ဆင်မထားကြသော်လည်း လေးမြားများ ကိုယ်စီပါလာကြလေ၏။

"ခြံထဲရောက်ရင် သတိထားကြနော်။ တောက်တဲ့ကြီးက အရင်လူကြီးနဲ့ မတူဘူး အင်မတန် ဆိုးတယ်" ဟု ဆိုးပေက ကြိုတင် သတိပေးထားလိုက်၏။

တောက်တဲ့ကြီးဟု ဆိုးပေတို့က အမည်ပေးထားကြသူမှာ မြေပိုင်ရှင်ကြီး ဦးတိုက်ကျော်၏ လူငှားအလုပ်သမားဖြစ်သော ဥယျာဉ်မှူး ကိုဖိုးထိန်ဆိုသူ ဖြစ်၏။ ကိုဖိုးထိန်မှာ ကိုယ်တွင် ခရသင်းစွဲလျက်ရှိရာ အဖြူတစ်ကွက်၊ အညိုတစ်ကွက် ရှိနေသဖြင့် သူ့ကို တောက်တဲ့ကြီးဟု ဆိုးပေတို့က ခေါ်ကြ၏။

ဆိုးပေတို့သည် ထိုခြံကြီးထဲသို့ ရှေးကလည်း ရံဖန်ရံခါ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ကြလေသည်။ သို့သော် ယခင် ခြံစောင့် ကိုလူရင်မှာ တောက်တဲ့ဖိုးထိန်လောက် မဆိုးဝါးလှ။ ဆိုးပေတို့ ခြံထဲဝင်၍ ဆော့လျှင် ကြောက်လန့်ရုံမျှ ခြိမ်းခြောက်လိုက်လံ မောင်းထုတ်ရုံလောက်သာ လုပ်၏။ သဲသဲမဲမဲနှင့် မမိမိအောင် ဖမ်းပြီး နားရွက်လိမ်ခြင်း ကြိတ်၍ထိုးခြင်း စသည့် နှိပ်စက်ခြင်း မရှိပေ။

တောက်တဲ့ ဖိုးထိန်ကမူ ခြံစည်းရိုးကို ခွေးတိုးဝက်ဝင်ပေါက် မရှိရအောင် သေချာစွာ ပိတ်ဆို့ကာရံထားပြီး ခြံထဲဝင်၍ သရက်သီး၊ မရမ်းသီးခူးသူများကို မမိမိအောင် လက်ရဖမ်း၍ ထိုးကြိတ်၊ ရိုက်ပုတ်တတ်သည့်အပြင် ဦးတိုက်ကျော်ထံသို့ ခေါ်ယူသွားလေ့ ရှိ၏။

ဆိုးပေတို့မှာ ထိုသို့တစ်ခါမျှ မကြုံရဖူးသေးချေ။ သို့သော် မိမိတို့ ရွာထဲမှ စန္ဒရော်ခေါ်သော မိမိတို့နှင့် ရွယ်တူ ကလေးတစ်ယောက်အား ထိုသို့ အလုပ်ခံရသည်ကို ကြား၍ သိထားကြလေ၏။

ဦးဖိုးထိန်သည် စန္ဒရော်ကို လက်ရဖမ်း၍ ထိုးကြိတ်ပုတ်ခတ်ပြီးနောက် ဦးတိုက်ကျော်ထံသို့ ပို့ခဲ့၏။ ဦးတိုက်ကျော်ကလည်း ကိုဖိုးထိန်၏ စကားကို နားထောင်ကာ စန္ဒရော်၏ ဖခင်ထံသို့ တိုင်ကြားစာ ရေးပြီး ကိုဖိုးထိန်ကိုယ်တိုင် စန္ဒရော်ကို ဆွဲကာ ထိုစာကိုယူ၍ သွားရောက် တိုင်ကြားသဖြင့် စန္ဒရော်မှာ ဖိုးထိန်၏ ရိုက်နှက်ဆုံးမခြင်းကိုပါ နှစ်ထပ်ကွမ်းခံရရှာလေ၏။

ထိုအကြောင်းကို ကြားသိထားသော ဆိုးပေတို့သည် မိမိတို့ကိုယ်တိုင် မကြုံတွေ့ရဘဲလျက် တောက်တဲ့ ဖိုးထိန်ကို အလိုလို ရွံမုန်းနေကြ၏။

သို့သော် အနော်ရထာက မည်သို့ပင် သတ်ဖြတ်သုတ်သင်ရန် ကြိုးစားစေကာမူ ကျန်စစ်သား၌ ဘာမျှမဖြစ်သည့်



www.burmeseclassic.com

www.burmeseclassic.com



သဘောကို နှလုံးပိုက်ကြကာ ဦးတိုက်ကျော်၏ ခြံကြီးထဲသို့ ခြံစည်းရိုးကို ဖြဲ၍ ဝင်ရောက်ကြလေ၏။

"ငါက ကြက်တောင်စိုက် လူနီဗိုလ်ချုပ်ကြီး ဆိုပါတော့ကွာ။ မင်းတို့က ငါ့ရဲ့နောက်လိုက်တပည့်တွေပေါ့" ဟု ဆိုးပေကမိမိကိုယ်ကိုယ်ကြေညာလိုက်ပြီးလျှင် "တို့ဟာ မတရားနှိပ်စက်နေတဲ့ ဖိုးထိန်တို့ အုပ်စုနဲ့ တိုက်ပွဲဝင်ရလိမ့်မယ်" ဟု ပြောလိုက်၏။

"သူတို့က တို့ကို ရန်မူရင် တို့က ဘယ်လိုပြန်ပြီး တိုက်မှာလဲ" ဟု အဝိန်က မေးခွန်းထုတ်လေ၏။

"တို့မှာ လေးတွေ မြားတွေ အရှိသားပဲကွ။ လူနီ သူရဲကောင်းပီပီ မြားတွေနဲ့ ပစ်မှာပေါ့"

မောင်မောင်သည် ယှဉ်ပြိုင်ရန် မရဲသကဲ့သို့ မျက်နှာငယ်ငယ်ဖြင့် "ငါလုပ်ထားတဲ့ လေးကသိပ်မကောင်းဘူးကွာ။ ပစ်လိုက်ရင် တည့်တည့်လည်း မသွားဘူး။ ဝေးဝေးလည်း မရောက်ဘူး"ဟု ပြောပြလေ၏။

"ကိစ္စမရှိဘူးကွာ။ မင်းရဲ့လေးတစ်ချောင်းထဲ မကောင်းတာလောက်နဲ့ အရေးမကြီးပါဘူး။ ဟန်ပြရှိရင်တော်ပြီ။ တို့အားလုံးက မှန်အောင် ပစ်နိုင်ဖို့လည်း မလိုပါဘူး။ တစ်ယောက်ယောက်က မှန်အောင် ပစ်လိုက်ရင် တစ်ချက်တည်းနဲ့ အော်ပြီးပြေးမှာပါ။ ပြီးတော့ တို့မှာ လေးတွေမြားတွေ ရှိနေတာ မြင်ရင်မင်းလူကြီး အနားတောင် ကပ်ရဲမှာ မဟုတ်ပါဘူး။ ကြောက်မနေပါနဲ့"

ထိုအခိုက်မှာပင် "ဟောဟိုမှာ သူလာနေပြီ" ဟု ရဲဘော်တစ်ယောက်၏အလန့်တကြား ပြောလိုက်သော အသံထွက်လာပြီးနောက် လူနီသူရဲကောင်းအားလုံးပင် ခြေဦးတည့်ရာသို့ကစဉ့်ကရဲ ထွက်ပြေးကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်တို့မှာ နေ့တိုင်းပြေးနေကျ ကျင့်သားရထားပြီး ဖြစ်ကြလေရာ ခဏချင်းပင် ခြံစည်းရိုးအပြင်သို့ ရောက်သွားကြလေ၏။ သူတို့သည် စိတ်ထဲတွင် လွတ်လျှင်ပြီးရောဟု လွတ်ရန် တစ်ခုတည်းကိုသာ အာရုံပြုထားကြလေရာ ဘယ်ပုံဘယ်နည်း ဖြင့် အပြင်သို့ ရောက်လာကြသည်ကိုပင် ပြန်တွေး၍မရကြပေ။ အပြင်သို့ ရောက်မှ လူစုလိုက်ရာ မိမိတို့ ဗိုလ်ချုပ်ကြီး ဆိုးပေမပါ လာသည်ကိုတွေ့ကြရလေ၏။

"ဟာ.....ဆိုးပေ ကျန်နေပြီ။ ဘာဖြစ်နေသလဲ မသိဘူး။ ခြံစည်းရိုးနား ကပ်ပြီး ကြည့်ပါဦး"

ရဲဘော်တို့သည် မရဲတရဲနှင့်ပင် ခြံစည်းရိုးနားသို့ ပြန်ပြီး ကပ်ကြကာ သစ်ကိုင်းသစ်ခက်များကို အကာအကွယ်ယူ၍ အတွင်းသို့ လှမ်းမျှော်ကြည့်ကြလေ၏။ ယင်းသို့ ကြည့်လိုက်ကြရာတွင် တောက်တဲ့ဖိုးထိန်၏ လက်ထဲသို့ ရောက်နေသော ဆိုးပေကို တွေ့ကြရသဖြင့် မျက်လုံးမျက်ဆံ ပြူးသွားကြလေတော့၏။

အပြေးအလွှားတွင် ဆိုးပေသည် အားလုံးထက်အကျင် လည်ဆုံးဖြစ်သော်လည်း ဗိုလ်ချုပ်ကြီး တစ်ယောက်အနေနှင့် အားလုံးပြေးကြပြီးသည့်နောက်မှ ဆုတ်ပြေးခဲ့ရလေရာ မိမိအား မဲ၍လိုက်နေသော ဖိုးထိန်အား နောက်ပြန်လှည့်အကြည့်လိုက် တွင် မြေကြီးထဲမှ ထွက်ပေါ်နေသော သစ်မြစ်တစ်ခုကို ဝင်၍ ခလုတ်တိုက်မိပြီး လဲကျသွားရာက ပြန်၍အထတွင် ကိုဖိုးထိန် ၏လက်ထဲသို့ ရောက်၍သွားခဲ့ရလေ၏။

"ကဲ...မင်းပြေးနိုင်သေးရဲ့လား။ မင်းတော့ ဦးတိုက်ကျော် ဆီပို့ပြီး မင်းအဖေဆီကို တိုင်ရလိမ့်မယ်"

ဆိုးပေ၏ ကုပ်ကို ဖျစ်ညှစ်ဆုပ်ကိုင်ထားသော ကိုဖိုးထိန် ၏ လက်များမှာ ပြုတ်တူကဲ့သို့ တင်းကျပ်လှသဖြင့် ဆိုးပေမှာ



www.burmeseclassic.com

www.burmeseclassic.com



မရန်းနိုင် မလှုပ်နိုင်ရှိလေ၏။ ရုန်းကန်လှုပ်ရှားပါကလည်း ကိုယ့်လည်ပင်း ကိုယ်ညှစ်၍ လိမ်သကဲ့သို့ နာကျင်လှ၏။ သို့သော် ထိုသို့ နာကျင်ခြင်းထက် မိမိဖခင်အား တိုင်ကြားမည် ဆိုသော စကားက ဆိုးပေ၏ စိတ်ထဲ၌ ပို၍နာကျင် ကြောက်ရွံ့ခြင်းကို ဖြစ်တော့၏။

အကြောင်းသော်က မနေ့ကပင် မိန်းမကြီးတစ်ဦးက သူ့ခြံထဲသို့ ဆိုးပေ ဝင်ရောက်ပြီး စိုက်ပျိုးပင်များကို ဖျက်ဆီးပါသည်ဟု တိုင်ကြားခံရလေရာ ဖခင်က "ဒီတစ်ခါ နောက်ဆုံး သတိပေးခြင်းပဲ။ သတိကြပ်ကြပ်ထားနေ နောက်ထပ်တိုင်လားတောလားကြားရင် သေရအောင်သာပြင်ပေတော့"ဟု ကြိမ်းမောင်းထားလေရာ ဆိုးပေမှာ ခံစားရလတ္တံ့သော အပြစ်ဒဏ်ကို ကြိုတင်၍ မြင်ယောင်ကာ အသက်ကိုပင် မှန်အောင်မရှူနိုင်ဘဲ ရှိလေ၏။

"ကျွန်တော့်ကို မဖမ်းနဲ့ဗျ။ ကျွန်တော် ခင်ဗျားတို့ ခြံကို ဖျက်ဆီးရအောင် ဝင်လာတာ မဟုတ်ပါဘူး။ ခင်ဗျားတို့ကို ကူညီပြီး သူခိုးဖမ်းပေးရအောင် စုံထောက်ဘက်က လွှတ်လိုက်လို့ လာတာ။ ကျုပ်ကို ရိုးရိုးစုံထောက်လို့ မထင်နဲ့ စစ်ဘက်က စုံထောက်ဘာမှတ်သလဲ၊ ကျုပ်ကိုထိရင် စစ်တပ်က ခံမှာမဟုတ်ဘူး။ မီးပွင့်သွားမယ်"

"ဟော့...မင်းဘာမှ စကားများမနေနဲ့။ အေးအေးလိုက်ခဲ့ မင်းပြောစရာရှိရင် ဦးတိုက်ကျော်ရှေ့ကျမှပြော။ ငါ့အလုပ်က မင်းတို့လို သူများခြံထဲ ကျူးကျော်ဝင်ရောက်နှောင့်ယှက်ဖျက်ဆီးတဲ့ ကောင်လေးတွေကို သူ့ဆီဖမ်းပို့ဖို့ပဲ အလုပ်ရှိတယ်"

ဆိုးပေသည် ခြောက်လုံး လန့်လုံးသုံး၍ မရသည်ကို တွေ့ရသောကြောင့် လေသံပြောင်းသွားကာ......

"ရှိကြီးခိုးပါရဲ့ဗျာ။ ကျွန်တော့်ကို လွှတ်လိုက်ပါ။ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ကို အခုပိုက်ဆံတစ်မူးပေးပ့ါမယ်။ နောက်ထပ် မုန့်ဖိုးရတော့လည်း ထပ်ပြီးပေးပ့ါမယ်။ ကျွန်တော် ခြံထဲဝင်တာကလေးပဲ။ ဘာလုပ်လို့ ဘာအပြစ်ရှိသလဲ”ဟု လေချိုနှော၍ လာဘ်ထိုးသော်လည်း မရဘဲ ကိုဖိုးထိန်ခေါ်ရာသို့ ကန့်လန့်ကန်လန့်နှင့် ပါသွားကာ ဦးတိုက်ကျော်ထံသို့ ရောက်သွားလေ၏။

ဦးတိုက်ကျော်၏ အိမ်ထဲတွင် ဦးတိုက်ကျော်အပြင် သူ၏ဇနီးဒေါ်သဲနုနှင့် အသက်ခုနစ်ဆယ်ကျော်ခန့် အမယ်ကြီး တစ်ဦးကို တွေ့ရလေ၏။ အမယ်ကြီး၏ သွင်ပြင်ကို ကြည့်ရှုအကဲခတ်ရခြင်းအားဖြင့် အလည်လာသော ဧည့်သည်တစ်ဦး ဖြစ်သည်ကို ခန့်မှန်းနိုင်လေ၏။

“ဟောဒီမှာ.....ခြံထဲဝင်တဲ့ ကလေးတစ်ယောက် ဖမ်းမိပြန်ပြီခင်ဗျ”

ဦးတိုက်ကျော်သည် မျက်မှန်ကို နှာခေါင်းပေါ်တွင် ရွှေ့ပြောင်း၍ တင်ကာ ဆိုးပေကို စိုက်ကြည့်လေ၏။

“ဒီရုပ်လက္ခဏာဟာ တော်တော့်ကို ဆိုးဝါးတေပေတဲ့ ကလေးမျိုးပဲ။ အခုတစ်လော မင်းတို့ကလေးတွေဟာ ငါ့ကို အများကြီး အနှောင့်အယှက်ပေးကြတာ။ ဒီတော့ ငါဟာ ပြင်းပြင်းထန်ထန် အရေးယူရလိမ့်မယ်”

ဆိုးပေမှာ မိမိအား မည်ကဲ့သို့ ပြင်းပြင်းထန်ထန် အရေးယူလေမည်နည်းဟု တွေးတောကာ တုန်တုန်လှုပ်လှုပ်ရှိနေလေ၏ ။

ယင်းသို့ ရှိနေစဉ်တွင် ဧည့်သည်အမယ်ကြီးသည် ဆိုးပေကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီးနောက် လက်ဆွဲအိတ်ထဲက ဓာတ်ပုံတစ်ပုံထုတ်၍ နှိုင်းယှဉ်ကြည့်ရာက “လူကလေး ခင်မောင်ဝင်း” ဟု လှမ်း၍ ခေါ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးတိုက်ကျော်မှာ အံ့အားသင့်သွားလေ၏။ ကိုဖိုးထိန်မှုကား ဆိုးပေ၏ ကုပ်ကို ဖျစ်ညှစ်ထားသည့် လက်များ လွှတ်လိုက်မိလေ၏။ ဦးတိုက်ကျော်ဇနီးမှာ လက်ထဲက ဆေးပေါ့လိပ် လွတ်ကျသွား၏။ ဆိုးပေက ၎င်းတို့အား မှုန်ကုပ်ကုပ်နှင့် ကြည့်နေလေ၏။

"အဲဒါ ခင်မောင်ဝင်းလေ ကျုပ်မြေးပေါ့"ဟု အဘွားကြီးက အားရဝမ်းသာသော မျက်နှာအမူအရာနှင့် ပြောကာ "ကျုပ်မြေးကိုခုမှပဲ လူချင်းတွေ့ရဖူးတာ။ သူ့ကို ကြည့်ချင်လွန်းလို့ ဓာတ်ပုံတောင်းထားရတယ်။ ဓာတ်ပုံထဲက အတိုင်းပဲ။ သူတို့က ဟိုဘက်ရွာမှာနေကြတာ။ သူ့အမေ ပြည်မြို့ သွားနေတယ်။ ကျုပ်က သူပါပါပြီးသွားနေတယ်ထင်တာ–ကြည့်စမ်း။ မှာထားရင် လွဲနေမယ်။ အခုတော့ အခန့်သင့်လိုက်တာ"ဟု ပြောပြီးလျှင် လာစမ်းပါဦး ငါ့မြေးရဲ့။ ဘွားဘွားအနား လာစမ်းပါဦး" ဟု ခေါ်လိုက်လေ၏။

ဦးတိုက်ကျော်သည် တောက်တဲ့ဖိုးထိန်ဘက်သို့ လှည့်ကာ "ဒီမှာ မင်းအလုပ်မရှိတော့ဘူး…ပြန်သွားပေတော့"ဟု ဆိုလိုက်သဖြင့် ဖိုးထိန်မှာ မကျေမနပ်နှင့် လှည့်ပြန်သွားရလေ၏။ ဦးတိုက်ကျော်၏ ဇနီး ဒေါ်သဲနုကမူ ဆိုးပေအား ပြုံးပြုံးပြုံးပြုံးနှင့် ကြည့်နေပြီးနောက် "လက်ဖက်ရည်သောက်မလား…..ဘာစားမလဲ" ဟု မေးလေ၏။

"ငါ့မြေး လက်ဖက်ရည်သောက်မယ်နော် ဟုတ်လား။ လက်ဖက်ရည်သောက်ပြီးတော့မှ မင်းအိမ်ပြန်တာပေါ့ ဘွားဘွား လိုက်ပို့မယ်။ အင်း…ငါ့မြေးကလေးမျက်နှာ ငါမသေခင်တွေ့မှ တွေ့ရပါ့မလားလို့ အောက်မေ့နေတယ်။ တွေ့မယ့် တွေ့တော့လည်း ထူးထူးဆန်းဆန်း လာပြီးတွေ့နေရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေကား အစားကို မြင်တွေ့နေရသဖြင့် စကားကိုပင် ကောင်းစွာမပြောနိုင်ချေ။ ဒေါ်သဲနု ကျွေးမွေးသမျှတို့ကို အားရပါးရ စားသောက်ရင်း မိမိအား ပြောသည့် စကားများကို အင်းတစ်မျိုး အဲတစ်မျိုးနှင့်သာ ပြန်၍ ဖြေရလေသည်။

နောက်ဆုံး၌ အဘွားကြီးသည် ထိုင်ရာမှ ထကာ "ကဲ- ခင်မောင်ဝင်းသွားကြစို့။ မင့်အိမ်ကို ဘွားဘွားလိုက်ပို့မယ်" ဟု ဆိုလေ၏။

ဆိုးပေသည် အဘွားကြီးနှင့်အတူအိမ်မှ ထွက်ခဲ့ပြီးနောက် အိမ်ပြင်သို့အရောက်တွင် လွတ်ရာလွတ်ကြောင်း ပြေးဖို့ရန် စိတ်ကူးထုတ်ရလေ၏။ အိမ်ရှေ့တွင် ခံ့ညားသော ကားကြီးတစ်စင်း အသင့်ရပ်နေသည်ကို တွေ့ရ၍ အဘွားကြီးက ဆိုးပေအား ကားပေါ်သို့ တက်ခိုင်းသည်တွင် "ဘွားဘွား......ကျွန်တော် ကားနဲ့ မလိုက်ချင်ဘူး။ ကျွန်တော် ကုန်းကြောင်းပြန်မယ်" ဟု ပြောကာ ပြေးပေါက်ရရန် လမ်းထွင်လိုက်လေ၏။

"အို......မတော်မတဲ့ ကားရှိနေသားနဲ့ ကုန်းကြောင်းဘာလို့ သွားရမှာလဲ"

ပြောပြောဆိုဆို အဘွားကြီးက ဆိုးပေကို ကားပေါ်သို့ ဆွဲခေါ်သွားသဖြင့် ဆိုးပေမှာ မငြင်းဆန်နိုင်ဘဲ လိုက်ပါသွားရလေ၏။

ကားထွက်၍လာသည့်အခါတွင် ဆိုးပေသည် မိမိ၏ အကြောင်းကုန်စင်ကို ထုတ်ဖော်၍ ပြောပြကာ အဘွားကြီးအား အသနားခံဖို့ရန် ကြံရွယ်လာ၏။ သို့သော် ထိုအကြံနှင့်အတူ မိမိ၏ ခွေးကလေးဂျမ်ဘိုအပေါ်၌ ကောင်းခဲ့သော မစန်းကြွယ်ကို ငဲ့ညှာရန် ရှိနေသေးသည်ကိုပါ တွေးမိကာ မပြောဘဲနေရန် ဆုံးဖြတ်လိုက်ပြီး အဘွားကြီး၏အကြိုက်ကို အလိုက်သင့် လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



ကာ အခွင့်ကောင်း အချက်ကောင်းကို စောင့်နေလေ၏။

"ငါ့မြေးက မင်းအမေနဲ့ အတူတူ ပါမသွားဘဲကိုး"

"ဟုတ်ကဲ့.....ပါမသွားဘူး"

"ဒါကြောင့်လည်း ဘွားဘွားနဲ့တွေ့ရတာပေါ့။ ဘွားဘွားလည်း ဒီကို လာမယ်လို့ စိတ်ကို မကူးမိပါဘူး။ လာမယ့်လာတော့လည်း ရုတ်တရက် မမျှော်လင့်ဘဲ ရောက်လာတာ။ ဒါကြောင့်လည်း ဘွားဘွားလာမယ်ဆိုတာ ဘယ်သူ့ကိုမှ အကြောင်း မကြားဖြစ်ဘူး။ ကိုတိုက်ကျော်တို့ မသဲနုတို့ အံ့အားသင့်နေကြတယ်။ ဘွားဘွားကလည်း မသေခင် ကမ္ဘာအေးစေတီတို့ လိုဏ်ဂူတော်ကြီးတို့ ရဟန္တာဓာတ်တော်မွေတော်တွေ ဖူးရအောင်လို့ လာတာပဲ။ နောက်ပြီးတော့လည်း မင်းတို့နဲ့ နီးနီးနားနား သွားရလာရအောင် ဦးတိုက်ကျော်တို့ဆီမှာ တည်းရတာ။ အခုခါမှ မလာရင် နောက်လာဖြစ်တော့မှာ မဟုတ်ဘူး။ ဘွားဘွားအသက်ကလည်း ကြီးပြီမဟုတ်လား"

ဆိုးပေက စကားကိုမလွှန်ရအောင် "ဟုတ်ကဲ့–ဟုတ်ကဲ့" နှင့်သာ အင်းလိုက်၍ နေရလေ၏။ စိတ်ထဲ၌မူ ကားရပ်သည်နှင့် တစ်ပြိုင်နက် သုတ်ခြေတင်ပြီး ပြေးရန်ကိုသာ အာရုံပြုထားပြီးသား ဖြစ်လေသည်။

ထိုသို့ လစ်ပြေးလိုသည့်အတွက် ကားရပ်ရန် အကြောင်း ရှာကာ "ဟောဒီ မော်တော်ကားဟာ ဓာတ်ဆီကုန်နေပြီ ထင်တယ်။ ရွှေ့နားမှာ ဓာတ်ဆီရောင်းတဲ့ ဆိုင်ရှိတယ်" ဟု ပြောပြလေ၏။

"အို.....ဓာတ်ဆီတွေမှ အပြည့်ထည့်ထားတာပါ ပူမနေပါနဲ့။ ငါ့မြေးက တယ်ပြီး ပူပင်တတ်တာကိုး"



www.burmeseclassic.com

www.burmeseclassic.com



ခါတ်ဆီနှင့် ပြော၍မရသဖြင့် ကားရပ်ရန်တစ်မျိုးကြံရပြန်လေ၏။

“ဒီကားဟာ တစ်ခုခုဖြစ်နေတယ် ထင်တယ်။ စက်သံမကောင်းဘူး။ ဆီတွေများလို့ ဝက်အူချောင်နေသလား။ မတော်တဆ မီးထလောင်မှာ စိုးရိမ်ရတယ်”

“မင်းက စိုးရိမ်တတ်လို့ စိတ်ထဲက ထင်နေတာပါ။ ဒီကားဟာ ပိုပြီးစက်ကောင်းနေတယ်။ စက်ကောင်းမကောင်း ဒရိုင်ဘာ အသိဆုံးဖြစ်တော့မှာပေါ့။ စိတ်ချပြီး လိုက်ခဲ့ပါ”

ဆိုးပေမှာ နောက်ထပ်အထွန့်မတတ်သာတော့ဘဲ ငြိမ်သက်စွာ လိုက်ခဲ့ရလေရာ လယ်တစ်ခုထဲသို့ ချိုးကွေ့ကာ ဝင်လာသည်တွင် ဆိုးပေအတွက် စိတ်ပျက်လက်ပျက်ဖြင့် လယ်ကွင်းထဲမှ ဖြတ်၍ ထွက်လာကြသော မောင်မောင်တို့ လူသိုက်ကိုမြင်ရလေ၏။ မောင်မောင်တို့သည် ဆိုးပေ ဘာမျှ မဖြစ်ဘဲ စတိုင်နှင့်ပင် ကားစီး၍ လာနိုင်သေးသည်ကို တွေ့ရသောကြောင့် အံ့သြနေကြလေ၏။ ဆိုးပေသည် မိမိအား မောင်မောင်တို့ ကြည့်နေကြသည်ကို တွေ့ရသဖြင့် ကားပေါ်မှ ဂိုက်ပေးကာ လက်ပြ နှုတ်ဆက်ခဲ့လေ၏။

“ငါ့မြေးရဲ့ သူငယ်ချင်းတွေ ထင်တယ်”

“ဟုတ်ကဲ့”

“ဒါထက် မေးပါရစေဦး။ မင်း မေမေက ပြည်မြို့ကို သွားတော့ မင်းကို ဘယ်သူနဲ့ ထားခဲ့သလဲ”

“အိမ်နီးနားချင်းတွေနဲ့ နေရစ်ခဲ့တယ်”

“ငါ့မြေးတစ်ယောက်တည်း ထားပစ်ခဲ့တာ အံ့ပါရဲ့ကွယ်”

“ကျွန်တော်က မလိုက်ချင်ဘူးဆိုလို့”



www.burmeseclassic.com

www.burmeseclassic.com



"နို့.....မင်းတို့အိမ်နီးချင်းတွေက ဘယ်နားမှာ နေကြသလဲ"

"သိပ်မဝေးပါဘူး ဒီနားမှာပဲ"

ဤနေရာတွင် ဆိုးပေသည် အကြံတစ်ခု ရလာလေ၏။ အဘွားကြီးသည် သူ့အား သူတည်းခိုနေသည် ဆိုသော အိမ်သို့ ရောက်အောင် မုချလိုက်၍ ပို့ပေးလိမ့်မည်။ သို့ဖြစ်ကာ မိမိ၏ အိမ်ကိုပင် ညွှန်ပြလိုက်ရပေလိမ့်မည်။ အိမ်သို့ ရောက်သည်နှင့် မိမိအား ချထားပြီး ထွက်ခွာသွားပေလိမ့်မည်။ အကယ်၍ မိမိအားပြုစုကျွေးမွေးထားသော အိမ်ရှင်တို့နှင့်တွေ့လိုသည်ဆိုပါက ယခုအိမ်တွင် မရှိကြောင်း ခပ်တည်တည်ပြောလိုက်မည်ဟု စိတ်ကူးမိလေသည်။

ဆိုးပေသည် လက်ငင်းအဖို့သာ စဉ်းစားလိုက်သည်။ ထိုနောက်နေ့များအတွက်ကိုကား ထည့်၍မတွေး။

"မင်းအခုသွားနေတဲ့အိမ်က ဘယ်လောက်ဝေးသေးသလဲ"

"နောက်တစ်လမ်းအဆုံးမှာပဲ"

"ဘယ်သူတွေလဲကွယ့်"

ဆိုးပေသည် မိမိဖခင်ကို အဖေဟုသာ ခေါ်နေကျ ဖြစ်သဖြင့် နာမည်ရင်းကိုပင် မနည်းပြန်၍ စဉ်းစားရကာ "ဦးရွှေလူ" ဟု ဖြေလိုက်ရလေ၏။

ထိုသို့ပြောလိုက်ရခြင်းအားဖြင့် မိမိအား ငြိစွန်းမည့် အရာတစ်ခုကို ထုတ်ဖော်လိုက်မိသကဲ့သို့ စိတ်ထဲတွင် ညှိုးငယ်သွားမိလေ၏။

"သူတို့က မင်းတို့နဲ့ဘယ်လို ဆက်သွယ်သလဲ။ မင်းနဲ့ အင်မတန်ချစ်တဲ့ သူငယ်ချင်းမိဘတွေလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့" ဟု ဆိုးပေက အဖြေပေးကာ မိမိအား ညှပ်ဖမ်းခံရမည့် ညွှတ်ကွင်းထဲသို့ ဆက်၍တိုးလိုက်မိလေ၏။

"မင်းသူငယ်ချင်းနာမည်က ဘယ်သူလဲ"

"ဆ–ဆ–ဆိုးပေတဲ့"

"ဩော်…ဒီလိုကိုး။ ဒါပေမဲ့ကွယ် ဘွားဘွားပြောပါ့မယ်။ သူများအိမ်မှာ နေရတယ်ဆိုတာမကောင်းဘူး။ ဘွားဘွားနဲ့ အတူလာပြီးနေပါလား။ ဘွားဘွားလည်း တော်တော်နဲ့ ပြန်ဦးမှာ မဟုတ်သေးဘူး။ အဲဒါကြောင့် ဘွားဘွားမပြန်ခင် သို့မဟုတ် မင်းမေမေ ပြန်မလာခင် ဘွားဘွားနဲ့ လာပြီးနေစေချင်တယ်"

ဆိုးပေမှာ ဘယ်ကဲ့သို့ လွတ်အောင်ရုန်းရပါမည်နည်း ဟု ထိတ်လန့်စိုးရိမ်ခြင်းဖြင့် ဖန်ဂေါ်လီကဲ့သို့ မျက်လုံးများ ပြောင်ဝင်း ပြူးထွက်ကာ အာခေါင်ခြောက်ပြီး စကားကို မနည်း ကြိုးစား ပြောရလေ၏။

"မ–မဖြစ်ဘူး ဘွားဘွားကြီးရဲ့။ သူက–အဲလေ ကျွန်တော်က ဝက်သက်ပေါက်နေတာ။ ဘွားဘွားနဲ့ အတူနေရင် ဘွားဘွားကို ဝက်သက်ကူးကုန်မှာ။ ဝက်သက်ဆိုတာ ကူးတတ်တယ်တဲ့"

အဘွားကြီးက ပြုံးလိုက်၏။

"ငါ့မြေးဝက်သက်ပေါက်တယ်သာ ဆိုတယ်။ ကိုယ်မှာလဲ ဘာမှမတွေ့ပါကလား"

"ဟုတ်ဘူးလေ။ ဝက်သက်ပေါက်တာက ကျွန်တော် မဟုတ်ဘူး။ ဆိုးပေ ပေါက်နေတာ။ ဒါကြောင့် တစ်အိမ်တည်းနေတာတောင် သူနဲ့ ကျွန်တော်နဲ့ တခြားစီခွဲနေရတယ်။ တကယ်လို့ ဘွားဘွားကြီးဆီ ကျွန်တော်လိုက်လာရင် ဝက်သက်တွေပါလာပြီး တစ်ရွာလုံးနှံ့နေမှာ"



www.burmeseclassic.com

www.burmeseclassic.com



"အို...မဟုတ်နိုင်တာဘဲ။ တကယ်လို့ မင်း သူငယ်ချင်း ဆိုးပေမှာ ဝက်သက်ထွက်နေတယ်ဆိုရင် မင်းကိုတောင် သူနဲ့ ခွဲထားရဦးမှာ။ သူ့မိဘများကလည်း ခွဲထားဖို့သဘောတူမှာပဲ။ ဘွားဘွားကြီးကတော့ ဝက်သက်ကူးမှာ မကြောက်ဘူး"

ထိုသို့ပြောရင်း ဆိုးပေ စောစောက ပြောထားသည့် စကားအတိုင်း တစ်ဖက်လမ်းအဆုံးရှိ အိမ်ရှေ့သို့ ရောက်လာသဖြင့် အဘွားကြီးက ဒရိုင်ဘာကို ကားရပ်ရန် အမိန့်ပေးလိုက်လေ၏။

"ဒီအိမ်မဟုတ်ဘူး ဘွားဘွားရဲ့"ဟု ဆိုးပေက ပျာပျာသလဲ ပြောလေ၏။ "ကျွန်တော်ပြောတာမှားလို့။ ကျွန်တော် ဒီအိမ်မှာနေတာမဟုတ်ဘူး။ တခြားမှာနေတာ။ ဒါပေမဲ့ ခြေကျင်ပဲ ကျွန်တော် လျှောက်သွားပါ့မယ်။ အဲဒီနေရာက ကားမောင်းသွားလို့မရဘူး။ အိမ်မရောက်ခင် ဗွက်ချောင်းကြီးတစ်ခု ရှိတယ်။ လူတစ်ယောက်သွားနိုင်ရန် ဝါးတံတားကလေးပဲရှိတယ်"

"ဘွားဘွားကြီးကို ကစားမနေပါနဲ့လူကလေးရယ်။ မင်း ဒီကားပေါ်မှာပဲ အေးအေးထိုင်နေ။ ဘွားဘွား အိမ်ထဲဝင်ပြီးမင်းကို ဘွားဘွားနဲ့ထည့်လိုက်ဖို့ သွားပြောလိုက်ဦးမယ်"

"ဘွားဘွားသွားနေလို့ အလကားပဲ။ ဆိုးပေတို့ အမေ မရှိဘူး။ ဘယ်ဆိုလားသွားတာ။ တနင်္ဂနွေတစ်ပတ်လောက်တော့ ကြာမယ်ပြောတယ်"

"မရှိဘူးသာဆိုတယ်။ အိမ်ထဲမှာ မိန်းမတစ်ယောက် မြင်နေရတယ်။ သူ မဟုတ်လား"

"ဟုတ်တော့ ဟုတ်တယ်။ ဒါပေမဲ့ သူ့သွားပြောနေလို့ အလကားပဲ။ သူနားပင်းနေတယ်။ အ,လည်း အ,နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို... ဒါကိစ္စမရှိဘူး။ ဘွားဘွားက လက်ပြခြေပြနဲ့ ပြေလည်အောင်ပြောမှာပေါ့။ ဒါလောက်တော့လည်း ဘွားဘွား တတ်ပါသေးတယ်။ ကဲ... လူကလေး ခင်မောင်ဝင်းက ဒီမှာ နေရစ် ဘွားဘွားတစ်ယောက်တည်းပြောမယ်" ဟုဆိုကာ ကားပေါ်မှ ဘွားဘွားကြီးဆင်းသွားလေ၏။

ဆိုးပေသည် စိတ်ပျက်အကြံအိုက်သူတစ်ဦး၏ ငြိမ်သက်ခြင်းမျိုးဖြင့် ကားပေါ်တွင် ကျန်ရစ်ကာ အဘွားကြီး ငေးကြည့်နေလေ၏။ အဘွားကြီးသည် အိမ်ထဲသို့ ဝင်ရောက်ကွယ်ပျောက်သွားပြီးနောက် အိမ်ဘေးတစ်ဖက်ရှိ ပြတင်းပေါက်မှ မြင်ရသော မိမိ၏ မိခင်အား လက်ရော၊ ခြေရော၊ ပါးစပ်ရော တစ်လှုပ်လှုပ်နှင့် စကားပြောနေသည်ကို မြင်ရလေ၏။

ဤတွင် ဆိုးပေသည် ရှေ့၌ဘာပဲဖြစ်ဖြစ် လက်ငင်းအဖို့ ပြေးပေါက်ရပြီကို တွေးမိကာ ကားပေါ်မှ ဆင်းသက်ခဲ့ပြီးနောက် တခြားကို ပြေးသည်ထက် နောက်ဖေးကနေ၍ အိမ်ပေါ်သို့တက်ပြီး အခန်းထဲတွင် ပုန်း၍နေခြင်းသည် အကောင်းဆုံးဟု သဘောပိုက်ကာ အိမ်ထဲက လူများမမြင်ရအောင် ပုန်းကွယ်၍ အိမ်နောက်ဖေးဘက်သို့ လှည့်သွားလေ၏။

မိမိ၏အခန်းထဲသို့ ရောက်လာကာမှ ဆိုးပေသည် အားလုံးသော ဘေးရန်အပေါင်းတို့မှ ကင်းလွတ်သည်ဟု သက်ပြင်းချနိုင်ကာ ယခုတစ်လော တစ်ပတ်အတွင်း အနည်းဆုံးခုနစ်ရက်ခန့်မျှ အခန်းထဲက အပြင်မထွက်ဘဲ နေရလျှင် ကောင်းလိမ့်မည်ဟု စိတ်ကူးမိလေ၏။

သို့သော် ဆိုးပေသည် သူထင်သကဲ့သို့ ငြိမ်းချမ်းခြင်းကို လုံးဝမရသေးပေ။ အောက်ထပ်က ပြောသံဆိုသံများကို အတိုင်းသား ကြားနေရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"တူမကြီးကို အခုလို ပြောတာ ဘယ်လိုမှ စိတ်မရှိပါနဲ့နော်။ ဒေါ်ဒေါ်ဟာ တခြားလူလဲမဟုတ်ပါဘူး။ ဒီရွာထဲက မစန်းကြွယ်ရဲ့ အဒေါ်ပါပဲ"

ဆိုးပေ၏ မိခင်မှာ အဘွားကြီးဝင်လာ၍ လက်ဟန်ခြေဟန်နှင့် ပြသပြောဆိုကတည်းက အူကြောင်ကြောင်ဖြစ်နေလေရာ ယခု အဘွားကြီးက မျက်နှာချိုသွေး၍ ပြောနေသော စကားများကိုလည်း ကြက်ဥ အစရှာမရသကဲ့သို့ ရှေ့နောက်စပ်ဟပ်၍မရဘဲ ရှိနေလေ၏။

ထို့ကြောင့် အဘွားကြီးပြောနေသည့် စကားများကို "ဟုတ်ကဲ့" တစ်လုံးတည်းသာ ဧည့်ထောက်ခံနိုင်ကာဆက်၍ အပြောကို စောင့်နေလေ၏။

"အခု အဒေါ်လာရတာက တူမကြီးက ကိစ္စလေးတစ်ခု လိုက်လျောစေချင်လို့ပါပဲ"

"ဟုတ်ကဲ့"

"ကိစ္စကတော့ တခြားမဟုတ်ပါဘူး။ အဒေါ်ရဲ့ မြေးကလေး ခင်မောင်ဝင်းကို အဒေါ်နဲ့ ထည့်လိုက်ဖို့ ကိစ္စပါပဲ"

ဆိုးပေ၏ မိခင်မှာ သာ၍ပင်နားရှုပ်လာကာ "ကြီးဒေါ် ပြောနေတာတွေ ကျွန်မတစ်ခုမှ နားမလည်ပါဘူး"ဟု ဆိုလိုက်၏။

"နားမလည်ဘူးဆိုလည်း ဟုတ်မှာပဲ။ ဆိုင်းမဆင့် ဗုံမဆင့်ဘဲ ဗြုန်းစားကြီး ပြောပြလိုက်တော့ နားမရှင်းသေးဘူးပေါ့။ တူမကြီးလည်း ခင်မောင်ဝင်းကို ကြည့်ရှုစောင့်ရှောက်ရတဲ့ တာဝန်ဝတ္တရားမကင်းဘူးဆိုတာ သိပါတယ်။ စင်စစ်တော့ ဒေါ်ဒေါ်ဟာ ခင်မောင်ဝင်းရဲ့ အဘွားအရင်းပါ။ ဒေါ်ဒေါ်လည်း တူမကြီးလို



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ရှိတာပဲ။ ဒါကြောင့် ခင်မောင်ဝင်းကို ဒေါ်ဒေါ်ဆီ တစ်လှည့်ပို့ထားစေချင်လို့ ပြောတာ"

ဆိုးပေ၏မိခင်မှာ အဘွားကြီး များများပြောလေ များများ နားရှုပ်လေ ဖြစ်နေတော့၏။

"အခု ကြီးဒေါ်ပြောနေတဲ့ စကားတွေဟာ ဘာကို ပြောနေတယ်ဆိုတာ ကျွန်မ တွေးလို့ မရဘူးကြီးဒေါ်ရဲ့"

"ခင်မောင်ဝင်းအကြောင်းပြောနေတာပေါ့တူမရဲ့"

"ဘယ်က ခင်မောင်ဝင်းလဲ"

"တူမကြီးတို့ အိမ်မှာ အပ်ထားတဲ့ ခင်မောင်ဝင်းပေါ့"

ဆိုးပေ၏ မိခင်မှာ "ဘယ်က အရူးမကြီးတစ်ယောက် အိမ်ရောက်လာပြီး တွေ့ကရာစကားတွေ ပြောနေပါလိမ့်မလဲ" ဟု တွေးမိကာ ဒို့ထက် ဒီအဘွားကြီး ကြမ်းရှ်လာလျှင် ခုခံရဖို့ အသင့်ရှိရန် လက်နက်နှင့်တူသောအရာကို လှမ်းကြည့်ထားရလေသည်။

"အဟုတ်ပါ တူမကြီးရဲ့။ ဒေါ်ဒေါ်ဟာ ခင်မောင်ဝင်းရဲ့ အဘွားအရင်းပါ။ သူ့အမေအဖေများ ခရီးသွားနေတုန်း သူ့ကို ဒီမှာ အပ်ထားခဲ့တယ်ဆိုတာ အမှန်ကိုပြောနေတာပါ။ သူ့ကို ရွာမဘက်က ကိုတိုက်ကျော်တို့အိမ်မှာ ကိုယ်တိုင်တွေ့ခဲ့ရပြီး သူ့ပါးစပ်က ကိုယ်တိုင်ဖွင့်ပြောလိုက်လို့လည်း သိရတာပဲ"

"ဒေါ်ဒေါ်မှားနေပြီ ထင်တယ်။ အကြားမှားသလား။ အပြောမှားသလားမသိဘူး။ ဒီအိမ်မှာတော့ ခင်မောင်ဝင်း မရှိတာ အမှန်ပဲ။ တခြားအိမ်မှာ ဖြစ်လိမ့်မယ်"

"မှားစရာ မရှိပါဘူး တူမကြီးရဲ့။ ခင်မောင်ဝင်း ကိုယ်တိုင် ဒီအိမ်ကိုလိုက်ပို့တာ မှားနိုင်ပါ့မလား။ သူတောင်အခု



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်။ အိမ်ရှေ့မှာ ကားထဲမှာ”

“ကားထဲမှာ ရှိသလား”ဟု ဆိုးပေ၏ မိခင်ကပြောကာ ပြတင်းပေါက်အနားသို့ ကပ်၍အပြင်သို့ လှမ်းကြည့်လိုက်လေသည်။

အဘွားကြီးလည်း ဆိုးပေ၏မိခင်အနားသို့ ကပ်လာပြီးလျှင် အပြင်သို့ အတူတူကြည့်လိုက်ကြရာ ကားပေါ်တွင် ဒရိုင်ဘာမှတစ်ပါး အခြားမည်သူမျှ မရှိသည်ကို တွေ့ကြရလေ၏။

“စောစောကပဲ ရှိပါသေးတယ်။ ပုန်းများနေသလား။ ဒီအနားမှာ ရှိပါလိမ့်မယ်။ ဒရိုင်ဘာကိုမေးပြီး လိုက်ရှာကြသေးတာပေါ့”

ဆိုးပေသည် အောက်ထပ်မှ ပြောနေသည့်စကားများကို အားလုံးကြားရပြီးသည့်နောက် ဒီအခန်းထဲတွင် ကြာကြာနေ၍ ဖြစ်တော့မည်မဟုတ်ဟု ယူဆမိလေ၏။ အကြောင်းသော်ကား ဒရိုင်ဘာကို မေးမြန်းပါက မိမိဘယ်နေရာထွက်သွားသည်ကို ပြောပြမည်ဖြစ်လေရာ ထိုညွှန်ကြားချက်အတိုင်းလိုက်၍ရှာလျှင် မိမိအား အလွယ်တကူ တွေ့တော့မည်ကို ရိပ်စားမိလေ၏။

သို့ဖြစ်၍ အိမ်မှာမနေဘဲ ဝေးဝေးသို့ရှောင်တိမ်းပြေးပါမှ လွတ်ကင်းတော့မည်ဟု ဆုံးဖြတ်လိုက်ရတော့သည်။ သို့နှင့် အိမ်အောက်တွင် နှစ်ဦးစလုံးမရှိခိုက် အိမ်ပေါ်မှဆင်း၍ လစ်ပြေးမှ တော်မည်ဟု တွက်ဆကာ ဆင်းလာခဲ့လေ၏။

ထိုသို့ ဆင်းလာရာတွင် မိခင်နှင့်အဘွားကြီးအိမ်ထဲသို့ ပြန်၍အဝင်နှင့် ပက်ပင်းဆုံမိလေရာ လှေကားအလယ်တွင် ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်လျက် နှစ်ဦးစလုံးကို စူးစိုက်၍ ကြည့်ကာ တုန်တုန်ရီရီနှင့် ရှိနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေ၏ မိခင်က သားကိုလှမ်း၍ ကြည့်လိုက်ပြီးလျှင်.....

"သားရေ ခင်မောင်ဝင်းလို့ခေါ်တဲ့ ကလေးတစ်ယောက်များ သိသလား။ ဟောဒီအဘွားကြီးက သူ့ကို တွေ့ချင်လို့ လိုက်ရှာနေသတဲ့... ခင်မောင်ဝင်းနေတာတော့ ဒီအနီးအနားမှာလို့ဆိုတာပဲ" ဟု မေးမြန်းပြောဆိုလိုက်၏။

သို့ရတွင် ဆိုးပေအဖြေမပေးလိုက်နိုင်မီ အဘွားကြီးကဖြတ်၍ "ခင်မောင်ဝင်းဟာ သူပဲ" ဟု ဆိုလိုက်ရာ ဆိုးပေ၏မိခင်မှာ ကြောင်တက်တက်ဖြစ်သွားတော့၏။

ဆိုးပေက မိခင်၏စကားကို မဖြေတော့ဘဲ အဘွားကြီးဘက်သို့လှည့်ကာ "ကျွန်တော် ခင်မောင်ဝင်း မဟုတ်ပါဘူး။ ကျွန်တော်နဲ့ ခင်မောင်ဝင်းဆိုတဲ့ ကောင်လေးနဲ့ ရုပ်ချင်းအင်မတန်တူတာ အခုပဲ ကားထဲကထွက်ပြီး လမ်းပေါ်လျှောက်သွားတာမြင်လိုက်သေးတယ်။ သူနဲ့ ကျွန်တော်နဲ့ တကယ့်ကို တူတယ်"

အဘွားကြီးက အလျှော့မပေးဘဲ "မဟုတ်တာတွေမပြောပါနဲ့။ ခင်မောင်ဝင်းဆိုတာ မင်းပဲဟာ ဘွားဘွားမမှတ်မိဘဲနေပါ့မလား။ ဘွားဘွားဟာ သွားနဲ့ ဆံပင်မကောင်းတာ မျက်စိတော့ ကောင်းပါ့မောင်" ဟု ဆိုလေ၏။

ဤတွင် ဆိုးပေ၏ အကြောင်းကို ကောင်းကောင်းသိနေသော မိခင်ကြီးသည် ဆိုးပေကိုကြည့်ကာ သက်ပြင်းချလိုက်မိလေ၏။

"ကဲ..... မောင်ကျော်ဒင် စကားကြောတော့ရှည်မနေနဲ့။ မင်းဘာတွေ လျှောက်လိမ်လာခဲ့တယ်ဆိုတာ ဒီလာပြီး–ဖွင့် ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေကား မိမိတစ်သက်တွင် ဖြေရှင်းချက် ထုတ်ရပေါင်း များလှပြီဖြစ်သော်လည်း ဘယ်အခါမှ တစ်ဖက်သားနားလည်အောင် ဖြေရှင်းနိုင်ခြင်းမရှိချေ။ သူဖြေရှင်းလျှင် ပို၍နားရှုပ်မြဲဖြစ်သည့်အတိုင်း အဘွားကြီးနှင့် သူ့မိခင်မှာ လေလုံးမကွဲသော ဖြေရှင်းချက်ကို မနည်းကြိုးစားအာရုံစိုက်၍ နားထောင်နေကြစဉ် အိမ်ရှေ့သို့ ကားတစ်စင်းဆိုက်လာပြီးနောက် ကားထဲမှ မစန်းကြွယ်နှင့် ဓာတ်ပုံဆရာတို့ဆင်း၍ အိမ်ထဲသို့ ဝင်လာကြလေ၏။

မစန်းကြွယ်သည် သူ၏ကြီးဒေါ်ကို မမျှော်လင့်ဘဲ တွေ့ရသဖြင့် အံ့သြနေပြီးမှ "ကဲ..... ကြီးကြီးနဲ့ တွေ့တွေ့ချင်း သတင်းကောင်း ပေးရဦးမယ်။ မင်္ဂလာသတင်းပဲ ကြီးကြီးရေ့။ ကျွန်မနဲ့ ကိုလှထွန်းတို့ ဒီနေ့ပဲရုံးမှာ လက်ထပ်ပြီး ပြန်လာခဲ့ကြတယ်။ ဒီနားရောက်တော့ မောင်ကျော်ဒင်ကို သတိရလို့ ဝင်လာခဲ့ကြတာ။ ကျွန်မနဲ့ ကိုလှထွန်းတို့ နဖူးစာဆုံကြတာ မောင်ကျော်ဒင်နဲ့ သူ့ဓာတ်ပုံက စတာပေါ့" ဟု ပြောကြလေ၏။

ဆိုးပေ၏မိခင်က ဆိုးပေဘက်သို့လှည့်ပြီး "ဒီတစ်မှုက နောက်ထပ်ပေါ်လာပြန်ပလား။ ဘာဓာတ်ပုံလဲပြောစမ်း" ဟု ဆိုလိုက်၏။

ဆိုးပေက ဖြေရှင်းမနေတော့ပေ။ လှထွန်းနှင့် ခင်စန်းကြွယ်တို့ ရောက်နေကြပြီးဖြစ်၍ မိမိအဖို့ စိုးရိမ်ပူပန်စရာ အဖြစ်မှ လွတ်မြောက်ခဲ့ပြီကို တွေးမိကာ "သူပြောတာ ပိုရှင်းမယ်" ဟု ဓာတ်ပုံဆရာကို လက်ညှိုးညွှန်၍ ပြောပြလေ၏။

ဆိုးပေကား ခင်မောင်ဝင်းနှင့် အဖွားကြီးကိစ္စကို ပြောလည်း မပြောချင်၊ ကြားလည်းမကြားချင်၊ မေးကြ မြန်းကြသည်များကိုလည်း မဖြေချင်။



www.burmeseclassic.com

www.burmeseclassic.com



မစန်းကြွယ်ကိုမူ ပြန်၍တွေ့ရသဖြင့် ဝမ်းမြောက်သော်လည်း လင်ရသွားပြီဟု သိရ၍ စိတ်မကောင်းချေ။ သူ့စိတ်ထဲ၌ မစန်းကြွယ်မှာ သူနှင့် ရွယ်တူမတူ အမှုမထားဘဲ သူ ကြီးလာလျှင် မစန်းကြွယ်ကို သူယူမည်ဟု စိတ်ကူးထည့်မိခဲ့ရာ ယခုမူ သူ၏ လေထဲက တိုက်အိမ်ကြီးမှာ ပြိုပျက်ကျသွားသဖြင့် ဘယ်သူ့ကိုမျှ ကြည့်မနေတော့ဘဲ သူ၏ အချစ်တော် ဂျမ်ဘိုကို ခေါ်ပြီး အိမ်ထဲမှ ထွက်သွားလေတော့သတည်း။

♦♦♦ ❖ ♦♦♦



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ဆိုးပေနှင့် ခွေးစုံထောက်

ပင်နီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မယ်မြင့်၏ စပ်စုမှုကြောင့်သာလျှင် ဤသို့ ဖြစ်ရပေတော့သည်။ မယ်မြင့်သည် ဘယ်အခါကမှ ခွေးမမွေးခဲ့ဖူးချေ။ ခွေးကို သူမနှစ်သက်။ ခွေးအကြောင်းလည်း သူမသိ။ ဆိုးပေ၏ ဂျမ်ဘိုကို သူအလွန်မုန်း၏။ သူ၏ ပစ္စည်းတစ်ခုခုကို အိမ်ထဲ၌ အထားမှားလျှင် သို့မဟုတ် ပျောက်ဆုံးလျှင် ဂျမ်ဘိုအပေါ်၌ စွပ်စွဲလေ့ရှိသည်။ မယ်မြင့်သည် ခွေးကြီးများကို ကြောက်သလောက် ခွေးငယ်များကို စက်ဆုပ်၏။

သို့ဖြစ်၍ မယ်မြင့် ခွေးမွေးမည်ဟု ကြားရသောအခါ ဆိုးပေမှာ အလွန်အံ့အားသင့်မိသည်နှင့်အမျှ ဒေါလည်း ပွမိပေ၏။ အဘယ်ကြောင့် မယ်မြင့် ခွေးမွေးလိုသည်ကို ဆက်လက်စုံစမ်းရာတွင် မယ်မြင့်၏ ဖြစ်လွယ်ပျက်လွယ်မြန်သော အချစ်ကိစ္စကို အကြောင်းပြု၍ ဖြစ်ရခြင်းကို ဆိုးပေ သိရှိရလေ၏။ မယ်မြင့်၏ နောက်ဆုံးပေါ်အဆက်မှာ ရွာသို့ မကြာမီက ရောက်ရှိလာသော လူထုပညာရေးသင်တန်းမှူး ဆရာကလေးတစ်ဦး ဖြစ်ပေ၏။ ထိုဆရာကလေးသည် ခွေးချစ်သူတစ်ဦးဖြစ်သည့်အလျောက် ရန်ရှင်းအမည်ရှိ အင်းခွေးကြီးတစ်ကောင်မွေးထားလေသည်။ ထိုဆရာကလေးသည် ရန်ကုန်၌ကျင်းပမည့် နီးနှော



www.burmeseclassic.com

www.burmeseclassic.com



ဖလှယ်ရေးသဘင်သို့ တက်ရောက်ရမည်ဖြစ်ရာ ရန်ရှင်းကို သူ၏ နှမဝမ်းကွဲ တော်စပ်သူတစ်ဦး၏အိမ်၌ အပ်နှံထားခဲ့မည်ဟု ကြံစည်ပြီးမှ မယ်မြင့်ထံ၌ အပ်နှံထားခြင်းဖြင့် ရန်ရှင်းကို ပို၍ ဂရုစိုက်မည့်အပြင် ရန်ရှင်းကို နေ့စဉ်နှင့်အမျှတွေ့နေရခြင်းဖြင့် မိမိကိုပါ နေ့စဉ်နှင့်အမျှ သတိရနေလိမ့်မည်ဟု ယူဆကာ မယ်မြင့်ထံတွင် အပ်နှံခဲ့လေသည်။

မယ်မြင့်သည် အယ်လီဇဘောက်မင်းသမီး၏ ဓာတ်ပုံတစ်ခုတွင် ခွေးကြီးတစ်ကောင်နှင့် ရိုက်ကူးထားသည်ကို တွေ့ဖူးသဖြင့် ခွေးမွေးမြူခြင်းသည် လူကုံထံတို့၏ လုပ်ငန်းတစ်ခုဖြစ်၍ တစ်နေ့တွင် ရန်ရှင်းကိုပွေ့ဖက်၍ ဓာတ်ပုံရိုက်ကူးရန် အကြံကိုပင် စိတ်ကူးယဉ်လိုက်မိပေ၏။ သို့သော် ရန်ရှင်းရောက်ရှိပြီး သင်တန်းမှူးဆရာကလေး ခရီးထွက်သွားသည့် နောက်မှ ရန်ရှင်း၌ ရန်သူရှိနေသည်ကို မယ်မြင့်စဉ်းစားမိလေ၏။ ရန်ရှင်း၏ ရန်သူကား ဆိုးပေ၏ခွေးကလေး ဂျမ်ဘိုပင်ဖြစ်၏။

ဂျမ်ဘိုသည် ဆိုးပေ၏ အိမ်သို့ ဦးစွာရောက်ရှိ နေထိုင်လာခဲ့သည်ဖြစ်၍ နောက်မှရောက်ရှိလာသော ရန်ရှင်းအပေါ်တွင် ဗိုလ်ကျချင်လေသည်။ ရန်ရှင်းကိုမြင်လျှင် သွားဖြဲဟိန်းဟောင်မာန်မဲကာ ကိုက်မည် တကဲကဲဟန်ပြင်နေသည်။ မယ်မြင့်ကား ဂျမ်ဘိုကို နဂိုရ်ကပင် မုန်းတီးနေသူဖြစ်ရာ မျိုးမသန့်သော ရန်ရှင်းကို ခွေးဝင်စားဖြစ်သော ဂျမ်ဘိုက ကြောက်ရွံ့ရိုသေ စေချင်လေသည်။ အရာရာ၌ ရန်ရှင်းကို အိမ်ထဲ၌ မွေးထားမည်ဖြစ်သဖြင့် ဂျမ်ဘိုကို အပြင်မှာ ထုတ်ထားရမည်ဟု ဆိုးပေအား အမိန့်ပေးလိုက်လေ၏။

"အောင်မယ် တယ်ဟုတ်.... အားကြီးဟုတ်တယ်။ အိမ်မှာ ဘယ်သူအရင်နေတာလဲ။ ဂျမ်ဘိုလား ရန်ရှင်းလား ပြောစမ်း



www.burmeseclassic.com

www.burmeseclassic.com



ပါဦး။ နောက်မှရောက်လာတဲ့ ရန်ရှင်းကို ဂျမ်ဘိုက နေရာဖယ်ပေးရမှာလား။ မမမြင့်အိမ်ကို တစ်ယောက်ဝင်လာပြီး မမမြင့်ကို နှင့်ထုတ်ရင်ခံနိုင်မလား"ဟု ဆိုးပေက ကန့်ကွက်လေ၏။

သို့သော် ဆိုးပေ၏မိခင်က မယ်မြင့်ဘက်မှ ဝင်၍ ကူလေ၏။

"မယ်မြင့်က လူကလေးထက်အကြီး။ လူကြီးပြောတာကို လူငယ်ကနားထောင်ရမယ်။ နောက်ပြီး ရန်ရှင်းက ခွေးမျိုးလည်း ကောင်းတယ်။ ဂျမ်ဘိုက အလကားနေရင်း ရန်ရှာနေတယ်။ ဒါကြောင့် သူတို့နှစ်ကောင်မတည့်ရင် ဂျမ်ဘိုကို အပြင်ထုတ်ထားလိမ့်မယ်။ နောက်ပြီးတော့လည်း ဂျမ်ဘိုဟာ အမြဲတမ်းအိမ်ထဲမှာ နေလေ့ရှိတာမဟုတ်ဘူး။ ဒါကြောင့် အပြင်မှာပဲထားရလိမ့်မယ်"

"အပြင်မှာနေတာက ကျွန်တော်အပြင်ထွက်တဲ့အခါ သူထွက်လိုက်တာပဲ။ ကျွန်တော်အိမ်ထဲဝင်ရင် သူလည်းဝင်လာတာပဲ မဟုတ်လား။ သူဒီမှာ ဘယ်နှစ်နှစ်ကြာမလဲ။ အခုမှ ခွေးစုတ်ကြီးကြောင့် သူ့ကို နှင်ထုတ်ပြစ်ရမှာလား"

ဆိုးပေ၏ မိခင်မှာပြော၍မရပေ။ မယ်မြင့်မှာလည်း ဆိုးပေ၏ စကားများကို နားထဲသို့ မသွင်းပေ။ သို့ဖြစ်၍ ဆိုးပေသည် လူကြီးများ၏ ပြုမူဆုံးဖြတ်ချက်ကို ကန့်ကွက်သည့် အနေဖြင့် စားချိန်အိပ်ချိန်မှလွဲ၍ အိမ်သို့မကပ်ဘဲ ဆန္ဒပြ၍နေပေတော့၏။

"ဂျမ်ဘိုကလည်း အိမ်ထဲမှာ ဒီခွေးစုတ်ကြီးနေတာကို မကြည့်ချင်ပါဘူး။ ဂျမ်ဘိုမကြည့်ချင်တဲ့ခွေးလည်း ကျွန်တော်ကလည်း မကြည့်ချင်ပါဘူး"ဟု ဆိုးပေက အရှုံးပေးရစေကာမူ အညံ့မခံဘဲ ပြောလိုက်လေ၏။

သို့သော် ဂျမ်ဘို၏အပြုအမူမှာ ဆိုးပေ၏စကားနှင့်



www.burmeseclassic.com

www.burmeseclassic.com



မညီညွတ်ချေ။ အိမ်ထဲ၌ မိမိ၏ရန်သူ ပြိုင်ဘက် ရှိနေသည်ကို သိရှိသည့် အလျောက် အိမ်ထဲသို့ ဝင်ရန်သာ ဆန္ဒပြင်းပြလျက်ရှိသည်အပြင် အိမ်အပြင်တွင် မိမိအားသစ်ပင်နှင့် ချည်နှောင်ထားသောသံကြိုးကို တစ်ရန်းတည်းရန်းကာ သတ္တိရှိ ထွက်ခဲ့ဟု ဆိုသည့်အလား အမြဲပင် ဟိန်းလိုက် ဟောင်လိုက်လုပ်၍ နေပေ၏။ မယ်မြင့်သည် ရန်ရှင်းအား အပြင်သို့ထွက်၍ လမ်းလျှောက်ရန်ခေါ်လာသည့်အခါများတွင် ဂျမ်ဘို၏ ဟိန်းဟောင်သံမှာ ဆူညံ၍နေပေတော့၏။ သို့သော် ရန်ရှင်းကမူ ဂျမ်ဘိုအား အဖက်မတန်သည့်အလား တစ်ချက်မျှလောက် ပမာမခန့်လှည့်ကြည့်ပြီး သူ့လမ်းအတိုင်း သူသွားလေ့ရှိပေသည်။ ရန်ရှင်း၏စိတ်ထဲ၌ ဂျမ်ဘိုသည် ဟောင်ရုံသာဟောင်တတ်သည်။ သတ္တိမရှိပါဟု ယူဆပုံရလေသည်။ တစ်နေ့တွင်ကား ဂျမ်ဘို၏ သတ္တိကို ရန်ရှင်း သိရလေ၏။

တစ်ခုသော ညနေတွင် မယ်မြင့်သည် ရန်ရှင်းကို ကြိုးဆွဲလျက် လမ်းသလားရန် အိမ်ထဲမှ ထွက်၍လာလေ၏။ ခါတိုင်း၌ဆိုလျှင် မယ်မြင့်သည် ဂျမ်ဘိုအား ကြိုးချည်၍ ထား မထားကို ဂရုစိုက်၍ ကြည့်လေ့ရှိပေ၏။ ထိုနေ့တွင် ဂျမ်ဘိုအား ကြိုးလွှတ်၍ထားသည်ကို ဂရုမပြုဘဲ ထွက်၍လာလေရာ ဂျမ်ဘိုသည် ရန်ရှင်းကို မြင်ရလေသည်နှင့် တစ်ပြိုင်နက် ရက်ပေါင်းများစွာ မျိုသိပ်ထားခဲ့ရသော ဒေါသအိုးပေါက်ကွဲကာ ရန်ရှင်းဆီကို တဟုန်းထိုးပြေး၍ ဇက်ကို ခဲလေ၏။ ဤတွင်မှ ရန်ရှင်းသည် မိမိအား ဂျမ်ဘိုတကယ် နှိပ်နေပြီကို သိရှိရကာ အကြိတ်အနယ် အပြန်အလှန်ကိုက်ခဲလေတော့၏။

နှစ်ကောင်စလုံး တစ်ကောင်ကို တစ်ကောင် အရှုံးမပေးဘဲ လုံးထွေးကိုက်ခဲကြလေတော့ရာ နောက်ဆုံးတွင် ဆိုးပေနှင့်ခြံစောင့်အဘိုးကြီးတို့က ရေနှင့်လောင်း၍ဖျင်တော့မှ တစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



နှင့်တစ်ကောင်ခွဲ၍ ရကြလေတော့သည်။ ဂျမ်ဘိုသည် ရန်ရှင်းကို အနည်းငယ်မျှ မကြောက်ရွံ့သော်လည်း ဗလချင်းကမမျှ အကိုက် အခဲတွင်လည်း မကျင်လည်သေးသည့်အတွက် နားရွက်နှင့် ကုပ် စုတ်သွားလေရာ ရွာတွင်းရှိ ကျွဲ၊ နွား တိရစ္ဆာန်ဆေးကုဆရာဝန် ထံသို့ ယူဆောင်သွားလေ၏။ ဆရာဝန်က ဂျမ်ဘို၏ အနာကို ဆေးထည့်ပေးလိုက်ရုံနှင့် စိတ်မချဟုဆိုကာ တစ်ရက် နှစ်ရက် ထားခဲ့ရမည်ဟု ဆိုသည့်အတွက် ဆိုးပေမှာ အချစ်တော် ဂျမ်ဘို မပါဘဲ ပြန်ခဲ့ရလေ၏။

ဂျမ်ဘိုနှင့် ရန်ရှင်းတို့၏ တိုက်ပွဲမှာ ပြီးစီးသွားသော် လည်း ခွေးပိုင်ရှင်နှစ်ဦး၏ စကားစစ်ထိုးပွဲဖြစ်ကြရသေး၏။

"အဲဒါ နင့်ခွေးရန်စလို့ ဖြစ်ရတာ။ ရန်ရှင်းက သူ့ကို လာပြီး မကိုက်ရင် ဘာမှလုပ်မှာမဟုတ်ဘူး"

"ဂျမ်ဘိုရဲ့ အပြစ်ဘာမှမရှိဘူး။ အားလုံးရန်ရှင်းရဲ့ အပြစ်ချည်းပဲ။ ဂျမ်ဘိုကို အိမ်ထဲက နှင်ထုတ်ပြီး ရန်ရှင်းက အိမ်ပေါ်မှာ အပိုင်စီးနေတာ ဘယ်သူ့အပြစ်လဲ။ မမကို အိမ် အပြင် မှာ တစ်နေ့လုံး သံကြိုးနဲ့ ချည်ထားရင် မမနေနိုင်ပါ့မလား"

မယ်မြင့်သည် ဆိုးပေ၏စကားကို ဂရုမစိုက်တော့ချေ။ ရန်ရှင်းကိုသာ ယုယကြည့်ရှုကာ ၎င်း၏ကိုယ်ပေါ်၌ ပေကျံနေ သည့် ရွှံ့နှင့်ရေတို့ကို ဝက်မှင်ဘီးဖြင့် ပွတ်သပ်သုတ်သင်ပေးနေ လေ၏။ ဆိုးပေ၏ ဖခင်ကလည်း ရန်ရှင်းအား အမဲရိုးတစ်ချောင်း ဆုချီးမြှင့်လိုက်လေသေးရာ ဆိုးပေမှာ မခံနိုင်ဘဲ ရန်ရှင်းကို ရှုံ့မဲ့ ဖြဲခြောက်ပြပြီး အိမ်ထဲမှ ထွက်သွားလေတော့၏။

ဆိုးပေအဖို့မှာ ဂျမ်ဘိုနှင့် ကင်းကွာနေသော တစ်ရက် ကို တစ်လလောက် ထင်မိလေ၏။ ထိုသို့ ဂျမ်ဘိုနှင့် ကွဲကွာနေ ရခြင်းအတွက် စိတ်မရွှင်ပြသည့်အထဲတွင် ဂျမ်ဘိုမရှိကာမှ



www.burmeseclassic.com

www.burmeseclassic.com



ရန်ရှင်းမှာ အိမ်တွင်း အိမ်ပြင်လွတ်လပ်စွာ ထွက်ဝင်သွားလာ မင်းမူနေသည်ကို တွေ့ရ၍ ပိုပြီးမခံချင်ဘဲရှိလေ၏။

ဆိုးပေသည် ခေါင်းကို ငိုက်စိုက်ချကာ ဘောင်းဘီတို အိတ်ထဲကို လက်နှိုက်လျက် လမ်းပေါ်တွင် ဖိနပ်ကို ဒရွတ်တိုက်၍ လျှောက်လာခဲ့လေ၏။

"ခွေးသူခိုး၊ ခွေးဓားပြရန်ရှင်း။ ဂျမ်ဘိုကို သေကြောင်းကြံစည်မှုနှင့် ကြိုးပေးပစ်ဖို့ ကောင်းတယ်။ အခုတော့ ကြိုးမပေးဘဲ အမဲရိုးတောင် ကြွေးလိုက်သေးတယ်။ ခွေးမသားခွေး"ဟု ဆိုးပေသည် ပါးစပ်မှ တတွတ်တွတ်ရေရွတ်လာလေ၏။

ခါတိုင်း၌ ထိုသို့လမ်းလျှောက်လာလျှင် ဂျမ်ဘိုသည် မိမိခြေရင်းမှကပ်၍ ခုန်ပေါက်လိုက်ပါလေ့ရှိရာ ယခုမူ မိမိ၏ ခြေရင်း၌ကြည့်လိုက်ရာ ဘာမျှမတွေ့ရချေ။ သို့သော် နောက်သို့ လှည့်ကြည့် လိုက်မိသည့်အခါ အံ့အားသင့်သွား လေ၏။ အကြောင်းမူကား တုတ်တုတ်ခိုင်ခိုင်ခွေးဖြူတစ်ကောင် မိမိ နောက်မှ လိုက်လာသည်ကို တွေ့ရလေ၏။ ထိုခွေးမှာ ဂျမ်ဘိုနှင့်မတူချေ။ မျက်နှာပေါက်မှာ ခွေးဘီလူးနှင့် ခပ်ဆင်ဆင် တူလေသည်။ ကိုယ်မှာ အနည်းငယ် ညစ်ပတ်ပေရေနေသည့်အတွက် ခွေးလေ၊ ခွေးလွင့်လားဟု ထင်စရာရှိပေသည်။ သို့သော် ထိုခွေးကလေးသည် ဂျမ်ဘိုကဲ့သို့ပင် ဆိုးပေအား အရှင်သခင်အမှတ်ဖြင့် အမြီးနှံ့၍ လိုက်လာကာ ဆိုးပေရပ်လျှင် ရပ်ခြင်း၊ သွားလျှင် သွားခြင်း ထက်ကြပ်မကွာ လိုက်လာသည်ကို တွေ့ရလေ၏။ တစ်ချက်တစ်ချက် ဆိုးပေကို မော့ကြည့်ကာ မျက်နှာချိုသွေးလေ၏။

ဆိုးပေသည် ဂျမ်ဘိုနှင့်အတူ လမ်းလျှောက်ထွက်နေသည့်အဖြစ်မျိုး စိတ်မှန်းဖြင့် လျှောက်လာကာ ရန်ရှင်းကို ကမ္ဘာပေါ်တွင် မရှိသကဲ့သို့ မေ့ပစ်လိုက်လေ၏။ သို့သော် ဆိုးပေ၏



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးယဉ်လောကကြီးမှာ ကြာမြင့်စွာမခံချေ။ ရှေ့တစ်လှမ်း အကွာတွင် ရန်ရှင်းကို ကြိုးဆွဲလမ်းလျှောက်လာသော မယ်မြင့် နှင့်တွေ့လေ၏။ မယ်မြင့်သည် ဆိုးပေကိုတွေ့ရ၍ စိတ်ပျက် သည့်အမူအရာကို ပြလေ၏။ ဆိုးပေကလည်း ရန်ရှင်းကို မကြည့် ချင်သည့် မျက်နှာမျိုးကိုပြကာ အနီးသို့ ကပ်မိသည့်အခါတွင် "ဖူး"ဟု ပါးစပ်က လေမှုတ်ထုတ်လိုက်လေ၏။

တစ်ခဏအတွင်းမှာပင် ဆိုးပေနောက်က လိုက်လာ သော ခွေးကလေးနှင့် ရန်ရှင်းတို့ ထွေးလားလုံးလား ဖြစ်သွားကြ လေ၏။ ခွေးဖြူကလေးသည် ဆိုးပေ၏ပါးစပ်မှ "ဖူး"ခနဲ လုပ် လိုက်သည်ကို ရှူးတိုက်ပေးလိုက်သည်ဟု ထင်မှတ်ကာ ဟိန်း ဟောက်၍ တစ်အားလွှားပြီး ရန်ရှင်း၏ကုပ်ကို ခဲလေတော့၏။

တိုက်ပွဲမှာများစွာမကြာမြင့်ချေ။ တစ်မိနစ်ခန့်အတွင်း မှာပင် ရန်ရှင်းသည် ဟစ်အော်ပြီး အမြီးကုပ်ကာ ထွက်ပြေးရလျက် ခွေးဖြူက မဲပြီးလိုက်နေသည်ကို တွေ့ရလေ၏။ ဆိုးပေကား ဂျမ်ဘို့အတွက် လက်စားချေလိုက်သည်ကို တွေ့ရသဖြင့် နှစ်သိမ့် ကျေနပ်နေလေ၏။ မယ်မြင့်မှာမူကား ရန်ရှင်း၏ လည်ပင်းမှ ပြတ်၍ထွက်သွားသော သားရေကြိုးကို ကောက်ယူကာ ရန်ရှင်း နောက်သို့ သုတ်သီးသုတ်ပြာ လိုက်လေ၏။

မကြာမီ ခွေးဖြူကလေးသည် ဆိုးပေထံသို့ ပြန်၍ ရောက်လာလေ၏။ ခွေးဖြူကလေးမှာ ကိုက်ခဲပြေးလွှားရသဖြင့် မောပန်း လျှာထွက်နေသော်လည်း အမူအရာမှာ ပျော်ရွှင်ကျေနပ် နေပုံရလေ၏။ ဆိုးပေသည် မိမိအနောက်မှ ခုန်ပေါက်မြူးတူး၍ ရောက်လာသော ခွေးကလေးကိုတွေ့ရ၍ ဘဝသစ်ကို ရရှိသကဲ့သို့ သို့ ထင်မိလေ၏။ ၎င်း၏ စိတ်ညစ်ညူးမှုများမှာ အားလုံး ပျောက်ကင်းသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေမှာ ဂျမ်ဘိုမရှိခိုက် ဂျမ်ဘိုအစား ခွေးတစ်ကောင် ရခဲ့လေသည်။ ထိုသို့ရရှိသည့်ခွေးမှာ သာမန်အားဖြင့် ခွေးလေ ခွေးလွင့်ဟု ထင်ရန်ရှိသော်လည်း ရန်ရှင်းလို အင်းခွေးကြီး တစ်ကောင်က အမြီးကုပ်ပြီး ထွက်ပြေးရလောက်အောင် အစွမ်း ရှိသည့် ထူးခြားသော ခွေးတစ်ကောင်ပင် ဖြစ်လေသည်။ သို့ ဖြစ်၍ ဆိုးပေဘဝမှာ ပျော်ရွှင်ဖွယ်ရာ ဖြစ်လာပြန်၏။

ဆိုးပေသည် ဝင့်ဝါသောဟန်အမူအရာဖြင့် အိမ်သို့ ပြန်ခဲ့၏။ ဆိုးပေ၏ နောက်မှ မိတ်ဆွေသစ်ဖြစ်သော ခွေးဖြူ ကလေး ထပ်ကြပ်မခွာ ပါလာလေ၏။ ဆိုးပေ၏ မိခင်သည် ဆိုးပေကို တံခါးဝမှ ရပ်၍ စောင့်နေ၏။

"ဟဲ့ ဆိုးပေ မင်း ဘယ်က ခွေးတစ်ကောင်နဲ့ ရှူးတိုက် ပေးပြီး ရန်ရှင်းကို အကိုက်ခိုင်းတာ ဘာကောင်းသလဲ၊ မင်း မမြင့် သိပ် စိတ်မချမ်းသာ ဖြစ်ရတာ မင်းက ဝမ်းသာသလား"

"ကျွန်တော် ဘယ်က ခွေးနဲ့မှ ရှူးတိုက်မပေးဘူး။ ဘယ် ခွေးနဲ့မှ အကိုက်မခိုင်းပါဘူး။ ကျွန်တော့် ခွေးကရန်ရှင်းကို အသိဖွဲ့ တာ။ ရန်ရှင်းက ခွေးကြောက်ဖြစ်လို့ လန့်ပြီး ပြေးတာပါ"

"ဘယ်က မင်းခွေးလဲ။ ဂျမ်ဘိုကို ဆရာဝန်ဆီ ပို့ထားရ တယ် မဟုတ်လား"ဟု ပြောခိုက်မှာပင် ဆိုးပေ၏ မိခင်သည် ဆိုးပေနောက်က အမြီးနှံ့၍လိုက်လာသော ခွေးဖြူကလေးကို မြင်လေ၏။

"ဆိုးပေ.....ဒါဘယ့်နှယ်ဟာတုံး"

"ဒါလား.....ကျွန်တော် နောက်တစ်ကောင်ရတာလေ"

"အို....ဘယ်က ခွေးလေခွေးလွင့်တွေ ဆွဲဆက်လာ ပြန်တာတုန်း။ မလိုချင်ဘူး မထားရဘူး။ မင်းမှာ တစ်ကောင်ရှိ



www.burmeseclassic.com

www.burmeseclassic.com



နေပြီ။ နောက်ထပ်တစ်ကောင် မမွေးရဘူး”

“ဂျမ်ဘို့ကို ဆရာဝန်ဆီပို့ထားတုန်း နောက်တစ်ကောင် ကျွန်တော်နဲ့ အဖော်ရတာပေါ့။ ဒါပေမဲ့ နှစ်ကောင်စလုံး လိုချင်တာပဲ။ ဒီနှစ်ကောင်လုံး ပေါင်းတာတောင်မှ ရန်ရှင်းတစ်ကောင် လောက် မကြီးပါဘူး။ မမကို ရန်ရှင်လောက် အကောင်ကြီး တစ်ကောင် မွေးခွင့်ပေးရင် ကျွန်တော်က ဒီလိုခွေးကလေး သုံး ကောင် မမွေးထိုက်ဖူးလား။ ဒါမှ ညီမျှမှာ”

“အို မမွေးရဘူးဆိုမမွေးရဘူး။ မေမေခွေးတွေမုန်းတယ်။ ဂျမ်ဘို ပြန်လာမှာတောင် မလာစေချင်ဘူး။ အဲဒါပဲ ကုန်ကုန် ပြောလိုက်မယ်။ ဒီခွေးတော့ မမွေးရဘူး”

“ကျွန်တော် သူ့ကို မွေးဖို့ခေါ်လာတာမှ မဟုတ်ဘဲ။ သူက ကျွန်တော့်နောက်လိုက်လာတာ။ တားလို့ကို မရဘူး။ ဒီတော့ ဘယ့်နှယ်မှ လုပ်လို့ မရတော့ ခေါ်ထားရမှာပေါ့”

“မမွေးရဘူးဆိုရင် မမွေးရဘူး။ မေမေ ဂိတ်ကို သွားပြီး ခွေးပျောက်တဲ့ သူများ ရှိသလားလို့ မေးမယ်”

ဆိုးပေ၏ မိခင်သည် ဂိတ်သို့ သွား၍ စုံစမ်းသော်လည်း ခွေးပျောက်တိုင်မှု မရှိသည်ကို တွေ့ရလေ၏။ ပုလိပ်ကို အိမ်က ခွေးတစ်ကောင် လာ၍ ယူရန် ပြောသော်လည်း ပုလိပ်က “သိမ်းထားပါ။ ပိုင်ရှင်ပေါ်သည့်အခါ ပြောပါမည်”ဟု ဆိုလိုက် သဖြင့် စိတ်ပျက်စွာ ပြန်ခဲ့လေ၏။

“လူကလေး.....မေမေပြောတာ နားထောင်။ ဒီခွေး အိမ် မှာ ရှိနေရင် ဒို့မှာ တာဝန်မကင်းဘူး။ ဒါကြောင့် တစ်နေရာရာ မှာ သွားပြီးလွှတ်ချေ။ အိမ်တော့ ပြန်မခေါ်လာနဲ့”

ဆိုးပေသည် ဂျမ်ဘို့ကို မွေးထားစဉ်အတိုင်း ခွေးဖြူ



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ကောင်ကို ဂိုဒေါင်ထဲသွင်းထားကာ ပြန်လာခဲ့လေ၏။ ဆိုးပေ၏ မိခင်မှာလည်း ခွေးကလေး ပါမလာသည်ကို တွေ့ရသဖြင့် ဆိုးပေအား ဆိတ်သားမုန့်တစ်ခုကျွေးရာ ဆိုးပေသည် ဂိုဒေါင်သို့ ပြန်ပြေးပြီး ခွေးဖြူကလေးနှင့် ဝေစုခွဲကြလေ၏။

ခွေးဖြူကလေးသည် သူ၏ ဘဝသစ်ကို ကျေနပ်နေပုံရပေ၏။ နေ့ခင်းအချိန်တွင် ဆိုးပေစားသောက်ရန် အိမ်ပြန်ချိန်မှလွဲ၍ တစ်နေ့လုံး သွားလာလည်ပတ်ကာ ညနေချိန်တွင် ဆိုးပေ၏ အိမ်နောက်ဖေးတွင် ဆိုးပေပြုလုပ်ပေးထားသော သံစည်ပိုင်းထဲရှိ ဂုန်နီအိတ်စုတ် မွေ့ရာပေါ်၌ အိပ်၍ ဆိုးပေလျှို့ဝှက်ယူပေးသည့် ထမင်းဟင်းအကျန်များကို စားသောက်ကာ မိမိ၏ သခင်သစ်နှင့် ချစ်ကြည်ပျော်ရွှင်လျက် ရှိလေ၏။

ထိုခွေးကလေးမှာ လိမ္မာလှသော်လည်း ရှူးတိုက်ပေးလျှင်မူ မိမိထက် နှစ်ဆကြီးသည့် ခွေးလောက်ကိုပင် မကြောက်မရွံ့ဘဲ ကိုက်ခဲနှိမ်နင်းနိုင်သည်ကို ဆိုးပေသိရှိရသည့် အလျောက် ရန်ရှင်းနှင့်နောက်ဆုံး ဗိုလ်လုပွဲ တက်ခိုင်းရန် ဆိုးပေ၏ စိတ်ထဲ၌ ကြံမိ၏။ သို့သော် ထိုသို့ ပြုလုပ်ပေးခြင်းဖြင့် ရန်ရှင်းကို အနိုင်ရလိုက်သည်ထက် သူ့ကို မောင်းထုတ်ခံရမည်မှာ သေချာလှသဖြင့် ပွဲထုတ်ဖို့အရေးကို ဆိုင်းငံ့ထားရလေ၏။

ထိုနေ့က မယ်မြင့်သည် အယ်လီဇဘက် မင်းသမီးကလေး ခွေးနှင့်ဖက်၍ ဓာတ်ပုံရိုက်သည့် ဟန်မျိုး ဓာတ်ပုံရိုက်ရန် မိမိကိုယ်ကို အစွမ်းကုန်လှပအောင် ချယ်လှယ်ထားသည့်ပြင် ရန်ရှင်းကိုလည်း အမွေးအမျှင်ပြောင်လက်အောင် ဝက်မျှင်ဘီးဖြင့်ဖြီး၍ လည်ပတ်အစား ဖဲပြားအပြာကပ်၍ ပေးထားကာ အိမ်ထဲမှ ထွက်သွားခဲ့လေ၏။

ခြံထဲသို့ ရောက်မှ မယ်မြင့်သည် လက်ကိုင်ပဝါ ပါ



www.burmeseclassic.com

www.burmeseclassic.com



မလာသည်ကို သတိရကာ ရန်ရှင်း၏လည်ပင်းကို လက်နှင့် ပွတ်သပ်၍ "ဒီမှာ ကောင်းကောင်းနေနော်....မမ အိမ်ထဲကို ဝင်ပြီး လက်ကိုင်ပဝါ ယူလိုက်ဦးမယ်" ဟု ပြောလိုက်၏။

မယ်မြင့်သည် မိမိတို့အား ချောင်းကြည့်နေသည့် ပရိသတ်များ ရှိနေသည်ကို သတိမမူမိချေ။ ဆိုးပေသည် ခွေးဖြူကလေးနှင့် လျှောက်၍လည်ရင်း အိမ်သို့ ရောက်ရှိနေပေပြီ။ ထိုသို့ အိမ်နားသို့ ရောက်သည့်အခါတိုင်း ဆိုးပေသည် အိမ်ရှေ့က ဖြတ်သွားခြင်း မပြုပေ။ မိမိ၏ ခွေးဖြူကို မြင်သွားမည်စိုးသဖြင့် အိမ်နောက်ခြံစည်းရိုးဘေးမှကပ်၍ ပုန်းအောင်းကွယ်သွားလေ့ ရှိ၏။ ယခုလည်း ဤသို့ ပုန်းကွယ်၍လာရင်း ရန်ရှင်းအား မယ်မြင့်က အလုပြင်ပေးနေသည်ကို တွေ့ရ၍ ခြံစည်းရိုးကို ဖြဲပြီးလျှင် ခြံတွင်းသို့ နှစ်ဦးသား စိုက်ကြည့်နေကြလေ၏။

မယ်မြင့်သည် ရန်ရှင်းအား လည်ပင်းပွတ်သပ်ပြီး အိမ်ထဲသို့ ဝင်သွားရာ ရန်ရှင်းသည် အူကြောင်ကြောင် ကြည့်ရင်း ကျန်ရှိလေ၏။ ဆိုးပေသည် ရန်ရှင်းကို ကြည့်ရင်း စိတ်ထဲတွင် ခံပြင်းမိကာ ပါးစပ်က "ရှူး"ခနဲ လုပ်လိုက်မိပြီးမျှ မိမိဘာလုပ်လိုက်သည်ကို သတိရလေ၏။ သို့သော် မိမိလုပ်လိုက်မိသည့် "ရှူး" ကို ပြန်၍ ရုပ်သိမ်းမရနိုင်တော့ပေ။ ခွေးဖြူကလေးသည် မြားလွှတ်လိုက်သည့်အလား ခြံစည်းရိုးအကြားမှ ထိုးဖောက်ဝင်ရောက်လာ ရန်ရှင်းကို ကိုက်တော့၏။ ရန်ရှင်းမှာ ယခင်က ရန်စရှိထားသဖြင့် ခွေးဖြူကလေးကို ပေါင်ပြဲအောင် ကိုက်နိုင်ရန် ကြိုးစားလေ၏။ သို့သော် ရန်ရှင်းမှာ အကောင်သာကြီးသော်လည်း မည်သည့် နည်းနှင့်မျှ ခွေးဖြူကို မယှဉ်သာချေ။ နှစ်ချီလောက် သူတစ်လှည့် ငါတစ်ပြန်ကျွမ်းလိုမ့်လိုက်ပြီးသည့်နောက် ရန်ရှင်းမှာ တကိန်ကိန်အော်ပြီး ခြံထဲတွင် ပတ်ခြာလှည့်ပြေးနေရလေတော့၏။ နားရွက်တစ်ဖက် စုတ်၍ သွေးတောက်တောက်ကျကာ ပေါင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်လည်း ပြဲ၍ နေလေပြီ။ သို့ဖြစ်သည့် ထိုင်အောင် ခွေးဖြူကလေးက အညှာမပေးဘဲ အတင်းလိုက်ပြီး ကိုက်လေရာ ရန်ရှင်းမှာ ခြံတွင်းရှိပန်းပင်များ အပေါ်တွင် တစ်လိမ့်တည်းလိမ့်၍ ခံနေရလေတော့၏။ တစ်ကိုယ်လုံးမှာလည်း ညစ်ပတ်ပေရေကာ အလှစည်းထားသည့် ဖဲပြားမှာလည်း စုတ်ပြတ်နေလေ၏။ မယ်မြင့်သည် ခွေးကိုက်သံကြားသဖြင့် ပြေးထွက်လာလေရာ ဆိုးပေလည်း လစ်လေ၏။ ခွေးဖြူကလေးလည်း ဆိုးပေနှင့် ထပ်တူ ပျောက်သွားလေတော့၏။

ထိုနေ့အဖို့ ဆိုးပေသည် ညအိပ်ချိန်နီးခါမှ အိမ်သို့ ကပ်လေ၏။ ရန်ရှင်းမှာ အဝတ်စီးသည့်နေရာစီး၊ ဆေးသိပ်ထားသည့်နေရာ ဆေးသိပ်ထားခံရလျက် တညည်းညည်း တညူညူနှင့်တွေ့ရလေ၏။ ဆိုးပေရောက်လာသည်ဟု ဆိုလျှင် အားလုံးက ဝိုင်း၍ စစ်ဆေးမေးမြန်းကြလေ၏။ ဆိုးပေကား အပြစ်ကင်းမဲ့သူ၏ အမူအရာကို ဆောင်လျက်ရှိလေ၏။

"ဟိုခွေးလား။ ဘယ်ခွေးလဲ။ ကျွန်တော် မသိပါလား။ ဟိုခွေးကလေး ကျွန်တော့်နောက်လိုက်လာတာ ဘယ်လောက်ကြာပြီလဲ။ ရန်ရှင်းကို ခွေးဖြူတစ်ကောင်ဝင်ကိုက်တာ ကျွန်တော် ဘယ်တတ်နိုင်ပါ့မလဲ။ ခွေးခွေးချင်းကိုက်မှာပေါ့။ မဖြူတဲ့ ခွေးလည်း ကိုက်ချင်ကိုက်မှာပဲ။ ဖြူတဲ့ခွေးလည်း ကိုက်ချင်ကိုက်မှာပဲ။ ခွေးဖြူကိုက်တာ ဘယ်ခွေးဖြူမှန်း ကျွန်တော် ဘယ်သိမလဲ။ လူ့ပြည်မှာ ခွေးဖြူတွေ ပြည့်နေတာပဲဟာ။ ကျွန်တော်နဲ့ ပါလာတဲ့ခွေး ဟုတ်တာမဟုတ်တာ ကျွန်တော် ဘယ်သိမလဲ။ ဒါတော့ရန်ရှင်းက နိုင်အောင် မကိုက်နိုင်တာ ဘယ်တတ်နိုင်မလဲ။ ကျွန်တော်က ဝင်ကူပြီး ကိုက်ပေးရမလိုလို…ဘယ်ခွေးဖြူနဲ့ကိုက်မှန်း ကျွန်တော် ဘယ်လိုလုပ်သိမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေသည် မိမိဘာမျှမသိဟူ၍ ဇွတ်ငြင်းကွယ်လေ၏။ သို့သော် ဆိုးပေ၏ စကားကို ယုံကြည်မှု မရှိသည်ကို ဆိုးပေ ကိုယ်တိုင် အကဲခတ်မိလေ၏။

ဆိုးပေ၏ဖခင်သည် ဆိုးပေပြောဆိုသည့် စကားများကို နားထောင်ပြီးနောက် "အေး.....ဘယ်ခွေးလာပြီး ကိုက်သလဲဆို တာမနက်ဖြန်ကျရင် သိကြမှာပေါ့ကွာ။ ဒီခြံထဲကို တခြား ခွေးဝင် ရင် ပစ်သတ်ဖို့ မုဆိုးတစ်ယောက်ကို ငါမှာထားပြီးပြီ" ဟု ပြောကာ အိပ်ရာဝင်ရန် အိမ်ပေါ်သို့ တက်သွားလေ၏။

ဆိုးပေသည် မိမိခွေးဖြူကလေးကို ညအိပ်ရန် အတွက် နေရာရွှေ့ထားမှဖြစ်တော့မည်ကို တွေးမိလေ၏။ သို့သော် ယခုည အဖို့၌ကား ခြံထဲသို့ ပြန်ဆင်းလျှင် မသင်္ကာဘဲရှိကြကာ လိုက်၍ ကြည့်ကြလျှင် ညတွင်းချင်းပင် ခွေးဖြူကလေးကို တွေ့သွားကြ ပေလိမ့်မည်။ သို့ဖြစ်၍ နံနက်မိုးလင်းသည်နှင့် တစ်ပြိုင်နက် အိပ်ရာ မှထကာ ခွေးဖြူကလေးကို တခြားသို့ ခေါ်သွားပြီးလျှင် ညသိပ်ရန် အတွက် အခြားနေရာရှာဖို့ စိတ်ပိုင်းဖြတ်လိုက်လေ၏။

နောက်နေ့တွင် ဆိုးပေသည် အားလုံးထက်အရင်စော၍ အိပ်ရာမှ နိုးလေ၏။ နိုးလျှင်နိုးချင်း ခြံထဲသို့ ပြေးဆင်းကြည့်ရာ ရွာထဲတွင် မုဆိုးလုပ်နေသော ကိုစံရှား ခြံထဲသို့ ရောက်နေသည်ကို တွေ့ရလေ၏။ ကိုစံရှား၏ လက်ထဲတွင် နှစ်လုံးပြူးသေနတ်ကြီး ကိုင်ထားသည်ကိုပါ မြင်ရလေ၏။ သို့ဖြစ်၍ ဆိုးပေသည် ခွေးဖြူ ကလေးအတွက် ညအိပ်ရန် အိပ်ယာ လုပ်ပေးထားသည့် သံစည် ပိုင်းဆီသို့ အပြေးအလွှားသွား၍ ကြည့်လေ၏။

စည်ပိုင်းထဲတွင် ခွေးဖြူကလေးကို မတွေ့ရတော့ပေ။ ခြံထဲတွင် ခွေးဖြူရှိနေသည်ကို ဖခင်ဖြစ်သူ မသင်္ကာ၍ သတ်ပစ် ရန် ကိုစံရှားကို ခိုင်းထားသဖြင့် ကိုစံရှားပစ်သတ်လိုက်လေလား



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုးပေ၏ စိတ်ထဲတွင် ထူပူ၍သွားလေ၏။ သို့သော် သေနတ်သံကို မကြားရသဖြင့် ပစ်သတ်ချင်မှ သတ်ရပေလိမ့်မည်။ မိမိအား သတ်မည့်သူ လာမှန်းသိ၍ ရှောင်တိမ်းပြီး နေချင်လည်း နေပေလိမ့်မည်ဟု တစ်နည်းတွေးမိလေ၏။

ထိုအခိုက်တွင် အိမ်ထဲမှ လှုပ်လှုပ်ရှားရှား ဆူညံပြောဆိုသံများ ကြားရလေ၏။ အိမ်တွင် ထမင်းချက်သည့် မိန်းကလေးက နောက်ဖေးတံခါးပွင့်နေလျက် မိမိ၏ ထန်းခေါက်ဖာထဲမှ အဝတ်အစားများ လူခိုးသွားကြောင်း ငိုယိုပြောဆိုနေသံကြားရပြီး မယ်မြင့်ကလည်း သူ၏ လက်ဝတ်လက်စားများ ပါသွားကြောင်း ဆူညံဆူညံ ပြောဆိုသံပါကြားရကာ ညကအိမ်ကို သူခိုးတက်ကြောင်း သိရလေ၏။

"ကဲ.....မဖြစ်ဘူး မောင်တင့်။ မင်းဂါတ်ကို မြန်မြန်သွားပြီး တိုင်မှဖြစ်မယ်"ဟု ဆိုးပေ၏ ဖခင်ကပြောကာ မောင်တင့်ကို ဂါတ်သို့ လွှတ်လိုက်လေ၏။

တစ်အိမ်သားလုံးမှာ သူခိုး၏လက်သို့ ပစ္စည်းများ ပါသွားခြင်းကြောင့် စိတ်မကောင်း ဖြစ်ကြရသလောက် ဆိုးပေမှာလည်း ခွေးဖြူကလေးပျောက်နေသည့်အတွက် အကြီးအကျယ် စိတ်မကောင်း ဖြစ်ရလေ၏။ ဤအတွင်းဝယ် သူခိုးတက်သည်ဟု ကြားရသဖြင့် အနီးအပါး အိမ်နားနီးချင်းများက လာရောက်မေးမြန်းကာ ဝင်ကြ ထွက်ကြနှင့် ရှုပ်နေလေတော့၏။

ခဏကြာသောအခါ မောင်တင့်ပြန်၍ ရောက်လာလေ၏။

"ဂါတ်မှာ သူခိုးတစ်ယောက် မိထားတယ် ဖေဖေ။ အဲဒီသူခိုးဟာ ပစ္စည်းယူပြီးအထွက် ခွေးဖြူတစ်ကောင်က သူ့နောက်က အတင်းထိုးထိုးပြီး လိုက်နေတာနဲ့ မပြေးနိုင်ဘဲ တောင်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ကင်းသမားတွေက သူ့ကို ဝိုင်းဖမ်းပြီး ဂါတ်ကို ပို့လိုက်သတဲ့”

“ဂါတ်က ဘာပြောလိုက်သေးလဲ”

“အဲဒီသူခိုးလက်ထဲက မိတဲ့ပစ္စည်းတွေဟာ ဒီအိမ်က အခိုးခံရတာ ဟုတ်မဟုတ်သည်လာကြည့်ဖို့ မှာလိုက်တယ်”

ဤတွင် တစ်အိမ်သားလုံး ဂါတ်သို့သွားသည်။ ပစ္စည်းများကိုပြန်၍ တွေ့ရသည့်ပြင် သူခိုးကို လိုက်၍ ဆွဲသည့် ခွေးဖြူကလေးမှာ ဆိုးပေ၏ ခွေးဖြူကလေးဖြစ်နေသည်ကို သိကြရလေ၏။

အားလုံး အိမ်သို့ပြန်လာကြသည့်အခါတွင် ဆိုးပေ၏ ခွေးဖြူကလေးသည် ထောင်နေသောအမြီးကလေးကို တနှံ့နှံ့နှင့် ခပ်ကြွားကြွားကလေး ခုန်မြူးကာ လိုက်ပါလာခဲ့လေ၏။

“ကဲ.....ကျွန်တော့် ခွေးကလေးကယ်လို့ ပစ္စည်းတွေလည်း ပြန်တွေ့ပြီ။ လူတွေလည်း သူခိုးအသတ်မခံရတာ မဟုတ်လား။ ကျွန်တော် ဒီခွေးကို မွေးပါရစေတော့။ ရန်ရှင်းဟာ အိမ်ထဲမှာ တစ်ကောင်လုံးရှိနေလျက်နဲ့ ဘာမှလည်း မလုပ်ဘူး။ ဖင်မြဲအိပ်နေတာပဲ” ဟု ဆိုးပေက ပြောရင်း လိုက်လာလေ၏။

အားလုံး အေးအေးလူလူ ရှိသွားကြပြီးသည့်နောက် ဆိုးပေ၏ ဖခင်ကြီးသည် နံနက်ထုတ်သတင်းစာတစ်စောင်ကို ဖတ်နေရာက ဟောဒီမှာ ခွေးပျောက်ကြော်ငြာတစ်ခု ပါလာတယ်။ သူ့နာမည် ဒင်္ဂါးလို့ ခေါ်ရင် သိတယ်တဲ့ ဆုပေးမယ်တဲ့”ဟု ပြောပြလိုက်ရာ အားလုံးအခန်းထဲမှ ထလာကြပြီး ခြံထဲတွင် ဆော့နေသော ခွေးဖြူကလေးကို ကြည့်ကြလေ၏။

“ဒင်္ဂါး.....ဒင်္ဂါး” ဟု ဆိုးပေ၏ ဖခင်က ခေါ်ကြည့်လိုက်လေ၏။ ခွေးဖြူကလေးသည် နားစွင့်၍ ထောင်လိုက်ပြီး ပြေး



www.burmeseclassic.com

www.burmeseclassic.com



လွှား ခုန်ပေါက်၍လာကာ ဆိုးပေ၏ဖခင်ပေါ်သို့ ပဒတ်ရပ်တက်ပြီး လျှာနှင့်လျက်လိုက် အမြီးနှံ့လိုက် လုပ်လေတော့၏။

"ကဲ.....ခွေးရှင်ပေါ်လာပြီ။ ချက်ချင်းအကြောင်းကြားမှ ဖြစ်မယ်" ဟု ဆိုးပေ၏ဖခင်က ဆိုလိုက်လေ၏။

ဒဂ်ါးမှာ တစ်အိမ်သားလုံး၏ ယုယပြုစုခြင်းခံနေရလေ၏။

သို့သော် ဒဂ်ါးရှိနေလျှင် ရန်ရှင်းကို ထား၍ မဖြစ်သောကြောင့် မယ်မြင့်မှာ ရန်ရှင်းကို "အဆက်" သင်တန်းမှူးဆရာကလေး၏ ညီမတစ်ဝမ်းကွဲထံသို့ ပြန်၍ ပို့လိုက်ရလေ၏။

ဆိုးပေမှာကား ဒဂ်ါးကို လွတ်လွတ်လပ်လပ် ပွေ့ပိုက်ကစားနိုင်ခွင့် ရရှိပြီးဖြစ်သော်လည်း ခွေးရှင်လာ၍ ယူတော့မည်ဖြစ်သဖြင့် ခွဲရခါနီးလေလေ စိတ်မကောင်းဖြစ်လာလေ၏။

မွန်းလွဲလောက်တွင် အသက် ၂၇-နှစ်ခန့်ရှိ ရုပ်ရည်သန့်ပြန့်သော ပျိုပျိုရွယ်ရွယ် လူတစ်ယောက် ရောက်ရှိ၍လာလေ၏။ ဒဂ်ါးနှင့် ထိုလူသည် တစ်ဦးကိုတစ်ဦး ဝမ်းမြောက်ဝမ်းသာ ဖက်ရမ်းနှုတ်ဆက်ကြလေ၏။

ထိုလူသည် ဒဂ်ါးကို ပွေ့ပိုက်ကာ "ဒီခွေးကလေးကို ကျွန်တော့်အသက်လောက် ချစ်တာ။ ကျွန်တော် ကချင်ပြည်နယ်က ယူလာခဲ့ရတယ်။ ကမ္ဘာပေါ်မှာ အမဲလိုက် သူခိုးလိုက် အကောင်းဆုံးပေါ့ခင်ဗျာ။ ကျားသစ်လောက်တော့ တစ်ကောင်ချင်းဆိုရင် နည်းနည်းမှ မကြောက်ဘူး။ တစ်နေ့က ရန်ကုန်ကို ကားနဲ့အသွား ဒီရွာနားက ဖြတ်အလာမှာ ကားပေါ်ကျသလား။ ခုန်ဆင်းနေရစ်ခဲ့သလား မပြောတတ်ပါဘူးခင်ဗျာ။ ပြန်တွေ့ရတာ ဝမ်းသာလို့ မဆုံးပါဘူး။ ဂရုစိုက်ပြီး မွေးထားတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။ သူ့ကို ဘယ်လိုတွေ့ပါသလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေမှာ ခွေးကလေးကို မူလတွေ့ရှိသူ ဖြစ်လေရာ ထိုအကြောင်းကိုပြောရာတွင် ထိုသူက ဆိုးပေအား ငွေငါးဆယ် ထုတ်၍ပေးလေ၏။ ဆိုးပေသည် ဤမျှလောက် များပြားသော ငွေကို မရဘူးသဖြင့် မယူရဲအောင် ဖြစ်နေလေ၏။ တစ်နည်း အားဖြင့်ပြန်လည်း ငွေငါးဆယ်ယူ၍ ခွေးကလေးကို ပြန်ပေးရမှာ မလိုလားဘဲ ရှိ၏။ ငွေငါးဆယ်မှာလည်း ကိုင်ရုံသာ ကိုင်ရမည် ဖြစ်၍ ထုံးစံအတိုင်း ဖခင်ကြီးက သိမ်းဆည်းထားကာ တစ်ကျပ် ပြန်ပေး နှစ်ကျပ်ပြန်ပေးနှင့် နောက်ဆုံးတွင် ခွေးတစ်ကောင်လုံး ဆုံးရမည်သာ အဖတ်တင်မည်ကို စဉ်းစားမိလေ၏။

မယ်မြင့်ကား ခွေးရှင်ကို လူပျို၏ မျက်နှာကို ပြုံးပြုံး– ပြုံးပြုံးနှင့် ကြည့်နေကာ ကြာများလျက် ရှိလေ၏။ ခွေးရှင်ကလည်း မယ်မြင့်ကို ကြည့်မဝဘဲ ရှိလေ၏။

"ကျွန်တော့် ငချွတ်ကလေးကို ဂရုစိုက်ထားကြတာ သိပ် ကျေးဇူးတင်တာပါပဲ"

"အို.....ကျွန်မတို့ကလည်း သူ့ကို မြင်မြင်ချင်း သိပ်ချစ် တာပဲ။ အကုန်လုံးက ချစ်ကြပါတယ်။ အခု သူပြန်သွားရင်တော့ ကျွန်မတို့ လွမ်းကျန်ရစ်တော့မှာပဲ"

ခွေးရှင်က ဟဲ.....ဟဲ.....နှင့် ပြုံးဖြဲဖြဲမျက်နှာလုပ်ကာ "ဒီလို ချစ်တတ်မှန်း လူကို အကဲခတ်ရုံနဲ့ ကျွန်တော်သိပါတယ်" ဟု ဆိုလေ၏။

"ဟုတ်ကဲ့ ကျွန်မ ခွေးချစ်တတ်တယ်"

"တချို့ကတော့ ဒီခွေးကို မြင်လိုက်ရင် ခွေးလေ ခွေးလွင့် အစားထဲကလို့ ထင်ကြမှာပဲ"

"အို ကျွန်မတို့ကတော့ အမျိုးကောင်းမှန်း မြင်လိုက်ရုံ နဲ့ သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ.....ကျေးဇူးတင်ပါတယ်ခင်ဗျာ။ နောင်ကြုံတဲ့အခါ ကျွန်တော်လာပါဦးမယ်"

"ဝမ်းသာပါတယ်ရှင်။ အခါမရွေးလာနိုင်ပါတယ်"

ဆိုးပေကား ခွေးရှင်နှင့် မယ်မြင့်တို့ ဖြစ်ပျက်နေကြပုံကို အကဲမခတ်နိုင်ရှာချေ။ ဒင်္ဂါးကိုသာလျှင် ပွတ်သပ်ကိုင်တွယ်နေမိလေ၏။

ခွေးရှင်လည်း အားလုံးကိုနှုတ်ဆက်ပြီးနောက် ဆိုးပေ၏ ခေါင်းကို ပွတ်သပ်ကာ "နောက်တွေ့ကြသေးတာပေါ့"ဟု ဆိုပြီး ထွက်သွားလေ၏။

BURMESE CLASSIC .com

ဆိုးပေမှာ တစ်ယောက်တည်းထိုင်၍ အတွေးနယ်ကျယ်နေလေ၏။ အိမ်တွင်ကား ရန်ရှင်းမရှိတော့ပြီ။ ဤအဖြစ်ကား ကောင်း၏။ သို့သော် ချစ်မိတ်ဆွေသစ် ဒင်္ဂါးလည်း မရှိတော့ပြီ။ ဤအဖြစ်ကား ဆိုးပေ၏။ သို့သော် အဆိုးရှိလျှင် အကောင်းလည်း ရှိပေသည်။ ထိုအကောင်းကား မိမိအား ပေးသွားသည့် ငွေ ၅၀ ထဲမှ လက်ငင်းငွေ ၅ ကျပ် တောင်းယူ၍ ရဲဘော်များနှင့် ပျော်ရွှင်ရန် ဖြစ်လေသည်။ နောက်တစ်ချက်မှာ ရန်ရှင်းမရှိခြင်းသည် ဂျမ်ဘို့အဖို့ ရန်ရှင်းသွားခြင်းပင် ဖြစ်၏။ ဆိုးပေသည် ရန်ရှင်းအား ဂျမ်ဘိုအညှံ့ခံလိုက်ရသည်ကို ဝမ်းမနည်းချေ။ ဒင်္ဂါးကဲ့သို့ အမဲလိုက်ခွေးအဖြစ် မသင်ကြားခဲ့ရသည့်အတွက် အရှုံးပေးလိုက်ရခြင်းမျှသာ ဖြစ်သည်။ ဂျမ်ဘိုကို ကျန်းမာလာ၍ မိမိကိုယ်တိုင် တစ်လလောက် သင်ကြားပေးလိုက်လျှင် နောက်တစ်ပွဲ တွေ့ကြသည့်အခါ ရန်ရှင်းဇက်ပြတ်စေရမည်ဟု ကိုယ့်စိတ်ကို ဖြေဖျော်ရလေ၏။

လောလောဆယ်အဖို့ မိမိမှာ ဒင်္ဂါးလည်း မရှိတော့။ ဂျမ်ဘိုလည်း မရှိ။ ဤတနင်္ဂနွေ တစ်ပတ်လောက်အတွင်း မည်



www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ မိမိ အပျင်းဖြေရပါမည်နည်းဟု မစဉ်းစားတတ်အောင် ရှိရာက တိရစ္ဆာန်ဆေးကုဆရာဝန် ပြောလိုက်သည့် စကားကို စဉ်းစားမိလေ၏။ ထိုစကားမှာ ဂျမ်ဘိုကို တစ်ရက်နှစ်ရက် လောက်ထားခဲ့ရမည် ဟူသော စကား ဖြစ်ပေ၏။


သို့ဖြစ်၍ ဆိုးပေသည် ပြန်၍တောင်းယူရရှိငွေ ၅ ကျပ်ကို အိတ်ထဲထည့်ကာ လေကလေး တချွန်ချွန်ဖြင့် တိရစ္ဆာန်ကု ဆရာဝန်ထံသို့ ထွက်သွားလေသတည်း။

♦ ♦ ♦ ❖ ♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com






BURMESE CLASSIC .com

- မြေပဒေသာပွဲ
- မီးသတ်ဗိုလ်ချုပ်ဆိုးပေ
- မော်ဝိဇ္ဇာ
- ဆိုးပေနှင့်ငွေ
- တစ်လိမ်နှစ်လိမ်
- အလုပ်သမားဆိုးပေ
- ရေသရဲ
- အရှုပ်တော်ပုံ
- ဆိုးပေနှင့်ရွှေစုံထောက်

www.burmeseclassic.com